
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အချစ်၏အသံတိတ်ပေါက်ကွဲမှုတစ်ရပ်

## လေဒီဇော်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၅၂၀၈၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၈၀၀၉၁၀ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်<br>၂၀၁၀၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>တိုက် ၄၊ အခန်း ၁၀၊<br>ပြည်တော်သစ်ရိပ်သာ၊<br>ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ်၃၀/၃၃၊ ၅၃လမ်း |
| မျက်နှာဖုံးသရုပ်ဆောင် | - | မော်ဖူးမောင် |
| မျက်နှာဖုံးဓာတ်ပုံနှင့်ဒီဇိုင်း | - | ယုဝ |
| ဖြန့်ချေး | - | ၁၀၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

လေဒီဇော် ၈၉၅.၈၃

အချစ်၏အသံတိတ်ပေါက်ကွဲမှုတစ်ရပ်/လေဒီဇော်။- ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၀။

၂၇၁ စာ၊ ၁၂.၃ x ၁၈ စင်တီ

(၁) အချစ်၏အသံတိတ်ပေါက်ကွဲမှုတစ်ရပ်




အချစ်နှင့်ပတ်သက်၍
အသံတိတ်ပေါက်ကွဲမှုတစ်ရပ်
ဖြစ်ပွားခဲ့ရာတွင်. . .
'သားသက်ဝေ'
'ပန်းညွှာကဗျာ'
'မိုးမောန်'
နှင့်. . .
'နိဘာယ်ထင်အောင်'
တို့က. . .
အဓိကပါဝင်ပတ်သက်ခဲ့ပါသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

## ♥ သားသက်ဝေ ♥

♥ အချစ်တစ်ခုဖြစ်ပေါ်လာမှုကဲ

♥ တကယ်အံ့ဩစရာကောင်းတယ်

♥ အချစ်နဲ့ပတ်သက်ပြီး

♥ လူတွေလက်ခံသုံးစွဲနေတဲ့

♥ အတွေးအခေါ်အယူအဆတွေ

♥ ခံစားမှုတွေ၊ စကားလုံးအသုံးအနှုန်းတွေကို

♥ ငါ အရင်က ဟာသလို့ပဲထင်ထားတာ...

♥ တကယ်တမ်း ကိုယ်တိုင်ခံစားလိုက်ရတော့

♥ အဲဒါတွေကိုလွန်ဆန်လို့မရတော့ဘူး

♥ လက်မခံလို့မရတော့ဘူး

♥ ရုန်းထွက်လို့မရတော့ဘူး...





## ♣ ပန်းလှူကဗျာ ♣

♣ နှလုံးသားဆိုတာ

♣ အရှုံးပေးထားရတယ်

♣ သူ့ကိုဂရုမစိုက်ဘဲ

♣ အလိုက်အထိုက်ကလေး နေသွားမှ

♣ တော်ကာကျမယ်

♣ ဘာကြောင့်လဲဆိုတော့

♣ မျက်နှာအရိမ်းလိုက်တတ်ပြီး

♣ နားလည်ရခက်ခဲလွန်းတဲ့

♣ အဲဒီနှလုံးသားက

♣ သူလှုပ်ရှားချင်တဲ့သူ့အပေါ်မှသာ

♣ လှုပ်ရှားတတ်လို့လေ...



www.burmeseclassic.com

www.burmeseclassic.com



## ❋ မိုးမာန် ❋

❋ အချစ်နဲ့ပတ်သက်လာရင်

❋ ဘာပဲလုပ်ရလုပ်ရ

❋ ကမ်းမမြင်လမ်းမမြင်ပဲ...

❋ နောက်ဆုံး...

❋ သူ့အသက်ကိုပဲ ယူရယူရ

❋ ကိုယ့်အသက်ကိုပဲ ပေးရပေးရ

❋ ဘယ်သူ့မှဂရုမစိုက်ဘူး

❋ ငါ ဂရုစိုက်တာ တစ်ခုပဲရှိတယ်

❋ ကိုယ်လိုချင်တဲ့အချစ်ကို

❋ ရအောင်ယူဖို့ပဲ...





## ☆ နိဘယ်ထင်အောင် ☆

☆ ဘဝမှာ ယောကျ်ားတွေကို

☆ ရွံရှာစိတ်ရှိပေမယ့်

☆ စိတ်တော့ဝင်စားတယ်

☆ ပြီးတော့ အချစ်ဆိုတာကိုလည်း

☆ အထွန့်အထိပ်မထားပေမယ့်

☆ လက်တည့်တော့ စမ်းချင်တယ်

☆ ဘာပဲဖြစ်ဖြစ်...

☆ ယောကျ်ားတစ်ယောက်သာ

☆ ကိုယ်နဲ့လာငြိရင်တော့

☆ ကိုယ်က သူ့ရဲ့

☆ အဲဟားမန်နေဂျင်းဒါရိုက်တာပဲဖြစ်ရမယ်...



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ကွဲမှုအစ······



✲ ပန်းအိပ်မက် ✲

ပန်းရောင်စုံပူးပွင့်နေတဲ့
ပန်းဥယျာဉ်ကြီးအလယ်မှာ
"ပန်းလွှာကရာ" ဆိုတဲ့ကောင်မလေးနဲ့
ပန်းရောင်ဒန်းကလေးပေါ်ထိုင်ပြီး
ပန်းသီးလေးတွေစားရင်း
ပန်းဘာသာစကားတွေကိုပြောခဲ့ကြတာ
ပန်းလေးတွေတောင် ယိမ်းနွဲ့ပြီးရယ်နေကြသတဲ့··
ပန်းပျိုးလက်မဟုတ်ခဲ့ပေမယ့်
ပန်းပင်ဆိုတာ ပင်ပန်းမှုဖြစ်လာတာမဟုတ်လို့
ပန်းလုလုလေးတစ်ပင်တော့
ငါ့နှလုံးသားထဲမှာ စိုက်ပျိုးကြည့်ချင်ပါရဲ့··

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

**PARADISE**
**Floral service & Gift shop**

ဆိုသည့် အရောင်းပြခန်းထဲဝင်လိုက်ချိန်မှာ 'သက်ဝေ'သည် စိတ်ကူးယဉ်အိပ်မက်ကမ္ဘာထဲသို့ အလိုလိုရောက်သွားသလို ခံစားလိုက်ရလေသည်။ လတ်ဆတ်အေးမြနေသောအထိအတွေ့ကို Piano သံစဉ်လေးက ပံ့ပိုးပေးထားပြန်တော့ ဒေင်ဥယျာဉ်ထဲမှာပဲ လမ်းလျှောက်နေရသလိုလို။ လုပ်ငန်းရှင်က Customer တွေအတွက် အဓိကထားပြီး ထိုရသမျိုးကို တမင်ဖန်တီးပေးထားပုံရပါသည်။

"ဘာအလိုရှိပါသလဲရှင်၊ လိုအပ်တာဆွေးနွေးလို့ရပါတယ်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပစ္စည်းမျိုးစုံနဲ့ ပန်းစည်း၊ ပန်းခြင်းတွေကို စိတ်တိုင်းကျဝန်ဆောင်မှုလုပ်ပေးပါတယ်''

ရုတ်တရက် Sale girl တစ်ဦးက ဘေးမှ လေးလေးစားစားလာပြောတော့. . .

" OK, လိုအပ်တာရှိရင် ပြောပါ့မယ်၊ ခုတော့ လွတ်လွတ်လပ်လပ်လျှောက်ကြည့်လိုက်ပါဦးမယ်''

ဟုပြန်ပြောလိုက်တာကြောင့် ထို Sale girl လေးက နောက်မှာချန်ရစ်ခဲ့တာမို့ 'သက်ဝေ'ပျော်ရွှင်သွားရသည်။ ဘာကြောင့်လဲဆိုတော့ Sale girl ဆိုတာ Customer တွေအပေါ်ကို အလုပ်သဘောအရသာ ချစ်စရာကောင်းအောင် ပြောရတာဖြစ်သည်။ သူတို့စိတ်ထဲမှာ ဘယ်လိုရှိပြီး ဘယ်လိုမြင်မည်မသိ၊ သက်ဝေကတော့ သူတို့အပေါ်ကို သနားစိတ်နှင့် အားကိုးစိတ် နှစ်မျိုးဒွန်တွဲပြီး ဖြစ်မိသောကြောင့်ပင်။

သနားစိတ်ဖြစ်ရတာက ဝင်လာလျှင် အနားကပ်လာပြီး တတွတ်တွတ်ပြောနေမှုကြောင့် ကိုယ့်ရဲ့စိတ်ကူးတွေ၊ ခံစားမှုတွေ၊ ပစ္စည်းဝယ်ဖို့တွေးလာတာတွေက ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်းမသိတော့ဘဲ သူတို့ကိုအာရုံနောက်မိရတာ. . .

အားကိုးစိတ်ဖြစ်မိတာကတော့ ကိုယ်မေးချင်တာကိုမေးလို့ရတာ၊ လိုချင်တဲ့ပစ္စည်းကို အလွယ်တကူရှာဖွေပေးတတ်တာ၊ ထုတ်လုပ်ပုံ ထုတ်လုပ်နည်း၊ သုံးစွဲပုံသုံးစွဲနည်းတွေကို သေသေချာချာရှင်းပြပေးတတ်တာ၊ ပြီးတော့ စိတ်တိုင်းကျဝန်ဆောင်မှုတွေ လုပ်ပေးတတ်တာကြောင့် အားကိုးမိတာဖြစ်လေသည်။ ဒါကြောင့်လည်း လုပ်ငန်းတိုင်းမှာ Sale girl တွေက ခေတ်နှင့်အညီ အင်နှင့်အားနှင့်ကျယ်ပြန့်လာတာဖြစ်၏။

ဒီကဝန်ထမ်းတွေကတော့ သက်ဝေ အာရုံနောက်လောက်အောင် ဘေးမှလိုက်ပြီး တွတ်ထိုးဟောပြောမှုတွေမလုပ်တာကြောင့် ပို၍စိတ်ချမ်းသာရလေသည်။ တစ်ခုထူးခြားတာက စောစောက ဝန်ထမ်းကလေးမှာ တချို့ကုမ္ပဏီတွေလို လည်ဆွဲစမတ်ကတ်မျိုးမဟုတ်ဘဲ. . .

PARADISE 2 ဆိုသည့်ရင်ထိုးပုံစံလေးကိုသာ ရင်ဘတ်မှာထိုးထားတာကြောင့် နှစ်ယောက်မြောက်ဝန်ထမ်းပဲဆိုတာ ကိုယ့်ဘာသာဘာသာပြန်ရခြင်းပင်။ ပြီးတော့ Uniform မထားဘဲ Free Style လွှတ်ပေးထားတာမို့ ရင်ထိုးမြင်မှ ဝန်ထမ်းမှန်းသိရခြင်းကလည်း လုပ်ငန်းအတွက် တစ်မျိုးကောင်းနေ၏။

"ဟယ်! လှလိုက်တာတော့် ပေါး. . . ယူ့၊ ဒီမှာကြည့်စမ်း၊ မင်းညက ချုပ်ပြီးတဲ့ဝတ်စုံနဲ့ဆိုရင် ဒီပန်းလေးက ကွက်တိပဲ''







www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ အသံထွက်လာရာသို့ လှမ်းကြည့်လိုက်စဉ် အခြောက်တစ်အုပ်ကိုမြင်လိုက်ရသောကြောင့် သက်ဝေ ပြုံးမိသွားသည်။

''ပန်းနီနီပေးနဲ့ကွယ်. . . ပန်ချင်ဘူး''

တစ်ယောက်က အသံသြသြကြီးနှင့် သီချင်းထဆိုလိုက်ပြန်တော့ ရယ်ချင်စိတ်ကို ကြိုးစားထိန်းလိုက်ရလေသည်။

ဒီခေတ်အခြောက်တွေကလည်း အသံနှင့်လည်ပင်းကိုမှ သတိမထားမိလျှင် ဘန်ကောက်က အခြောက်တွေလို မိန်းမစစ်စစ်ကဲ့သို့ချောမောလှပသူတွေဖြစ်၏။ သက်ဝေသည် ဟိုဟိုဒီဒီကြည့်ရင်း ဘယ် Show Room နဲ့မှမတူသည့် စိတ်ချမ်းသာမှုကို ရရှိလာတာကြောင့် စိတ်ငြိမ်းငွေ့လျှပ်ပင် တစ်ခုခုဝယ်သလိုနှင့် Relax လာလုပ်ဖို့တွေးမိလိုက်ပါသည်။

ပန်းနှင့်ပတ်သက်တာတွေကို ပန်းခြံသေးသေးလေးကဲ့သို့ အကွေ့အပတ် အသွယ်အဝိုက်ကလေးတွေဖြင့် ရှုချင်စဖွယ်ကောင်းအောင် ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသထားပြီး၊ တခြားလက်ဆောင်ပစ္စည်းတွေကိုတော့ Shoe Room ၏နေရာတစ်ဝက်အား သီးသန့်လိုင်းတစ်လိုင်းပေး၍ မက်လောက်စရာပြင်ဆင်ထားပါသည်။ ဝက်ပါလို ပန်းခြံလို မားကက်ကြီးတစ်ခုလို ရသစုံနေတာကြောင့် ကလေးမှအစ သက်ကြီးရွယ်





အိုတွေထိ လာရောက်အားပေးချင်စရာကောင်းသောနေရာဖြစ်လေသည်။

သို့သော် သက်ဝေသည် အရောင်အသွေးစုံလှသော ထိုပန်းကမ္ဘာထဲကို ရောက်ရှိလာခဲ့ပေမယ့် ပန်းတွေကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ၊ ဘာဝယ်ရမှန်းမသိ၊ ပန်းနှင့်ပတ်သက်လျှင် အမေတို့၊ ဆရာမတို့၊ ချစ်သူရည်းစားတို့ကိုပေးဖို့မဆိုထားနှင့် ဘုရားပန်းတောင် မတင်ခဲ့ဖူးသူဖြစ်လေရာ ကြည်နူးမိရုံမှလွဲပြီး ဘာမှအထွေအထူးမခံစားတတ်ချေ။

ပန်းပုံအလယ်မှ ယောကျ်ားစစ်စစ်တစ်ယောက် ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင်ရောက်ရှိနေပုံကလည်း တချို့က စောစောက အခြောက်တွေလို ကိုယ့်ကိုပါ အခြောက်ထင်နေမှ ပြဿနာ။ ဖြစ်ချင်တော့ ဆံပင်တွေကို ဒီနေ့မှ နဂိုပုံစံအတိုင်း Gel သုံးပြီး ထိုးထိုးထောင်ထောင် ခပ်ရှုပ်ရှုပ်တွေမလုပ်ခဲ့မိ။ ခေါင်းလျှော်ပြီးစမို့ ပျော့ပျော့ပျောင်းပျောင်းနှင့် ဝေ့ဝေ့ဝဲဝဲလေးရှိကာ ဆံပင်တွေကြားမှ စိန်တစ်ပွင့်နားကပ်ကလေးနှင့် ' T ' ပုံစံ ပလက်တီနမ် နားဆွဲသေးသေးလေးကလည်း တစ်ချက်တစ်ချက်ပေါ်လာတတ်သေး၏။

အင်္ကျီကလည်း လည်ပင်းပေါက်ဗွီပုံစံဖြစ်ပြီး Alter လို ခါးတင်လက်ရှည် အနီရဲရဲလေးကို ဂျင်းနံအပျော့သား အဖြူရောင်ဘောင်းဘီရှည်နှင့်တွဲဝတ်ထားတာမို့ သူ့ဒီဇိုင်းက တောင်မရောက်မြောက်မရောက်



www.burmeseclassic.com

www.burmeseclassic.com



အခြောက်တွေနှင့်တူနေပြီလား။ Show Room တစ်ခုလုံးကို ဝေ့ဝိုက်ကြည့်လိုက်ပြန်တော့ ယောက်ျားဆိုလို့ လက်ရှိအချိန်မှာ အခြောက်တစ်အုပ်နှင့် သူသာရှိတာကြောင့် ရှက်ကိုးရှက်ကန်း အိုးတိုးအန်းတန်း ဖြစ်ပြီး ဖုန်းခေါ်လိုက်မိလေသည်။ ခေါ်မိပြန်တော့လည်း ယောက်ျားလေး သူငယ်ချင်းမဟုတ်ဘဲ မိန်းကလေးသူငယ်ချင်း 'နီဘယ်ထင်အောင်' ပင် ဖြစ်ပါသည်။

"နီဘယ်"

"သက်ဝေ, ဟဲ့. . . နင်ဘယ်ရောက်နေလဲ"

"ငါ Show Room တစ်ခုထဲမှာ"

"ဟုတ်လား။ ငါ အခုပဲ နင်တို့အိမ်ကို ယိုးဒယားဒူးရင်းကိတ် ဝင်ပေးခဲ့သေးတယ်။ စာကြည့်ရင်း အပြင်ခဏဆိုပြီး ထွက်သွားတာဆို"

"အေး, စာကြည့်ပြီး Website တစ်ခုကိုရှာရင်း Paradise ဆိုတဲ့ Gift shop တစ်ခုကို ထူးထူးဆန်းဆန်းတွေ့မိလို့ လာကြည့်လိုက်တာ၊ မိုက်တယ်ဟ, ပန်းတွေက စုံသလားမမေးနဲ့။ တခြားလက်ဆောင်ပစ္စည်းတွေကလည်း ရှယ်ပဲ"

"ဘာလဲ,အီဖယားတွေအတွက် ဘာညာဝယ်ပေးတော့မယ်ပေါ့။ ဒါမှမဟုတ် အဲဒီထဲမှာ ကောင်မလေးလှလှလေးတစ်ယောက်ကိုညှော်ပြီး





ငါ့ကို လှမ်းကြွားတာမှလား"

"နိုးပါ, အဲဒီဖယားတွေအတွက် ငါကမလိုဘူး။ ဖုန်းဘေလ်လည်း အတက်မခံဘူး။ သူ့အလိုလိုလာထားပြီးသား"

"ဒါဆို ပန်းတောထဲရောက်နေတဲ့နင့်ဒီဇိုင်းကို သူများတွေက အခြောက်ထင်နေဦးမယ်။ နည်းနည်းလည်း ရှိုးကြည့်လိုက်ဦး။ အဲထဲမှာ ယောက်ျားဘယ်နှယောက်ရှိသလဲလို့"

သေရော. . . နီဘယ်က အဲဒီလိုဖြစ်သည်။ သွက်လက်ဖျတ်လတ်ပြီး နိုင်ငံခြားဆန်ဆန်နေထိုင်တတ်သလို စိတ်ထဲထင်ရာတွေကို ကသမ်းကရမ်းပြောတတ်ခြင်းကလည်း အမြဲမှန်နေတတ်တာကြောင့် သူမလည်း ခေသူမဟုတ်ထဲကပင်။ ပိုပြီးမခေတာက ဘယ်လိုအကြောင်းအရာမျိုးပဲဖြစ်ဖြစ် ခေတ်ရှေ့ပြေးသူတစ်ယောက်ပီပီ သူမသိတာ မရှိသလောက်ဖြစ်နေတတ်ခြင်းတည်း။

"ဘာဆိုင်လို့လဲ၊ ပန်းလာကြည့်တိုင်း အခြောက်ဖြစ်ရမှာလား။ ဒါပေမဲ့ ငါလေ့လာထားတာတစ်ခုတော့ရှိတယ်၊ ပန်းဆိုတာ အနုပညာထဲမှာ ပါနေတဲ့အတွက် ကျားမမရွေး ခံစားနှစ်သက်ပိုင်ခွင့်ရှိတယ်တဲ့။ ပြီးတော့ ပန်းအလှဆင်ရတဲ့ပညာကလည်း မိတ်ကပ်ဆံပင်အဝတ်အစားတွေကို လှအောင်ပြုပြင်ပေးရသလိုမျိုး အတူတူပဲတဲ့။ ဒီတော့ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



အလှဆင်ပညာရပ်နဲ့ပတ်သက်လာရင် အခြောက်ဒီဇိုင်နာတွေကသာ ပို ထူးချွန်ပြီး နာမည်ကြီးနေတာမို့လား"

"ဘာလဲ၊ နင့်ကို မကြီးစန်းတို့ အနိတ်ပေါက်တို့ကများ စွပ်စွဲနေ ပေးထားလို့လား"

"ဟာ. . . ဘာတွေလျှောက်ပြောနေတာလဲ နိုဘယ်"

"ဒီမှာ သက်ဝေ၊ နင်သိတာထက် ငါကပိုသိတယ်ဆိုတာ ပြော ပြလိုက်ဦးမယ်။ အဲဒီ Paradise ဖွင့်ပွဲကို ငါတက်ပြီးလို့ လက်ဆောင် ပစ္စည်းတစ်ခုတောင် ရခဲ့ပြီးပြီသိလား။ ဒီဇင်ဘာတစ်ရက်က ဖွင့်တာ။ မြန်မာပြည်မှာ အခမ်းနားဆုံးဆိုင်ပဲ။ ဘန်ကောက်မပြောနဲ့၊ ကိုရီးယား အဆင့်ကိုတောင်မီတယ်။ Sale girl တွေက ရွှေရောင် Paradise 1.2.3....ဆိုတဲ့ပန်းပွင့်လေးတွေပါတဲ့ရင်ထိုးတွေကိုတပ်လို့၊ ပြီးတော့ Free style လည်း ဝတ်ခွင့်ပေးတယ်။ ပိုင်ရှင်ကိုရော သိချင်သေးလား သက်ဝေ"

သက်ဝေသည် နိုဘယ်၏နှုတ်ခမ်းသေချာမှုတွေကို လက်မြှောက်လိုက် ရတော့မည်။

"သိလည်းပြီးတာပဲဟာ၊ နင်သိရင် ငါအလိုလိုသိတယ်"

"အေး,မှတ်ထား၊ Paradise ပိုင်ရှင်က နင့်အဖေ ဦးမင်းဇော်





နဲ့တစ်ပုံစံတည်းပဲ"

"ဟာ! ဟုတ်လား၊ ဒါဆို အဲဒီ BOSS ဘယ်မှာနေလဲမသိဘူး၊ ငါမြင်ဖူးချင်လိုက်တာ"

"သူက ဘန်ကောက်မှာ နေတာဟဲ့၊ ဒီကိုတစ်ခါတလေမှပဲလာ တာ၊ နင့်အဖေနဲ့တူတယ်ဆိုပေမယ့် သူက အသားပိုဖြူတယ်၊ ပြီးတော့ ရွှေတွေ အတုံးလိုက်အတစ်လိုက်ဝတ်တတ်တဲ့အခြောက်ကြီး"

"ဟင်!"

"ကဲ,ဒါပဲမှလား၊ နင် အဲဒီထဲမှာ တစ်ယောက်တည်း ငေါင်နေ လို့ ဖုန်းလှမ်းဆက်တာမှလား၊ ဘာမှမဟုတ်ဘဲ ပြန်ပြောနေရတာ ငါ့ အတွက် အချိန်တွေအများကြီးပွန်းပဲ့သွားပြီ။ မရေမရာတွေနားထောင် ပေးဖို့လည်း ငါက နင့်ရဲ့အပျင်းပြေမဟုတ်ဘူး၊ အရုပ်မဟုတ်ဘူး"

"ဘာလဲဟ၊ နင်ကလည်း ပြဿနာပဲ၊ ငါကတော့ ဒီမှာအမိုက် စား အလန်းစားလေးတွေတွေ့လို့ လှမ်းပြောမလို့၊ နင်က ငါ့ထက်အရင် ရောက်ပြီးနေပြီဆိုတော့ ဘာမှမပြောတော့ဘူးဟာ"

"ဒါဆိုလည်း ပြီးရော၊ တစ်ခုတော့ နင်မှတ်ထားလိုက်ဦး သက် ဝေ။ ငါ့ရဲ့ Talent က နင့်ထက်မကျော်ရင်တောင်မှ နင့်နောက်ကို ဘယ်တော့မှမကျန်ခဲ့ရအောင် ကြိုးစားနေတယ်ဆိုတာပဲ. . . အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူပြန်ပြောချိန်မရအောင် ဖုန်းပိတ်သွားတော့သည်။

ဘာလဲကွာ. . . ဒီနေ့မှ နိဘယ်ကလည်း ဘာဂြိုလ်ထသလဲမသိ၊ မသိမသိုင် ပြောပေါက်ဆိုပေါက်တွေက တစ်စက်ကလေးမှမဟုတ်၊ အခြောက်အတင်လမ်းကိုရောက်လို့ရောက်။

သို့သော် နိဘယ့်စိတ်က တစ်မျိုးဖြစ်သည်။

သူ ဂြိုလ်ထသည့်ပဲဖြစ်စေ၊ သူစိတ်မကြည်လင်တာမျိုးပဲဖြစ်စေ သူ့စိတ်ထဲမှာ ပြောချင်တာရှိလာလျှင် ရှေ့နောက်မစဉ်းစား၊ တစ်ဖက်လူ ဘယ်လိုခံစားသွားရမည်ဆိုတာမတွေး၊ စိတ်ထဲရှိသည့်အတိုင်း ပိသာလေးနှင့် နံဘေးပစ်သလို ပြောတတ်သူတစ်ယောက်မို့ သက်ဝေကသာ နားလည်ပေးလိုက်ရတော့၏။

“ကျွတ်! ဘလိုင်းကြီးလာရမ်းနေတယ်”

တစ်ယောက်တည်း ခပ်တိုးတိုးရေရွတ်ရင်း ဘောင်းဘီအိတ်ထဲ ဖုန်းထည့်၍ တစ်ဖက်ကွေ့လိုက်စဉ်မှာ မိန်းကလေးတစ်ဦးနှင့်ထိပ်တိုက် တွေ့ပြီး ခြေလှမ်းတွေအတူတူရပ်တန့်သွားရလေသည်။ မျက်လုံးက သူ့မရင်ဘတ်မှ Paradise 7 ဆိုသည့်ရင်ထိုးလေးကို တန်းခနဲမြင်လိုက်တာကြောင့် Sale girl လေးမှန်း သိလိုက်ရ၏။

ပြီးတော့ သက်ဝေက ညာဘက်ရှောင်တော့လည်း သူမက ညာ





ဘက်ကိုရှောင်၊ သူမက ဘယ်ဘက်ရှောင်တော့လည်း သက်ဝေက ဘယ်ဘက်ကိုရှောင်၊ (ထိုရုတ်တရက်ပေါ်ပေါက်လာတတ်တဲ့ Accident အတွေ့အကြုံမျိုးကို လူတိုင်းလိုလိုကြုံဖူးကြပါလိမ့်မည်။)

နောက်ဆုံးတော့ ဟိုဘက်ရှောင်လိုက် ဒီဘက်ရှောင်လိုက်နှင့် ထိပ်တိုက်ပြန်ဖြစ်သွားသလို နှစ်ယောက်သားပြုံးပြီး. . .

“ဆောရီး”

“ဆောရီး”

ဟုပြောတာချင်းကလည်း တူညီသွားရလေသည်။

“အခုလိုလာအားပေးတာ ကျေးဇူးတင်ပါတယ်ရှင်။ လိုအပ်တာရှိရင်ပြောပါ၊ အကူအညီအများကြီးပေးနိုင်ပါတယ်”

သူမက ဦးညွှတ်ပြောပြီး ဖြတ်သွားသောအခါ ရေမွှေးနံ့မဟုတ်ဘဲ ပန်းရနံ့လေးလိုလို၊ ရေချိုးပြီးစ ဆပ်ပြာရနံ့လေးလိုလို ခပ်သင်းသင်း မွှေးမြသော ကိုယ်သင်းနံ့လေး ကျန်ခဲ့တာကြောင့် သက်ဝေ လှည့်ပြန်ကြည့်လိုက်မိတော့၏။ သက်ဝေဘဝတွင် မိန်းကလေးတစ်ယောက်ကို လှည့်ပြန်ကြည့်ဖူးသည်မှာ ဒါပထမဆုံးအကြိမ်ပင်ဖြစ်လေသည်။

ဒါတင်မကသေး၊ ထိုနံပါတ် (၇)လေးက ကိုယ်သင်းနံ့ပင် ကောင်းတာမဟုတ်၊ ချိုမြပြီး နားဝင်ပီယံရှိသောအသံကလေးနှင့်အတူ ရှင်ရည်



www.burmeseclassic.com

www.burmeseclassic.com



ပါ အားလုံးထဲမှာ ထင်းခနဲပေါ်အောင် ချောနေမှန်း ခဏလေးနှင့် သက်ဝေ ကောက်ချက်ချလိုက်မိပြန်သည်။

အသားအရေက ဖြူဖြူဆွတ်ဆွတ်ထဲကမဟုတ်ဘဲ နို့နှစ်ရောင်လိုမျိုးဖြစ်သည်။ ဆံပင်က ခေတ်သစ်ရောင်စုံတွေ၊ မညီမညာတွေ၊ အခွေ အလိပ်အထပ်ထပ်ပုံစံမျိုးတွေမဟုတ်၊ သဘာဝအတိုင်း အလယ်ခွဲကြောင်း အလိုက် ကျောလယ်အထိ နက်မှောင် ဖြောင့်စင်းစွာ ကျနေပုံဖြစ်သည်။ မျက်နှာကိုလည်း အထွေအထူးခြယ်သထားမှုမျိုးမရှိပါ။ နှုတ်ခမ်းကိုသာ ပန်းရောင်ရွှဲရွှဲလေးဆိုးထားပြီး Fancy လက်ဝတ်ရတနာလည်း ဘာ တစ်ခုမျှဆင်မြန်းမထားဘဲ ရှင်းရှင်းသန့်သန့်လှသောဒီဇိုင်းကို ဖမ်းထားတာဖြစ်သည်။

ပြီးတော့ နက်ပြာရောင်အပွင့်အခက်တွေပါသော ပါတိတ်ဆင်ကို ဒူးအထိ စကတ်နှင့်အင်္ကျီအဖြစ် ခပ်ဆန်းဆန်းလေး ဝမ်းဆက်ချုပ်ဝတ်ထားသလို အနက်ရောင်ကြိုးသိုင်း ဒေါက်ချွန်ချွန်ကလေးကို စီးထားသေးတာကြောင့် သူမအလှက ထူးခြားစွာထင်ပေါ်နေလေ၏။ သက်ဝေသည် ကိုယ့်အထာနှင့်ကိုယ် ရှိုးနေရာမှ သူမက မြင်သွားပြီး သူ့ဆီသို့ လျှောက်လာပါသည်။

“ဘာပစ္စည်းဝယ်ဖို့များ စိတ်ကူးရှိပါသလဲရှင်”





ဒီတစ်ခါတော့ Sale girl တွေက သက်ဝေအတွက် အာရုံနောက်မှုမဖြစ်စေတော့။ (သူမ လှလို့မဟုတ်ပါ။) အကြောင်းက ပန်းသဘာဝကို လုံးဝနားမလည်ဘဲ ရောက်လာသလို လျှောက်ကြည့်နေချိန်ကလည်း ကြာလာပြီမို့ အားကိုးအားထားအတွက် Sale girl တစ်ယောက်ကိုတော့ လိုအပ်လာပြီဖြစ်သောကြောင့်ပင်။

“ဘာဝယ်ရမှန်းမသိဘူးခင်ဗျ။ ဒီလိုပဲ အင်တာနက်ထဲမှာ တွေ့လိုက်လို့ လာကြည့်ဖြစ်တာ။ မိုက်တယ်နော်. . . စိတ်ထဲမှာထင်ထားတာထက်ပိုပြီး ခမ်းနားတယ်”

“ဟုတ်ပါတယ်. . . ပြည်ပမှာ ဝယ်ရသလိုပါပဲ။ သူဌေးက ဘန်ကောက်ကပါ။ နိုင်ငံတကာအဆင့်မီတဲ့ဒီဇိုင်းမျိုးကို ဒီမှာလာဖွင့်တာပါ။ စီးပွားဖြစ်ထက် ဝါသနာကိုဦးစားပေးပြီး လုပ်တာမို့လို့ ဒီလိုတခမ်းတနားဖြစ်သွားတာပါ”

“လူငယ်တွေနဲ့ ဒီဇိုင်နာတွေအတွက် အိုကေသွားတာပေါ့။ ဖွင့်တာ သိပ်မကြာသေးဘူးထင်တယ်၊ ကျွန်တော်က အမေးအမြန်းထူတယ်နော်”

“Customer တွေ ကျေနပ်ဖို့အတွက် Sale girl တွေဆိုတာဖြစ်လာတာပါ။ ကျွန်မတို့ရဲ့ဆက်ဆံမှုတွေအပေါ်မှာ အများကြီးမူတည်

www.burmeseclassic.com



ပါတယ်။ ဒီဇင်ဘာတစ်ရက်က ဖွင့်ပွဲလုပ်တာပါ။ Christmas, New year နဲ့ Valentine နေ့တွေအမီဆိုတော့ လုပ်ငန်းက ချက်ချင်းပဲ ပေါက်ရောက်ပါတယ်''

သူမက လုပသိမ်မွေ့ရုံမက အပြောလည်းကောင်းသေးတာမို့ Sale girlတွေ၏အင်္ဂါရပ်နှင့် ပြည့်စုံသည်ဟုပြောလို့ရပါသည်။

''ပန်းတွေက အများကြီးပဲနော်. . . ပန်းခြံတစ်ခုလိုပဲ။ အားလုံး ဘန်ကောက်ကပဲလားခင်ဗျ''

''အမိက,ကတော့ ဘန်ကောက်နဲ့မြန်မာပြည်ပါပဲ။ ဘုရားပန်းနဲ့ တခြားအလှူအတန်းအတွက်ကို နှစ်နိုင်ငံလုံးကထွက်တဲ့သင့်တော်မယ့် ပန်းလေးတွေကိုရွေးပြီး ဦးစားပေးထားတယ်။ ညှော်ခံပွဲတွေ၊ ဒီဗိုင်နာတွေ၊ Couple တွေနဲ့ ချစ်စမတ်တို့ နှစ်ကူးတို့မှာ လက်ဆောင်ပေးဖို့အတွက် တော့ ယိုးဒယားကပန်းတွေကို ဦးစားပေးထားပါတယ်။ ယိုးဒယားပန်း ဆိုပေမယ့် ယိုးဒယားကချည်းထွက်တာမဟုတ်ပါဘူး။ တခြားနိုင်ငံတွေ ကပန်းတွေပါ ဘန်ကောက်ကိုဝင်တာပါ။ ဘန်ကောက်ကမှတစ်ဆင့် ဒီ ကိုရောက်လာတာပေါ့။ လေ့လာလို့ရပါတယ်၊ ကျွန်မရှင်းပြပေးပါ့မယ်။ ပြီးရင် တခြားလက်ဆောင်ပစ္စည်းတွေလည်း လိုက်ပြပေးပါ့မယ်''

ဟုပြောပြီး ခပ်ဖြည်းဖြည်းလျှောက်လိုက်တာကြောင့် သူပါ အနား





ကနေ ကပ်လျှောက်လာမိတော့သည်။ အရမ်း Respect ဖြစ်ပြီး ရှင်း ပြပေးနေတာကြောင့်လည်း ကိုယ့်ကိုယ်ကို Round လာလုပ်သည့် Boss တစ်ယောက်လိုလိုဘာလိုလို နေရင်းထိုင်ရင်း အလိုလိုပြောက်ကြွသွားရ လေသည်။

''ဒီလက ပွင့်လင်းရာသီဆိုတော့ ပွဲတွေများတယ်။ ခရစ်စမတ် နဲ့နှစ်ကူးကလည်း အရမ်းကပ်နေပြီ၊ ပြီးတော့ သိပ်မခြားဘဲ Valentine day ကလည်း ရောက်တော့မှာဆိုတော့ ချစ်သူတွေ၊ တန်ဖိုးထား ရသူတွေအတွက် ဒီ Paradise က အရမ်းအဆင်ပြေတယ်နော်။ အိမ် အရောက်ပို့ ဝန်ဆောင်မှုလုပ်တာလည်း သဘောကျတယ်''

''ဟုတ်ပါတယ်၊ ကလေးကနေ အဘိုးအဘွားအရွယ်တွေထိ ခံ စားနှစ်သက်နိုင်အောင် ဖန်တီးပေးထားတာပါ။ ပန်းစည်း ပန်းခြင်းက အစ ဒီမှာရှိတဲ့ပစ္စည်းအားလုံးကို အင်တာနက်နဲ့ကြည့်ပြီး ဝယ်လို့လည်း ရပါတယ်၊ ကိုယ့်စိတ်ကြိုက်ပုံစံအတိုင်း ထုပ်ပိုးပြင်ဆင်မှုကိုလည်း လုပ် ပေးတယ်။ အခုရက်မှာ ဟချို့လူငယ်တွေက ပန်းကို သဘာဝအတိုင်း မပေးဘဲ အရောင်ထူးထူးဆန်းဆန်းလေးတွေထွင်ပြီး ပေးတတ်ကြတာ ကော သတိထားမိပါသလား''

''အင်း,ကြားဖူးတယ်။ အဲဒါမျိုးကော ဒီကလုပ်ပေးလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်၊ ရနိုင်ပါတယ်၊ အရောင်မျိုးစုံ ဆေးမှုတ်ပေးပါတယ်။ ပန်းအစစ်ကို ဆေးမှုတ်လိုက်ရင် ရိုးရိုးပန်းထက်တောင် အချိန်ကြာကြာပိုခံပါတယ်။ ပြီးတော့ ဒီမှာက ပန်းအလှဒီဇိုင်နာသီးသန့်ရှိတယ်လေ။ ကိုယ်အလှပန်းအိုးထားချင်တဲ့နေရာတို့၊ အခန်းဆိုကိုဆွေးနွေးပြီး ဒီမှာပဲ ဒီဇိုင်းဆင်ပေးလိုက်တာမျိုးပါ။ ပန်းစည်း၊ ပန်းခြင်းထုပ်ပိုးပြင်ဆင်တဲ့ဝန်ထမ်းနဲ့မဆိုင်ပါဘူး။ သီးသန့်ဒီဇိုင်နာပါ"

"ဪ၊ ဒါဆို မေမေ့ကို ဒီအမြဲပို့ပေးမှုဖြစ်တော့မယ်။ ကျွန်တော်က ပန်းနဲ့ပတ်သက်လို့ ဘာမှနားလည်တာမဟုတ်ဘူးခင်ဗျ။ ကြော်ငြာသဘောကျလို့သာ ရောက်လာတာပါ။ ဒါပေမဲ့ တစ်ခုခုအမှတ်တရဖြစ်အောင် ဝယ်သွားလိုက်ပါ့မယ်။ ဒီအိုးလေးနဲ့ပန်းခက်ကို ယူရင်ကောင်းမယ်ထင်တယ်နော်။ ကျွန်တော့်မျက်စိထဲမှာ ချစ်စရာကောင်းတယ်လို့မြင်တယ်"

သက်ဝေက ဘာရယ်မဟုတ်ဘဲ ကိုယ်နှင့်အနီးဆုံး Stand မှာရှိသည့်ပန်းအိုးသေးသေးလေးကို ထိုးပြလိုက်သည်။

"အဲဒါ Orchid, ကလေးတွေအတွက် သီးသန့်လုပ်ထားတာ"

"ဗျာ! "

"Orchid က လူကြီးတင် ကြိုက်တာမဟုတ်ဘူးလေ၊ အိုးသေး





သေးလေးနဲ့လှလှလေးပြင်လိုက်တော့ ကလေးတွေပါ စိတ်ဝင်စားသွားရော၊ ဒါကြောင့် ကလေးကြိုက်စီစဉ်ထားတာပါ။ မရမ်းပေါ်မှာ အဝါဖောက်ထားတာ အရမ်းချစ်စရာကောင်းတယ်"

"ဟို့၊ ကလေးပဲကြိုက်ကြိုက် ဘာပဲကြိုက်ကြိုက်ဗျာ၊ အဲဒါလေးပဲ ကျွန်တော်ယူလိုက်မယ်"

သက်ဝေ၏ ကလေးတစ်ယောက်လို ရှက်ကိုးရှက်ကန်းတစ်ဖွတ်ထိုးပုံစံလေးကြောင့် သူမကပြုံးပြီး ယူပေးပါသည်။ သေချာကိုင်ကြည့်မှ ကလေးကြိုက်အိုးလေးမှန်းသိရသလို ဆွဲစရာရွှေရောင်ကြိုးကလေးပါပါနေတာကြောင့် ပိုချစ်စရာကောင်းလေသည်။

ပြီးတော့ မထင်မှတ်ဘဲ ရှေ့သွားနောက်လိုက်ညီစွာ ပုံစံမျိုးစုံထုတ်လုပ်ထားသော ချောကလက်အပါအဝင် သံပတ်ပေးရင် လည်တဲ့နှစ်ယောက်တွဲအရုပ်ကလေးတွေ၊ ဖန်လုံးလေးတွေ၊ မွေးပွရုပ်တွေ၊ ဘောလ်ပင်ထည့်တဲ့ခွက်၊ ဖုန်းထည့်တဲ့ခွက် စသဖြင့် မရေတွက်နိုင်အောင် များပြားလှသော တိုလီမိုလီလက်ဆောင်ပစ္စည်း အထူးအဆန်းလေးတွေရှိရာသို့ ရောက်သွားတော့သည်။

"ခုရက်မှာ Magic ခွက်လေးတွေ အဝယ်လိုက်နေတယ်။ ကြည့်မိတဲ့လူတိုင်းလည်း ဝယ်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လို Magic လဲ''

''ကြွေခွက်လုလုလေးတွေပေါ်မှာ စိတ်ကြိုက်ဒီဇိုင်းဆွဲပေးထားတာလေ။ ကိုယ့်ရဲ့ဓာတ်ပုံတို့ စုံတွဲပုံတို့ ကိုယ်ရေးချင်တဲ့စာသားတို့ပေါ့။ အဲဒီလိုဆွဲပြီးတဲ့ဒီဇိုင်းတွေက ကြွေခွက်ကိုဒီတိုင်းထားရင် ပုံမှန်နဂိုခွက်လိုပဲ မသိသာဘူး။ ခွက်ထဲကို ရေနွေးဖြစ်ဖြစ် ကော်ဖီဖြစ်ဖြစ်ထည့်လိုက်မှ ကိုယ်ပေးထားတဲ့ဒီဇိုင်းလေးအတိုင်း ပေါ်လာတာမျိုးပါ''

''အဲဒီလက်ဆောင်ကိုရတဲ့လူကတော့. . . အရမ်းပျော်သွားမှာပဲ။ ကျွန်တော်လည်း မေမေဝမ်းသာသွားအောင် ပေးလိုက်ဦးမယ်။ အဖြူရောင်ကြွေခွက်လုလုလေး သုံးခွက်ရှာပေးပါ။ ဒီဇိုင်းကတော့ အသည်းပုံကြီးကြီးထဲမှာ 'ဦးမင်းဇော်' 'ဒေါ်ခင်နှင်းဝေ' 'သားသက်ဝေ' လို့ရေးထိုးပေးပါ''

''ဟုတ်, စိတ်တိုင်းကျဖြစ်စေရပါမယ်။ ဒါပေမဲ့ ဒီဇိုင်းအပ်တဲ့လူတွေက သိပ်မပြတ်တတ်တော့ အချိန်ခဏပေးရမှာပါ။ တခြားသွားစရာရှိရင် အပြန်မှာဝင်ယူနိုင်ပါတယ်။ အိမ်ကိုပို့ပေးရမယ်ဆိုရင်တော့ တဆိတ်လောက် Address လေး''

''အိမ်ကိုပို့လိုက်တာပဲ ကောင်းပါတယ်၊ မေမေပျော်သွားအောင်လို့။ မေမေက ကော်ဖီခွက်လုလုလေးတွေဆို အရမ်းချစ်တာဗျ''





သူပြောရင်း Wallet သေးသေးလေးထဲမှ Address card ကိုထုတ်ပေးလိုက်၏။ Cashier မှာရှင်းပြီးတော့ သူမက Exit နားထိ ထိုင် လိုက်ပို့ပါသေးသည်။

''ဒီလိုစုံအောင်လိုက်ပြပြီး ရှင်းပြပေးတာတွေအတွက် Thanks နော်''

''ရပါတယ်၊ ကျွန်မတို့ရဲ့တာဝန်ပါ''

''မင်းက အရမ်းလှတယ်''

''ဒီလိုပြောပေးတဲ့အတွက်တော့ ကျေးဇူးအများကြီးတင်ပါတယ်''

''ပြောပေးတာမဟုတ်ဘူး တကယ်လှလို့ပြောတာပါ''

သက်ဝေက မရည်ရွယ်ဘဲ ထပ်ဆင့်မွမ်းမံလိုက်တော့ မဒိုတရို့ မျက်နှာလေးနှင့်အတူ ပန်းရောင်နုတ်ခမ်းလွှာတို့ ပြုံးရောင်သန်းသွားပုံမှာ ကဗျာတစ်ပုဒ်ပမာ။

''Your name please...''

ဟု သူမလေးရဲ့မျက်ဝန်းလဲ့လဲ့တွေကို စိုက်ကြည့်ပြီး မေးမိပြန်တော့. . .

''ပန်းလွှာကဗျာ''

ကြည့်စမ်း! ချိုသာပြေပြစ်စွာ ထွက်ပေါ်လာသောအမည်နာမလေး



www.burmeseclassic.com

www.burmeseclassic.com



က သက်ဝေရင်ထဲ လှပသည့်စမ်းချောင်းငယ်လေး စီးဆင်းသွားသလို ကြည်လင်အေးမြသွားလေသည်။

"OK good luck..."

သူလိုက်လိုက်လှဲလှဲပြုံးပြီး ထွက်လာခဲ့တော့သည်။ ထိုအချိန်မှာ. . .

"ဟေး. . .ယူ, သားသက်ဝေ"

ဆိုသည့် ခေါ်နေကျစကားလုံးမဟုတ်ဘဲ ကြားဖူးနေကျအသံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်စဉ်. . .

"ဟင်! နိုဘယ်"

လေဒီရှူးသံတခေါက်ခေါက်နှင့်အတူ လန်းပျံနေသောဒီဇိုင်းဖြင့် ခပ်သွက်သွက်လှမ်းလာသောနိုဘယ်ထင်အောင်ကို ရင်ဆိုင်လိုက်ရလေသည်။

Dior နေကာမျက်မှန်ကြီးနှင့်ဆိုတော့ လူမှားချင်စရာ။ သက်ဝေသည် အမှားတစ်ခုလုပ်မိ၍ လူမိသွားသလိုမျိုး အူကြောင်ကြားဖြစ်သွားရသည်။

"ဘာလဲ. . . လန့်သွားတာလား"

"ဘာဖြစ်လို့ လန့်ရမှာလဲဟ၊ အံ့သြသွားတာပါ။ နင်က တော်တော်နောက်တာပဲ၊ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"နင်နဲ့ဖုန်းပြောပြီး တန်းလစ်လာတာ၊ ဒီထဲကိုရောက်နေတာကြာလှပြီ၊ နင့်ရဲ့လူပ်ရှားမှုမှန်သမျှကို Cheek နေတာပေါ့။ ဖယားတစ်ခုတော့ ငြိခဲ့ပြီမှလား သက်ဝေ၊ မငြင်းနဲ့"

"သေလိုက်ပါတော့ဟာ၊ ငါ အထာပေးလာတာတွေတော့ ရယ်စရာတွေ ဖြစ်ကုန်ပါပြီ။ ဒါပေမဲ့ တွေ့တယ်မဟုတ်လား။ Lucky 7 လေးက ရေလည်လန်းတယ်နော်၊ ရှားပါးပစ္စည်းလေး။ တစ်မိမ့်စိမ့်ကြည့်လေ, ချောလေပဲ။ Love at first sight ပုံစံမျိုးတော့ ဖြစ်တော့မယ်ထင်တယ်"

"Lucky 7 လားဘာလားတော့ ငါဘယ်သိပ့်မလဲ။ ဝေးဝေးကကြည့်နေရတာကို။ နက်ပြာရောင်ပါတိတ်ဝမ်းဆက်နဲ့ ကျော့ကျော့ရှင်းရှင်းလေးလှတာကိုတော့ သတိထားလိုက်မိတယ်။ နင်က ဖုန်းမဆက်စဖူးဆက်လို့ မသင်္ကာတာနဲ့လိုက်လာတာ. . . ထင်တဲ့အတိုင်းပဲ"

"ဟာ, နင်ထင်သလိုမဟုတ်ပါဘူး။ နင်နဲ့ဖုန်းပြောနေတုန်းကလည်း မတွေ့သေးဘူး။ စောစောကမှ ရှင်းပြပေးရင်း ခင်သွားတာပါ။ နင် မမေ့ကိုတော့ လျှောက်မပြောနဲ့နော်"

နိုဘယ်က မျက်မှန်ကိုချွတ်ပြီး ရယ်တော့သည်။ သူမစိတ်က






www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဆိုသည့်အတိုင်း ပြောချင်တာကို ဖွင့်ပြောတတ်သူပီပီ၊ လုပ်ချင်တာကို ဖွင့်လုပ်တတ်သူပီပီ ဒီလိုရုတ်တရက်ပေါ်ပေါက်လာတာ မဆန်းပေမယ့် အနည်းငယ်တော့ အံ့သြရ၏။

"လျှောက်မပြောပါဘူး သက်ဝေရယ်။ ဖုန်းဆက်ပြီးတော့ပဲ ပြောမှာပါ။ မပြောစေချင်ရင် ဒီတိုင်းလွှတ်ပေးလိုက်လို့ဘယ်ဖြစ်မလဲ။ One table တော့ လုပ်ပေးရလိမ့်မယ်"

"အိုခေ,ရတယ်၊ ကြိုက်တဲ့နေရာရွေးလိုက်။ ကြိုက်တဲ့အချိန် ချိန်းလိုက်၊ အခုသွားမလား"

"ဟင်း. . . တက်ကြွနေလိုက်တာ၊ Lucky 7 က တန်နိုးပြနေပြီထင်တယ်။ နင် အခုလိုက်ကျွေးလည်း မစားနိုင်သေးဘူး၊ စကော့ဈေးကို မာမိလွှတ်လို့သွားရဦးမယ်။ နင့်ဖာသာ Lucky 7 ကို နဖူးကနေခြေဖျားထိ ခံစားနေလိုက်။ ကဲ, ငါအရင်သွားပြီ. . . ဘိုင့်ဘိုင်"

နိဘာယ်က ရယ်ကျဲကျဲလေးပြောကာ သူ့ကားဆီ ခပ်သွက်သွက်လှမ်းပြီး မောင်းသွားတော့သည်။ သူလည်း ပန်းတစ်ချက်တွန့်လိုက်ပြီး ကားဆီလျှောက်လာခဲ့လေ၏။

ကားထဲရောက်လျှင် ကလေးကြိုက် ချစ်စရာ Orchid ပန်းအိုးလေးကိုပြုံးကြည့်ပြီး ချိတ်ဆွဲလိုက်သည်။ ကားမောင်းပြီး CD ကိုဖွင့်





လိုက်ပြန်တော့လည်း ထွက်ပေါ်လာသည့်သီချင်းက R ဇာနည်၏ 'မျှော်လင့်နေမယ်'တဲ့. . . အံ့သြဖွယ်ကောင်းလေစွ။

××××ပန်းဆိုတာလည်း ကြွေတတ်တယ်××××အချစ်လေးရယ်××××မင်းကိုလေ ရည်စူးထားလည်း ××××မခြွေရက်ပါ××××ဆိုက်တန်ရင်တော့ တစ်နေ့မှာ ×××× ပိုင်ဆိုင်မယ်×××× တကယ်အကြင်နာမှန်ရင် ×××× ပြန်လာကွယ်××××မျှော်လင့်နေမယ်××××ကိုယ့်ရင်မှာ နားပါကွယ်××××



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

"တို့ရဲ့ပန်းလွှာမင်းသမီးလေး. . . ပြင်လို့မပြီးသေးဘူးလား"

ပန်းလွှာသည် မှန်ကြည့်နေရာမှ မေမေ့အသံကြောင့် လှည့်ကြည့်လိုက်တော့ မေမေက အထုပ်တစ်ထုပ်ကိုင်ပြီး အနားရောက်လာသည်။

"ပြီးပြီမေမေ၊ အကျီလဲတော့မှာ။ အိပ်ရာထ,နည်းနည်းနောက်ကျသွားတယ်"

"ဒီမှာ မိုးမာန်, အစောကြီးရောက်လာပြီး သမီးအတွက် လက်ဆောင်ပေးသွားတယ်။ ရော့. . ."

"ဘာပြောသွားသေးလဲမေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ထွေထွေထူးထူးဘာမှပြောမသွားဘူး။ ညနေလာတွေ့မယ်လို့တော့ ပြောသွားတယ်။ ပြီးရင်ထွက်ခဲ့တော့၊ မေမေ ထမင်းကြော်ပြီးပြီ။ ထမင်းဘူးအဆင်သင့်ပြင်ထားလိုက်မယ်။ ဟော. . . ဟိုတစ်ယောက်အယ်မ ခုထိမနိုးသေးဘူးလား"

မေမေက ပြောရင်းဆိုရင်း ညီမလေးဆီသွား၍ စောင်ကိုဆွဲပြီးနှိုးတော့သည်။

"ကြည့်စမ်း! ကြည့်စမ်း! အိပ်နေလိုက်ပုံများ ဒီပုံစံမျိုးနဲ့ ဆယ်တန်းစာမေးပွဲကို ဘယ်လိုဖြေမှာလဲ။ ထ. . . အခုထ"

"အာ့,မေမေကလည်း နိုးနေတာ ကြာပါပြီ။ ညက စာကျက်တာကြာသွားလို့ ခေါင်းမကြည်တာနဲ့ မှိန်းနေတာပါ။ အခုထတော့မလို့ပါ"

"ပြောလိုက်ရင် ဆင်ခြေနဲ့၊ ကျောင်းနောက်ကျနေမယ်၊ မြန်မြန်လုပ်၊ အစ်မတောင် အလုပ်သွားဖို့ပြင်နေပြီ၊ ကလေးတွေက ဒီအရွယ်ထိတောင် တစ်ယောက်ပြီးတစ်ယောက်လိုက်နှိုးနေရပါလား။ သားတွေက တစ်မျိုး၊ အယ်မက တစ်မျိုး၊ ထမင်းကြော်ပြီးတာတောင် ပူပူနွေးနွေး ထမစားကြဘူး။ ငါမပြောရတာဆိုလို့ သမီးကြီးတစ်ယောက်ပဲ ရှိတယ်"

သားသမီးများများမွေးထားသည့်မိခင်တို့၏ထုံးစံအတိုင်း မေမေ





ဗျစ်တောက်ဗျစ်တောက်ပြောရင်း ထွက်သွားတော့သည်။

"သိပါတယ်နော်, မေမေက အငယ်တွေဆိုရင် တစ်ယောက်ပြီးတစ်ယောက် နေ့တိုင်းဆူပူနေတာ၊ မမကျတော့ ဖူးဖူးမှုတ်ပြီး အလိုလိုက်နေတာ။ ခေါ်တာတောင် ပန်းလွှာမင်းသမီးကလေးတဲ့. . ဟွန်း"

"ငါ့ကိုပြန်မပြောနဲ့၊ လိမ္မာတဲ့ကလေးကို လိမ္မာသလိုဆက်ဆံရမှာပဲ။ ညည်း. . . ငါ့ကိုဘာတွေလုပ်ကိုင်ပေးတာရှိသလဲ။ ကျူရှင်တွေကျောင်းတွေနဲ့အချိန်ကုန်လိုက်၊ စာကျက်ချင်ယောင်ဆောင်လိုက်၊ ဇာတ်လမ်းတွေကြည့်လိုက်၊ သီချင်းတွေ နားထောင်၊ လိုက်ဆိုလိုက်နဲ့ အဝတ်တောင် ခုထိလျှော်မပေးရတုန်း။ ကြပ်ကြပ်သတိထားနေနော် အငယ်မ၊ ငါ အီးဗွီဒီစက်နဲ့ ဆောင်းဘောက်တွေကို ရောင်းပစ်လိုက်မယ်"

ဟု အပြင်ရောက်မှ လှည့်ပြောဖြစ်အောင် ပြောလိုက်တာမို့ အငယ်မ ငြိမ်ကျသွားတော့၏။ ဒါတောင် စောင်ကို ကန်ကျောက်ထလာရင်းနှင့်

"ပစ္စည်းတွေ ရောင်းပစ်မယ်ပဲ ပြောနေတယ်၊ အပေါ်စက်ကျတော့ မရောင်းဘူး။ သူ ကိုရီးယားကားမကြည့်ရမှာစိုးလို့"

ဆိုပြီး ပွစိပွစိပြောလိုက်သေးတာကြောင့် ပန်းလွှာရယ်မိလေသည်။ မေမေကလည်း ပန်းလွှာတို့အခန်းထဲ ဝင်လာပြီး Rap ပြောရုံနှင့်မပြီး



www.burmeseclassic.com

www.burmeseclassic.com



သေး၊ သားသုံးယောက်အခန်းကိုပါသွား၍ Rocker လုပ်ပြီး ရိုက်ပုတ်နှိုးဦးမှာဖြစ်သည်။ အိမ်မှာ မေမေအိပ်ရာအနိုးလွတ်တာ ပြောရဆိုရသက်သာတာဆိုလို့ ပန်းလွှာနှင့်ဖေဖေပဲရှိလေသည်။

သားသမီးတွေကိုဆူပူတိုင်း ဟိုပစ္စည်းရောင်းပစ်မယ်၊ ဒီပစ္စည်းရောင်းပစ်မယ်ဟု ထည့်ပြောတတ်တာကလည်း စိတ်မကြည်လို့ တမင်သက်သက်ခြိမ်းခြောက်ပြောတာမျိုးမဟုတ်ဘဲ အမှန်တကယ်ပင်ဖြစ်ပါသည်။ အကြောင်းကတော့ အထည်ကြီးပျက်မေမေနှင့် အစိုးရဝန်ထမ်းဖေဖေတို့ညားလာခဲ့ရာ မေမေက အထည်ကြီးပျက်ပီပီ ဘာစီးပွားရေးမှမလုပ်တတ်ဘဲ ကလေးတွေတစ်ယောက်ပြီးတစ်ယောက်မွေးရင်း စားဖို့မှုးအလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်တတ်ခဲ့တာမို့ ကလေးတွေ ကြီးလာသောအခါ ကျောင်းစရိတ်တွေမလောက်ငတော့ဘဲ ရှိသမျှပစ္စည်းတွေကို ရောင်းစားခဲ့ရခြင်းကြောင့်ဖြစ်ပေသည်။

ဖေဖေကလည်း ဝန်ထမ်းကောင်းတံဆိပ်ဆိုလျှင် အသက်ပေးရပေမယ့် ရအောင်ယူတတ်ပြီး တခြားနေရာမှာတော့ ကြံရည်ဖန်ရည်လုံးဝမရှိသူဟုသည်။ မေမေ၏မပြေလည်မှု ညည်းညူသံတွေကို တေးတစ်ပုဒ်လို ဒူးနန့်ပြီး နားထောင်ခဲ့တာကြောင့် အိမ်ရှိပစ္စည်းတွေထုခွဲပြီး ရောင်းစားတက်သည့်အလုပ်က မေမေ့အလုပ်ဖြစ်ခဲ့လေသည်။ ဘယ်လောက်အထိရောင်းချသုံးခဲ့သလဲဆိုရင် ရွှေတို ငွေစဆိုတာမပြောနှင့်၊ ဆက်တီတွေ ခုံတင်တွေပါ တစ်လုံးမှမရှိသည့်အဆင့်ကို ရောက်ခဲ့ရလေသည်။

မောင်နှမတွေစားကြည့်ဖို့ စားပွဲပုပုသေးသေးလေးတစ်လုံး၊ ထမင်းစားဖို့ ရှေးခေတ်က စားပွဲလေးထောင့်ပုပုအရှည်ကြီးလေးတစ်လုံးနှင့် ဧည့်သည်လာရင် ဧည့်ခံဖို့ လေးထောင့်စားပွဲပုပုသေးသေးလေးတစ်လုံးသာ ကျန်လေသည်။ အိပ်တာ၊ ထိုင်တာ၊ ဧည့်သည်လာရင် ဧည့်ခံတာအားလုံး ကြမ်းပြင်မှာ၊ တိုက်ခန်းတောင် ဘိုးဘွားလက်ထက်က အစိုးရတိုက်ခန်းမို့လို့ (နေဖို့လည်းအဆင်မပြေမှာစိုးလို့) မေမေက ကုပ်ကပ်ချန်ထားတာဖြစ်၏။ အိမ်၏အကျယ်ဆုံးအခန်းကြီးကိုတော့ သားသုံးယောက်က အိပ်ကြရသည်။

အဝတ်အထည်ကိုတော့ မေမေက ဗီရိုနှင့်ထည့်ရမှ ကျေနပ်တတ်တာကြောင့် ဗီရိုတွေကိုတော့ မရောင်း။ နောက်ဆုံးတော့ ပန်းလွှာတို့အိမ်က စတိုင်လ်မထုတ်ရပါဘဲ မေမေ့လုပ်ပုံကြောင့် နေရင်းထိုင်ရင်း ကိုရီးယားအိမ်ကလေးတစ်လုံးနှင့် တူခဲ့ရလေသည်။ မရောက်ဖူးသည့်သူငယ်ချင်းတွေ ရောက်လာခဲ့လျှင်

"ဟယ်! ပန်းလွှာတို့အိမ်က နေချင်စရာလေး။ ကိုရီးယားကားတွေထဲက အိမ်လေးအတိုင်းပဲတော့"

www.burmeseclassic.com



''ဟုတ်ပ၊ ညှော်ခန်းကလည်း ကြမ်းပြင်မှာ ထိုင်ရတာ။ ထမင်းစားခန်းကလည်း စားပွဲပုပုရှည်ရှည်ကလေးနဲ့''

''ကြည့်စမ်းပါဦး၊ အိပ်ခန်းတွေကလည်း နံရံကပ်ဗီရိုလေးတွေနဲ့ ရှင်းသန့်နေတာပဲ။ မွေ့ရာတွေ၊ စောင်တွေ၊ ခေါင်းအုံးတွေကလည်း အခန်းထောင့်မှာ အထပ်လိုက်။ မိသားစုနွေးထွေးစေတဲ့အိမ်မျိုးနော်''

ဟုပြောပြီး အခန်းတွေကိုလှည့်ပတ်ကြည့်ရင်း ပျော်ရွှင်နေခဲ့ကြ

သည်။ တကယ်တော့ ကိုရီးယားမှာရှိသည့်ထိုအိမ်ပုံစံမျိုးက အောက်ခြေ

လူတန်းစား (ဆင်းရဲသား) တွေ၏အိမ်ပုံစံမျိုးသာဖြစ်သည်။ တကယ်ချမ်း

သာသည့်တော်ဝင်မျိုးနွယ်တွေဆိုလျှင် ဆိုဖာဆက်တီအပျံစား အညွှန့်

စားတွေနှင့် ထိုင်တာဖြစ်သလို အိပ်ခန်းဆိုလျှင် အင်မတန်ကျယ်လွန်းပြီး

မဟာဆန်သောခုတင်ကြီးတွေနှင့်အတူ ထိုအိပ်ခန်းထဲမှာ စကားပြော

ဖို့အတွက် အရံစားပွဲဝိုင်းတစ်စုံထည့်ပေးထားကာ တစ်ထီးတစ်နန်းနေ

ထိုင်ကြတာမျိုးဖြစ်သည်။

ဒါကိုခွဲခြားမမြင်ဘဲ ကြမ်းပြင်မှာ ဒီတိုင်းခင်းအိပ်ကြပြီး ကိုရီးယား

ရှုး,ရှူးနေကြသော မြန်မာသူဌေးတစ်ချို့ကိုတွေ့ရတော့ အံ့ဩရသေး၏

အခုတော့ ပန်းလွှာတို့အိမ်မှာ ပရိဘောဂရှင်းလင်းရေးကို မေမေလုပ်

စရာမလိုတော့။ (ရှင်းစရာပရိဘောဂလည်း မရှိတော့) ဘာကြောင့်လဲ





ဆိုတော့ ကျောင်းသားတွေဖြစ်သည့်အငယ်မနှင့်သားငယ်ကလွဲပြီး ကျန်တဲ့သူတွေအားလုံးက အလုပ်ကိုယ်စီရှိသွားပြီမို့ အိမ်စရိတ်ကိုထိန်းနိုင်သွားသောကြောင့်ဖြစ်ပါသည်။

ပန်းလွှာသည် အလုပ်သွားဖို့အားလုံးပြင်ဆင်ပြီးမှ မေမေပေးသွားသော မိုးမာန်၏လက်ဆောင်ပစ္စည်းထုပ်ကို ဖွင့်ကြည့်လိုက်တော့သည်။ ပေါ်လာသည့်ပစ္စည်းလေးက ပန်းရောင်စာရွက်ခေါက်ကလေးနှင့်အတူ အဖြူရောင်ပေါ်မှာ ရောင်စုံပန်းပွင့်ကလေးတွေပါသော ပါတိတ်တစ်ထည်ပင်ဖြစ်ပါသည်။ ပန်းလွှာပြုံးပြီး စာခေါက်ကလေးကို ဖွင့်ဖတ်လိုက်လေ၏။

ပန်းလွှာ

♣ ဒါ ဘယ်နေရာရောက်ရောက် နင့်ကိုပဲသတိရနေတယ်

♣ နင့်အတွက် ပြည်တွင်းဖြစ်ကို အားပေးခဲ့တယ်

♣ အဝတ်အစားလှလှမြင်ရင် ကိုယ့်ချစ်သူကိုဝယ်ပေးချင်တဲ့

♣ စိတ်ကူးပေါ်လာတတ်တဲ့လူဟာ တကယ်ချစ်လို့ပဲတဲ့

♣ ဒါလည်း အဲဒီလိုဖြစ်ပြီထင်တယ် ပန်းလွှာ။ ခုတော့

♣ ပြည်တွင်းဖြစ်ကလေးနဲ့ပဲ ကျေနပ်လိုက်ပါဦး၊ ဒီ့ထက်မကတဲ့



www.burmeseclassic.com

www.burmeseclassic.com



♣ ခေတ်ပေါ်ဒီဖိုင်းတွေ ဆင်နိုင်အောင် ငါကြိုးစားနေပါတယ်
♣ ပြီးတော့ သူဌေးသားသမီးတွေလို နင်နဲ့ငါ့မှာ ဖုန်းမရှိပေမယ့်
♣ ဒီလိုစာနဲ့ရေးပြောရတာလည်း ခံစားမှုတစ်မျိုးဖြစ်စေပါတယ်
♣ ဒါပေမဲ့ တစ်နေ့နေ့မှာ ဖုန်းလေးတွေ တစ်ယောက်တစ်လုံး
♣ ကိုင်နိုင်အောင် ငါကြိုးစားမှာပါ
♣ အဲဒီလိုပဲ နင့်ကိုပိုင်ဆိုင်နိုင်အောင်လည်း ကြိုးစားမှာပါ
♣ နင့်အတွက်ဆို ငါဘာပဲလုပ်ရလုပ်ရ
♣ အဲလောက်ထိ ချစ်တယ် ပန်းလွှာ

မိုးမာန်

ဒုက္ခပါပဲ. . . သင်းက တစ်မျောင့်. . .

သူငယ်ချင်းက သူငယ်ချင်းပဲပေါ့. . .

ငယ်သူငယ်ချင်းတွေကမှတစ်ဆင့် ဘောင်ကျော်လာတာမျိုး လောက် Feeling out တာမရှိတော့။ တစ်ဖွတ်ထိုး တဖောက်ကန်း ညဉ်ကလေးက ရှိထားပြန်တော့ တယ်ပြီးကြည့်မရချင်။ ဒါပေမဲ့ သူလည်း ဆပ်ပြာကုမ္ပဏီတစ်ခုမှာ Supervisor တစ်ယောက် ဖြစ်နေပြီဆိုတော့ teenage အရွယ်တုန်းကလို ဂျစ်တူးပုံစံလေး သိပ်ရှိမှာမဟုတ်တော့





ပါ။ ဘာပဲဖြစ်ဖြစ် ပန်းလွှာကတော့ မိုးမာန်ကို သူငယ်ချင်းအဆင့်ထက် ကျော်လွန်ပြီး ရင်ခုန်လို့မရတာတော့အမှန်ပဲဖြစ်သည်။

ပန်းလွှာသည် ထိုလက်ဆောင်ပစ္စည်းနှင့်စာကို ဗီရိုထဲထည့်ပြီး လွယ်နေကျ ရှော့ပင်ဘက်ဂ်ပုံစံအိတ်ကြီးကြီးကိုလွယ်၍ ထွက်လာခဲ့တော့သည်။

ထမင်းစားခန်းထဲရောက်တော့ မောင်နှမတွေ တစ်ယောက်ပြီး တစ်ယောက် စုမိကြပြီမို့ breakfast ဝိုင်းလေးက ထုံးစံအတိုင်း စိုစို ပြည်ပြည်ဖြစ်သွားပါ၏။ နောက်ဆုံးမှရောက်လာသူကတော့ အငယ်မ ပင်။

"မမ အရမ်းလှတယ်"

အသံကလေး တစာစာဖြင့် အနားကပ်ထိုင်ပြီး ပါးကိုရွှတ်ခနဲ နမ်းလေ၏။

"အိုး. . အလှတွေပျက်ကုန်ပါပြီ"

"မမက ဒီအလုပ်ဝင်မှ ပိုလှလာသလိုပဲနော်မေမေ။ ဖေကြီးကော သတိထားမိလား။ လူပုံစံနဲ့ အလုပ်နဲ့ကွက်တိပဲ။ မသိရင် အရောင်းစာ ရေးမလေးလို့မထင်ရဘူး။ သူဌေးသမီးလေးတစ်ယောက် ရှော့ပင်ထွက် လာသလိုထင်ရတယ်။ အစ်ကိုသုံးယောက်ကော ထောက်ခံတယ်မှုလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ."

သားငယ်နှင့်သားလတ်က ပြိုင်တူပြောသလို သားကြီးကတော့ ထမင်းကြော်စားရင်းမှ လက်မထောင်ပြ၏။ ဖေဖေကလည်း . . .

"ဒါကြောင့် မင်းတို့မေမေက ပန်းလှွာမင်းသမီးလေးလို့ခေါ်တာပေါ့"

ဟုပြောသည်။ မေမေကတော့ ရေနွေးကြမ်းတွေ တစ်ယောက်တစ်ခွက်ငှဲ့ထည့်ပေးပါသည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်၊ မမက ပါတိတ်ဝမ်းဆက်လေးတွေကိုပဲ မှုပိုင်ဒီဇိုင်းထားပြီး ဝတ်တတ်တော့ တချို့က ပိတ်တာလို့ စ၊ နေဦးမယ်"

"ဟယ် . . ကြည့်စမ်း! ငါ့ကိုများ"

"ကိုယ့်အစ်မကို ဒီလိုပြောစရာလား။ ရှုတ်နောက်နောက်ပြောဖို့တို့၊ ပေါက်ကရပြောဖို့တို့ဆိုရင် အရွယ်နဲ့မလိုက်ဘူး"

"စားမှာဖြင့်စားစမ်း အငယ်မ"

"ညလေးက ချစ်လို့စတာပဲကို"

"လှတဲ့သူကို ဘယ်သူက ဒီလိုစမှာလဲ။ နာမည်ပြောင်လည်း မပေးရဲဘူး။ သူလှတဲ့အကြောင်းကိုပဲ တင်စားပြီး ချီးကျူးပြောဆိုကြ





တာ။ မလှတဲ့သူကျမှ နာမည်ပြောင်တွေအမျိုးမျိုးပေးပြီး စနောက်တတ်ကြတာလေ။ လူတွေရဲ့မတရားမှုက ဒီမှာပေါ်တာပဲ၊ အားကြီးတဲ့လူကို အားပေးပြီး အားနည်းတဲ့လူကို ပိုနှိပ်ကွပ်တတ်တာမျိုးပေါ့။ ဒါကြောင့် မမက, လှတော့ ဘယ်သူကမှ နာမည်ပြောင်မပေးရဲဘူး၊ အရမ်းလှတာပဲလို့ပဲ အပြောခံရတယ်"

"ငါ့သမီးကြီးပြောတာ မှန်တယ်ဟေ့။ တို့မိသားစုရဲ့ breakfast ဝိုင်းက ဒီနေ့မှပိုစိုပြည်လာသလိုပဲ။ တဖြည်းဖြည်း တစ်ယောက်တစ်ပေါက်နဲ့ ကိုရီးယားက ဆင်းရဲတဲ့မိသားစုထမင်းဝိုင်းလေးလိုပဲ၊ ပြီးရင် အိတ်ကိုယ်စီ ထမင်းဘူးကိုယ်စီနဲ့ သွားပါပြီဆိုပြီး ထွက်သွားကြ၊ ညနေရောက်တော့လည်း ပြန်လာပါပြီဆိုပြီး ဝင်လာကြ၊ ဒီလိုဖြစ်လာတာ မင်းတို့မေမေကြောင့် မင်းတို့မေမေကိုကျေးဇူးတင်ရမယ်ကွ"

"ကျေးဇူးတင်တာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ဘာဖြစ်လို့လဲ ဖေဖေ"

သားကြီးက ထမေးလိုက်တော့ . . .

"ဘာဖြစ်ရမလဲကွ၊ မင်းတို့မေမေက ဖေဖေ့လခနဲ့မလောက်ဘူးဆိုပြီး ရှိတဲ့ရွှေတိုငွေစအပြင် အိမ်ထောင်ပရိဘောဂတွေပါ ရောင်းသုံးခဲ့တော့ မိသားစုလည်းအဆင်ပြေပြီး အိမ်ကလည်း ကိုရီးယားတွေလို



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်မှာ စတိုင်လ်ကျကျနေရလို့လေ''

ဟု ဖေဖေက ပြောလိုက်တာမို့ အားလုံးပိုင်းရယ်ကြတော့သည်။

''ကျုပ်ကလည်း ရောင်းချင်လို့ရောင်းခဲ့တာမဟုတ်ပါဘူးတော်။ ကလေးတွေကို ကောင်းကောင်းစားစေချင်လို့ သူတို့တွေရဲ့လိုအပ်တာလေးတွေကို ဖြည့်ဆည်းပေးချင်လို့ မိဘမေတ္တာနဲ့ ကြံမိကြံရာ ကြံရတာ၊ မိဘဆိုတာ ရေလမ်းကိုဖောက်ပေးတတ်ရတယ်။ သားသမီးဆိုတာက ရေစီးကိုဖောက်ပြီး ဆန်တက်ဖို့ကြိုးစားတတ်ရမယ်၊ နားလည်လား''

မေမေဝင်ပြောလိုက်မှ 'ဟုတ်'တစ်လုံး ပြိုင်တူထွက်လာပြီး ငြိမ်သွားကြတော့သည်။

''ကျေးဇူးတင်ပါတယ်မေမေ။ မေမေတွေအားလုံးထဲမှာမှ သမီးတို့မေမေရဲ့ ရှန်းကန်ကျွေးမွေးခဲ့တဲ့ကျေးဇူးတွေက ဘဝအဆက်ဆက်ဆပ်လို့ကုန်နိုင်မှာမဟုတ်ပါဘူး။ သမီး,ရေစီးကိုဖောက်ပြီး ဆန်တက်ဖို့ကြိုးစားပါ့မယ်။ ဒီနေ့ည မေမေနဲ့ဖေဖေပိုပျော်သွားအောင် သမီးစုထားတဲ့မုန့်ဖိုးနဲ့ အသားကင်တွေဝယ်လာပြီး အတူတူစားကြမယ်။ ပြီးတော့ လစာထုတ်ရင် မေမေ့ကိုတစ်ဝက်ပေးပြီး ကျန်တစ်ဝက်ကို မောင်နှမတွေအားလုံးခွဲပေးလိုက်မယ်''

''ဟေး. . .''



ပန်းလှ္ကာအစီအစဉ်ကြောင့် အားလုံးပျော်ရွှင်ခဲ့ရသည်သွားတော့သည်။ အဲဒီလိုနှင့် ပန်းလှ္ကာတို့မိသားစုလေးက နွေးထွေးစွာ၊ ညှိနှိုင်းစွာ၊ အေးချမ်းစွာ ဗရုတ်ဗရက်ကျစွာ ရက်တွေကို ကုန်ဆုံးစေခဲ့တာဖြစ်ပါသည်။

ပန်းလှ္ကာအလှကလည်း မိသားစုမို့လို့ မြှောက်ပင့်ပြောတာမဟုတ်၊ ရောက်တဲ့နေရာတိုင်းမှာ အသိအမှတ်ပြုခံရလောက်အောင် ပြုပြင်စရာမလိုသည့် မွေးရာပါ သဘာဝအလှတရားစစ်စစ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ အဝတ်အစားဆိုလျှင်လည်း ခေတ်ပေါ်ဒီဇိုင်းတွေ၊ နာမည်ကြီး Brand တွေကို ဆိုင်သွားပြီး ကိုင်ကြည့်ဖို့မဆိုထားနှင့်၊ အိပ်မက်ထဲပင် ထည့်မမက်ရဲခဲ့၊ သို့သော် ပြည်တွင်းဖြစ်ချုပ်ထည်ကို ဒီဇိုင်းထွင်၍ ချုပ်ဝတ်လိုက်သောအခါ ထိုဝတ်စုံက ပန်းလှ္ကာကိုယ်ပေါ်ရောက်သွားလို့လားသိ၊ အလိုလိုတန်ဖိုးမြင့်တက်သွားရလေသည်။

ဒါကြောင့်လည်း ပန်းလှ္ကာ၏အလှနှင့် ပန်းလှ္ကာ၏စကတ်အင်္ကျီဒီဇိုင်းဆန်းဆန်းလေးတွေက Paradise ရောက်မှ ထူးထူးခြားခြားထင်ပေါ်ခဲ့တာဖြစ်၏။ တန်ဖိုးတစ်သိန်းပတ်လည်ရှိသည့် အင်ဒိုနီးရှားပါတိတ်တွေကို လက်လှမ်းစရာမလို၊ ထောင်ဂဏန်းလောက်သာရှိသည့် မြန်မာချုပ်ထည်ပါတိတ်တွေကို ဆယ်စုံလောက် ဒီဇိုင်းထွင်ဝတ်တတ်လျှင် ပန်းလှ္ကာများ၏အလှက လုံလောက်သွားပြီဖြစ်၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဟယ်! လုလိုက်တာ၊ ဒီနေ့ ပန်းရောင်လေးနော်''

အလုပ်ကိုရောက်တော့ Partner, Paradise 8 သန္တာက ဆီး ပြော၏။

''ရှင်လည်း လှပါတယ်''

''စကတ်က ခါတိုင်းလိုမဟုတ်ဘူးနော်။ ဘာဂျာလိုအတွန့်လေး တွေနဲ့ဆိုတော့ လန်းနေတာပဲ။ လူပုံစံကလည်း,လှ၊ အင်္ကျီဒီဇိုင်းလေး တွေကလည်း လှဆိုတော့ လာတဲ့လူတိုင်းက ရှင့်နားမှာ ဝဲနေတော့တာ ပေါ့''

''ကျွန်မ လှလို့မဟုတ်ပါဘူး သန္တာရယ်၊ ဒီက Decoration ကိုသဘောကျလို့ လာဝဲကြတာပါ''

''အံမယ်. . . သိသာနေတာကြီးကို။ ဒါနဲ့ ရှင်က ပါတိတ်ခရေ့ လား''

''ဟင့်အင်း,ဒီဇိုင်နာသင်တန်းတက်နေတဲ့ သူငယ်ချင်းတစ်ယောက် က အကြံပေးလို့။ ပြီးတော့ ငွေကုန်သက်သာပြီး လူရာဝင်နိုင်တဲ့အဝတ် အထည်ကို ရွေးလိုက်တာလည်းပါတယ်လေ။ သူငယ်ချင်းရဲ့လက်ရာ လည်း နာမည်ပိုကြီး. . . ကိုယ်လည်း ပိုလှပေါ့''

''ဟုတ်တယ်နော်၊ အဲဒီအကြံ ပိုမိုက်တယ်။ ကျွန်မလည်း ငွေ





ကုန်သက်သာပြီး လူလည်းလှမယ့်အဝတ်အထည်မျိုးကို ဒီဇိုင်နာတစ် ယောက်နဲ့တိုင်ပင်ပြီး ချုပ်ဝတ်တော့မယ်''

''ဦးဂျမ်းတို့ မြကြာဖြူပုဆိုးတို့ကို ချုပ်ဝတ်ပါလား''

ရုတ်တရက် အနားမှဖြတ်သွားသော 'အရိုင်း'နှင့်တူသည့် မန် နေဂျာကြီးက ခပ်တည်တည်နောက်လိုက်တာကြောင့် နှစ်ယောက်သား ရယ်ပြီး လူစုခွဲလိုက်တော့သည်။ ပန်းလွှာ, ဒီအလုပ်ကိုရတာ အရမ်းပျော် ပါသည်။ မန်နေဂျာတွေ၊ စူပါဗိုက်စာတွေကလည်း သဘောကောင်းပြီး ဝန်ထမ်းတွေအားလုံးနှင့် သူငယ်ချင်းလိုမောင်နှမတွေလို နွေးနွေးထွေး ထွေးကူညီရိုင်းပင်းစွာ နေထိုင်တတ်သလို သူဌေးကိုယ်တိုင်ကလည်း စီး ပွားရေးထက် အနုပညာကို ဦးစားပေးထားတာမို့ ပိုစိတ်ချမ်းသာရ၏။

ပြီးတော့ အလုပ်ကို တချို့ Sale girl တွေလို အင်တာဗျူးအောင် ရုံနှင့် ခန့်လိုက်တာမျိုးမဟုတ်ဘဲ သူဌေးကိုယ်တိုင် ပို့ချခဲ့သည့် Flower Language ကို တစ်ပတ်ခန့်သင်ယူခဲ့ရသေးတာဖြစ်သည်။ ဒါကြောင့် လည်း ပန်းလွှာတို့အားလုံး ပညာတစ်ခုပိုရထားတာမို့ ခေတ်လူငယ်တွေ နှင့်လိုက်ဖက်သည့်လုပ်ငန်းထဲမှာ ပျော်မွေ့နေကြလေ၏။ ညနေအလုပ် ပိတ်ခါနီးအချိန်မှာတော့. . .

''အသက် 48 နှစ်အရွယ်အမျိုးသမီးတစ်ယောက်ကို birth-



www.burmeseclassic.com

www.burmeseclassic.com



day present ပေးချင်ပါတယ်ခင်ဗျာ။ ဘယ်လိုပန်းမျိုးပေးရမှာပါလဲ"

နောက်မှ ညင်သာစွာ ထွက်လာသောအသံကြောင့် ပန်းလွှာလှည့်ကြည့်လိုက်စဉ် မကြာသေးခင်ကမှ တွေ့ခဲ့ဖူးသော မှတ်မိလွယ်သည့် Customer လူချောလေးတစ်ယောက်ဖြစ်လေသည်။ ရွှန်းရွှန်းစားစား စိုက်ကြည့်နေသော မျက်ဝန်းပိုင်ရှင်ကလည်း ဂျင်းနီပန်နီပြာ ဖစ်တင် တီရှပ်အဖြူရောင်ကလေးနှင့် တွေ့စတုန်းကလိုပင် ဖြူစင်ချောမွေ့နေ၏။

"ဩော်၊ ဟို. . . ကိုသားသက်ဝေ"

"မှတ်မိလို့ Thank you ပါပဲ"

"ရင်းရင်းနှီးနှီးအားပေးသွားတဲ့ customer ကောင်းတစ်ယောက်ဆိုတော့ မှတ်မိလွယ်တာပေါ့"

"ကျွန်တော်ကလည်း ပန်းတွေကိုစိတ်ဝင်စားမိကတည်းက ဒီကိုနေ့တိုင်းလာချင်နေတာဗျ။ ဒါပေမဲ့ ခုရက်က အတန်းချိန်တွေလည်းများပြီး စာတွေလည်း အရမ်းအရေးကြီးလာတာနဲ့ မရောက်ဖြစ်ခဲ့ဘူး။ ဒီနေ့တောင် နောက်ကျသွားတယ်"

"ဟုတ်၊ ကျွန်မတို့တောင် အလုပ်ဆင်းတော့မှာလေ။ ဒါနဲ့ ကိုသားသက်ဝေက ကျောင်းတက်တုန်းလား"

"Final part 11 လေ"





"ဩော်၊ ဆရာဝန်လူသစ်တန်းလေးပေါ့။ Congratulation ပါ"

"ပန်းလွှာကဗျာရော ကျောင်းပြီးသွားပြီလား"

"အင်း၊ ကျွန်မကတော့ မေဂျာရိုးရိုးပါ။ စီးပွားစီမံ ...ပဲ။ စာမေးပွဲပြီးပြီးချင်း ဒီအလုပ်ကိုလျှောက်တာလေ။ ဟို မွေးနေ့ ...က်ဆောင်က 48 နှစ်အရွယ်အမျိုးသမီးဆိုတော့ အသိမိတ်ဆွေထဲကလား။ ဆရာမထဲကလား။ စိတ်တော့မရှိပါနဲ့၊ ကျွန်မက ပန်းတွေကိုစဉ်းစားချင့်ချိန်ပြီး ရွေးပေးရမှာမို့ပါ"

"တခြားလူမဟုတ်ပါဘူး၊ မေမေပါ။ အရင်နှစ်တွေတုန်းကတော့ အင်္ကျီတို့၊ ကလစ်တို့၊ စလင်းဘက်ဂ်အိတ်တို့ပဲ ပေးဖူးတယ်။ ဖေဖေကသာ ပန်းစည်းပေးနေကျလေ။ ဒီနှစ်တော့ ပန်းစည်းဖြစ်ဖြစ် ပန်းခြင်းဖြစ်ဖြစ် တစ်ခုခုပေးရင်ကောင်းမလားလို့ပါ"

"ရှင် ပန်းဘာသာစကားကို လေ့လာဖူးလား"

"ဝါသနာမှမပါတာ၊ ဘယ်လေ့လာမလဲ။ hint လောက်တော့ ဖေဖေ့ဆီက သိထားတယ်။ ဒါတောင် မေမေ့ကိုပေးနေကျ Rose နဲ့ ပတ်သက်တဲ့ကလေးအထာလေးတွေပါ။ နှင်းဆီတစ်ပွင့်ပေးရင် 'မင်းတစ်ယောက်တည်းကိုချစ်တာပါ' တဲ့။ နှစ်ပွင့်ဆိုရင် 'မခွဲအတူ' တဲ့။ သုံး



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဆိုရင် 'I love you'တဲ့။ တစ်ခါတလေကျတော့လည်း ဘာပန်းတွေ
မှန်းမသိဘူး။ 365 ပွင့်တောင် ပေးတယ်။ အဲဒါ နေ့တိုင်းသတိရစေတဲ့
အဓိပ္ပာယ်တဲ့''

''ဟုတ်တယ်, ပန်းဘာသာစကားတွေကို နားမလည်တာပဲကောင်း
တယ်။ နားလည်ရင် ပေးဖို့ခေါင်းစားရတယ်လေ။ ပန်းတိုင်းပန်းတိုင်းရဲ့
ဘာသာစကားတွေက အချစ်နဲ့မကင်းတာတွေချည်းပဲ။ ရှင့်ဖေဖေက သူ
ချစ်တဲ့ရှင့်မေမေကိုပေးတာဆိုတော့ ဘာပန်းပဲပေးပေး တင့်တယ်ပါတယ်
ရှင်က အမေကိုပေးမှာဆိုတော့ ဒီအချစ်နဲ့မကင်းတဲ့ပန်းတွေထဲကပဲ အဆင်
ပြေသလိုရွေးရမှာပါ။ တချို့ကလည်း 48 နှစ်ဆိုရင် ပန်း 48 ပွင့်ပေး
တတ်ကြတယ်လေ။ ကျွန်မကတော့ ဒီဖိုင်နာနဲ့တိုင်ပင်ပြီး အကောင်းဆုံး
ပန်းခြင်းလှလှလေး စီစဉ်ပေးပါ့မယ်''

''မင်းက Flower language နဲ့ပတ်သက်ပြီး diploma ရ
ထားတာလား''

သူက တကယ်ပင် ကလေးတစ်ယောက်လို စိတ်ဝင်တစားမေး
နေတာမို့ ပန်းလွှာပြုံးမိရပြန်၏။

''ဘယ်ဟုတ်မလဲ၊ ကျွန်မလည်း ရှင်သိသလောက်ပဲ သိတာပါ
ဒီအလုပ်ကိုဝင်မှ သူဌေးက သင်ပေးခဲ့တာ။ ယဉ်ကျေးမှုအဆင့်အတန်း





သိပ်မြင့်မားခဲ့ဖူးတဲ့ ဗစ်တိုးရီးယန်းခေတ် (Victorian Era) က လူတွေ
က အဲဒီပန်းပွင့်တွေနဲ့ပြောတဲ့ ပန်းဘာသာစကားကို တီထွင်သုံးစွဲခဲ့ကြ
တာတဲ့။ နှင်းဆီဆိုရင် အရေအတွက်နဲ့တင် အဓိပ္ပာယ်ဖော်လို့ရတာ
မဟုတ်ဘူး။ အရောင်နဲ့လည်းပြောလို့ရပါတယ်။ ဥပမာ--အဖြူရောင်က
'ထာဝရချစ်တယ်'တဲ့၊ အနီရောင်ဆိုရင် 'I love you တဲ့၊ ပန်းရောင်
လေးကျတော့ 'ငါ့ကိုယုံကြည်မှုပေးပါ,ပြည့်စုံတဲ့ယုံကြည်မှုဖြစ်ပါစေ'ပေါ့''

''ဒါဆို ဒီပန်းလေးတွေကရော ဘယ်လိုအဓိပ္ပာယ်လဲ''

သေလိုက်ပါတော့၊ သူက သူ့ရဲ့ထုံးစံအတိုင်း ဘာရယ်မဟုတ်ဘဲ
အနားကပန်းတွေကို ထိုးမေးလိုက်တာဖြစ်ပေမယ့် ပန်းလွှာရဲ့ရင်ထဲမှာ
တော့ ကိုယ့်အတတ်နှင့်ကိုယ်စူးသလို အခံရခက်သွားလေ၏။ Sale
girl တွေဆိုတာကလည်း ဒီလိုနေရာမျိုးမှာ ကိုယ်တတ်ထားတဲ့ပညာကို
ချပြဖို့ သူဌေးက သင်ကြားပေးခဲ့တာမဟုတ်ပါလား။

''ဒီမရမ်းရောင်လေးက Violet ပန်းလို့ခေါ်တယ်။ သစ္စာရှိရှိ အမြဲ
တန်း စစ်မှန်စွာချစ်နေမယ်ဆိုတာကို ဖော်ကျူးတာပါ။ သူကတော့ ဂမုန်း
ပန်းတစ်မျိုး၊ Tulip လို့ခေါ်တယ်၊ အနီရဲရဲကြီးဆိုတော့ ရဲရဲရင့်ရင့်ချစ်ပြီး
ယုံကြည်လို့ရတဲ့ချစ်သူဆိုတာကို ဖော်ကျူးတာပေါ့။ ဒီပန်းလေးကတော့
Iris ပန်းတဲ့၊ အဖြူရောင်ပွင့်ဖတ်ပေါ်မှာ အဝါကြားလေးဖောက်ထားတာ၊



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှုပ်လင့်ခြင်းတွေအတွက် သက်သေပြုလို့ရတဲ့ပန်းကလေးပေါ့၊ ပန်းတိုင်းမှာရှိတဲ့အဓိပ္ပာယ်တွေကိုပြောရရင် ဆုံးမှာမဟုတ်ဘူး။ ပန်းတွေရဲ့သဘာဝနဲ့အမျိုးအစားတွေကို လေ့လာရတာလည်း စကြဝဠာကိုလေ့လာရသလိုပဲတဲ့"

"အံ့သြစရာပဲနော်"

သူက တအံ့တသြပြောပြီး လျှောက်ကြည့်နေစဉ် ပန်းလွှာလည်း ကောင်းနိုးရာရာပန်းတွေကိုရွေးရင်း 'ခဏလေးနော်၊ ကျေးဇူးတင်ပါတယ်' ဟုခွင့်ပန်၍ ဒီဇိုင်နာနှင့် ပန်းခြင်းလှလှလေးတစ်လုံးဖန်တီးပေးလိုက်လေသည်။ ပဝါလေးပါ စည်းထားသေးတော့ လှတာရော ချစ်စရာကောင်းတာပါ ရောစွက်နေ၏။

"ဟား. . . အရမ်းမိုက်တယ်၊ Thanks so much. နောက်ကော ဘာလက်ဆောင်ထပ်ပေးရင် ကောင်းဦးမလဲ ပန်းလွှာကဗျာ။ မင်းရော မင်းမေမေရဲ့မွေးနေ့မှာ ဘာတွေပေးဖူးလဲ၊ ပေးတဲ့အခါမှာကော ဘယ်လိုပြောပေးတတ်လဲ"

"ကျွန်မကတော့ အဝတ်အစားနဲ့ NIVEA Soft စနိုးဘူးပဲပေးဖူးတယ်။ ပေးတဲ့အခါမှာလည်း ပွေ့ဖက်ပြီး 'မေမေကျန်းမာပါစေ၊ သားတွေသမီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် အသက်ရှည်ရှည်နေရပါစေ'လို့





ပြောပေးတာပေါ့။ ရှင်လည်း ရှင့်မေမေကို ဒီ့ထက်ပိုပြီး ပျော်ရွှင်စေချင်ရင် Make up, Powder တို့၊ Whitening Skincare တို့ဝယ်ပေးလိုက်ပါ။ သူမှာ ဘယ်လောက်ပဲရှိရှိ ထပ်ဝယ်ပေးပါ။ ပြီးတော့ ပွေ့ဖက်ပေးပါ"

"အိုခေ၊ အဲဒီလိုလုပ်လိုက်မယ်။ မင်းနဲ့တွေ့ရတာ ဝမ်းသာတယ်။ ကိုယ်မသိတာလေးတွေ သိရတဲ့အတွက်လည်း အရမ်းပျော်တယ်။ မင်းက အရမ်းလှသလို မမြင်နိုင်တဲ့စွဲမက်စရာလေးတွေလည်း မင်းဆီမှာရှိတယ်နော်. . . အိုခေ"

သူက ရဲတင်း ပြောင်ရှင်းစွာ လိုအပ်တာထက်ပိုကဲပြီး ပြောသွားသောစကားများကြောင့် ပန်းလွှာသည် ရင်တဒိတ်ဒိတ်ခုန်လျက် နှုတ်ဆိတ်ကျန်ခဲ့တော့၏။ သူ cash လုပ်ပြီးမှ ထုံးစံအတိုင်း အလိုက်သိစွာ Exit နားထိ လိုက်ပို့လိုက်ပါသည်။ ထိုအချိန်မှာ. . .

"ဟိတ်! မိန်းကလေး ပန်းလွှာကဗျာ"

ဆိုသည့်ခေါ်နေကျစကားလုံးမဟုတ်တဲ့ ကြားဖူးနေကျအသံကြောင့် ချက်ခနဲလှည့်ကြည့်လိုက်စဉ်. . .

"ဟင်! မိုးမာန်"

ကချင်ပုဆိုးအကွက်စိပ်စိပ်ကို အဖြူခံပေါ်မှာ Spot လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါသော ရှုပ်လက်ရှည်နှင့်တွဲဝတ်ထားသည့် 'မိုးမာန်'ကို ရင်ဆိုင်လိုက်ရ
လေသည်။ အမြဲတန်း ပက်ကီပွပွ၊ တီရှပ်ပွပွတို့သာ ဝတ်တတ်သော
မိုးမာန်က ဒီလိုမြန်မာဆန်ဆန် သပ်သပ်ရပ်ရပ်ကလေးဝတ်ပြီး သိမ်မွေ့
စွာရပ်ကြည့်နေတော့ လူမှားချင်စရာ။ ပန်းလွှာသည် အမှားတစ်ခုခု
လုပ်မိ၍ လူမိသွားသလိုမျိုး အူကြောင်ကြားဖြစ်သွားရသည်။

"ဘာလဲ, လန့်သွားတာလား"

"ဘာဖြစ်လို့လန့်ရမှာလဲ၊ အံ့ဩသွားတာပေါ့ဟဲ့။ နင်က တော်
တော်နောက်တာပဲ။ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"ကြာလှပြီ,နင့်ကိုလာကြိုရင်း နင့်ရဲ့လုပ်ရှားပုံမှန်သမျှကို chec
နေတာ။ အလုပ်ဆင်းတော့မှာမို့လား။ ငါ အပြင်ကစောင့်နေမယ်"

ခပ်ပြတ်ပြတ်ပြောပြီး ထွက်သွားတာကြောင့် ပန်းလွှာပန်းတေ
ချက်တွန့်လိုက်မိတော့၏။ တစ်ဖက်လူပြောမည့်စကားတွေ၊ ခံစားချက်
တွေကို သိပ်အလေးမထားဘဲ သူပြောချင်တာနှင့် သူ့ခံစားချက်ကိုသ
ပိုင်ပိုင်နိုင်နိုင်ချပြတတ်လေ့ရှိသူပီပီ စူးထက်သောမျက်ဝန်းတွေမှာ ထ
ချင်တာကို မရ,ရအောင် ယူတတ်သည့်တစ်ဇွတ်ထိုးအရိပ်အငွေ့တွေ
လွှမ်းခြုံနေပါသည်။ အပြင်ရောက်တော့

"စောစောက ဆံပင်ကော်ဖီရောင်နဲ့ကောင်က ဘာလဲ"





ဟု ရှူးရှူးရှဲရှဲမေးတော့၏။

"ဆံပင်ကော်ဖီရောင်နဲ့ကောင်တွေက အများကြီးပဲဟာ၊ ငါက
ဘာဖြေရမှာလဲ"

"မငွေ့နဲ့ ပန်းလွှာ၊ ခုနလေးကမှ နင် ပန်းခြင်းလုပ်ပေးတဲ့ကောင်၊
Exit နားထိတောင် လိုက်ပို့ပေးတဲ့ကောင်လေ"

"ဪ်, အဲဒါ customer လေ၊ နာမည်က သားသက်ဝေတဲ့၊
ခင်တာသိပ်မကြာသေးပါဘူး။ ဆေးကျောင်းသားတစ်ယောက်ပဲ"

"ခင်တာသာ မကြာသေးပေမယ့် customer နဲ့လုံးဝမတူဘူး။
နင့်ကိုလာအီနေသလိုပဲ"

"အဲဒါ ငါဘယ်သိမှာလဲ၊ သူတို့ဘာသာသူတို့ အီတာမအီတာ
တွေ ငါစိတ်မဝင်စားဘူး။ ကိုယ့်ဆီရောက်လာတဲ့ customer တွေကို
Warmly Welcome လုပ်ရတာ ငါတို့ Sale girl တွေရဲ့တာဝန်ပဲ"

"ဘာပဲဖြစ်ဖြစ် ငါ နင့်ကိုစိတ်မချဘူးပန်းလွှာ၊ သူ့မျက်လုံးတွေ
ကို ငါဖတ်တတ်တယ်၊ Sale girl တွေအများကြီးထဲမှာ နင့်နားမှာပဲ
တစ်ချိန်လုံးဝဲနေတာဆိုတော့ ဒီဗိုင်းက မဗိုက်ဘူး။ တစ်ချိန်ချိန်မှာ လာ
ငြိလိမ့်မယ်လို့ ငါသေချာပေါက်ပြောရဲတယ်"

"ကျွတ်! စိတ်ပျက်လိုက်တာ မိုးမာန်ရယ်။ နင် ငါ့ကိုရန်ဖြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လာကြိုတာလား။ စကားအေးအေးပြောဖို့လာကြိုတာလား။ ဒီစကားတွေပဲပြောနေမယ်ဆိုရင် ငါ့ဘာသာ လွတ်လွတ်လပ်လပ်ပြန်တော့မယ်"

ဟု ပန်းလွှာကပြောရင်း ခပ်သွက်သွက်လျှောက်လိုက်တော့ မိုးမာန်က ကပ်လိုက်လာပြီး လက်ကိုဆွဲတော့သည်။

"စကားအေးအေးပြောချင်လို့ လာကြိုပေမယ့် ဒီလိုစိတ်မချ စကားတွေလည်းပြောရမှာပဲ ပန်းလွှာ။ ငါက နင့်ကိုချစ်နေတာပဲ။ ကိုယ်အရမ်းချစ်နေတဲ့ကောင်မလေးနားကို တခြားကောင်တစ်ကောင်က မသင်္ကာစရာမျက်လုံးတွေနဲ့ လာဝဲနေတာ ငါ့ရင်ထဲမှာ ဘယ်လောက်နာကျင်ရသလဲ"

"သေလိုက်ပေါ့"

"နင်သာ ငါ့ကိုချစ်ရင် သေဆိုသေ ရှင်ဆိုရှင်ပဲ"

"လက်ကိုလွှတ်စမ်းပါ မိုးမာန်ရယ်"

"မလွှတ်ဘူး။ ချစ်တယ်လို့ဖြေ"

"ဘာဆိုင်လို့လဲ၊ လွှတ်နော် မိုးမာန်၊ ငါစိတ်ဆိုးရင် အနားတောင်ကပ်မရဘဲဖြစ်သွားမယ်"

"ဒါဆို လမ်းလျှောက်သွားမယ်၊ လက်ဖက်ရည်ဆိုင် ခဏထိုင်မယ်။ ပြီးတော့ ငါ့ကိုချစ်ဖို့စဉ်းစားပေးမယ်ဆိုရင် လွှတ်မယ်"





ပန်းလွှာသည် သွားရင်းလာရင်း အနားမှာ လူသူများလာပြီဖြစ်သလို မိုးမာန်ကိုလည်း စိတ်မွန်းကြပ်လာပြီမို့ 'အင်း' ဟုမပြောချင်သလိုပြောပြီး မျက်စောင်းပစ်လျက် လက်တလောကိစ္စကိုဖြေရှင်းလိုက်ရလေသည်။

သို့သော် 'မြွေမြွေချင်း ခြေမြင်' ဆိုသည့်စကားပုံကို ဒီနေရာမှာပဲသုံးရတော့မည်လားမသိပါ။ မိုးမာန်၏ထင်မြင်ယူဆချက်တွေ မှန်လိုက်ပုံများကတော့

✸ (နင့်ကိုစိတ်မချဘူး ပန်းလွှာ၊ သူ့မျက်လုံးတွေကို ငါဖတ်တတ်တယ်)

✸ (တစ်ချိန်ချိန်မှာ လာငြိလိမ့်မယ်)

ဟုပြောခဲ့သည့်အတိုင်း နောက်နေ့မှစပြီး သားသက်ဝေသည် ပန်းလွှာရှိရာ Paradise သို့ တစ်နေ့တစ်ခေါက်ပုံမှန်ရောက်လာလေတော့သတည်း။

♣ "အိမ်က ဘုရားစင်ကြီးအတွက် အလှဆုံးအကောင်းဆုံးပန်းတွေစီစဉ်ပေးပါခင်ဗျ"

♣ "ဖေဖေနဲ့မေမေက Week End တိုင်းမှာ ရွှေတိဂုံဘုရားကိုတက်လေ့ရှိပါတယ်။ အဲဒီအတွက် ပန်းလှလှလေးတွေပြင်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



♣ "ညှော်ခန်းထဲမှာ ပန်းအိုးကြီးကြီးထားဖို့အတွက် ဒီဇိုင်နာနဲ့အပ်ပေး ပါခင်ဗျ။ ညှော်ခန်းက တော်တော်ကျယ်ပါတယ်"

♣ "မေမေတို့အခန်းထဲမှာ ပန်းခြင်းလှလှလေးတစ်ခု ထားပေးဖို့ စိတ်ကူးမိပါတယ်။ စီစဉ်ပေးပါ"

♣ "ခြံထဲမှာ ပန်း Stand လေးတစ်ခု ပြင်ထားပါတယ်။ သင့်တော် မယ့်ပန်းလေးတွေကို စိုက်ဖို့အကြံပေးပါခင်ဗျ"

♣ "ဖေဖေ့ကားထဲမှာ ပန်းအိုးတစ်အိုးလောက် ချိတ်ပေးချင်လို့ ရွေး ပေးပါ"

♣ "မေမေပန့်ဖို့ပန်းတွေနဲ့ ဖန်ခွက်၊ ကြွေခွက်ဒီဇိုင်းအသစ်ကလေး တွေ အများကြီးရွေးပေးပါ"

စသဖြင့် အကြောင်းမရှိအကြောင်းရှာပြီး ချစ်စရာကောင်းသည့် ပျော်ရွှင်စရာနည်းများဖြင့် ချဉ်းကပ်ခဲ့ရာ သူနှင့်ပန်းလှ္ဘာ၏ရင်းနှီးမှုအတိုင်း အတာက ထင်တာထက်ပိုမြင့်မားလာခဲ့ပါသည်။

ပထမဦးဆုံးစတွေ့ကတည်းက ပန်းလှ္ဘာ၏အသိဉာဏ်ကို အလွယ် တကူမှတ်မိစေနိုင်ခဲ့သောလူတစ်ယောက်လည်းဖြစ်သေး၏။

ဘာကြောင့်လဲဆိုတော့ ထိုသားသက်ဝေဆိုသည့်ပုဂ္ဂိုလ်လေးက Customer ပေါင်းများစွာထဲမှ ထူးထူးခြားခြား Customer တစ်





ယောက်ဖြစ်ခဲ့သောကြောင့်ပင်။

(၁) ဖြူဖြူစင်စင်နှင့် သန့်ပြန့်ကြည်လင်စွာချော့ခြင်း။

(၂) ပစ္စည်းဝယ်ယူရာတွင် ကလေးတစ်ယောက်လိုပြောဆိုတတ် ခြင်း။

(၃) စကားပြောလျှင်နိဒါန်းသွယ်တာမျိုးတွေမလုပ်ဘဲ နိုင်ငံခြား သားတစ်ယောက်လို ပြောဆိုတတ်ခြင်း။

အဲဒါတွေထက် ပိုထူးခြားတာကတော့ 'မင်းက အရမ်းလှတယ်' ဟုပြောလိုက်သော သူမျက်ဝန်းတွေက အရောင်တစ်မျိုးလက်နေတာကို သတိထားမိခဲ့သောကြောင့်ပင်ဖြစ်ပေသည်။ ဒီလိုနေ့စဉ်ရက်ဆက်တွေ့ပါ များလာသောအခါမှာတော့ ပန်းလှ္ဘာ၏ဦးနှောက်အကန့်တစ်ကန့်တွင် နေရာယူရုံမက ရင်ထဲထိပင် စိုးမိုးမှန်းမသိစိုးမိုးလာတော့၏။

"ပန်းလှ္ဘာ,ကိုယ်တို့ခင်မင်မှုအထိမ်းအမှတ်အဖြစ် တစ်နေရာရာ မှာ မိတ်ဆုံစားပွဲလေးလုပ်ချင်တယ်။ မင်းလက်ခံမလား"

"နောက်တော့မှပါ"

"အိုခေ, ဒီအခွင့်အရေးရအောင် နေ့တိုင်းလုပ်မှာပါ"

ဟုပြောသွားပြန်လျှင် ပန်းလှ္ဘာကပဲ သူလာတတ်သည့်အချိန်တိုင်း မျှော်တော်ယောင်လုပ်နေမိလေသည်။ သာမန် Sale girl တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က Customer ပေါင်းများစွာထဲမှ သူဌေးသား ဆေးကျောင်းသားလူချောကလေးကိုမှရွေးပြီး မျှော်တော်ယောင်လုပ်ခဲ့မိတာ တဆိတ်တော့မလွန်လွန်းဘူးလား။

❀❀❀



## အခန်း ( ၃ )

"မြင်မြင်ချင်းချစ်မိသွားရင် ဘာလုပ်မလဲ"

လို့ တစ်စုံတစ်ယောက်ကမေးတာကို အချစ်အကြောင်းသိပ်နားလည်တဲ့ 'ဆော့ခရေတ္တိ'က ပြန်ပြောခဲ့တယ်။ 'နောက်တစ်ခါ ထပ်ကြည့်လိုက်ပါ'တဲ့။ သူ့အယူအဆက မြင်မြင်ချင်းချစ်တာ မသေချာမှာကြောက်လို့ထင်ပါရဲ့။ သက်ဝေလည်း ဆော့ခရေတ္တိပြောသလိုဖြစ်ပြီထင်ပါသည်။ သူဌေးသား ဆေးကျောင်းသားတစ်ယောက်က သာမန် Sale girl လေးနဲ့မှသို့ နောက်တစ်ခါထပ်ပြီး သွားကြည့်ရုံနှင့်မပြီးဘဲ နေ့စဉ်ရက်ဆက်ဆိုသလို ဒိုးခဲ့မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်တစ်ခုဖြစ်တည်လာမှုကို မျက်လုံးချင်းစုံ၍ ရင်ခုန်ခြင်းမိ စတွေ့ခဲ့ပုံကိုမကြာခဏမြင်ယောင်ပြီး ကြည်နူးနေတတ်ခြင်း၊ အချိန်တိုင်းမှာ သူ့ကိုသာ တမ်းတလွမ်းဆွတ်နေတတ်ခြင်း စသဖြင့် ငြိမ့်ငြိမ့်ဖြောင်းဖြောင်းခံစားမှုလေးတွေမှ အစပျိုးတတ်သလို Over Action များဖြစ်သည့် ဇရတ်သုက္ခကျခြင်း၊ ဇရမ်းဗတာနိုင်ခြင်း၊ ကမူးရှူးထိုးဖြစ်ခြင်း စသဖြင့် စိတ်ကစဉ့်ကလျားခံစားမှုများနှင့်လည်း အစပျိုးတတ်ပါသည်။

သူ၏အချစ်တစ်ခုဖြစ်တည်မှုကတော့ Over Action ထဲက လားမသိပါ။ 'ပန်းလွှာကဗျာ'ဆိုတာကို ဦးနောက်မှာ အထင်ကရဖြစ်ခဲ့ တင်မကဘဲ Paradise သို့အကြောင်းမရှိအကြောင်းရှာပြီး သွားခဲ့ရ နှလုံးသားထဲထိပင် အထင်ကရဖြစ်လာအောင် စိုးမိုးမှန်းမသိ စိုးမိုးလာတော့တာဖြစ်သည်။

"တစ်အိမ်လုံး ပန်းတွေပြည့်လို့ပါလားကွ၊ ဟေ။ ပန်းအိမ်ဖြစ်တော့မယ်။ ခြံထဲမှာလည်း ရှုပ်ယှက်ခတ်လို့"

သက်ဝေသည် ဖေဖေ့အသံကျယ်ကြီးထွက်လာတာကြောင့် အပြေးထွက်ဖို့ခြေလှမ်းက နှေးကွေးလေးလံသွားသည်။

"လာစမ်းပါဦးကွ ဟိတ်ကောင်!"

ဟုလှမ်းခေါ်ပြန်တော့ ခါးထောက်ပြီး မကြည်ကြည့်ကြည့်နေ





သောဖေဖေ့ဆီ လှည့်လာခဲ့ရ၏။

"တစ်အိမ်လုံး ဒီလောက်ပန်းတွေများလာတာ မင်း၊ ပန်းသည်မကိုများ ကြိုက်နေသလား"

"ဟာဗျာ. . . ဖေဖေကလည်း"

"ဘယ်နေရာကိုကြည့်လိုက်ကြည့်လိုက် အိုးကြီး အိုးလေး ခြင်းကြီး ခြင်းလေးနဲ့ ဂါကားထဲပါ အလွတ်မပေးဘူး။ မအေကလည်း ခေါင်းပေါ်မှာ ပန်းတွေတစ်နေ့တစ်မျိုးနဲ့။ အသက်ကြီးမှ ပဲပြန်ပေးနေတဲ့ပုံစံမျိုး။ ထမင်းစားခန်းထဲမှာလည်း ဖန်ခွက်တွေ ကြွေခွက်တွေက ဆိုင်တစ်ဆိုင်ဖွင့်လို့ရတယ်"

"ရှင် မဆိုင်တာထည့်မပြောနဲ့၊ ကျွန်မက တခြားလူမပြောနဲ့၊ ရှင့်ကိုတောင် ပဲပေးတတ်ခဲ့တာမဟုတ်ဘူး။ ဆိုင်ဖွင့်လို့ရတော့ကော ဘာဖြစ်သေးလဲ။ သားဖွင့်ပေးတဲ့ဆိုင်ဆိုရင် ပန်းကန်ခွက်ယောက်ဆိုင်မပြောနဲ့ အိုးပုတ်ချိုးရုပ်ဆိုင်ဆိုလည်း ကျွန်မကတော့ ရောင်းမှာပဲ"

သူ့ကိုထိရင် လုံးဝမခံသောမေမေပါ အသံတစာစာအော်ပြောရင်း အနားရောက်လာလေသည်။

"ပုံစံတွေအမျိုးမျိုးပြောင်းနေတာ မထူးဆန်းဘူးလားကွ။ ရည်းစားတွေက ဘယ်နှယောက်တောင် ရှိနေတာတုန်း၊ အသစ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မြင်တိုင်း ဒီလိုပုံစံပြောင်းတာ ငါကလွဲလို့ ဘယ်သူသိဦးမှာလဲ။ ဒီတစ်ခါတော့ မင်းဒီဇိုင်းက လုံးဝ Over Action ပဲ''

''ဖေဖေကလည်း ပြောလိုက်ရင်အပိုင်ပဲ။ ဗိုလ်ချုပ်လမ်းမပေါ်မှာဖွင့်ထားတဲ့ Paradise ဆိုတဲ့လက်ဆောင်ပစ္စည်းမျိုးစုံနဲ့ ပန်းပေါင်းစုံအရောင်းခန်းမကြီးကိုရောက်လို့ ဝယ်လာတာတွေဗျ။ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။ သားပြောရင် ပိုတယ်ထင်နေဦးမယ်။ ဖေဖေက လက်တွေ့သမားဆိုတော့ သွားသာကြည့်လိုက်ပါ။ အဲဒီကိုရောက်သွားရင် ဖေဖေ ဘာအလုပ်မှလုပ်ချင်စိတ်မရှိတော့ဘဲ ပန်းဥယျာဉ်တစ်ခုပဲ လုပ်ချင်စိတ်ပေါက်သွားမယ်''

''အောင်မာ. . . ဖင်ခေါင်းက ကျယ်သေးတယ်၊ ဒီလောက် ပန်းသုတေသနလုပ်နေမှတော့ တစ်ယောက်ယောက်နဲ့ရှုပ်လာလို့ဖြစ်မှာပေါ့ကွ။ ပုံစံကိုက ကိုရီးယားမင်းသားလိုလို ယိုးဒယားမင်းသားလိုလို၊ ယားနှစ်ယားကြားထဲမှာ ဘယ်မင်းသားနဲ့မှမတူဘဲ အခြောက်ဖြစ်သွားဦးမယ်''

''ကြည့်စမ်း! ကိုယ့်သားကိုများ ပြောနေလိုက်တာ။ ရှင် ကျွန်မတို့သားအမိနှစ်ယောက်ကို တစ်နေ့တစ်မျိုးမှမရစ်ရရင် စားမဝင်အိပ်မပျော်ဘူးလား။ ဒါနောက်ဆုံးပေါ်ဒီဇိုင်း။ လူငယ်တွေရဲ့ခေတ်သစ်အထာကိုမသိဘဲနဲ့ လျှောက်မပြောနဲ့။ ကျောင်းမှာလိုလို အပြင်မှာလိုလို ဖုန်းခေါ်မရဘဲ ဘယ်ရောက်နေမှန်းမသိတာထက်စာရင် ခုလို ဥယျာဉ်မှူးလုပ်နေတာကို ကျေနပ်ရမှာပေါ့''

''ဘာဥယျာဉ်မှူးလဲ''

နောက်ဆုံးတော့ သက်ဝေပြဿနာက လွင့်ထွက်သွားပြီး ဖေဖေနှင့်မေမေသာ မျက်နှာချင်းဆိုင်ငြိကုန်ပြီမို့ သူ ရယ်ရင်းပြေးထွက်ခဲ့တော့၏။ ပန်းလှသွားကဗျာကြောင့် အိမ်မှာတင် ပန်းပြဿနာတက်ခဲ့ရတာမဟုတ်။ ကျောင်းရောက်တိုင်းလည်း. . .

''ဟိတ်ကောင် သက်ဝေ၊ မင်းက အခုတလော ဘာအထာကိုင်နေတာလဲကွ။ ဇယားတစ်ခုတော့ ငြိပြီထင်တယ်၊ တစ်ကိုယ်တော်လေလွင့်ခြင်းတွေ များနေတယ်။ ဒိုင်လျှိုလား''

ဟု ဂျီလွန်းသည့်သူငယ်ချင်းတွေကို အခါခါရှင်းပြခဲ့ရသလို အနီးကပ်ဆုံးငယ်သူငယ်ချင်းနီဘယ်ထင်အောင်ကို ကြွားရသည်မှာလည်း ဖတ်တော်မောနေပြီ။ နီဘယ်ကတော့ သူပြောသမျှတွေအားလုံး သူမခေါင်းထဲကို ဝင်လားမဝင်လား သူသေချာမသိ။ သေချာသိတာက ချစ်တဲ့သူအကြောင်းကိုပြောပြရသောအရသာက ဘယ်အရသာနှင့်မှမတူသည့်ခံစားမှုမှန်းသိတတ်လာသလို နီဘယ်ကလည်း မညည်းမညူ ရန်မထောင်ဘဲ သည်းခံစွာ နားထောင်ပေးမှုပင်ဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ နှိုဘယ် ဘယ်လိုဖြစ်သည်မသိ။ သူထက်အရင်ရောက်နေကျဖြစ်သည့်သူမ၏ Mark 11 လေးကို ကား Park မှာမတွေ့ရ ကျောင်းထဲမှာလည်းမမြင်၊ Canteen ဘက်မှာလည်းမရှိ ဖုန်းခေါ်ကြည့်တော့လည်း Silence ပဲလုပ်ထားသလားဘာလားမသိ။ ခေါ်လို့မရ အနီးကပ်ဆုံးသူပင် မသိသေးလျှင် သူမ၏သူငယ်ချင်းတွေကိုမေးလည်း အပိုပဲဖြစ်မည်။ နောက်ဆုံး မနက်ပိုင်းအတန်းချိန်တွေသာ ကုန်သွားသည်၊ နှိုဘယ်က ကျောင်းကိုလုံးလုံးပေါ်မလာတော့။ နေ့လယ်ဘက်ကျမှ သူ ကား Park ထိုးအပြီးမှာ နှိုဘယ်က သူမအလဲအလှယ်စီးတတ်သော ဂျစ်ကားနှင့် သီချင်းတွေဆူဆူညံညံဖွင့်ရင်း ရောက်လာလေသည်။

ထိုနှိုဘယ်ထင်အောင်ဆိုသည့် ခေသူမဟုတ်ကလေး၏ ထူးဆန်းသော Character မှာ သူမဘာတွေပဲဖြစ်ဖြစ် ဘယ်အချိန်ပဲကြည့်လိုက်ကြည့်လိုက် အမိုက်စား အပျံစား အညွန့်စားတွေဝတ်ဆင်လျှင် Active ဖြစ်ပြီး အလန်းဇယားနေထိုင်တတ်ခြင်းပင်တည်း။ ထိုဇယားမျိုးနေနိုင်အောင်လည်း 'လို တ ရ'ဆိုသည့်စကားလုံးနှင့် 'လက်ညှိုးညွှန်ရာ ရေဖြစ်'ဆိုသည့်စကားစုတွေက သူမကိုရည်ညွှန်းတာဖြစ်လေသည်။

အားကိုးရှာ အခုတော့ အလကား. . .

ငါ့ရှေ့မှာ တခြားသူရှိလား. . .





ရင်မခုန်လည်း အနမ်းမပေးပါနဲ့ သွားပါ. . .

ဒီမှာ တင်းတယ်, တင်းတယ်, ဩော်, တင်းတယ်,တင်းတယ်

ဟေ့. . .

လူမသိသူမသိ ငါ့မှာ တစ်ယောက်တည်းကြိတ်ကာ. . .

နှိုဘယ်က သူ့ကိုမြင်တော့ သီချင်းကိုပိတ်ပြီး ကားကိုကျကျနန ထိုးတော့သည်။

"နှိုဘယ် နင်ဘာတွေတင်းလာတာလဲ"

"တင်းစရာရှိလို့ တင်းလာတာပေါ့"

"တင်းစရာရှိလည်း သုံးအကန့်နဲ့သူ ထားမှပေါ့ဟ။ ခုတော့ မနက်ပိုင်းအတန်းတွေကိုလွှတ်ပစ်တယ်။ စာတွေက လုံးဝပေါ့လို့မရတော့ဘူးနော်။ ဖုန်းကကော ဘာဖြစ်လို့တစ်ချိန်လုံးပိတ်ထားတာလဲ"

ဟုမေးလိုက်တော့ နှိုဘယ်က မျက်မှန်ကိုချွတ်ပြီး ကားပေါ်မှဆင်းလာတော့သည်။ အခုတလော အေးသင်ချိုဆွေကို ခတ်ကျသွားပြန်ပြီလားမသိပါ။ 'တင်းတယ်'သီချင်းကလည်း သူမဒီဇိုင်းနှင့်အလွန်လိုက်ဖက်ညီနေလေသည်။ နှိုဘယ်က သီချင်းတစ်ပုဒ်ကို ခရေဇီဖြစ်ပြီဆိုလျှင် Repeat လုပ်ပြီး နားထောင်တတ်သလို CD တစ်ခွေလုံးမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုသီချင်းတစ်ပုဒ်တည်းကိုသာ သွင်းတတ်သည့်အကျင့်ရှိသူလည်းဖြစ်သေး၏။

"အာရုံတွေနောက်လွန်းလို့ ပိတ်ထားတာပါ သက်ဝေရယ်။ မနက်က ဒက်ဒီနဲ့မာမီ ကွိုင်တက်လို့ မာမီ့အနားမှာ နေပေးနေရတယ်။ ဒါနဲ့ နေစမ်းပါဦး၊ နင်က ငါ့ကို စာတွေမနိုင်မှာစိုးလို့ စိုးရိမ်ပြီးမေးတာလား။ ရင်ဖွင့်ဖို့အဖော်တစ်ယောက်လျော့သွားလို့ မေးတာလား"

"အဟဲ, နှစ်ခုလုံးပေါ့ဟာ နင်ကလည်း။ ရင်ဖွင့်ဖို့လည်း လိုအပ်သလို မနက်က နင်လွတ်သွားတဲ့စာတွေအတွက်လည်း ငါသေချာရှင်းပြပေးမှာပါ။ နင်သာ ညကျရင် အိမ်ကိုလာဖြစ်အောင်လာခဲ့"

"မလာလို့ဘယ်ရမလဲဟ့ဲ၊ စာတွေ ဒီလောက်အရေးကြီးနေတာကို၊ အဲဒါက ထားပါတော့၊ ရင်ဖွင့်ဖို့လိုအပ်တယ်ဆိုတာက ဘာလဲ၊ တစ်ခါလာလည်း မရိုးနိုင်တဲ့ပန်းလှာမင်းသမီးလေးရဲ့ပုံပြင်ကိုပဲ ပြောတော့မှာမလား။ ပန်းလှာကဗျာက ဘယ်လိုလှတာ၊ ဘယ်လိုနွဲ့တာ၊ ဘယ်လိုချစ်ဖို့ကောင်းတာ"

"ဟား ဟား ဟား. . . ဒီအချိန်မှာ ဒီအကြောင်းရင်မဖွင့်လို့ ဘာကိုရင်ဖွင့်ရမှာလဲ။ Love Feel ဆိုတာကို နင်က သိမှမသိသေးတာ နှိဘယ်ရယ်။ လာ, ငါတို့ Canteen ခဏထိုင်မယ်"





နှစ်ယောက်သားပြောပြီး လျှောက်လာကြရင်း Canteen မှာ ထိုင်နေကျစားပွဲလေးဆီ ရောက်လာခဲ့ကြသည်။ ပြီးတော့ နေ့လယ်ဘက်သောက်နေကျ ဂျူ့စ်ကိုပဲ မှာလိုက်၏။

"ငါ့ဘဝမှာ နားထောင်မှုကိစ္စနဲ့ပတ်သက်ရင် ကျောင်းစာနဲ့ ကြိုက်တဲ့သီချင်းကလွဲလို့ Repeat ဆိုတာမရှိဘူး။ နင့်ကျမှ သည်းခံပြီးနားထောင်ပေးနေရတယ်ဆိုတာ သဘောပေါက်။ ခုလည်း အာရုံသိပ်လန်းသာတာမဟုတ်ဘူး သက်ဝေ။ ဒက်ဒီ,မာမီနဲ့ပတ်သက်တဲ့ကွိုင်ကို နင့်ကိုပြောပြရဦးမယ်။ ဒါပေမဲ့ နင်ပြောတာကို ငါအရင်နားထောင်မယ်"

"ငါကလည်း Girl Friend ဆိုရင် နင်တစ်ယောက်ကိုပဲ အဓိကထားတာပဲ။ မိဘချင်းကလည်း ငယ်ငယ်ကတည်းက ပေါင်းလာကြတဲ့ Close Friend တွေဆိုတော့ ဘာပဲဖြစ်ဖြစ် နင့်ကိုရင်ဖွင့်ပြတာ ဆန်းလား။ ဒီလိုကိစ္စမျိုးကျ ပိုပြီးဖွင့်ပြောသင့်တယ်လို့ထင်တယ်လေ"

"ကဲပါ သက်ဝေရယ်၊ ပြောသင့်တယ်ဆိုပြီး နင်နဲ့ငါတွေ့တိုင်း ဒီအကြောင်းပဲပြောနေတာမလား။ ဒီနေ့လည်း နင်ကြိုက်သလောက်သာပြော. . . အမုန်းပြောဟာ"

ဟုပြောပြီး Fruit Punch ကိုယူသောက်သည်။

"အချစ်တစ်ခုဖြစ်ပေါ်လာမှုက တကယ်အံ့ဩစရာကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



နိုဘာယ်။ အချစ်နဲ့ပတ်သက်ပြီး လူတွေလက်ခံသုံးစွဲနေတဲ့ အတွေးအခေါ် အယူအဆတွေ၊ ခံစားမှုတွေ၊ စကားလုံးအသုံးအနှုန်းတွေကို ငါ အရင်က ဟာသလို့ပဲထင်ခဲ့တာ။ တကယ်တမ်း ကိုယ်တိုင်ခံစားလိုက်ရတော့ အဲဒါတွေကို လွန်ဆန်လို့မရတော့ဘူး၊ လက်မခံလို့မရတော့ဘူး။ ရုန်းထွက်လို့မရတော့ဘူး။ ငါ, ပန်းလွှာကဗျာကိုချစ်မိတာ တကယ်သေချာသွားပြီ။ တစ်ခါနှစ်ခါလေးတွေ့ရုံနဲ့ ဒီလိုဖြစ်ရသလားဆိုပြီး ကိုယ့်ကိုယ်ကို အံ့ဩစိတ်တွေ မယုံသင်္ကာစိတ်တွေနဲ့ နေ့တိုင်းသွားကြည့်တော့လည်း အဖြေက ပိုပြီးတော့တောင် ခိုင်မာလာသေးတယ်''

သူ့အပြောကြောင့် နိုဘာယ်က 'ရိုးနေပြီ'ဟုဖွင့်မပြောရုံတမယ် ပြုံးစိစိနှင့်စိုက်ကြည့်၏။

''ငါ,ကြုံလို့ရတဲ့မိန်းကလေးတွေ အများကြီးရှိတာ နင်သိသားပဲ။ ကျောင်းမှာကော အပြင်မှာကော တကယ်ခေါင်ခိုက်နေတဲ့အလန်းစားတွေချည်းပဲ။ ဒါပေမဲ့ အဲဒါတွေနဲ့ပတ်သက်ပြီး ငါ့ရင်ဘတ်က ဘယ်လိုမှမနေခဲ့ဘူး၊ ပန်းလွှာနဲ့ကျမှ Heart ထိသွားတာ၊ ရေလည်ခံစားရတယ်။ အဆင့်အတန်းချင်းက လုံးဝယှဉ်မရအောင် ကွာဟနေပေမယ့် သူ့အလှကတော့ ဘယ်သူနဲ့ယှဉ်ယှဉ် အရမ်းမြင့်မြတ်တဲ့ပြစ်မျိုးမဲ့မထင်အလှမျိုးထဲကပဲ နိုဘာယ်''





''တော်ကီတွေက ပျင်းဖို့ကောင်းလိုက်တာ သက်ဝေရယ်၊ အေးလေ, နင်လည်း ချစ်သံသရာ ချစ်ဝဲဂယက်ထဲ ဝင်သွားပြီဆိုတော့ ဘယ်တော့မှမရိုးနိုင်တဲ့ဒီစကားလုံးတွေကိုပဲ သုံးတော့မှာပေါ့။ နင်တို့ယောက်ျားလေးတွေက လှတာမြင်တိုင်း ဒီလိုပဲလား''

''ဘယ်ဟုတ်မလဲဟ, လုံးဝကိုမတူတာ။ ပန်းလွှာက ဘယ်သူနဲ့မှမတူတဲ့ သဘာဝအလှတရားစစ်စစ်ကိုပိုင်ဆိုင်ထားသလို ကိုယ်သင်းနံ့လေးကလည်း ဘယ်သူနဲ့မှမတူတဲ့ သဘာဝကိုယ်သင်းနံ့လေးကို ပိုင်ထားတာ''

''သဘာဝရွေးနံ့ပဲ ကြားဖူးပါတယ်ဟ။ ဘယ်က သဘာဝကိုယ်သင်းနံ့လဲ။ နင် ဘယ်နေရာကိုနမ်းခဲ့လို့တုန်း''

''ဟ, နင်ကလည်း ဗီလင်ပျက်အောင် မလုပ်စမ်းပါနဲ့။ ဖွင့်တောင်မပြောရသေးဘဲနဲ့ ဘယ်နေရာကိုနမ်းလို့ရမှာတုန်း။ ငါ တကယ်ခံစားရတာကိုပြောပြတာ။ သူ့ကိုအရင်ဆုံးစငြိမိတဲ့အထဲမှာ သူ့ရဲ့အလှနဲ့ သူ့ရဲ့ကိုယ်သင်းနံ့လေးက အဓိကပဲ။ သိန်းချီတန်တဲ့ရေမွှေးတွေ ဘယ်လောက်ကောင်းကောင်း ဘာရေမွှေးမှမသုံးနိုင်တဲ့ သူ့ရဲ့ကိုယ်သင်းနံ့လေးက ငါ့ကို အရူးအမူးဖြစ်စေခဲ့တာပဲ''

''အိုး. . . ဘုရားရေ, သက်ဝေ တကယ်ရူးသွားတာပဲ''



www.burmeseclassic.com

"အဲဒါ အချစ်ကြောင့်လေ၊ နင် အချစ်ကိုခံစားတတ်ပြီဆိုရင်
အဲဒီလိုဖြစ်လိမ့်မယ်။ မိန်းကလေးတွေ ဘယ်လောက်ပဲလှနေနေ ငါ တစ်
ခါမှစိတ်မဝင်စားဖူးဘူး။ မိန်းမသားတွေရဲ့အလှဋ္ဌကာကိုလည်း မခံစား
တတ်ခဲ့ဘူး။ ပန်းလွှာနဲ့ကျမှ ငါဒီလိုဖြစ်သွားတာပဲ။ သူ့ကိုယ်သင်းနံ့လေး
က သင်းသင်းလေးနဲ့ ဘယ်လောက်စွဲမက်စရာကောင်းလဲဆိုရင် ငါအိပ်
တဲ့အချိန်ထိ နှာဖျားလေးထဲမှာ ခံစားကြည့်လို့ရတယ်။ ပန်းရနံ့လေးလို
လို့, ရေချိုးပြီးစ ဆပ်ပြာနံ့လေးလိုလို"

"......"

"အသားက ဖြူလည်းမဖြူဘူး ညိုလည်း မညိုဘူး နို့နှစ်ရောင်
လေး။ ဆံပင်ကလည်း ဖြောင့်စရာတောင်မလိုဘူး၊ နက်ပြောင်ပြီး သဘာဝ
အတိုင်း ဆင်းနေတာ။ မျက်နှာကိုလည်း ကာလာစုံတွေ သိပ်မခြယ်ဘူး
နှုတ်ခမ်းကိုတောင် ပါးပါးလေးပဲဆိုးတာ၊ အဝတ်အထည်ကျတော့လည်
စကတ်နဲ့အင်္ကျီဝမ်းဆက်ကလေးတွေပဲ တစ်နေ့တစ်မျိုးဝတ်တတ်တာ
ဘယ်လောက်ကျက်သရေရှိသလဲ။ ဖိနပ်လည်း ကြိုးသိုင်းဒေါက်ချွန်ချွန်
လေးတွေကိုပဲစီးပြီး ညင်ညင်သာသာလေးလျှောက်တတ်တော့ နင့်မျက်
ထဲမှာ မြင်ကြည့်ပါလားနိုဘယ်၊ သူ့အလှက တက်တက်ကြွကြွနဲ့တောက်
နေတာ"





သူ ဘယ်လောက်ထိ ရင်ဖွင့်လို့ကောင်းသလဲဆိုရင် ထိုစကား
တွေကို Rapping လုပ်ပြီး အသံသွင်းထားဖို့ပင် ကောင်းတော့သည်။

"ဒီလောက်ထိ ကြွေပြနေစရာမလိုပါဘူး။ ကဗျာဆရာကိုသက်
သေရယ်။ ငါသိပါတယ်၊ နင်အဓိကဆိုလိုချင်တဲ့ Target က ပြည်တွင်း
ဖြစ်တွေကို သူ့ကိုယ်ပေါ်တင်လိုက်ရင် နာမည်ကြီး brand တွေဖြစ်
သွားသလိုမျိုး ပြောချင်တာမလား"

"အိုခေ, လုံးဝကွက်တိပဲ၊ အဲလောက်ထိ သူ့ရဲ့လှပမှုအရှိန်အဝါ
က ကြီးတာ"

"အင်း. . . အဲဒီတော့"

"အဲဒီတော့ ငါဖွင့်ပြောရတော့မှာပေါ့ နိုဘယ်ရ။ ငါ ဒီလောက်
ကြွေနေတာကို။ လာမယ့် Valentine day မှာ ဖွင့်ပြောဖို့ ဆုံးဖြတ်
လိုက်ပြီ။ အဲဒါ နင့်ကိုတိုင်ပင်တာ ဘယ်လိုသဘောရသလဲ"

"ဩော်, သက်ဝေ သက်ဝေ. . . သားသက်ဝေ နင်က တကယ့်
ရိုးတိတ်ကလေးပဲ၊ တကယ့် Simple ပဲ။ ပြီးတော့ သနားစရာလည်း
အရမ်းကောင်းသလိုပဲ။ ပြီးတော့ မိန်းကလေးတစ်ယောက်ရဲ့အလှကို
မိန်းကလေးတစ်ယောက်ရဲ့ရှေ့မှာ ကြွေပြနေတာလည်း အရမ်းရယ်စရာ
ကောင်းတာပဲ။ နင့်ကိုပိုင်ဆိုင်ရမယ့်မိန်းကလေးကတော့ ဒီကမ္ဘာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကံအကောင်းဆုံးလူသားတစ်ယောက်ဖြစ်မှာပဲ သက်ဝေ''

''ဘာဖြစ်လို့လဲဟ''

''ကောင်မလေးကိုစွန့်ပတ်သက်လာရင် နင့်လောက် ထူတဲ့ပိန်းတဲ့လူ ရှိမယ်မထင်တော့လို့၊ ရိုးလို့အလို့၊ ကလေးတစ်ယောက်လို အပြစ်ကင်းပြီး ချစ်စရာကောင်းလို့။ ပြီးတော့ ကိုယ်ချစ်နေတဲ့မိန်းကလေးတစ်ယောက်ကို အသေးစိတ်လိုက်ပြီး ဂရုတစိုက်နဲ့ ချစ်မြတ်နိုးတတ်လို့''

''ဟာ,အဲဒါတွေကတော့ ငါက သန့်သန့်လေးနဲ့ ကျောင်းစာတွေကိုပဲ အာရုံစိုက်ပြီး၊ နေလာခဲ့လို့ပါဟာ''

''ထားပါတော့, ဒါပေမဲ့နော်. . . ဒီကိစ္စနဲ့ပတ်သက်လို့ နင် ငါ့ကိုဘယ်လောက်ပဲတိုင်ပင်တိုင်ပင် ငါ့ဘက်က ဘယ်လိုအကြံမျိုးမှမပေးချင်ဘူး။ ဘာကြောင့်လဲဆိုတော့ အချစ်ဆိုတာမျိုးက သူများကိုတိုင်ပင်လို့ရတဲ့အရာမဟုတ်ဘူး။ နှလုံးသားထဲက အလိုလိုဖြစ်ပေါ်လာတာ သက်ဝေ။ နင် ပန်းလွှာကဗျာကိုချစ်မိသွားတာက သူများကိုတိုင်ပင်ပြီး ချစ်တာမဟုတ်ဘဲ ရင်ထဲကခံစားမှုအတိုင်း ချစ်မိသွားတာမလား၊ ရင်ဘတ်ထဲက အလိုလိုချစ်မိပြီး ဖွင့်ပြောဖို့ကျမှ ဘေးလူကိုတိုင်ပင်တယ်ဆိုတာ မမိုက်ဘူး။ အချစ်ကိုစော်ကားရာကျတယ်''





''ဟား. . . လန့်လှချည်လားနိုဘယ်၊ နင် ရည်းစားလည်းမထားဘဲနဲ့ ဒီဇယားတွေ ဘယ်လိုနားလည်နေတာလဲ''

သက်ဝေသည် နိုဘယ့်ကိုကြည့်ပြီး အားတက်သွားလေ၏။ သူမဘယ်လောက်နေရာတကာနှံ့စပ်နေသလဲဆိုရင် အချစ်ကိစ္စပါမကျန် မသိသလောက်ဖြစ်နေပြန်သေးသည်။ မျက်နှာအမူအရာနှင့် လေယူလေသိမ်းကလည်း ငယ်ငယ်ကတည်းက မိုလ်ကျတတ်သူပီပီ ဆရာမကြီးဒီဖိုင်းအ တစ်ရွေးသားမှမလျော့။

''ရည်းစားထားဖူးမှ ဒီဇယားနားလည်ရမှာလား သက်ဝေရဲ့။ ငါ့မှာ စာတွေနဲ့ လက်တွေ့တွေ အများကြီးရှိတာပဲ၊ ဒီဇယားမျိုးနဲ့ပတ်သက်ပြီး ငိုလိုက်ရယ်လိုက်ဖြစ်နေတဲ့သူငယ်ချင်းတွေကိုလည်း ဆယ်တန်းကနေ ခုချိန်ထိတွေ့တုန်း၊ ငါသာ ရည်းစားထားဖူးရင်တော့ အချစ်နည်းပြသင်တန်းဖွင့်မိမလားပဲသက်ဝေ။ ဒါကြောင့် ပန်းလွှာကဗျာနဲ့ပတ်သက်ပြီးတော့ နင့်ရဲ့ Adviser မလုပ်နိုင်ဘူး''

''. . . . . . .''

''အဲ, တစ်ခုတော့ပြောလိုက်မယ်။ ဘဝကိုမြင်ပြီးရွေးမယ်ဆိုရင် ငါ့ကိုမှမဟုတ်ဘူး၊ တွေ့ကရာလူနဲ့တိုင်ပင်လို့ရတယ်။ အကြံဉာဏ်တွေ ဘက်ပေါင်းစုံက ဝင်လာလိမ့်မယ်။ အချစ်ကိုမြင်ပြီးရွေးမယ်ဆိုရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုပဲသွားပြီးတိုင်ပင်တိုင်ပင် အကြံပေးမှုတွေလည်း ဘယ်လောက်ပဲရရ နှလုံးသားက လက်ခံမှာမဟုတ်ဘူး။ ဒါကြောင့် ကိုယ့် Idea နဲ့ ကိုယ် ဆက်သွားလိမ့်မပေါ့"

"OK right မိုက်တယ်ဟာ၊ နင်ပြောတာတွေ အရမ်းမှန်တယ် နိုဘယ်။ ငါက အချစ်ကိုပဲမြင်တာဆိုတော့ ငါကြိုက်တဲ့အကြံမျိုးရရင် တော်သေးတယ်၊ ဆန့်ကျင်ဘက် Advice တွေဝင်လာရင် လုံးဝလက်ခံမိမှာမဟုတ်ဘူး။ ငါ့ Idea နဲ့ငါ ဆက်လျှောက်ပြီး ပန်းလွှာကိုမြှော လိုက်တော့မယ်"

"ကောင်းတယ် သက်ဝေ၊ ငါအားပေးတယ်။ အချစ်နဲ့ပတ်သက်လာရင် အဲဒီလိုရဲရင့်တာမျိုး သတ္တိရှိရှိရင်ဆိုင်ရဲတာမျိုးမှ ငါကကြိုက်တာ"

"ဒါနဲ့ နေပါဦး, မနက်ကဖြစ်တဲ့နင့်မားသားကြီးနဲ့ ဖားသားကြီးရဲ့ကျိုင်က ဘာလဲ။ ငါပါလို့ရတဲ့ပြဿနာမျိုးဆို ပါပေးမယ်။ ငါကူညီပေးလို့ရတဲ့ကိစ္စမျိုးဆိုလည်း ကူညီပေးမယ်။ ငါနဲ့မှမလုံလောက်သေးရင် ငါ့မိဘကိုပါ ဆွဲထည့်သင့်ရင် ဆွဲထည့်ပေးမယ်။ ဒီလောက်ရင်းနှီးနေတဲ့ Family နှစ်ခုက တစ်ဖက်မပြေလည်ရင် တစ်ဖက်က ပြေလည်အောင် ပေးဆပ်နိုင်ရမယ့်တာဝန်ရှိရမယ်လေ"





"Thank you သက်ဝေ၊ အဲလောက်ကြီးပေးဆပ်ရမယ့်ပြဿနာ မဟုတ်ပါဘူး။ ခံစားမှုတွေနဲ့ပဲဆိုင်တာပါ။ ဒက်ဒီနဲ့ပတ်သက်လို့ပေါ့၊ ငါတို့လည်း ဒက်ဒီရဲ့ Character ကိုသိပြီးသားပဲလေ။ ငါ အခုမပြော ချင်သေးဘူးဟာ။ စကားပြောချိန်လည်း အရမ်းကြာသွားပြီဆိုတော့ အတန်းချိန်လည်း ကပ်နေပြီ၊ ညနေကျမှ အင်းလျားဘက်သွားပြီးပြော မယ်"

သက်ဝေသည် နိုဘယ်၏အစီအစဉ်ကို အံ့သြစွာလက်ခံလိုက်ပြီး Canteen မှထလာခဲ့ကြသည်။ ဘာကြောင့်အံ့သြရသလဲဆိုလျှင် နိုဘယ် က ဘယ်သောအခါမှ စကားကိုဒီလိုကြာကြာပြောလေ့ရှိသူမဟုတ်။ ပြီး တော့ နေရာတွေ အချိန်တွေကိုလည်း တခုတ်တရချိန်းချက်ပြီး ပြော ဆိုတတ်တဲ့အကျင့်ရှိသူမဟုတ်။ သူပြောချင်ရင် ဖိုးခနဲဖတ်ခနဲဝင်ပြော ပြီး ပြီးသွားတတ်သလို သူသွားချင်သည့်နေရာဆိုလျှင်လည်း ခန့်မှန်း လို့မရအောင် မျက်လှည့်ပြသလို ရောက်ချင်ရောက်သွားတတ်သူသာဖြစ် သည်။ တစ်ခါတစ်ရံ ရောက်တဲ့အရပ်မှ ဖုန်းနှင့်လှမ်းအော်ချင်အော်နေ တတ်သေးတာဖြစ်၏။

♥



www.burmeseclassic.com

www.burmeseclassic.com



ညနေကျတော့ အင်းလျားဘက်ထွက်လာကြပြီး နှစ်ယောက်သ
ကား Park အပေ့ညွှ်ကျထိုးကာ ကန်ပေါင်ရှေ့က Moon Bake
ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။

"ငါ ဗိုက်အရမ်းဆာနေတယ် သက်ဝေ၊ နင်ကော မဆာဘူးလာ

"အရမ်းကြီးတော့မဟုတ်ဘူး၊ ကော်ဖီလောက်ဆို ဖြစ်တယ်"

"ငါကတော့ ပဲခေါက်ဆွဲစားမယ်"

သူက ကော်ဖီတစ်ခွက်သာ မှာသောက်ပေမယ့် နှိုဘယ်ကတေ
ပဲခေါက်ဆွဲကို ကိုရီးယားသူလေးအတိုင်း တူနှင့်ကျင်လည်စွာမွှေနှော
ပြီး အသားကုန်လွေးတော့၏။ ပဲခေါက်ဆွဲတစ်လုည်း ကင်မ်ချီတစ်လု
ဆွဲနေပုံမှာ ကလေးတစ်ယောက်လို ချစ်စရာပင်ကောင်းလေသည်။ ဟ
ကြီးဟန်ကြီးလည်းမရှိ ဘေးဘီကိုလည်း အလေးမထားဘဲ နှုတ်ခမ်းသ
ပေကျံအောင် စားနေရင်းမှ နောက်တစ်ပွဲထပ်မှာလိုက်ပုံကြောင့် သက်
ရယ်လိုက်မိတော့၏။

"ဟား ဟာ. . . ဆွဲတယ်ပေ့၊ ဘယ်လိုဖြစ်လာတာလဲနှိုဘ
နှုတ်ခမ်းတွေလည်း ပေကျံကုန်ပြီ"

"ငါက ပဲခေါက်ဆွဲအရမ်းကြိုက်တာဟ။ စားလည်း ဒီလိုအ
ပါးရစားရမှ။ အိမ်ကလည်း ဘာမှမစားခဲ့တော့ အရမ်းဆာနေတာ





နင်ကော စားပါလား"

"တော်ပါပြီဟာ၊ နင်စားနေတာမြင်ရုံနဲ့တင် ဝပါပြီ"

သိပ်မကြာခင်မှာပဲ နှိုဘယ်က ပဲခေါက်ဆွဲနှစ်ပွဲလုံးစားပြီး ပါးစပ်
ကို တစ်သျှူးနှင့်သုတ်တော့သည်။ ပြီးတော့ မှန်သေးသေးလေးကိုထုတ်
ကာ မျက်နှာကို ဟိုဟိုဒီဒီပြန်ပြင်ပြီး နှုတ်ခမ်းနီကလေးဆိုးလိုက်တော့
လည်း အဆင်ပြေသွား။ သက်ဝေသည် နှိုဘယ်နှင့်ငယ်သူငယ်ချင်းတွေ
ဆိုပေမယ့် တစ်ခါမှ သူမရဲ့အလှကိုအလေးမထားမိခဲ့။ ဒီနေ့ ခေါက်ဆွဲ
စားနေပုံနှင့် နှုတ်ခမ်းနီဆိုးနေပုံကို သေချာကြည့်မိခါမှ သူမလည်း ပထမ
တန်းစားအလှရှင်ထဲကမှန်း သတိထားမိလိုက်မိတော့၏။

သူ ဒီလိုအချိန်ကြာကြာ မကြည့်စ်ဖူးစိုက်ကြည့်နေရာမှ နှိုဘယ့်
ထံမှလည်း အံ့သြဖွယ်ကောင်းစွာ တစ်ခါမှမမေးဖူးတာကို ထမေးတော့
သည်။

"သက်ဝေ၊ လက်ရှိဘဝမှာ မကျေနပ်ဆုံးက ဘာလဲလို့ တစ်စုံ
တစ်ယောက်က မေးလာရင် ဘာကိုဖြေမလဲ"

"No ဘာမကျေနပ်စရာရှိလဲ၊ ငါတို့နှစ်ယောက်ရဲ့ဘဝက လုံးဝ
Perfect ဖြစ်နေတာ"

"ဘယ်ဟုတ်မလဲ၊ လူဆိုတာ ဘယ်လောက်ပဲပြည့်စုံပြည့်စုံ မကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်တာတစ်ခုကတော့ရှိမှာပဲ။ ဥပမာ Personal ထဲကဖြစ်ဖြစ်၊ Family Life ထဲကဖြစ်ဖြစ်ပေါ့"

"နင်ကလည်း ဒီနေ့မှဘာတွေလာမေးနေတာလဲ။ နင့်ဖားသား ကြီးတွေဖြစ်တဲ့ကိုင်နဲ့ ပတ်သက်နေလို့လား၊ ဒါမှမဟုတ် အပြင်လောက မှာ ဘယ်သူ့ကို ဘာမကျေနပ်စရာတွေရှိနေလို့လဲ"

"ဟင့်အင်း၊ မရှိပါဘူး၊ ဒါပေမဲ့ နင်ထင်တဲ့အတိုင်း ဒက်ဒီတို့ကိုင် နဲ့တော့ ပတ်သက်တယ်။ ငါမေးတာသာဖြေပါ သက်ဝေ"

"အင်း၊ နေဦး၊ Personal နဲ့ပတ်သက်ပြီး ကြံဖန်ပြောရမယ်ဆို ရင်တော့ Psycho analysis နဲ့ဆိုင်လိမ့်မယ်ထင်တယ် နိုဘယ်။ အ နာတတ်တဲ့စိတ်နဲ့ လူယုံလွယ်တတ်တဲ့စိတ်တွေရှိနေတာကို မကျေနပ်ဘူး လို့ပဲပြောရမှာပဲ။ နင်ကကော"

"ငါမကျေနပ်ဆုံးကတော့ အနီးကပ်ဆုံးလူကို မေ့လျော့ထား ပဲ"

"ဘယ်လို!"

တစ်ခါမှမကြားဖူးသောစကားကြောင့် သူ နိုဘယ့်ကို တအံ့တသြ စိုက်ကြည့်ပြီး သံယောင်လိုက်မိတော့သည်။

"နင်အံ့သြသွားပြီထင်တယ်၊ ဒါကြောင့် ဒက်ဒီတို့နဲ့ပတ်သက်တဲ့





ကိုင်လို့ ငါပြောတာပေါ့။ နင်ကတော့ ငါ့ရဲ့ခံစားမှုကိုနားလည်မှာမဟုတ် ပါဘူး။ ဒါမျိုးက အတွေ့အကြုံနဲ့ ခံစားမှုနဲ့ပေါင်းပြီးမှ သိလာတာမျိုးပေါ့။ အဲဒီအသိကြောင့် ဒက်ဒီ မာမီတို့ရဲ့ပြဿနာကို 'အနီးကပ်ဆုံးလူကိုမေ့ လျော့ထားမှု'လို့ ခေါင်းစဉ်တပ်လိုက်တာပဲ။ ငါ ဘယ်သူ့ကို ဘယ်တော့ မှဖွင့်မပြောတော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ခံစားမှုနဲ့ပတ်သက်တဲ့ပြဿနာ ဆိုတော့လည်း ဘယ်သူကမှလည်း ကူညီဖြေရှင်းလို့မရဘူးဆိုတာ သိ နေတယ်လေ။ ဒါပေမဲ့ ကြိတ်မှိတ်ပြီး ခံစားရပါများလာတော့လည်း"

"ပေါက်ပြီ နိုဘယ်, ငါပေါက်တယ်၊ ဖွင့်ပြောရမှာပေါ့။ ကူညီဖြေ ရှင်းပေးလို့မရပေမယ့် ခုလိုဖွင့်ပြောလိုက်တော့ ခံစားရကဲ့ဝေဒနာတွေ က သက်သာသွားတတ်တယ်လေ။ အထူးသဖြင့် ငါ့ကိုဖွင့်ပြောသင့်ပါ တယ်"

ငယ်သူငယ်ချင်းဆိုပေမယ့် နိုဘယ့်မှာ ဒီလိုခံစားမှုမျိုးရှိနေမှန်း သူမသိခဲ့။ သူမဒက်ဒီဦးထင်အောင်ကလည်း အနံ့တစ်မျိုးထွက်တယ် ဆိုပေမယ့် ဘယ်လိုအနံ့မျိုးမှန်း သူသေသေချာချာမသိခဲ့။ ဒီလိုခံစားမှု နဲ့ပတ်သက်သောစကားတွေကိုလည်း တစ်ခါမှမပြောဖူးဘဲ အမြဲတမ်း သွက်လက် လူပ်ရှား တက်ကြွစွာ သွားလာနေတတ်သူမို့ ဒီနေ့တော့ သူ နိုဘယ့်ကိုအကြီးအကျယ်အံ့သြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုခံစားမှုမျိုးဖြစ်လာအောင် အစကပံ့ပိုးပေးလိုက်တဲ့လူက တော့ ဒက်ဒီပဲ သက်ဝေ။ ငါ ဒက်ဒီ့ကိုဖခင်တစ်ယောက်အနေနဲ့ ချစ်တယ်၊ ကျေနပ်တယ်၊ လင်ယောကျ်ားတစ်ယောက်အနေနဲ့တော့ လုံးဝ မုန်းတယ်၊ မကျေနပ်ဘူး။ အဲဒီလိုမကျေနပ်တဲ့ခံစားမှုက တစ်ခါတစ်ရံမှဆိုရင် ငါ စာမဖွဲ့ပါဘူး။ ခုတော့ မာမီ့အပေါ်ထားတဲ့ ဥပေက္ခာတရားတွေကို အမြဲတမ်းမြင်နေရတော့ ငါ ဒက်ဒီကိုမကျေနပ်တဲ့အစိုင်အခဲကြီးက တစ်နေ့တခြားကြီးမားလာတော့တာပဲ"

"ကိုယ့်အဖေပဲ နိုဘယ်ရာ၊ မိဘအပေါ်မှာ မကျေနပ်တဲ့အစိုင်အခဲမျိုး မထားကောင်းပါဘူး။ နင့်ကိုဘယ်လောက်ချစ်သလဲဆိုတာ ငါတို့အသိဆုံး။ နင်လိုချင်တာတွေ ဖြစ်ချင်တာတွေဆို ချက်ချင်းပဲမဟုတ်လား။ သူ့ရဲ့ Character က ဒီလိုဖြစ်နေလို့ပါ"

"နိုး..ဘယ်ဟုတ်လိမ့်မလဲ၊ ဒက်ဒီကကို အိုဗာကျလွန်းနေတာ။ မိန်းကလေးတစ်ယောက်ကိုချစ်လို့ပဲယူယူ၊ လူကြီးတွေပေးစားလို့ပဲယူယူ ယူပြီးမှ ချောင်ထိုးထားတာ ဘာသဘောလဲ၊ မာမီဘယ်လောက်ပဲလှလှ အရည်အချင်းတွေ ဘယ်လောက်ပဲရှိရှိ ဒက်ဒီရဲ့အလိုလိုက် အရေးပေးမှုကို တစ်ခါမှမခံစားခဲ့ရဘူး။ နေ့တိုင်းလိုလို သူ့ရဲ့အလုပ်တွေ နိုင်ငံခြားခရီးစဉ်တွေ Dinner တွေ Golf ကွင်းတွေနဲ့ အချိန်ကုန်နေတာ။ မာမီ့





ပြင်ခေါ်ထုတ်တာမျိုး တွဲသွားတွဲလာလုပ်တာမျိုး ခရီးအတူထွက်မျိုး တစ်ခါမှမလုပ်ဖူးဘူး သက်ဝေ။ မာမီ့မှာတော့ အိမ်မှာ တမျှော်နဲ့ အိမ်တွင်းပုန်းမလေးဖြစ်လို့၊ တခြားလင်မယားစုံတွဲတွေ ယှဉ်မာမီအရမ်းမျက်နှာငယ်ရတယ်"

"......"

"မာမီကကျတော့ ဒက်ဒီ့ကိုတကယ်ချစ်တာ၊ ချစ်ဟာမှ အရိုပ်ကြည့်ကြည့်နဲ့ကိုချစ်တာ၊ အဲဒီအချစ်ကို မာမီနဲ့အနီးကပ်ဆုံးနေတဲ့ အသိဆုံးပေါ့။ မာမီ့ရဲ့အချစ်ဝတ္တရားကျေပွန်မှုက မယားဝတ္တရားကျေပွန်မှုထက် ပိုတယ်။ ဒက်ဒီ့ကို အိပ်ရာထချိန်ကနေ အိပ်ရာဝင်ချိန်စားတာ သောက်တာ သွားတာ လာတာ နေတာ ထိုင်တာကအစဆိတ်ဂရုစိုက်ပေးတာ၊ ဆံပင်ညှပ်တာကအစ ခြေသည်းလက်သည်းမယ့်ရက်တွေအဆုံး ဘာတစ်ခုမှမမေ့လျော့စေရဘူး။ ဒါပေမဲ့ ဒက်တော့ မာမီ့အပေါ်ကိုလုံးဝဆန့်ကျင်ဘက်ပဲ၊ ငွေရှာပေးရုံကလွဲလို့ဂရုစိုက်မှုမရှိခဲ့ဘူး"

"......"

"အဲဒါထက်ဆိုးတာက မာမီ့စကားကိုနားမထောင်ဘူး၊ သူ့ပါတနာရဲ့စကားကိုပဲ နားထောင်တယ်။ မာမီက ကောင်းတာပြောရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အကောင်းမထင်ဘူး။ ဘေးလူက မကောင်းတာပြောရင် အကောင်းထ
ချင်ထင်နေတာ''

သက်ဝေသည် နိုဘယ်ပြောတာကိုနားထောင်ရင်း နိုဘယ်ခံစ
ရသလို ခံစားလာမိပေမယ့် မိဘနှစ်ဦး၏အတွင်းရေးပြဿနာဆိုတေ
လည်း ဘယ်လိုအားပေးရမှန်းမသိအောင် ပြောမထွက်ဘဲဖြစ်နေ
သည်။

''ငါ လူဖြစ်လာလို့သာ ဂုဏ်သိက္ခာတွေကိုငဲ့ကွက်ပြီး Fami
လေးက မြဲနေတာ။ မာမီသာ ငါ့ကိုမမွေးခဲ့ရင် သူတို့နှစ်ယောက်ရဲ့အ
ထောင်ရေးက လုံးဝပြတ်ပြီပဲ။ ငါသိတတ်တဲ့အရွယ်ကစပြီး အဲဒီလို
မျိုးကိုပဲ ခုချိန်ထိမြင်နေရတော့ မာမီ့ကိုအရမ်းသနားမိတယ်။ ဂရုဏ
ဒေါသလည်းဖြစ်မိတယ်။ ပြီးတော့ အချစ်ဆိုတာ ဒါလား၊ အိမ်ထော
ရေးဆိုတာ ဒါလား၊ မယားဝတ္တရားဆိုတာ ဒါလားဆိုတဲ့အတွေးတွေ
ဝင်လာပြီး လင်မယားစုံတွဲတွေကိုရွံမိတယ်။ ဒက်ဒီနဲ့မာမီယှဉ်ရင်လည
မာမီ့ဘက်ကပဲ အချိန်တိုင်းရပ်တည်ခဲ့တယ်။ ဒက်ဒီ့ကိုတော့ စိတ်ထဲ
နေ ကြိတ်မုန်းနေတာပေါ့''

''ဟာ, နင်ကလည်း မိနဲ့ဘ အတူတူပဲဟာ။ အဲဒီလိုဘက်လို
တာမျိုး မလုပ်ကောင်းပါဘူး။ ပစ်မှားတာနဲ့အတူတူပဲနော် နိုဘယ်။





တို့နှစ်ယောက်မှာ အကြောင်းတစ်ခုခုရှိလို့ဖြစ်မှာပါ။ ဒါမှမဟုတ် တစ်ယောက်က အပေါင်းအသင်းပေါ် လွှန်ကဲတဲ့ခင်မင်မှုစရိုက်ရှိသူဖြစ်ရမယ်။ တစ်ယောက်က အိမ်တွင်းပုန်း ခပ်အေးအေးနေထိုင်တတ်တဲ့စရိုက်ရှိသူဖြစ်ရမယ်''

''အင်း,နင်ကတော့ ပြောအားရှိတာပေါ့။ နင့်အဖေနဲ့အမေက အရမ်းချစ်ကြတဲ့ တပူးပူး တတွဲတွဲသမားတွေပဲ။ ငါကတော့ နားလည်လို့မရတဲ့မိဘနှစ်ဦးကြားမှာ ကြီးပြင်းခဲ့ရတဲ့အတွက် ငါ့ရဲ့ Feel က ဘယ်သူနဲ့မှမတူဘူးသက်ဝေ။ မနက်က အတန်းမတက်ဖြစ်တာကလည်း မရိုးနိုင်တဲ့ဒီပြဿနာကြောင့်ပဲ။ အမြဲတန်း ကတောက်ကစဖြစ်နေတဲ့ ပြဿနာဆိုပေမယ့် မနက်ကတော့ မာမီ့ဘက်ကနေ ဘယ်လိုမှမခံမရပ်နိုင်ဖြစ်ပြီး ပွဲကြမ်းပစ်လိုက်တယ်။ မြို့သိပ်ထားခဲ့သမျှတွေကို Rapping လုပ်ပြီး ဖောက်ခွဲပြလိုက်တော့ ဒက်ဒီလုံးဝဖျားသွားရော''

နိုဘယ် ဆရာစားကျပုံ၊ ဗိုလ်ကျတတ်ပုံ၊ မထင်ရင်မထင်သလို လုပ်တတ်ပုံတွေက ဖအေကိုပါမချန်တော့သည့်အစားထဲကမို့ သူ့အဖေတင်မက သူပါ ဖျားချင်ချင်ဖြစ်လာသည်။

''အဲဒီလို မိဘနှစ်ဦးရဲ့ဆက်ဆံရေးတွေကိုကြည့်ပြီး 'အနီးကပ်ဆုံးလူကို မေ့လျော့ထားမှု'ဆိုတဲ့ Title ကြီးက ငါ့ရင်ဘတ်ထဲမှာ အမြစ်



www.burmeseclassic.com

www.burmeseclassic.com



တွယ်ခဲ့တာပဲ။ ပြီးတော့ ပညာတစ်ခုလည်း ကောင်းကောင်းရခဲ့တယ်။ အဲဒါက ဘာလဲဆိုတော့. . . ဘဝမှာ ကိုယ့်အနားမှာရှိတဲ့အရာဆိုရင် လင်ယောကျ်ား ဖနီးမယားမပြောနဲ့ အိမ်ဖော်ကိုတောင် မေ့လျော့ထားလို့မရဘူးဆိုတာပဲ။ သူတို့ရဲ့ခံစားချက် အတွေးအခေါ်၊ သူတို့ရဲ့လူမှုဆက်ဆံရေး၊ သူတို့ရဲ့ကောင်းတဲ့ဝါသနာ၊ သူတို့မှာရှိတဲ့ ဆိုးတဲ့အကျင့်စရိုက်၊ အဲဒါတွေကို မဖြစ်မနေသတိထားဖို့လိုတယ် သက်ဝေ''

''. . . . . .''

''ဒီလိုမှမဟုတ်ဘဲ အမြဲတမ်းထိတွေ့နေကျမို့လို့ အရာရာကိုမေ့မေ့လျော့လျော့နဲ့ လျစ်လျူရှုထားမိမယ်ဆိုရင် တစ်ချိန်ချိန်မှာ သူတို့ဆီက မထင်မှတ်တဲ့ Side Effect တစ်ခုခုဖြစ်ပေါ်လာတတ်တယ်''

''ပေါက်ပြီ နီ့ဘယ်၊ နင်ဘာဆိုလိုတယ်ဆိုတာ ငါသဘောပေါက်တယ်။ နင့်အမေကိုပိုချစ်ပြီး နင့်အမေဘက်က ရပ်တည်ပေးတဲ့ရည်ရွယ်ချက်ကို ငါနားလည်သွားပြီ။ ပြီးတော့ နင့်ရဲ့ကိုယ်ပိုင်ခံစားချက်ကလေးကိုလည်း လက်ခံလို့ရသွားပြီ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်၊ ငါကူညီပေးလို့မရတဲ့ပြဿနာတွေဆိုပေမယ့် ငါ့ဘက်က တတ်နိုင်တဲ့အားပေးမှုတစ်ခုတော့ရှိတယ်''

''ဘာလဲ''





''နင် ခုလိုဖွင့်ပြောလိုက်တော့ အာရုံထဲမှာ လန်းမသွားဘူးလား။ ကျပ်မှုတွေကော လျော့မသွားဘူးလား''

''အဲဒီလိုဖြစ်အောင် နင့်ကိုမပြောစဖူး ဖွင့်ပြောတာပဲ''

''ဒါဆို ဒီ့ထက်မကပျော်ရွှင်သွားအောင် နင့်အဖေအပေါ်ထားအမုန်းတွေလည်း ပျောက်သွားအောင်၊ ပြီးတော့ သူတို့နှစ်ဦးလည်း လည်သွားအောင် နင် ယောကျ်ားယူပြီး ကလေးတွေမွေးပေးလိုက်လား''

''အောင်မာ့သေလိုက်ပါလား. . . အဲဒါ နင့်ရဲ့အားပေးမှုလား။ ရှိုးပဲ သက်ဝေ၊ စိတ်ကိုမဝင်စားဘူး။ ယောကျ်ားတိုင်းကိုမဆိုလိုယ့် ဒက်ဒီ့ကိုမြင်ရုံနဲ့တင် ယောကျ်ားတွေကိုစိတ်ကုန်တယ်''

ဟုပြောပြီး ငွေရှင်းဖို့လှမ်းခေါ်တာမို့ သူ နှုတ်ပိတ်လိုက်ရတော့ သို့သော် နီ့ဘယ်က အပြောအဆို အနေအထိုင် ခပ်ကြမ်းကြမ်းဖြစ်လည်း ကားပေါ်မတက်ခင် သူ့ကိုကျေးဇူးတင်စကားပြောဖြစ်အောင် ပြောပါသေးသည်။

''ဒီနေ့ ငါတစ်ခါမှရင်မဖွင့်ဖူးတာတွေကို စိတ်ရှည်လက်ရှည်နားထောင်ပေးတာတွေ၊ ငါ့ကိုအားပေးတာတွေအတွက် နင့်ကိုကျေးဇူး ကြီးတင်ပါတယ် သက်ဝေ''



www.burmeseclassic.com

www.burmeseclassic.com



"နင်လည်း ပန်းလွှာပုံပြင်ကို မညည်းမညူ ဒိုင်ခံနားထောင်ပေး တဲ့အတွက် အများကြီးကျေးဇူးတင်တယ် နိုဘယ်"

"အိုခေ,ငါက ဒါတွေစိတ်မဝင်စားတော့ ပရိတ်သတ်တစ်ယောက် အနေနဲ့ပဲ အားပေးနေမယ်။ မင်းသား မင်းသမီးဖြစ်တဲ့နင်တို့နှစ်ယောက် ကသာ အကယ်ဒမီရအောင်ကြိုးစား . . ဂွိုက်တိုး"

ကိုရီးယားမလေးလို လက်သီးကလေးဆုပ်၍အားပေးပြီး ကား ထဲဝင်သွားတော့သည်။ သူလည်း OK ဆိုတာကို သင်္ကေတဖြင့်ပြန် လိုက်ပြီး ကားထဲဝင်လိုက်၏။

ပြီးတော့ နိုဘယ်က လှုပုံစံနှင့် ဂျစ်ကားကြီးနှင့် Match ဖြ နေတာထက် ပိုပြီး Match ဖြစ်အောင် 'နီနီခင်ဇော်'၏ 'ရန်သူ'သီချ ကို ခပ်ကျယ်ကျယ်ဖွင့်ပြီး ဝေါခနဲမောင်းထွက်သွားတော့သည်။

သို့သော် လမ်းချင်းကတော့မတူ။ နိုဘယ်က အိမ်ကိုပဲတန်းပြ မလား၊ တခြားကိုပဲ လိမ့်ဦးမလားဆိုတာ မသိနိုင်ပေမယ့် သူကတော့ ထုံးစံအတိုင်း ပန်းလွှာရှိရာ Paradise သို့ဖြစ်လေ၏။



## အခန်း ( ၄ )

လှော်ခနဲထိုးဆိုက်လာသော ပြိုင်ကားအဝါလေးပေါ်မှ လျင်မြန် သွက်လက်စွာဆင်းလာသူကြောင့် ပန်းလွှာ ခြေလှမ်းတွေ ရပ်တန့်သွား သည်။

"ဟင်! ကိုသားသက်ဝေ"

"အလုပ်ဆင်းပြီလား၊ ပြန်တော့မှာလား"

"ဟုတ်,ဒီနေ့လည်း ရောက်ဖြစ်အောင်တော့ ရောက်လာသေး သားပဲ၊ ကျွန်မက မလာဖြစ်တော့ဘူးလို့တောင် ထင်နေတာ"

"မျှော်နေတယ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း သူ့ရဲ့ ရဲတင်း ပွင့်လင်းစွာ ပြောတတ်တဲ့စတိုင်လ်နဲ့ ပေမယ့် ပန်းလွှာအတွက်တော့ ရင်ခုန်လှုပ်ရှားမှုကိုဖြစ်စေပေါ်စေတော့ လို့ . . .

"အမြဲတမ်းအားပေးနေတဲ့ Customer ကောင်းတစ်ယောက် ရဲ့အလိုက်အထိုက်ကို ကျွန်မတို့က သိထားဖို့လိုပါတယ်"

ဟုပြောပြီး ကိုယ်ရှိန်သတ်လိုက်ရပါသည်။

"ကျွန်တော်လည်း နေ့တိုင်း တစ်ခုမဟုတ်တစ်ခုတော့ဝယ် ခေါင်းထဲမှာ ပေါ်ပေါ်လာတယ်ဗျ။ ဒီနေ့တော့ Valentine day နီး ဝယ်ဖို့စဉ်းစားလာတာတွေအများကြီးပဲ။ ဒါပေမဲ့ သူငယ်ချင်းနဲ့စကား ကောင်းနေလို့ အရမ်းနောက်ကျသွားတယ်။ မနက်ဖြန်မှပဲ လာဝယ် တော့မှာပေါ့။ မင်းပြန်တော့မှာဆိုရင် လိုက်ပို့ပေးမယ်လေ"

"ကျေးဇူးပါ,ရပါတယ်၊ ကျွန်မ လိုင်းကားစီးပြီး ပြန်နေကျပါ"

"ဒီနေ့တော့ လိုက်ပို့ပေးပါရစေ ပန်းလွှာ၊ အရမ်းရင်းနှီးနေပြီ"

"ဒါပေမဲ့ ဒီလိုလိုက်ပို့တဲ့အထိတော့ လက်မခံချင်ပါဘူး"

"တစ်ခါတလေပဲ,ကျွန်တော့်ကားနဲ့ပဲ ပြန်လိုက်ပါ ပန်းလွှာရယ် လက်မခံရင် အတင်းဆွဲခေါ်မှာနော်။ လာ,တက်ပါ ပန်းလွှာ"

ရုတ်တရက် တကယ်ဆွဲခေါ်တော့မည့်တစ်ဖွတ်ထိုးပုံစံမို့ ပန်းလွှာ





အရမ်းရှက်ပြီး ဝင်ထိုင်လိုက်ရတော့သည်။

"မင်းပုံစံကိုကြည့်ရတာ အားမရဘူး။ Sale Centre ထဲမှာလို ခပ်သွက်သွက်ကလေး နေပါလား။ တစ်ခုခုကိုအရမ်းကြောက်ပြီး အရမ်း ရှက်နေသလိုပဲ"

သူက ပြောပြောဆိုဆိုကားထဲဝင်ထိုင်ပြီး စက်နှိုးတော့သည်။ ပြီး တော့ ဖွင့်ထားသောပြူင်ကားအမိုးကို အုပ်ပေး၏။

"အလုပ်မှာက Customer တွေကျေနပ်ဖို့နဲ့ သူဌေးစိတ်တိုင်း ကျဖြစ်ဖို့ သင့်တော်သလိုနေပေးရတာပါ။ ကျွန်မရဲ့ပင်ကိုဒီဇိုင်းက ဒီပုံ ပါပဲ၊ အခုတော့ ဒီလိုတစ်ခါမှမစီးဖူးတဲ့ပြူင်ကားအကောင်းစားကြီးကို စီးရလို့ပဲလားမသိဘူး၊ ကြောက်နေတယ်။ ပြီးတော့ ရှင့်လိုသူဌေးသား ဆေးကျောင်းသားတစ်ယောက်နဲ့အတူတွဲစီးရတာလည်း ကျွန်မစိတ်ထဲ မှာ သိမ်ငယ်ပြီး ရှက်နေမိတယ်။ ကျွန်မလို သာမန် Sale girl တစ် ယောက်ကို အိမ်လိုက်ပို့ပေးနေတာသာ ရှင့်မိဘမြင်ရင်တော့ ရှင်အဆူခံ ထိမှာ သေချာတယ်"

"ဘာဖြစ်လို့ ဆူရမှာလဲ။ ခြော်,ပန်းလွှာက အားငယ်တတ်တာ ကိုး။ ကြံဖန်စိုးရိမ်ပြီး လျှောက်တွေးမနေပါနဲ့။ ကျွန်တော့်မေမေနဲ့ ဖေဖေ က အရမ်းသဘောကောင်းတာဗျ။ ဖေဖေက ပျော်ပျော်နေတတ်သလို



www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း ကျွန်တော့်အသိတွေဆိုရင် လိုလေသေးမရှိအောင် သူ တို့အသိတွေထက် ကောင်းကောင်းပေါင်းပေးတယ်။ လူနေမှုအဆင့် အတန်းလည်း မခွဲခြားတတ်ဘူး။ စိတ်ဓာတ်အဆင့်အတန်းကိုတော့ ကြည့်တယ်။ ဖြစ်နိုင်ရင် ခုတောင် အိမ်ခေါ်သွားပြီး မိတ်ဆက်ပေးလိုက် ချင်သေးတယ်။ လိုက်မလား"

"အို! မလိုက်ရဲပါဘူး။ ခုလိုပို့ပေးတာတောင် လွန်လှပါပြီ"

"ကျွန်တော်နဲ့ကားအတူတွဲစီးရတာကိုလည်း သိမ်ငယ်တာတွေ ရှက်တာတွေ ခံစားနေစရာမလိုပါဘူးကွာ။ ဂုဏ်တောင်ယူရဦးမှာ"

"ဘာဖြစ်လို့လဲ"

"ဘယ်မိန်းကလေးကိုမှ ဒီလိုလိုက်မပို့ပေးဖူးလို့"

ထိုစကားကို သူက ခပ်ပြတ်ပြတ်ပြောပြီး သီချင်းဖွင့်၍ ကားမောင်း တော့သည်။ အချိန်တိုအတွင်းမှာ သိကျွမ်းရင်းနှီးခဲ့ရသည့် Customer တစ်ဦး၏ကားပေါ်သို့ရောက်ရှိနေသော ပန်းလွှာကံကြမ္မာက အထူးအံ့ဩ ရပါသည်။

မေမေသိရင် ဆူမလား၊ ဖေဖေသိရင် ဘာပြောမလဲ၊ မောင်နှမ တွေ သိရင်ကော ဘယ်လိုဝေဖန်မလဲ၊ မိုးမာန်သိရင်ကော ဘယ်လောက် များ သဝန်တိုနေမလဲဆိုသည့်တွေးနေကျအတွေးတွေကိုမတွေးမိလောက် အောင် သူ့ရဲ့ဆွဲဆောင်မှုအောက်မှာ ရှန်းမထွက်နိုင်ဖြစ်ရတာလည်း အံ့ဩ စရာသည်။

"ပန်းလွှာက ဘယ်မှာနေတာလဲ"

"ပုဇွန်တောင်၊ ပြည်တော်သစ်ရိပ်သာပါ။ တိုက် (၁) လေ"

"ဪ်,သိပြီ၊ တိုက်ခြောက်လုံး ရှိတယ်လေ။ တချို့က အရင် ...ကလို သီတာဆိပ်လို့ခေါ်တုန်းပဲနော်"

"ရှင် ရောက်ဖူးလား"

"တစ်ခါတလေဖြတ်သွားတာမျိုးပါ။ ရေကျော်ထဲကိုတော့ ခဏ ...ရောက်တယ်၊ ဒါနဲ့ ပန်းလွှာ,ကိုယ်တို့ခင်မင်မှုအထိမ်းအမှတ်အဖြစ် ...နေရာရာမှာ မိတ်ဆုံစားပွဲလေးလုပ်ဖို့ တောင်းဆိုထားတာကော ...လိုလဲ"

"ကျွန်မ စဉ်းစားပေးပါ့မယ်"

"စဉ်းစားနေတာ ဘယ်နှရက်ရှိပြီလဲကွာ။ ခုပဲ Dinner စီစဉ် ...ရမလား"

"အာ,မလုပ်ပါနဲ့၊ အချိန်လုံးဝမရလို့ပါ။ ခြောက်နာရီတောင် ခွဲ ...ပြီ။ အိမ်ကိုလည်း ဘာမှပြောမထားရသေးလို့ပါ"

"ဒါဆို Paradise က day off ရှိလား"







www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း,မရှိဘူး။ ဝန်ဆောင်မှုတွေ အရမ်းများတော့ ပိတ်ရက် မထားဘူး။ Week end တွေကျမှ လူပိုစည်တာ။ ခုရက်ဆိုရင် Valentine ကပ်နေတော့ အရမ်းရှုပ်တာပဲ။ အရေးကြီးတဲ့ကိုယ်ရေးကိုယ်တာကိစ္စပေါ်လာမှသာ day off လုပ်ရတာပါ"

"ကိုယ်နဲ့တွေ့မယ့်အချိန်ကိုလည်း အရေးကြီးတဲ့ကိုယ်ရေးကိုယ်တာကိစ္စလို့ သဘောထားလိုက်ပေါ့။ ဘယ်လိုလဲ ပန်းလွှာ၊ ကျွန်တော်တို့ Valentine နေ့မှာ တွေ့ကြရအောင်"

သူက မပြောင်းလဲသော ငြင်းလို့လည်းမရနိုင်သော ဆုံးဖြတ်ချက်ဖြင့် ဖျတ်ခနဲလှည့်ကြည့်ပြီး ပြောတာကြောင့် ပန်းလွှာ ထိတ်လန့်သွားမိသည်။ ဘာကြောင့်လဲဆိုတော့ Valentine နေ့ဆိုတာ ချစ်သူတွေအတွက် သီးသန့်ပျော်စရာအကောင်းဆုံးနေ့လေးတစ်နေ့အဖြစ် ဖန်တီးပေးထားတာဖြစ်သည်။ ပြီးတော့ ကိုယ်ကမချစ်သော်လည်း ကိုယ့်ကိုအရမ်းချစ်နေသောမိုးမာန်က လျှောက်လည်ဖို့ အထူးမေတ္တာရပ်ခံထားသောနေ့လည်းဖြစ်နေသောကြောင့်ပင်။

"Valentine နေ့ကြီးကိုတော့ မစီစဉ်ပါနဲ့ ကိုသားသက်ဝေ။ ဒီနေ့က ချစ်သူတွေအတွက်သာ"

"ဘာလဲ,မင်းမှာ ချစ်သူရှိနေလို့လား"





"အို! မရှိပါဘူး။ ဘယ်က ချစ်သူလဲ"

"ဟား. . . ဟား. . . OK...အထူးမေးစရာမလိုဘဲ အဆင်ပြေသွားပြီ။ မင်းက ရှက်နေတာ ကြောက်နေတာ အရာရာကိုတွေးတောဆင်ခြင်ပြီး စိုးရိမ်နေတာပါ။ စောစောက ကားပေါ်တက်ကတည်းက မင်းရဲ့စိတ်ကိုခန့်မှန်းလို့ရပါတယ်။ ဒီမှာ ပန်းလွှာ၊ Valentine day ဆိုတာ couple တွေအတွက် သီးသန့်နေ့လို့ဆိုပေမယ့် ဒီခေတ်မှာ အိုင်ကျူတွေ ဒီလောက်မခေါင်တော့ဘူး။ အားလုံးနားလည်မှုတွေ ရှိနေကြပြီ။ ဒီစကားပြောလို့ ကိုယ့်မှာချစ်သူရှိတယ်လို့ မထင်လိုက်နဲ့နော်။ ကိုယ်က ပွင့်ပွင့်လင်းလင်းပဲ"

"ဒီခေတ်မှာ ဒီဒီဗိုင်းနဲ့ ချစ်သူမရှိတာ အံ့သြစရာပဲ"

"ကိုယ့်ကိုချစ်နေတဲ့သူရှိရင်တော့ မသိဘူးလေ။ ကိုယ်ကတော့ ဒီကလီဇယားကလွဲလို့ တကယ်ချစ်ရမယ့်သူမရှိခဲ့တာတော့ အမှန်ပဲ။ ဒါကြောင့် ချစ်သူများနေ့ဆိုတာ ချစ်သူစုံတွဲတွေအပြင် ကိုယ်ခင်မင်လေးစားရသူ၊ ကိုယ်တန်ဖိုးထားရသူတွေအတွက်လည်း အကျုံးဝင်တယ်"

"ဒါပေမဲ့ ရှင့်ဘက်ကရော ကျွန်မဘက်ကရောကြည့်ပြီး တခြားရက်တစ်ရက်ကိုပဲ ရွေးလိုက်ပါလား။ ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ဟား. . . ကြည့်စမ်း! ပန်းလွှာက အကုန်လိုက်တွေးနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားနာမှုတွေ၊ ကြောက်ရွံ့အားငယ်မှုတွေ၊ စိုးရိမ်မှုတွေ၊ အရှက်သိက္ခာတရားတွေစုံနေတာပဲ။ ကိုယ်နဲ့အပေါင်းအသင်းလုပ်ရင် ပွင့်ပွင့်လင်းလင်းတော့ရှိပါ ပန်းလွှာ။ ဘာလဲ,မင်းနဲ့ကိုယ် အတူတူတွဲပြီးရှိနေရင် ချစ်သူစုံတွဲလို့ထင်မှာကြောက်လို့လား။ ဂရုစိုက်လို့ကွာ, ထင်တော့ကော ဘာဖြစ်သေးလဲ။ အပျိုလူပျိုအထင်ခံရတာ ဆန်းလို့လား''

''ဟို, အဲလောက်ထိလည်း မဟုတ်ပါဘူး''

''အိုခေ,ရတယ် ပန်းလွှာ၊ မင်းဒီလောက်ရှက်ကြောက် အားငယ်နေရင် ကိုယ် မိန်းကလေးသူငယ်ချင်းတစ်ယောက် ခေါ်လာပေးမယ် သူက ကိုယ့်ရဲ့သူငယ်ချင်းအစစ်၊ ပွင့်လင်းတယ်၊ သတ္တိကောင်းတယ်၊ သူတစ်ပါးအပေါ် ကူညီရိုင်းပင်းချင်စိတ်အပြည့်ရှိတယ်။ သဘောအရမ်းကောင်းတယ်၊ ခင်လည်းခင်တတ်တယ်၊ ဒီဖိုင်းက ခပ်မိုက်မိုက်ကလေး။ သူနဲ့မိတ်ဆက်ပေးမယ်၊ ပန်းလွှာ အဖော်ရတာပေါ့''

''ဒါဆို ကျွန်မလည်း ရှင့်အတွက် အဖော်ရအောင် ယောက်လေးသူငယ်ချင်းတစ်ယောက် ခေါ်လာပေးမယ်လေ။ သူကလည်း ကျွန်ရဲ့သူငယ်ချင်းအစစ်၊ ရှင်တို့လိုပဲ သဘောကောင်းပါတယ်၊ သူမိတ်ဆက်ပေးမယ်''

''အဆင်ပြေတာပေါ့ ပန်းလွှာရဲ့။ ပိုတောင်ကောင်းသေးတယ်





ဒါမှ ပန်းလွှာ နေရထိုင်ရတာ လွတ်လွတ်လပ်လပ်ရှိမှာ။ အဲဒီနေ့ကျကိုယ်တို့လေးယောက် အေးအေးဆေးဆေးစကားတွေပြောကြမယ်၊ စားကြသောက်ကြမယ်၊ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ''

သူက ကလေးတစ်ယောက်လို ပျော်ရွှင်တက်ကြွသွားကာ သီချင်းဆိုလိုက်၊ ပန်းလွှာကိုစကားလှည့်ပြောလိုက်နှင့် မောင်းလာရင်း တိုက်ရှေ့သို့ ရောက်မှန်းမသိရောက်လာတော့သည်။

''ကျေးဇူးအများကြီးတင်ပါတယ် ကိုသားသက်ဝေ၊ ကျွန်မတို့က သုံးလွှာမှာ နေတာပါ။ မေမေ့ဘက်က အဘိုးအဘွားတွေဆီက အမွေရထားတဲ့တိုက်ခန်းပါ။ လိုက်လည်ပါဦး''

''ဒီလိုဖိတ်ခေါ်တဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့မင်းက ကိုယ်လိုက်ပို့ပေးလို့ အားနာပြီး ဖိတ်တာမှလား။ စိတ်ထဲကတော့ စိုးရိမ်မှုတွေ ရှက်ကြောက်မှုတွေရှိနေတယ်မို့လား။ အိုခေ,ပန်းလွှာ၊ အချိန်လည်း မှောင်လာပြီမို့လို့ ကိုယ် အိမ်ထဲမဝင်တော့ဘူး။ နောက်တစ်ခါဆိုရင်တော့ တကယ်ဝင်ပါ့မယ်။ အဲဒီနေ့ကျမှ စိုးရိမ်မှုတွေ ရှက်ကြောက်မှုတွေကင်းကင်းနဲ့ ကိုယ့်ကိုလက်ခံပါ။ ပြီးတော့ မင်းမိဘနဲ့လည်းမိတ်ဆက်ပေးဖို့ သတ္တိမွေးပါ။ ကဲ,ကိုယ်သွားမယ် ပန်းလွှာ''

''ဟုတ်,ကောင်းကောင်းသွားပါ''



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ, ဘိုင့်ဘိုင်. . . ဆီးယူ"

လက်ပြပြီး လျှောခနဲပြေးသွားသော ပြိုင်ကားလှလှလေးကို ပန်း

လက်ပြပြီး လျှောခနဲပြေးသွားသော ပြိုင်ကားလှလှလေးကို ပန်း လွှာကလည်း ပြန်လက်ပြရင်း လိုက်ကြည့်နေမိသေး၏။ ကိုယ့်ဘက်က ဟစ်ခွန်းမှပြန်ပြောချိန်မရအောင် ပြောသွားသောစကားတွေက ရှည်လျာ လှပေမယ့် ပြတ်ပြတ်သားသားနှင့်အဓိပ္ပာယ်ရှိလှပါသည်။ ပြီးတော့ တွေ ရင်လည်း တွေးသလောက် အဖြေတွေအမျိုးမျိုးထွက်နိုင်လောက်၏။

သို့သော် ပန်းလွှာတွေးချိန်မရလိုက်၊ ပြိုင်ကားလေးကိုလှမ်း နေသည့်လက်ကိုပြန်ရုပ်ပြီး တစ်ဖက်လှည့်လိုက်စဉ်မှာ ဘေးနားသို့ ဆိုက်လာသော SURF ကားကြီးကြောင့် အံ့သြမှုဖြင့် လှည့်ကြည့်လို မိသည်။ ပိုအံ့သြရတာက ကားတံခါးကိုဖွင့်ပြီး ဆင်းလာသူမှာ မိုးမော ဖြစ်နေလေ၏။

"ဟယ် ဘယ်သူများလဲလို့ ကားတွေဘာတွေနဲ့ အပုံစားပါလား"

"ဟုတ်တယ်,ကုမ္ပဏီကကား ငါ့ကိုပေးသုံးလို့၊ ဒီကားနဲ့ နင့် လာကြိုတာပဲ ပန်းလွှာ။ ဒါပေမဲ့ ကပ်လွဲသွားတယ်၊ ငါရှေ့လေးထ နင် ဟိုကောင့်နောက်ပါသွားတာပဲ။ နောက်မှာ ငါပါလာတာတောင် မ နိုင်လောက်အောင် အကြည်ဆိုက်နေပြီလား"

တွေ့တွေ့ခြင်း ပြဿနာရှာပြီမို့ ပြုံးနေသောပန်းလွှာမျက်နှာ ရု





ခင်းတည်သွားပြီး စုတ်တစ်ချက်သတ်လိုက်မိတော့သည်။

"စကားကိုဆင်ဆင်ခြင်ခြင်ပြောပါ မိုးမာန်။ ငါက ဘာကိုအကြည် ဆိုက်ရမှာလဲ။ အသိမိတ်ဆွေတစ်ယောက်ရဲ့ကားပေါ်ကိုပါသွားတိုင်း နင့် ရဲ့မယုံသင်္ကာစိတ်မျိုးနဲ့ မတွေးပါနဲ့။ လိုက်ပို့ပေးပါ့မယ်ဆိုတာကို အခါခါ ပြောနေလို့ အားနာပြီးလိုက်ခဲ့မိတာ အပြစ်လား။ နောက်မှာ နင်ပါလာ တာလည်း ငါဘယ်သိမှာလဲ။ ဒီလိုကားနဲ့ကော ဘယ်တုန်းက လာကြို းလို့လဲ"

"သူစိမ်းယောကျ်ားလေးခေါ်တဲ့နောက်ကို အားနာပြီးလိုက်စရာ လား။ အပြတ်ငြင်းလိုက်ပေါ့။ ငါစိုးရိမ်တဲ့အထဲမှာ အားနာတာကနေ,စ တဲ့ဇာတ်လမ်းမျိုးလည်းပါတယ်။ ဟိုတစ်ခါတွေ့ကတည်းက ဒီကောင့်ပုံစံ ကို မှတ်မိနေတာ၊ ငါထင်တဲ့အတိုင်းပဲ, ဒီကောင် နင့်ကိုလာငြိနေပြီ ဖယား တွေရှုပ်ကုန်တော့မယ်။ နင် ဒီအလုပ်က ထွက်လိုက်တော့ ပန်းလွှာ။ ငါ တို့ကုမ္ပဏီမှာ သွင်းပေးမယ်"

"စိတ်ညစ်စရာပါလား မိုးမာန်ရယ်။ ဘာဖြစ်လို့ ဒီလောက်အမိန့် တွေ ပေးချင်နေရတာလဲ။ အလုပ်ကိုပါ ထိခိုက်အောင် ဘာဖြစ်လို့ ပြ ဿနာရှာနေရတာလဲ။ နင်နဲ့ငါက ဘာမို့လို့လဲ"

"ဘာမို့လို့လဲဆိုတော့ နင်နဲ့ငါနဲ့က နှစ်ကိုယ်တူချစ်သမျှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ငါ့ဘက်က သေချာနေတာပဲ။ ဒီတော့ ငါ့ရဲ့ခံစားချက်အတိုင်း တားသင့်တာ တားမယ်၊ ပြောသင့်တာ ပြောမယ်၊ ငါ သိပ်မကြာခင် ပြောခဲ့ပြီးပြီလေ၊ နင့်ကိုပိုင်ဆိုင်နိုင်အောင် ကြိုးစားမယ်လို့''

''အဲဒီလောဘနဲ့ ရူးသွားဦးမယ်၊ တိုက်နှစ်က လူက တိုက်ထဲက လူကို တိုက်နှစ်လုံးကြားမှာ ဒီစကားတွေလာမပြောနဲ့၊ ဘောင်ဘောင်ပြီးတော့ကို ရင်ခုန်လို့မရတာ''

ဟုပြောပြီး လှည့်ထွက်ခဲ့တော့ မိုးမာန်ကလည်း ကားတံခါးဆင်း၍ ဘာအထုပ်တွေမှန်းမသိ ဆွဲထုတ်လာပြီး 'အဲဒီဘောင်ကို ရိုက်ချိုးပြမယ်'ဟုအော်ရင်း နောက်က ပါလာလေသည်။

Bell နှိပ်လိုက်တော့ မေမေက လာဖွင့်ပေးသည်။

''ဟော,သမီးပြန်လာပြီ၊ မိုးမာန်လည်းအတူတူပါလား။ ပြန်လာကြတာလား''

''ဟုတ်,သွားကြိုတာ အန်တီရေ၊ ဒါပေမဲ့ တစ်လွဲစီပဲ၊ သူ့ လာကြိုတဲ့သူတွေဘာတွေ ရှိနေပြီ''

မိုးမာန်ကသာပြောပြီး ပန်းလွှာက နှုတ်ဆိတ်လျက်ရှိတာကြောင့် မေမေ, ပန်းလွှာမျက်နှာကိုစိုက်ကြည့်ပြီး ရိပ်မိသွားတော့သည်။

''ကေ့န္တ ဒါကြောင့် နှစ်ယောက်သား စကားများလာပြီထင်တယ်





သမီးမျက်နှာမကောင်းဘူး၊ ဘယ်သူကများ သမီးကိုလိုက်ပို့ပေးတာလဲ၊ ထူးထူးဆန်းဆန်း''

''Customer တစ်ယောက်ပါမေမေရယ်၊ အရမ်းခင်ပြီး သဘောကောင်းတဲ့လူတစ်ယောက်ပါ။ ဘယ်လိုမှငြင်းလို့မကောင်းတာနဲ့ သူလိုက်ပို့ပေးတာကို လက်ခံခဲ့မိတာ။ အဲဒါကို မိုးမာန်က ပြဿနာရှာနေတယ်''

''ဪ, ဒီလိုလား။ တမင်သက်သက်ပြဿနာရှာတာတော့ မဟုတ်ဘူးပေါ့သမီးရယ်။ စိတ်မချတာပါ၊ ချစ်လို့စိတ်မချရင် သဝန်တိုတဲ့ပြဿနာဆိုတာ ပေါ်လာတတ်တာပဲ။ ဒါပေမဲ့ နှစ်ယောက်လုံး အလုပ်ကိုယ်စီရှိနေကြပြီဆိုတော့ နားလည်မှုထားနိုင်ဖို့က အရေးကြီးဆုံးပဲနော်၊ အခုဖြစ်တဲ့ကိစ္စမှာ သမီးဘက်ကလည်း ငြင်းလို့မသင့်တဲ့မိတ်ဆွေကောင်းတစ်ယောက်ဖြစ်နေတယ်၊ သားဘက်ကကြည့်ရင်လည်း ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက် တခြားယောကျ်ားလေးကားပေါ် ပါသွားတော့ စိတ်မချတာတွေ သဝန်တိုတာတွေကိုပြောမိမယ်၊ ဒါဖြစ်တတ်တဲ့သဘောပဲ၊ နှစ်ယောက်လုံးမှန်နေတဲ့အတွက် ဒီကိစ္စကို ပြဿနာလို့သဘောမထားကြနဲ့၊ နားလည်မှုတွေထားပြီး ရပ်လိုက်တော့၊ ဟုတ်ပြီလား''

''သားက ရပ်ပါတယ် အန်တီ၊ ပြောပြီးရင် ခဏနဲ့စိတ်ပြေသွားတာမျိုးပါ။ သူ့လိုတော့ ကျိတ်မကောက်တတ်ပါဘူး၊ ဒီမှာ သား ဖိ-



www.burmeseclassic.com

www.burmeseclassic.com



nus ရလာတာနဲ့ အန်တီတို့စားဖို့ ကြေးအိုးဆီချက်တွေ ဝယ်လာတယ် အငယ်မအတွက်က ပဲခေါက်ဆွဲ၊ ပန်းလွှာအတွက်လည်း သူကြိုက်တတ်တဲ့ ထိုင်းကြက်ကြော်နဲ့ အာလူးချောင်းကြော်တွေပါတယ်''

မိုးမာန်ကပြောရင်း အထုပ်တွေကို မေမေ့လက်ထဲထိုးထည့်ပေးတော့သည်။

''အို. . . များလှချည်လား။ သား အိမ်အတွက်ကော''

''ပါပါတယ် အန်တီ''

''သား ထမင်းစားပြီးမှပြန်ပါလား၊ အန်တီပြင်လိုက်မယ်လေ''

''မစားတော့ဘူး အန်တီ၊ ခဏလေးပဲ,ကုမ္ပဏီကိုပြန်သွားရဦးမှာမို့လို့''

''အေးအေး,အဲဒါဆို စကားပြောကြဦး၊ အန်တီ ဒါတွေသွားထားလိုက်ဦးမယ်၊ သမီး,စိတ်ဆိုးတာပြေနေပြီ၊ စကားကောင်းကောင်းပြော''

ဆိုပြီး မေမေ နောက်ထဲဝင်သွားတော့ မိုးမာန်က ပန်းလွှာမျက်နှာကိုစိုက်ကြည့်ပြီး မေးသည်။

''Valentine day အတွက် day off လုပ်ပြီးပြီလား''

''ပြီးပြီ, အဲဒီနေ့ ငါသေချာပေါက် အလုပ်နားမယ်၊ ဒါပေမဲ့ နှင့်လိုပဲ အဲဒီနေ့မှာ အတူတူမိတ်ဆုံစားပွဲလေးလုပ်ဖို့ သားသက်ဝေကလည်း





ဘောင်းဆိုထားတယ်၊ ငါလက်ခံလိုက်ပြီ''

''ဟာ, ကြည့်စမ်း! နှင်တော်တော်ရက်စက်တာပဲ၊ ငါကြိုတင်ပြောထားရဲ့သားနဲ့ ဘာဖြစ်လို့ ဒီလိုလက်ခံလိုက်ရတာလဲ၊ ဒီကောင်က တမင်သက်သက်ဝင်ရှုပ်နေပြီကွာ၊ ငါထင်တာတွေ မှန်နေပြီ၊ နှင်နဲ့သူ ဘယ်အဆင့်ထိရောက်နေပြီလဲ ပန်းလွှာ၊ မှန်မှန်ပြောစမ်း''

နှစ်ယောက်သား မထိုင်ကြဘဲ မတ်တတ်ရပ်လျက် ပြောကြရင်းမှ ပန်းလွှာက အိတ်ကိုအောက်ချလိုက်သည်။

''ဘယ်အဆင့်ကိုရောက်ရမှာလဲ၊ နှင့်ရဲ့အတွေးနဲ့ တစ်ဖက်သတ်ဆွပ်စွဲချက်တွေ မပြုလုပ်ပါနဲ့မိုးမာန်ရယ်၊ ငါပြောရတာတွေ ဖြေရှင်းရတာတွေ မောလွန်းလို့ပါ။ ငါမညာတတ်တာ အမှန်ကိုအမှန်အတိုင်းပြောပြတတ်တာတွေ နှင်အသိဆုံးပဲ။ ငယ်သူငယ်ချင်းဖြစ်တဲ့ နှင်တောင်းဆိုတာကိုလည်း ငါလိုက်လျောပေးတယ်၊ အရမ်းရင်းနှီးလာတဲ့သူ့ရဲ့တောင်းဆိုမှုကိုလည်း ငါမငြင်းရက်ဘူး၊ ပြီးတော့ ငါ့အလုပ်ကလည်း ပိတ်ရက်မရှိလို့ ကိုယ်နားမယ့်တစ်ရက်တည်းကိုပဲ အဆင်ပြေအောင် စီစဉ်လိုက်တာပါ''

''. . . . . . .''

''သူတစ်ယောက်တည်းတင်မဟုတ်ဘူး မိုးမာန်၊ နှင်နဲ့ငါလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာလည်း ယေသူယေချင်းကောင်မလေးတစ်ယောက်ရှိတယ်တဲ့။ အဖော်ရအောင် ခေါ်လာပေးမယ်တဲ့။ ငါကလည်း နင့်ကိုခေါ်လာ မိတ်ဆက်ပေးမယ်လို့ပြောလိုက်တယ်။ အဲဒီနေ့ကျ နင်ထင်သလို မဟုတ် တာတွေ၊ သူ့ရဲ့ရိုးသားဖြူစင်မှုတွေ၊ သူ့ရဲ့ခင်မင်ရင်းနှီးစိတ်အပြည့်နဲ့ တွေကို နင်တွေ့ရလိမ့်မယ်''

''ဒါပေမဲ့ ငါလုံးဝစိတ်မကောင်းဘူး ပန်းလွှာ၊ အဲဒီနေ့ကို ငါကြ တင် ရင်ခုန်ထားတာ၊ နင့်ကိုချစ်တဲ့အကြောင်းတွေပြောပြပြီး အတူ လျှောက်လည်ကြမယ်လို့တွေးထားတာ။ ငါ နင့်ကိုဘယ်လောက်ထိ တ ဖိုးထားတဲ့အကြောင်း၊ ငါတို့နှစ်ယောက်ရဲ့အနာဂတ်တွေ၊ ငါကြိုးစား တဲ့အကြောင်းတွေအားလုံး ရင်ဖွင့်ပြမယ့်နေ့ကွာ။ အဲဒီနေ့က နင်နဲ့ နှစ်ယောက်တည်းပဲ ရှိနေရမယ့်နေ့ပဲ ပန်းလွှာ''

ဖိတ်စာအပေါ်ပိုင်းတစ်ခြမ်း အသေရိုက်နှိပ်ပြီးစီးသွားသော မိုး မာန်၏အစီအစဉ်တွေကြောင့် ပန်းလွှာ သက်ပြင်းသာ ချလိုက်မိတော့ မိုးမာန်၏ ပန်းလွှာအပေါ်ထားရှိတဲ့ ပြင်းပြတဲ့အချစ်တွေ၊ လက်ထပ်ပြီး တဲ့အထိ အပိုင်ချည်တုပ်ထားမှုတွေ၊ အနာဂတ်အတွက် စိတ်ကူးယဉ်မှု တွေက အတိုင်းထက်အလွန်ပြင်းထန်လှတာမို့ သူစိတ်ကူးအတိုင်း တကယ် ဖြစ်မလာခဲ့ရင် ရူးများသွားလေမလား။ ခက်နေတာက သမီးရည်းစား





အလို ဘယ်လိုမှရင်ခုန်ကြည့်လို့မရသော၊ သူငယ်ချင်းအဆင့်ထက် ကျော်ပြီး တွေးပေးလို့မရသော၊ လုံးဝမလှုပ်မယှက် ငုတ်တုန်ထိုင်နေသည့် ပန်းလွှာ၏ရင်ဘတ်ကြီးပင်။

အဲဒီလိုလည်း ဖိတ်စာအောက်ပိုင်းတစ်ခြမ်းက လုံးဝမသေချာ သေးတာမို့ ပန်းလွှာအချိန်ယူမနေတော့ဘဲ ဒီနေရာမှာတင် ပွင့်လင်းရဲတင်း စွာဖွင့်ပြောဖို့ ပြတ်ပြတ်သားသားဆုံးဖြတ်လိုက်လေ၏။ ကြာလာလျှင် မိုးမာန်ဘက်က နေမြင့်လေ အရှုးရင့်လေဖြစ်မှာမျိုးတွေ၊ တစ်ဖွတ်ထိုး အဖောက်ကန်းနှင့် မလုပ်သင့်တာ လုပ်မိမှာမျိုးတွေကိုတော့ မလိုလား ။ ပန်းလွှာသည် လက်ပိုက်ပြီး ပြတင်းပေါက်နား သွားရပ်လိုက်တော့ မိုးမာန်ကပါ နောက်မှာလာရပ်သည်။ နောက်ထဲဝင်သွားသောမေမေက တော့ လုံးဝထွက်မလာတော့။

အကြောင်းကတော့ မိုးမာန်နှင့် ပန်းလွှာ၏ဖယားကို နှစ်ဖက်မိဘ တွေက စိတ်ကြိုက်အခွင့်အရေးတွေပေးထားသလို ပတ်ဝန်းကျင်ကလည်း ခြေခြေမြစ်မြစ်သိရှိနားလည်ပေးထားသောကြောင့်ဖြစ်သည်။ ပြီးတော့ ဒီအချိန်မှာ ဒီအကြောင်းတွေပဲပြောပြီး ဆွေးနွေးညှိနှိုင်းနေမည်ဆိုတာ သိသောကြောင့်ပင်။

''ငါလည်း နင့်ကိုအရမ်းအားနာမိတယ်မိုးမာန်။ နင် ငါ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့တန်ဖိုးတွေ၊ မြင့်မြတ်လေးနက်တဲ့အစီအစဉ်တွေအတွက်လည်း ဂုဏ်ယူမိပါတယ်။ ကျေလည်းကျေနပ်စရာတွေပါပဲ။ ဒါပေမဲ့ ငါ့အပေါ် စိတ်ဓာတ်တွေ အဲလောက်ပုံအောမထားပါနဲ့။ ပါးပါးလေးပဲ နေပေးပါ။ စိတ်ဓာတ်တွေ အရမ်းပြင်းထန်ပြီးမှ ကိုယ်လိုချင်တဲ့ပုံစံမျိုးမရခဲ့ရင် ရင်တွေနာကျင်ပြီး ပူလောင်တတ်လို့ပါ။ ငါ နင့်ကိုအားနာပေမယ့် ပြတ်ပြတ်သားသားပဲပြောလိုက်တော့မယ်။ မင်္ဂလာဖိတ်စာက အပေါ်တစ်ခြမ်းပဲသေချာတာပါ။ အောက်ပိုင်းက မဖြစ်နိုင်ပါဘူး''

''ပန်းလွှာ''

ခပ်မာမာဟန့်တားလိုက်ပေမယ့် ပန်းလွှာက အရှိန်အတိုင်း ကိုယ့်ရဲ့ဆုံးဖြတ်ချက်အတိုင်း နောက်လှည့်မကြည့်ဘဲ ဆက်လိုမ့်တော့သည်။

''ဘဝမှာ ရွှေရွှေချင်းထပ်လို့ မြတ်တာနဲ့ ငွေငွေချင်းထပ်လို့ မြတ်တာပဲ ငါကြားဖူးတယ် မိုးမာန်။ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ အမြတ်ထွက်တာမျိုးတော့ မကြားဖူးဘူး။ နင်လည်း မိသားစုက ခပ်များများ၊ ဒီကြားထဲ အဆင်မပြေတာတွေလည်း ရှိကောင်းရှိမယ်။ ငါလည်း မိသားစုက ခပ်များများ၊ ဒီကြားထဲ ကျောင်းစရိတ်တွေ စားစရိတ်တွေကို အလျှင်မိအောင် ရုန်းကန်နေရတယ်။ ဒီလိုလောကဓံကို ခါးစည်းခံနေရတဲ့ငါတို့ဘဝတွေက ဘာဖြစ်လို့ ဒုက္ခဆိုတာကို ရှာနေဦးမှာလဲ။ ငါဘာကိုဆိုလို





ယ်ဆိုတာ နင်သဘောပေါက်ပါတယ်''

''တော်ပြီ ပန်းလွှာ၊ ပေါက်တယ်, တစ်ဖက်ကမ်းခတ်လောက်အောင်ကို ပေါက်တယ်။ 'ဒုက္ခကိုအရင်းတည်မှ သုခကိုရသည်' ဆိုတဲ့စကားပုံကို နင်မကြားဖူးဘူးလား။ ရှေးလူကြီးတွေရဲ့စကားပုံက အလကားထားဖို့မဟုတ်ဘူး။ တကယ်လက်တွေ့ကျတယ်၊ တကယ်ထိတယ်၊ နင်နဲ့ငါက လောကဓံကို ခါးစည်းခံနေရတာမှန်ပေမယ့် ဘဝဆိုတာ ဒီအတိုင်းမသွားဘူး ပန်းလွှာ။ ကံတရားကလည်း ဒီတိုင်းနေမှာမဟုတ်ဘူး။ ငါတို့မှာ မြင့်မြတ်တဲ့စိတ်ကူးတွေရှိတယ်။ လှပတဲ့အနာဂတ်တွေရှိတယ်။ ရိုးရိုးသားသားနဲ့ ကြိုးစားအားထုတ်နိုင်တဲ့ ဖွဲလုံ့လ ဝီရိယတွေရှိတယ်။ ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်နိုင်တဲ့အခွင့်အလမ်းတွေရှိတယ်''

''. . . . . .''

''ငါက ကိုယ့်ကိုယ်ကို ယုံကြည်တယ် ပန်းလွှာ။ အဲဒီလိုယုံကြည်ကိုမှလည်း တိုးတက်မှုက မြန်မှာ။ နင်စိုးရိမ်တဲ့အချက်တွေကို ငါသိတယ်၊ သိလို့လည်း ငါ့ဘဝအတွက် ကြိုတင်ပြင်ဆင်မှုတွေရှိတယ်။ ပြီးတော့ နင်နဲ့လက်တွဲပြီးတော့လည်း အောင်မြင်တဲ့ဘဝတစ်ခုရအောင်ကြိုးစားနေတဲ့ကိစ္စတွေ ပြောပြခဲ့တယ်။ ဒါပေမဲ့ နင် ခုလိုအပြတ်ခါချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကတော့ လုံးဝမမိုက်ဘူး ပန်းလွှာ။ ဒုက္ခသည်အချင်းချင်းပေါင်းပြီး သုခဖြစ်လာတဲ့ဘဝမျိုးရှိတယ်လို့ ငါအလွယ်တကူမပြောဘူး။ ဒါပေမဲ့ တကယ်ရှိတယ်ဆိုတဲ့အကြောင်းကို ငါ လက်တွေ့လုပ်ပြမယ်''

''အဲဒါတွေ ငါစိတ်မဝင်စားဘူး မိုးမာန်။ ယုံလည်းမယုံဘူး။ ဝတ္ထုတွေ ဇာတ်လမ်းတွေထဲမှာတော့ ဖြစ်ချင်ဖြစ်နိုင်မှာပါ။ မသေချာ မရေရာတဲ့ဘဝမှာ နေနေရတဲ့လူဟာ မသေချာ မရေရာရာတဲ့အယူအဆတွေကိုလည်း လက်ခံနိုင်ဖို့အင်အားမရှိဘူး။ ဒီတော့ ဒီလောက်နဲ့ပဲ ငါ့အပေါ် စိတ်လျှော့လိုက်ပါ။ ငါတောင်းပန်ပါတယ်''

''လုံးဝမလျှော့ဘူး ပန်းလွှာ။ နင့်အကြောင်းပြချက်တွေက ဘာတစ်ခုမှအဓိပ္ပာယ်မရှိဘူး။ မျှော်လင့်ချက်တွေနဲ့ အသည်းအသန်ရုန်းကန်ကြိုးစားနေရတဲ့လူတစ်ယောက်ကို နည်းနည်းမှငဲ့ညှာမှုမပေးတာ ငါအရမ်းအံ့သြတယ်။ နင် ဒီလောက် ငါ့အပေါ်ကို ပစ်ပစ်ခါခါနဲ့ပြတ်သားရဲနေပြီဆိုရင် တခြားအကြောင်းတော့မရှိနိုင်ဘူး။ သားသက်ဝေဆိုတဲ့ကောင်နဲ့ပဲ ပတ်သက်နေရမယ်''

ဟုခပ်ပြတ်ပြတ်ပြောတာမို့ ပန်းလွှာ အပြင်ကိုလှမ်းကြည့်နေရာမှ နောက်လှည့်ပြီး မိုးမာန်နှင့်မျက်နှာချင်းဆိုင်လိုက်သည်။

''အကြောင်းပြချက်တော့မဟုတ်ဘူး မိုးမာန်။ ဘဝမှာ တကယ်





ခံစားနေရတာတွေ၊ တကယ်စိုးရိမ်နေရတာတွေကိုပြောပြတာ၊ အကြောင်းပြချက်လို့ခေါင်းစဉ်တပ်ရင်လည်း နောက်ထပ်ခံစားရတဲ့အကြောင်းပြချက်တစ်ခုကိုပြောပြမယ်။ အဲဒါကတော့ ငါ နင့်ကိုသူငယ်ချင်းလိုပဲချစ်တယ်၊ ဒါလည်း ခဏခဏပြောခဲ့ပြီးပါပြီ။ အခုထပ်ပြောရတာလည်း သားသက်ဝေ ပေါ်ပေါက်လာလို့မဟုတ်ဘူးနော် မိုးမာန်။ သူနဲ့ငါက အခုချိန်အထိ ခင်ရုံသားသားပဲ၊ ဒါပေမဲ့ ရှေ့ဆက်ပြီး ဆန်းပြားလာနိုင်မလား ဘာဖြစ်လာနိုင်မလဲဆိုတာ သေချာပြောလို့တော့မရဘူး။ သေချာတာကတော့ နင့်ကိုသူငယ်ချင်းထက် မပိုနိုင်တာပဲ''

''OK, right အဲဒါ ငါ့အတွက် သေချာတဲ့အဖြေပေါ့''

''......''

''ကောင်းပြီ၊အဲဒီနေ့မှာ နင်စီစဉ်ထားတဲ့လေးယောက်တွေ့ဆုံပွဲလေးအတိုင်း ငါပျော်ပျော်ရွှင်ရွှင် အေးအေးဆေးဆေးလိုက်တွေ့ပေးပါ့မယ်။ မျက်နှာချင်းဆိုင် နှိမ်ချပြောဆိုခြင်းခံလိုက်ရတဲ့ ယောကျာ်းတစ်ယောက်ရဲ့ခံစားချက်ဟာ ဘယ်လောက်ပြင်းရှသလဲဆိုတာ ငါချက်ချင်းမပြချင်ဘူး။ ဘာကြောင့်လဲဆိုတော့ နင်က ငါအရမ်းချစ်ရတဲ့မိန်းကလေးဖြစ်နေလို့။ ဒါပေမဲ့ နင်တစ်နေ့တော့ သိစေရမယ်''

ဟုပြောပြီး အဝင်တံခါးဆီ လှမ်းသွားတော့သည်။ သို့သော် အပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်မည်ကြံမှ မထင်မှတ်ဘဲ လှည့်လာပြန်၏။ ဒီနေ့မှ Free Sty
လည်းမဟုတ်၊ မြန်မာဝတ်စုံလည်းမဟုတ်ဘဲ ခနက်ရောင် အနော
တိုင်းဝတ်စုံကိုဝတ်ထားတာကြောင့် မိုးမာန်မှာရှိသည့် သေသပ်ခန့်ငြ
လှသောအရှိန်အဝါက မထင်မှတ်ဘဲ လင်းခနဲထွက်ပေါ်နေမှန်း သ
ထားလိုက်မိသည်။ ပြီးတော့ ပန်းလွှာအပေါ်ကို စိတ်ဓာတ်ခွန်အား
ကော၊ မျှော်လင့်ရင်ခုန်မှုတွေကော ပုံအောထားရာမှ ခုလိုအငြင်းခံလို
ရတဲ့အတွက်လည်း ရှက်ရွံ့မှုတွေ၊ နာကျင်မှုတွေ တနင့်တပိုးခံစားလို
ရမည်ဆိုတာ ပန်းလွှာကိုယ်ချင်းစာမိသည်။ ဒါပေမဲ့ နှလုံးသားက

"မထူးတော့ပါဘူး၊ နင် ငါ့ကိုအပြတ်ငြင်းလိုက်သလို ငါလ
နောက်ဆုံးအနေနဲ့အပြတ်ပြောခဲ့မယ်။ နင့်ရဲ့အချစ်စိတ်ဟာ သားသက်
အပေါ်မှာပဲရှိရှိ ဘယ်လိုယောကျ်ားမျိုးပေါ်မှာပဲရှိရှိ ငါစိတ်မဝင်စား
ငါစိတ်ဝင်စားရမှာက နင်ပဲ၊ ဒါကြောင့် ယောကျ်ားအချင်းချင်းသွာ
ပြဿနာမဖွာဘူး၊ ဟိုတယ်တွေမှာ အထက်တန်းကျကျတွေ့ဆုံပြီး
လည်း မဖိုက်ဘူး၊ လမ်းပေါ်မှာ အောက်တန်းကျကျ နပန်းလုံးမှုနဲ့လ
မဖိုက်ဘူး၊ ဝတ္ထုဆန်တယ်၊ ရုပ်ရှင်ဆန်တယ်။ ငါတကယ်လုပ်ပြီးမ
အရင်းအမြစ်ကို တစ်ချက်တည်းနဲ့ရှင်းပစ်မှာ"

"မိုးမာန်၊ နင် အဲလောက်ထိကြိမ်းမောင်းရအောင် ငါ့ဘက်





ဘာတွေဖြစ်နေလို့လဲ၊ နင်ပြောတဲ့ပုံစံက ကမ်းကုန်ရောပဲ၊ ငါ့မှာ ကောင်လေးဇယားတွေ တစ်ပဲတစ်ပြားမှမတန်အောင် ရှုပ်နေသလိုပဲ"

"အေး၊ ကိုယ်စိတ်ဝင်စားတဲ့အရာဆိုရင် ကမ်းကုန်အောင်တွေးထားရတယ်။ နင်ပြောသလို သားသက်ဝေနဲ့ပတ်သက်ရင် ရှေ့ဆက်ပြီး ဆန်းပြားလာနိုင်မလား၊ ဘာဖြစ်လာနိုင်မလဲဆိုတာ သေချာပြောလို့မရဘူးဆိုသလိုပဲ ငါလည်း ငါ့စိတ်က ရှေ့ဆက်ပြီး ဘာတွေလုပ်မိမယ်ဆိုတာ ပြောလို့မရဘူး"

"......"

"ဒီမှာ ပန်းလွှာ၊ ငါက အချစ်နဲ့ပတ်သက်လာရင် ဘာပဲလုပ်ရလုပ်ရ ကမ်းမမြင်လမ်းမမြင်ပဲ၊ နောက်ဆုံး သူ့အသက်ကိုပဲယူရယူရ၊ ကိုယ့်အသက်ကိုပဲပေးရပေးရ ဘယ်သူ့မှဂရုမစိုက်ဘူး။ ငါ ဂရုစိုက်တာ တစ်ခုပဲရှိတယ်၊ ကိုယ်လိုချင်တဲ့အချစ်ကို ရအောင်ယူဖို့ပဲ"

ဆိုပြီး ပန်းလွှာ၏မျက်ဝန်းတွေကို စူးစူးနစ်နစ်စိုက်ကြည့်ပြီး ထွက်သွားတော့သည်။ အပြောနှင့်အလုပ်ကို တစ်ထပ်တည်းကျအောင် လုပ်ကိုင်ပြတတ်သည့် မိုးမာန်၏လေလုံးထွားထွားတွေကြောင့် 'သေလိုက်' ဟုပြန်အော်လိုက်ပေမယ့် တကယ်တမ်းကျ နှုတ်ကထွက်မသွားခဲ့ပေ၊ ငြင်းမှုတွေ စိတ်လှုပ်ရှားမှုတွေသာများပြီး နှုတ်ခမ်းကိုကိုက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သာ ကျန်ခဲ့ရလေ၏။ ဘာမှလည်း လုပ်ချင်စိတ်မရှိ၊ ဘာမှလည်း ပြော ချင်စိတ်မရှိတော့ဘဲ ရေကိုသာ အချိန်ဆွဲပြီး ချိုးနေလိုက်မိတော့သည်။ အရာရာကိုနားလည်သိရှိထားသော၊ အရိပ်အကဲကိုမြင်ထားသောမေမေ ကလည်း ဘာမှမမေးတော့။ ထမင်းစားချင်စိတ်မရှိဘဲ ကော်ဖီတစ်ခွက် သာ ဖျော်သောက်ပြန်တော့လည်း 'ဒါမျိုးတွေ ငါတို့က ဖြစ်လာတာပါ' ဆိုသည့်မျက်လုံးမျိုးဖြင့် မေမေက ဝေးဝေးကလှမ်းကြည့်ပြီး ငြိမ်သက် နေခဲ့သည်။

ညဘက် တစ်အိမ်သားလုံး အိပ်ရာဝင်ချိန်ကျမှ အိပ်မရဘဲ ဧ ကြည့်စားပွဲလေးဘေးနားမှာ ထိုင်တွေးနေသောပန်းလွှာဆီသို့ မေမေ တိတ်တဆိတ်ဝင်ရောက်လာခဲ့ပြီး ပြောဆိုသွားခဲ့ပါသည်။

"သမီးနဲ့မိုးမာန် ဘာတွေဖြစ်သလဲဆိုတာ မေမေသိတယ်။ အချေ အနေအားလုံးကိုလည်း အကဲခတ်လို့ရတယ်။ ပြီးတော့ တိုက်နှစ်နဲ့ တိုက် တစ်. ကပ်နေတဲ့ငယ်သူငယ်ချင်းဇာတ်လမ်း။ အားလုံးကလည်း သိပြ နားလည်မှုပေးထားကြပြီ။ ဒီတော့ မေမေရှည်ရှည်ဝေးဝေးမပြောချ တော့ဘူး။ အဓိကကျတာကိုပဲပြောမယ်"

"......"

"မေမေကတော့ သမီးကို မိုးမာန်နဲ့သဘောတူတယ်၊ ဘာကြော





လဲဆိုတော့ ဒီကလေးက စိတ်ဆတ်တယ်၊ စိတ်မြန်တယ်ဆိုပေမယ့် သဘောထားက ရိုးသားဖြူစင်တယ်။ အချိန်တိုင်းမှာလည်း ဘဝတိုး တက်အောင် အလုပ်ကိုပဲ တစ်နည်းမဟုတ်တစ်နည်းနည်းနဲ့ ကြိုးစား လုပ်ကိုင်နေတာကိုတွေ့ရတယ်။ သမီးအပေါ် ချစ်တာတွေ သစ္စာရှိတာ တွေ တန်ဖိုးထားတာတွေကိုလည်း မေမေမြင်နေရတယ်၊ အတိုင်းထက် ကိုလွန်ပါတယ်။ ပြီးတော့ လူကြီးမိဘအသိုင်းအဝိုင်းချင်းလည်း အရမ်း အဆင်ပြေတယ်။ အဆင်းသိ ဇာတ်သိတွေ၊ သူ့အထုပ် ကိုယ်သိ၊ ကိုယ့် အထုပ် သူသိဆိုတော့ အထွေအထူးပြောစရာမလိုတော့ဘူး။ ဒီခေတ် မှာ ကိုယ့်အပေါ်ကို အသေးစိတ်ကစပြီး အစစအရာရာလိုက်လျောနိုင် တဲ့သူဆိုတာ အရမ်းရှားသွားပြီ"

"......"

"ဒါကြောင့် မေမေက သမီးကိုစဉ်းစားစေချင်တယ်၊ သမီးလည်း အရွယ်ရောက်ပြီပဲ၊ မေမေဆိုလိုတဲ့သဘောကို နားလည်မှာပါ။ သမီးစိုး နိမ့်တဲ့အချက်တွေ ဒီလိုပုံစံခွက်ဘဝထဲမှာနေရလို့ ငြီးငွေ့နေရတာတွေ ကို မေမေသိတယ်။ နှစ်ယောက်လုံး တစ်လစာနဲ့တစ်လစာကို အလျှင်မီ အောင် ရုန်းကန်ဖြေရှင်းနေရတဲ့ ထူးမခြားနားဘဝတွေမှ ပေါင်းဖက် လိုက်ရင် ဘာထူးလာမှာမို့လဲဆိုတဲ့ သမီးရဲ့ကြောက်ရွံ့စိတ်ပျက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေကိုလည်း မေမေသိတယ်။ ဒါပေမဲ့ လူကံဆိုတာ ဒီတိုင်းမနေဘူး။ ဘာတွေဖြစ်လာမလဲဆိုတာ မှန်းဆလို့ကိုမရဘူး။ သမီးတို့နှစ်ယောက်လုံးဟာ ငယ်သေးတဲ့အပြင် အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်နေကြသူတွေဆိုတော့ တိုးတက်နိုင်တဲ့အခွင့်အရေးတွေ အများကြီးရှိတယ်"

"......"

"တကယ်ကြိုးစားနေတဲ့လူတွေအတွက် တိုးတက်ဖို့နည်းလမ်းကမရှားဘူး။ မေမေကတော့ မိုးမာန်ကိုယုံတယ်"တဲ့။

မေမေပြောသွားသောစကားတွေက မိုးမာန်နှင့် စည်းဝါးကိုက်ထားသလို တစ်ထပ်တည်းကျနေသည်။ ပြီးတော့ ပန်းလွှာနေရာမှာသာ မင်းလူတို့ အကြည်တော်တို့ဝတ္ထုထဲက ဇာတ်လိုက်မင်းသမီးကလေးဆိုလျှင် အိပ်ပိုက်နေမှာလည်း သေချာသည်။ ပန်းလွှာကတော့ အိပ်မငိုက်ပေမယ့် စကားတစ်လုံးမှပြန်ပြောလို့မရဘဲ Statue လိုဖြစ်နေ၏။

အိပ်ရာထဲဝင်ပြန်တော့လည်း မေမေပြောသွားသောစကားတွေကို ဆင်ခြင်သုံးသပ်တွေးတောခြင်းမရှိ။ မိုးမာန်ကြိမ်းမောင်းသွားသော လေလုံးတွေကိုလည်း စိုးရိမ်ကြောက်လန့်မှုမရှိဘဲ ထူးထူးဆန်းဆန်း သားသက်ဝေကိုသာ မြင်ယောင်နေမိသည်မှာ အလွန်အံ့သြရပါသည်။

ပိုပြီးအံ့သြရတာက မနက်ဘက် ပန်းလွှာက Paradise ရှေ့သို့





ရောက် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသောသူကလည်း ပေါ်ကဆင်းလာပြီး

"Woo....မင်း အခုမှရောက်တာလား၊ အရမ်းလှတယ်"

"Oh....ကိုသားသက်ဝေ၊ အစောကြီးရောက်လာပါလား။ Morning"

မထင်မှတ်ဘဲ နှုတ်ဆက်စကားတွေက တစ်ပြိုင်တည်းထွက်သွားမို့ အတူတူရယ်လိုက်မိတော့၏။ ပြီးတော့ ကတ်လေးတစ်ခုကိုပေး...

"လမ်းကြုံတာနဲ့ ဒါလေးလာပေးတာ၊ Valentine နေ့ကျရင် ဟိုတယ်ကို ဆယ့်တစ်နာရီလောက် လာခဲ့နော်"

ဟုပြောပြီးထွက်သွားတော့သည်။ သို့သော် ပန်းလွှာဆက်လျှောက်ချိန်မှာ သူက 'ပန်းလွှာ'ဟုလှမ်းခေါ်ပြီး အနားရောက်လာပြန်သည်။

"Valentine နေ့ကျမှပြောမယ်လို့ တွေးထားတာ၊ ဒါပေမဲ့ ပန်းလွှာကိုမြင်တော့ မပြောရရင်မနေနိုင်ဘူး။ ကိုယ် ညကအိပ်မက်မက်တယ် ပန်းလွှာ၊ အိပ်မက်က အရမ်းထူးဆန်းတယ်၊ ကိုယ်တို့နှစ်ယောက် အခုလိုမြင်မှာစကားပြောနေရတဲ့အတိုင်းပဲ၊ ပန်းခြံကြီးအလယ်မှာ မင်းက ကိုယ့်ကို Flower Language တွေ သင်ပေးနေတာတဲ့။ အိပ်ရာနိုး



www.burmeseclassic.com

www.burmeseclassic.com



နှိုးချင်းမှာပဲ အဲဒီအိပ်မက်ကို ကဗျာတစ်ပုဒ်လုပ်ပစ်လိုက်တယ်။ ကဗျာ
မပီတာမပီပေမယ့် အဲဒါလေးကိုဖတ်ကြည့်ရင် အိပ်မက်ထဲကိုရောက်သွား
စေတယ် ပန်းလွှာ။ မင်းကြောင့် ဒီလိုရေးဖြစ်သွားတာ''

သူက ထိုစကားတွေကိုပြုံးပြီး ရွှန်းရွှန်းစားစားစိုက်ကြည့်ရင်
ပြောသွားခဲ့တာဖြစ်သည်။ ဒီတစ်ခါတော့ နောက်လှည့်မကြည့်တော့
ပန်းလွှာကသာ သူ့ကားလေးကိုမျက်စိတစ်ဆုံးလိုက်ကြည့်ပြီး ရင်တသိ
သိမ့်တုန် ကျန်ခဲ့တာဖြစ်လေသည်။

ဒါကြောင့် နှလုံးသားဆိုတာ အရှုံးပေးထားရတယ်။ သူ့ကို
မစိုက်ဘဲ အလိုက်အထိုက်ကလေးနေသွားမှ တော်ကာကျမယ်။ ဘာ
ကြောင့်လဲဆိုတော့ မျက်နှာအရမ်းလိုက်တတ်ပြီး နားလည်ရခက်ခဲလှ
တဲ့ အဲဒီနှလုံးသားက သူလှုပ်ရှားချင်တဲ့သူအပေါ်မှသာ လှုပ်ရှားတ
ယ့်လေ။

Valentine နေ့ကျတော့ ပန်းလွှာကိုအစာမကြေသောမိုးမာန်
ကြည့်ကောင်းရှုပျော်ဝတ်ပြီး အတူတူလိုက်လာပေးလို့ ကျေးဇူးတ
သေးသည်။ အခုနောက်ပိုင်းဘယ်လိုဖြစ်သည်မသိ၊ Sport Shirt
Quarter Pants တွေချည်းမဝတ်တော့ဘဲ မြန်မာဝတ်စုံကိုအလ
သင့်သလိုဝတ်တတ်နေ၏။



အင်း,သူလည်း သူဌေးတွေအပြင် စီးပွားရေးသမားတွေနှင့်ဆက်ဆံနေရပြီဆိုတော့ ပဲဆီ နှမ်းဆီ စက်ဆီတွေပြချင်ဦးမှာပေါ့။ ဒီကြားထဲ ပြောလို့မရ တကယ်လည်း အလုပ်ကြိုးစားသော သူဌေးတွေကြားထဲမှာလည်း ဟိုစပ်စပ်ဒီစပ်စပ်ပါနေသော ကိုရွှေမိုးမာန်က Promotion တွေဘာတွေ တက်သွားနိုင်သေးသည်။

ဇော်လံလည်ကတုံး၊ ရှပ်လက်ရှည်အဖြူရောင်ကို နီညိုရောင်အကွက်စိပ်စိပ်ပုဆိုးနှင့်တွဲဝတ်ထားပြီး ကတ္တီပါအညိုရောင်ဖိနပ်ကိုစီးထားသော မိုးမာန်ဒီဇိုင်းက သူ့ကိုယ်သူ ပြေတီဦးလိုလို လေတီဦးလိုလို ပုဆိုးကြော်ငြာပဲ သွားရိုက်တော့မလိုလိုပေါ့။

ထိုဒီဇိုင်းကြောင့်လည်း ပန်းလွှာတို့ မတည့်အတူနေနှစ်ဦး၏ ရာဇဝင်ကိုသိရှိထားကြသူများက ပန်းလွှာတို့နှစ်ယောက်အား လိုက်ဖက်အညီဆုံး နေနှင့်လ ရွှေနှင့်မြစုံတွဲဟု ကောင်းချီးပေးထားကြတာဖြစ်သည်။

သို့သော် ပန်းလွှာတို့နှစ်ယောက်ထက်ပိုပြီး လိုက်ဖက်အညီဆုံးဖြစ်သော နေနှင့်လ ရွှေနှင့်မြလိုကြည့်လို့အကောင်းဆုံးဖြစ်သောအတွဲတစ်တွဲကို သားသက်ဝေ ချိန်းဆိုထားသည့် Sun Set Terrace Hotel သို့အရောက်တွင် အံ့ဩဖွယ်ရင်ဆိုင်လိုက်ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတော့ တခြားမဟုတ်။ ကိုရီးယားမင်းသားမင်းသမီးတွေလို တက်တက်ကြွကြွ လင်းလင်းလက်လက်လှသော သားသက်ဝေတို့သူငယ်ချင်းစုံတွဲပင်ဖြစ်လေသည်။

ပန်းလွှာသည် မိန်းကလေးချင်းပင် အားကျဂုဏ်ယူဖွယ်ဖြစ်အောင်လှသော သားသက်ဝေဘေးမှ သူငယ်ချင်းမလေးကို ရင်သပ်ရှုမောစွာစိုက်ကြည့်မိတော့၏။

ပခုံးအောက်ထိ ဝဲကျနေသော ရွှေညိုရောင်ဆံနွယ်လှိုင်းတွေ၊ ဖြူဆွတ်နေသောအသားအရေနှင့်အတူ စူးထက် တောက်ပနေသော အညိုရောင်မျက်လုံးရွှဲကြီးတွေ. . .

နှာတံလုံးလုံးစင်းစင်းနှင့် နှုတ်ခမ်းပြည့်ပြည့်ဖူးဖူးကလေးတွေ. . .

လှပခေတ်မီသောနားဆွဲနှင့် ဗိုက်ထိရှည်ကျနေသော Fancy ဆွဲကြိုးတွေ၊ Stocking ဘောင်းဘီအကပ်ကို ပေါင်တစ်ဝက်လောက်ရှိသော စိမ်းပြာရောင်အင်္ကျီနှင့်တွဲဝတ်ပြီး စိမ်းပြာရောင် လေဒီရှူးအမြင့်ကြီးကို ဆင်မြန်းထားပုံတွေ. . .

ကြည့်စမ်း! အဆင့်မြင့်မြင့် နိုင်ငံခြားဆန်ဆန်လှသော ခေါင်ခိုက်နေသည့်အလန်းဇယားတည်း။

✿✿✿



## အခန်း ( ၅ )

သက်ဝေသည် ယောကျ်ားချင်းပင် အားကျဂုဏ်ယူဖွယ်ကောင်းအောင် သန့်ရှင်းသပ်ယပ်နေသော ပန်းလွှာဘေးမှ သူငယ်ချင်းကောင်လေးကို တအံ့တသြစိုက်ကြည့်မိတော့၏။ မြန်မာဝတ်စုံကိုဝတ်ထားပြီး နက်ရောင်တိုကပ်နေသောဆံပင်နှင့် ခန့်ငြားမှုအရှိန်အဝါအပြည့်ရှိသူ ပုဂ္ဂိုလ်က အဝါနုရောင် ဒူးအတိ စကတ်ဝမ်းဆက်ကလေးဝတ်ပြီး မာဆန်ဆန်နှင့် လှချင်တိုင်းလှနေသောပန်းလွှာကများနှင့် အတူတွဲနေပုံမှာ မသိလျှင် Couple ဟုပင် ထင်ရလောက်ပါသည်။

"သက်ဝေ့နင်ပြောတဲ့ပန်းလွှာပုံပြင်ကို ငါစိတ်ဝင်စားသွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အရမ်းလှတာပဲနော်။ ဒါကြောင့် နင့်ရဲ့ကြွားလုံးတွေက စားတာ''

ရုတ်တရက် နိုဘယ်က ခပ်သွက်သွက်ပြောလိုက်တော့ ပန်းလွှာ ကလည်း 'သူလည်းလှပပါတယ်'ဟုပြန်ပြောတာမို့ တွေ့တွေ့ချင်းပ လေးယောက်လုံးပြုံးမိပြီး နွေးနွေးထွေးထွေးရှိသွားခဲ့၏။

''ခုလိုရောက်လာပေးတဲ့အတွက် အရမ်းကျေးဇူးတင်တယ် ပန်း လွှာ။ ကိုယ် သီးသန့်အခန်းတစ်ခု စီစဉ်ထားတယ်''

သက်ဝေသည် ပြောပြောဆိုဆို ရှေ့မှဦးဆောင်ခေါ်လာခဲ့ရာ အခန်း ထဲရောက်လို့ မျက်နှာချင်းဆိုင်မထိုင်ဖြစ်ခင်မှာဘဲ မိတ်ဆက်ပေးဖို့အ အစဉ်ကိုပြုလုပ်လိုက်သည်။ ထိုပထမဆုံးအစီအစဉ်မှအစပြုပြီး သေသ လုပသောအစီအစဉ်တွေ တစ်ခုပြီးတစ်ခုဖြင့် သူတို့၏ဖေဖော်ဝါရီဆယ် လေးရက်တွေ့ဆုံမှုလေးက အောင်မြင်ခဲ့ပါသည်။

☆ အစီအစဉ်နံပါတ်(၁)က ☆☆☆

''ပန်းလွှာ,ဒါ ကိုယ့်ရဲ့အချစ်ဆုံးသူငယ်ချင်း နိုဘယ်ထင်အော လို့ခေါ်တယ်၊ နိုဘယ်, ဒါ ငါ့ရဲ့ပန်းလွှာကဗျာလေ''

''ဟုတ်,တွေ့ရတာ ဝမ်းသာပါတယ် မနိုဘယ်ထင်အောင်''

''တို့လည်း ဝမ်းသာပါတယ်၊ ဒီလို Valentine နေ့မှာတွေ့ရတ ပိုပြီးတော့တောင် ပျော်စရာကောင်းပါတယ်။ တို့ငယ်သူငယ်ချင်းတွေ





ရင်းရင်းနှီးနှီးပဲပြောရအောင် ပန်းလွှာ, Please...''

နိုဘယ်က ပြောရင်းလက်ကမ်းပေးတာမို့ သူမတို့လက်တွေ ခပ် တင်းတင်းဆုပ်၍ မိတ်ဆက်အပြီးမှာ ပန်းလွှာကလည်း ပြန်လည်မိတ် ဆက်ပေးသည်။

''ကိုသားသက်ဝေ,ဒါ ကျွန်မရဲ့အချစ်ဆုံးငယ်သူငယ်ချင်း မိုးမာန် လို့ခေါ်တယ်၊ မိုးမာန်,ဒါ ငါနဲ့အရမ်းရင်းနှီးနေတဲ့ သားသက်ဝေလေ''

''ဟုတ်, တွေ့ရတာ ဝမ်းသာပါတယ် ကိုမိုးမာန်''

''ကျွန်တော်လည်း ဝမ်းသာပါတယ် ကိုသားသက်ဝေ၊ ရင်းရင်း နှီးနှီးပဲပြောလို့ရပါတယ်, Please...''

မိုးမာန်ကပြောရင်း လက်ကမ်းပေးတာမို့ သူတို့လက်တွေ ခပ် တင်းတင်းဆုပ်၍မိတ်ဆက်အပြီးမှာ နိုဘယ်နှင့်မိုးမာန်အလှည့်ကျသွား ပါသည်။ ဒီတစ်ခါတော့ သူနှင့်ပန်းလွှာစကားမစရသေးခင် နိုဘယ်က စတင်ပြီး လက်ကမ်းပေးလိုက်တာဖြစ်၏။

''ရှယ်တူတွေဆိုတော့ ပွင့်ပွင့်လင်းလင်းပဲပြောကြရအောင် မိုးမာန် ဒီလိုအဖော်လိုက်လာပေးတဲ့အတွက် Thank you very much ပါ။ မင်းသာလိုက်မလာရင် သူတို့နှစ်ယောက်ကြားမှာ တို့ဘယ်လောက် ပေါင်နေမလဲမသိဘူး, Please...''



www.burmeseclassic.com

www.burmeseclassic.com



"Thank you ပါ၊ ကျွန်တော်ကလည်း လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနေရတာကိုပဲကြိုက်တာဗျ။ ဒါပေမဲ့ ခော်ဒါအသစ်နဲ့ စတွေ့ရမှာမို့လို့ ပဲလေးဘာလေးတော့ ပေးလာရတာပေါ့ဗျာ"

လက်ဆွဲမိတ်ဆက်ပြီးပြောနေကြပုံက မထင်မှတ်ရလောက်အောင် ရင်းနှီးပုံမြန်လွန်းလှသည်။

"မင်းပုံက ပဲမပေးလည်း မိုက်ပါတယ်။ ပြေတီဦးအတိုင်းပဲ"

"သူက (ပြေ) ပြည်တီဦးဆိုတော့ ကိုယ်က ရန်ကုန်တည်ဦးပေ့ ဒါပေမဲ့ ကိုယ်က ပြေတီဦးထက် ပိုချောတာပေါ့ နှိဘယ်ရဲ့"

မိုးမာန်ကလည်း နှိဘယ့်လိုပင် ခေသူမဟုတ်၊ Funcy ဆန်ဆန် အထာကျလွန်းပုံကြောင့် အားလုံးရယ်ပြီး ထိုင်လိုက်ကြတော့သည်။ ထိုင် လိုက်တော့လည်း ထူးထူးဆန်းဆန်း သူနှင့်ပန်းလွှာကတစ်တွဲ၊ နှိဘယ် နှင့် မိုးမာန်ကတစ်တွဲ မျက်နှာချင်းဆိုင်ဖြစ်သွားလေသည်။ သက်ဝေ အရမ်းပျော်သွားလေ၏။

☆ အစီအစဉ် နံပါတ်(၂)က ☆☆☆

Waiter ဝင်လာစဉ်မှာ menu ကိုင်ပြီး အစားအသောက်ရွေး ကြခြင်းပင်ဖြစ်သည်။ သက်ဝေက အမေးသမား၊ မိုးမာန်နှင့်ပန်းလွှာ အငြိမ်ဖယားပြုပြီး နှိဘယ်ကတော့ ခင်ကြီးကျယ်ပုံစံမျိုးမို့ ဖြေရသည်





Waiter က မမောနိုင်ဘဲ ပြုံးလို့သာနေလေ၏။

"နှိဘယ့်,အစားအသောက်တွေက နင့်အတွက် အရမ်းရိုးနေပြီ ဆိုရင် မထူးပါဘူးဟာ၊ ဒီဟိုတယ်ရဲ့နာမည်အကြီးဆုံး ကိုရီးယားအစား အစာနဲ့ ထိုင်းအစားအစာပဲ မှာလိုက်ပါလား"

"ဟာ,အဲဒါတွေက havy ဆန်ပါတယ်၊ ဒီနေ့က အရမ်းပျော် စရာကောင်းတဲ့နေ့ဆိုတော့ လွတ်လွတ်လပ်လပ်နဲ့ စားချင်တာတွေ လျှောက်စားလို့ရအောင် ဘူဖေးစားရင်ကောင်းမယ်ထင်တယ် သက်ဝေ၊ ဟော့တ်ပေါ့တ်နဲ့ ဘာဘီကယူး စားရအောင်။ ကြိုက်လား မိုးမာန်၊ ပန်းလွှာကော သဘောတူသလား"

"ကိုယ်ကတော့ ဘာဖြစ်ဖြစ်ဆွဲမှာပဲ" (မိုးမာန်)

"ကျွန်မလည်း ဘာဖြစ်ဖြစ်ရပါတယ်" (ပန်းလွှာ)

"ဒီကဟော့တ်ပေါ့တ်အိုးကြီးက မိုက်တယ်ကွ၊ အလယ်မှာ ဟော့တ် ပေါ့တ်ကိုထားပြီး ဘေးပတ်ပတ်လည်နှုတ်ခမ်းတွေပေါ်မှာ အသားတွေ ကင်လို့ရအောင် ဆင်ထားတာ၊ လျှပ်စစ်တို့ ဂက်စ်တို့လည်း မသုံးဘူး။ မီးသွေးစစ်စစ်နဲ့စီစဉ်ပေးထားတာ၊ အသားကင်စားတဲ့နေရာမှာ မီးသွေး နဲ့ကင်ပြီး စားရတဲ့အသားတွေက အကောင်းဆုံးပဲတဲ့၊ မှာလိုက်မယ်နော် သက်ဝေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမသဘောပါပဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကောင်းကောင်း သုံးဆောင်ပါ့မယ်"

သက်ဝေအဖြေကြောင့် မိုးမာန်နှင့်ပန်းလွှာက ရယ်လေသည်။

"ဒီမှာဘော်ဒါကြီး၊ဘူဖေးဆိုပေမယ့် ကိုယ်ဆွဲချင်တာ လိုက်မဆွဲ တော့ဘူး။ ဟော့တ်ပေါ့တ်နှစ်အိုး ယူလာပေးပါ။ ပြီးတော့ ငါးတွေ ပုစွန် တွေနဲ့ အသားတွေကို သင့်တော်သလိုထည့်လာပေးပါ။ လိုအပ်မှ ထပ် မှာပါ့မယ်"

ဟုမှာလိုက်တော့ Waiter ထွက်သွားပြီး မကြာခင်မှာပင် စား သောက်ဖွယ်ရာတွေ ရောက်လာတော့သည်။ နိုဘယ်က သက်ဝေနှင့် မိုးမာန်ကို ကင်ပေးလိုက်၊ သက်ဝေက ပန်းလွှာနှင့်နိုဘယ်ကို ကင်ပေး လိုက်၊ ပြီးတော့ မိုးမာန်ကလည်း အားလုံးကိုကင်ပေးလိုက်နှင့် အရမ်း ပျော်စရာကောင်းပါသည်။ ဘယ်သူ့ကိုမှကင်မပေးဘဲ အားလုံးကင်ပေး တာကို ဒိုင်ခံမလှုပ်မယှက်စားနေသူက ပန်းလွှာပင်တည်း။

လေးယောက်သား ရောက်တတ်ရာရာတွေကိုပြောရင်း စားသော ကြသည်မှာ ပွင့်လင်းလွတ်လပ်မှုများစွာဖြင့် မထင်မှတ်လောက်အောင် ခဏအတွင်း ငယ်သူငယ်ချင်းအစစ်တွေလိုဖြစ်သွားခဲ့ပါသည်။ ပြီးတော့ ပန်းလွှာကအရင် ဘောလ်ပင်တွဲလျက်ပါသော အနက်ရောင်စာအုပ်လေး





အုပ်ကိုထုတ်ပြီး Valentine အမှတ်တရအဖြစ် တစ်ယောက်တစ် ခု လက်ဆောင်ပေးပါသည်။

လွှာ။ ။ "တန်ဖိုးမရှိပေမယ့် အမှတ်တရဖြစ်စေပါတယ်"

ဘယ်။ ။ "ဟယ်၊စာအုပ်ကလေးတွေက ချစ်စရာလေး၊ ထူထူအိအိ ပန်းလွှာ၊ Thanks...နော်၊ တို့မှာ အဲဒီအစီအစဉ်ပါမလာခဲ့ဘူး။ သောက်ပြီးလို့ လျှောက်လည်တဲ့အခါကျမှပဲ ဝယ်ပေးမယ်လို့တွေး တာ။ သက်ဝေ၊နင်ကော ဘာပေးမှာလဲ"

က်ဝေ။ ။ "ငါလည်း နင့်လိုပဲပေါ့၊ အားလုံးပျော်သွားရအောင် ရှယ် မှာပါ။ ပန်းလွှာ၊စာအုပ်ကလေးရတဲ့အတွက် ဝမ်းသာပါတယ်၊ ကိုယ်က entine နဲ့ပတ်သက်လာရင် လက်ဆောင်ပစ္စည်းတွေကို သိပ်စဉ်းစား တ်တာမဟုတ်ဘူး။ ခေါင်းထဲမှာ အသိတစ်ခုပဲရှိတယ်၊ အဲဒါဘာလဲ တော့ Valentine နေ့ရောက်ရင် ချောကလက်ပေးရမယ်ဆိုတာပဲ"

ဘယ်။ ။ ဟာ၊အဲဒါက သမီးရည်းစားတွေ ပေးကြတာပါ သက်ဝေရယ်"

က်ဝေ။ ။ ဘယ်သိမလဲဟ၊ Valentine နဲ့ချောကလက်ကတွဲလျက် တော့ ငါ့အသိမှာ ဒါပဲရှိတာကို၊ အဘိုးအဘွားတွေလည်း ပေးဖူးတယ်၊ သနဲ့မေမေကိုလည်းပေးတယ်၊ နင့်လည်းပေးတာပဲ၊ ဖေဖေပြောဖူး တော့ လက်ခံစရာပဲ၊ သူ့အယူအဆပေါ့၊ Valentine day ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတွေအတွက် သီးသန့်ပေါ်ပေါက်လာတာလို့ဆိုပေမယ့် ချစ်သူစုံတွဲတွေအပြင် ကိုယ်ခင်မင်လေးစားရသူ ကိုယ်တန်ဖိုးထားရသူတွေအတွက် အကြုံးဝင်တယ်တဲ့''

ပန်းလွှာ။ ။ ကျွန်မလည်း အဲဒီအယူအဆကိုလက်ခံရမှာပဲ။ Valentine တွေဘာတွေဆိုတာ ကျွန်မတို့အတွက် အထွေအထူးအချိန်ပေးနိုင်တာမဟုတ်တော့ ဘယ်သူ့ကိုမှ ဘာလက်ဆောင်မှမပေးဖူးဘူး။ ခုမှပေးဖူးတာ၊ ရလည်းမရခဲ့ဘူး။ မိုးမာန်ပေးတဲ့ချောကလက်တွေတော့ ရဖူးတယ်၊ သူကလည်း Valentine ဆို ဒါပဲပေးရမယ်ထင်တာ''

မိုးမာန်။ ။ ဟုတ်တယ်ဗျ၊ ကျွန်တော်နဲ့ကိုသက်ဝေနဲ့အတူတူပဲ။ Valentine ဆိုရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ချောကလက်ပေးရမယ်ဆိုတာပဲသိတယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှတော့ မပေးဖူးဘူး။ အဦးဆုံး ပန်းလွှာကိုပဲပေးတာ၊ ကျွန်တော်တို့က ဘဝသမားတွေဆိုတော့ Valentine နေ့တွေဘာတွေလည်း သိပ်ခေါင်းထဲထည့်တာမဟုတ်ဘူး။ သူ့ဘာသာကျော်ဖြတ်သွားတာပဲ ဒီနေ့တော့ ဒီသုံးယောက်ကို ချောကလက်ဘူးလေးတွေ ဆင်တူဝယ်ပေးမယ်လို့ ဆုံးဖြတ်ထားတယ်''

နှိုဘယ်။ ။ တို့သိတဲ့အသိကတော့ Valentine နေ့မှာ ကိုယ့်ချစ်သူကိုပဲ ချောကလက်ပေးရမယ်လို့ နားလည်ထားတာယ်။ ချစ်သူမဟုတ်တဲ့





ဘော်ဒါတွေကိုတော့ ဘာပဲပေးပေးပေါ့။ ဂျပန်မှာနေတဲ့သူငယ်ချင်းတစ်ယောက်က ပြောဖူးတယ်၊ သူတို့ဆီမှာရှိတဲ့လူငယ်တိုင်းကိုဆိုလိုတာတော့မဟုတ်ဘူး။ တချို့လူငယ်အများစုရဲ့အယူအဆပေါ့၊ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကိုချစ်တယ်ဆိုရင် ဖွင့်မပြောဘဲ Valentine နေ့ကျမှ ချောကလက်ကလေး ကျွေးလိုက်တယ်တဲ့၊ နောက်တစ်လပြည့်တဲ့နေ့ March 14 မှာ ကောင်လေးပေးတဲ့ချောကလက်မျိုးကို အဲဒီကောင်မလေးက ပြန်ပေးခဲ့မယ်ဆိုရင် 'ချစ်တယ်'ဆိုတဲ့အဖြေကိုပေးလိုက်တာပဲတဲ့။ အဲဒီအယူအဆလေးကတော့ ချစ်ဖို့ကောင်းတယ်နော်''

သက်ဝေ။ ။ အင်း,ဒါဆိုရင်တော့ ပန်းလွှာနဲ့ ကိုမိုးမာန်, နှိုဘယ်ပြောတာ ယုံရလိမ့်မယ်။ သူပြောတာတွေက မှန်တာများတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဆေးကျောင်းတစ်ဖက်နဲ့ သတင်းထောက်လုပ်နေတာ၊ အကုန်မှာ ဘာဖြစ်ဖြစ် သူ ထိပ်ဆုံးက သိလိုက်တာပဲ''

နှိုဘယ်။ ။ အံမယ်,နင် ငါ့ကိုစပ်မိစပ်ရာ ကွိစိကွစလို့ပြောလိုက်တာမဟုတ်ဘူး။ ဘာဖြစ်လဲ,ခုခေတ်မှာ လူငယ်သတင်းထောက်တွေ ဒီလောက်ပေါနေတာ၊ ထားပါတော့,ငါကတော့ ဘာမှစိတ်မဝင်စားဘူး။ ချောကလက်ပေးရမယ့်လူလည်း မရှိဘူး။ ဒီနေ့မှာ အမှတ်တရတစ်ခုခုပေးမှဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင် ကိုယ်ပေးချင်တာ ဝယ်ပေးလိုက်မှာပဲ။ ငါစိတ်ဝင်စားတဲ့ ငါသိတဲ့အသိတစ်ခုက၊ အဲဒီလိုနေ့မျိုးတွေမှာ ဒက်ဒီနဲ့မာမီ့ဆီက မုန့်ဖိုးတွေ အများဆုံးရဖို့ပဲ"

နီဘယ့်စကားကြောင့် အားလုံးသဘောကျသွားကြလေ၏။ သူမအသိနှင့် သူမခံယူချက်လောက် ကောင်းတာမရှိတော့။

☆ အစီအစဉ် နံပါတ်(၃)က ☆☆☆

ဟော့တ်ပေါ့တ်နှင့် အသားကင်တွေကိုစားပြီး ဖျော်ရည်တစ်မျိုးစီ မှာသောက်ကြချိန်မှာဖြစ်သည်။ သက်ဝေက Fruit Punch, ပန်းလွှာက Blue Ocean, မိုးမာန်က Lychee juce တွေကိုသောက်ပြီး နီဘယ်က Strawberry milk shake ကိုသောက်၍ စကားပြောနေကြစဉ် ဖန်ခွက်ကိုကိုင်သောက်ပြီး ပြောနေသောနီဘယ်က. . .

"အား. . . သက်ဝေ, ငါ့ခေါင်းထဲ မိုက်ခနဲပဲ၊ မူးလိုက်တာ၊ ဘာဖြစ်တာလဲမသိဘူး"

ဟုညည်းလိုက်မိရုံရှိသေးသည်၊ ခန္ဓာကိုယ်က မိုးမာန်ပေါ်သို့ ပြိုလဲကျသွားတော့တာဖြစ်သည်။

"ဟား! နီဘယ်, ဘာဖြစ်တာလဲ ဘယ်လိုဖြစ်တာလဲ" (သက်ဝေ)

"မနီဘယ်,ရလား သတိရရဲ့လား" (ပန်းလွှာ)





"နီဘယ်,သတိထားပါ၊ ဘာဖြစ်သွားတာလဲ၊ ရလား"(မိုးမာန်)

အားလုံး မျက်ကလဲဆန်ပြာဖြင့် ပုတ်ခတ်ဆွဲထူပြီး စိုးရိမ်နေကြစဉ်မှာပဲ ခဏနှင့်နီဘယ်ပုံမှန်ပြန်ဖြစ်သွားပါသည်။ သို့သော် စတော်ဘယ်ရီဖျော်ရည်တွေက မိုးမာန်ရင်ဘတ်မှာ စွန်းထင်းပေကျံကုန်သလို မိုးမာန်ကလည်း နီဘယ့်ကိုအမိအရဖက်ထားလိုက်ရတာမို့ ဖန်ခွက်က မိုးမာန်ပေါင်ပေါ်မှ လိမ့်ဆင်းသွားခဲ့လေ၏။

"ရတယ်,ဘာမှမဖြစ်ဘူး၊ မျက်စိတွေပြာပြီး ခဏမူးသွားရုံလေးပါ။ ဟို,မိုးမာန် အားလုံးပေကျံကုန်ပြီ။ တောင်းပန်ပါတယ်၊ ဆောရီးပါနော်။ ဝတ်စုံတစ်စုံ ချက်ချင်းလုပ်မှာပေးပါ့မယ်"

"ဟာ,မလိုပါဘူး နီဘယ်ရယ်။ ရုတ်တရက်မတော်တဆဖြစ်ရတာပဲ၊ ကိုယ်ဘာမှမဖြစ်ပါဘူး။ မင်းကျန်းမာရေးကိုပဲ ဂရုစိုက်ရမှာပေါ့"

"ဟုတ်ပါတယ် မနီဘယ်၊ မူးနေသေးလား။ ကျွန်မဘာလုပ်ပေးရမလဲ။ မိုးမာန်က ဘာမှမဖြစ်ပါဘူး။ ဒီလောက်ပေကျံကုန်တာကတော့ တစ်သျှူးနဲ့ပဲ သုတ်လိုက်လို့ရပါတယ်။ မိုးမာန်, နင် သန့်စင်ခန်းခဏသွားပြီး ဆေးလိုက်ပါလား"

ပန်းလွှာက တစ်သျှူးတွေနှင့်သုတ်ပေးရင်း ပြောလိုက်တာမို့ မိုးမာန်လည်း ဖျတ်ခနဲထသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နေရတာ အဆင်ပြေရဲ့လား နိုဘယ်။ နှင်က ဖြစ်လိုက်
အသည်းအသန်ချည်းပဲ၊ Food Poison များဖြစ်သလား။ သွေးတိုး
တော့မဟုတ်လောက်ဘူး။ သွေးပေါင်ချိန်တွေ ကျနေတယ်ထင်တယ်

သက်ဝေကလည်း နိုဘယ့်လက်ကောက်ဝတ်ကိုကိုင်ပြီးမေး
နိုဘယ်က လက်ကိုချက်ချင်းရုန်းပစ်သည်။

"ရတယ် သက်ဝေ၊ ငါ့ကျန်းမာရေးကို ငါသိတယ်။ အခုရက်
Stress တွေများပြီး ရုတ်တရက်မူးသွားတာမျိုးပါ။ ငါက စိတ်ထဲ
တစ်ခုခုမကျေနပ်တာရှိရင် ဘယ်အရာနဲ့မှအစားထိုးဖြေဖျောက်တာ
မလုပ်တတ်ဘူး။ အဲဒီတစ်ခုခုကိုပဲ ဖိပြီးခံစားတတ်တာ။ အဓိက
ဒက်ဒီနဲ့မာမီပြဿနာပေါ့။ သူတို့ကွဲဖြစ်တဲ့ရက်ဆိုရင် ငါက ဘာ
လုပ်လို့ကိုင်လို့မရတော့ဘူး။ ကားတစ်စီးနဲ့ အပြင်မှာလွင့်နေတာ
တယ်။ ကြာတော့ ကျောင်းစာတွေ လစ်ဟာကုန်ရော။ ပြီးမှ လွတ်
တဲ့စာတွေကို မအိပ်မနေစုပြုပြီး အသေကျက်မှတ်ပြန်တော့ ဦးနှော
က ပင်ပန်းတော့တာပေါ့။ ဒါကြောင့် ရုတ်တရက်ဖြစ်သွားတာပါ။
ဆေးပဲနေပါ ပန်းလွှာ၊ တို့ဘာမှမဖြစ်ပါဘူး"

နိုဘယ့်စကားဆုံးတော့ မိုးမာန်က ပုဆိုး၊ အင်္ကျီရှေ့ပိုင်းတစ်
ရေတွေစိုပြီး ရောက်လာလေသည်။

"ဘာပဲဖြစ်ဖြစ် စိတ်ကိုလွှတ်မထားနဲ့လေ။ ကျောင်းစာနဲ့





မာရေးကိုတော့ ပုံမှန်ဂရုစိုက်ရမှာပေါ့။ မလုပ်ချင်ရင် လုံးဝပစ်ထားပြီး
လုပ်ရင်လည်း မအိပ်မနေပုံအောလိုက်တော့ ဦးနှောက်က ဘယ်ဒဏ်ခံ
နိုင်တော့မလဲ။ မိဘအဆင်မပြေတာကိုကြည့်ပြီးတော့လည်း ငါ့တမနေ
နဲ့၊ တစ်ချိန်ချိန်မှာ သူ့ဘာသာသူ အဆင်ပြေသွားလိမ့်မ ်။ အခု နှင်
ဆေးခန်းသွားဖို့လုပ်၊ ငါတို့ဆရာ ဒေါက်တာသန့်စင်ဆီပဲ ားမယ်။ အတူ
တူပဲ သွားကြမယ်"

"ရပါတယ် သက်ဝေရယ်၊ ရပါတယ်ဆိုမှ၊ ငါ့အတွက်နဲ့ အလုပ်
ရှုပ်ကုန်ပြီ၊ ပျော်ပျော်ပါးပါးမိတ်ဆုံစားပွဲလုပ်တဲ့နေ့ကျမှ ဒီလိုဖြစ်ရတာ
အားနာပါတယ်။ ဒါပေမဲ့ ငါ ဒီလိုစိစဥ်ချင်တယ် သက်ဝေ၊ နှင်နဲ့ပန်းလွှာ
ရဲ့တွေ့ဆုံမှုလည်း မပျက်ကွက်အောင်၊ ငါလည်း ဆေးခန်းသွားလို့ရ
အောင် မိုးမာန်, ကားမောင်းတတ်မယ်ဆိုရင် မိုးမာန်နဲ့သွားလိုက်မယ်
လေ။ နှင်တို့လည်း လျှောက်လည်လို့ရတာပေါ့။ ငါလည်း ဆေးခန်းပြပြီး
လို့ လည်နိုင်တဲ့အင်အားရှိရင် ဖုန်းနဲ့ချိန်းလိုက်မယ်။ အဲဒီအစီအစဥ်
မကောင်းဘူးလား"

"အေး,ကောင်းသားပဲ"

"အဲဒါကောင်းတယ် နိုဘယ်၊ ကျန်းမာရေးက အဓိကပဲ။ ကိုယ်
လိုက်ပို့ပေးမယ်၊ တစ်နေရာတည်းမှာလည်း လူတွေစုပြီး အချိန်မကုန်
တော့ဘူးပေါ့။ ပြီးမှ မင်းပြောသလို လှမ်းချိန်းလို့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း သဘောတူတယ် မနီဘယ်။ မိုးမာန်က ကားမော
ကျွမ်းပါတယ်၊ စိတ်ချလက်ချသာ ခေါ်သွားလိုက်ပါ"

"အိုခေ,ဒါဆိုသွားမယ်၊ Valentine လက်ဆောင်တွေလည်း ဖြ
ရင်,ဝယ်ထားလိုက်မယ်နော်"

ထိုအစီအစဉ်ဖြင့် နီဘယ်နှင့် မိုးမာန်ထွက်သွားကြတော့သည်
မထင်မှတ်ဘဲ ရုတ်တရက်ပေါ်ပေါက်လာသည့်အစီအစဉ်က တစ်တွဲ
ခွဲထွက်ပြီး လည်ပတ်ရတော့မလိုဖြစ်သွားခဲ့ပါသည်။

☆ အစီအစဉ် နံပါတ် (၄)က ☆☆☆

တကယ်တမ်းကျတော့ နီဘယ်စီစဉ်သည့်အတိုင်း ဖြစ်မလာ
သူတို့နှစ်ယောက် ဟိုတယ်ထဲမှထွက်လာပြီး လျှောက်လည်ကြစဉ်မှာ
ဘယ့်ဆီမှ ဖုန်းဝင်လာခဲ့သည်။

"သက်ဝေ,နင်တို့နှစ်ယောက် အေးအေးလည်လိုက်ကြတော့။
ဒီအခွင့်အရေးရဖို့အတွက် ငါ့ဘက်က ထဖောက်တာထင်တယ်။ ငါ
ဆေးခန်းမှာ ခဏကြာမယ်၊ ခေါင်းလည်းသိပ်မကြည်တာနဲ့ မိုးမာန်
အိမ်ပဲလိုက်ပို့ခိုင်းလိုက်တော့မယ်။ ပန်းလွှာကိုလည်း အားနာပါတယ်
မိုးမာန်ကို အိမ်ပြန်ရောက်ဖို့ သေသေချာချာစီစဉ်ပေးမှာပါလို့ပြောလို
ပါဦး"

သက်ဝေသည် နီဘယ်၏ကျန်းမာရေးကို စိတ်မကောင်းဖြစ်ရ





မယ့် ပန်းလွှာနှင့် နှစ်ယောက်တည်းသာ ကျန်ခဲ့သည့်အခွင့်အရေးကို
ရလိုက်တာကြောင့် အတိုင်းအဆမရှိ ဝမ်းမြောက်သွားရလေသည်။

"အိုခေ,အိုခေ, ငါသေသေချာချာပြောပြလိုက်မယ်၊ နင်သာ အိမ်
မှာကောင်းကောင်းအနားယူလိုက်၊ နင့်အတွက်လက်ဆောင် ရှယ်ဝယ်
ထားလိုက်မယ်"

"ဘာတဲ့လဲ ကိုသက်ဝေ"

"သူ မလည်ဖြစ်တော့ဘူးတဲ့၊ ဆေးခန်းမှာ ကြာဦးမယ်တဲ့၊ ခေါင်း
လည်းသိပ်မကြည်တာနဲ့ အိမ်ကိုပဲတန်းပြန်လိုက်တော့မယ်ပြောတယ်။
မိုးမာန်ကိုလည်း အိမ်ပြန်ပို့ခိုင်းပေးမယ်တဲ့၊ ဝိုး. . . ပျော်စရာကောင်း
လိုက်တာကွာ။ ခုမှပဲ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်ပြောချင်
တာတွေပြောပြီး လည်လို့ရတော့မှာ"

'အို,ဘာဖြစ်လို့ အဲလောက်ကြီးပျော်နေရတာလဲ။ ကျန်းမာရေး
ကြောင့် မတတ်သာလို့ အဖွဲ့ကွဲသွားရတာကို"

"မတတ်နိုင်ဘူးလေ၊ ဘုရားသခင်က ကိုယ့်ကိုဒီလိုပျော်ရွှင်စေ
ချင်လို့ ဒီလိုဖန်တီးပေးလိုက်တာပဲ။ အစကတည်းက Valentine နေ့
ပန်းလွှာနဲ့နှစ်ယောက်တည်းရှိနေဖို့ စိတ်ကူးခဲ့တာ၊ ပန်းလွှာက စိုးရိမ်
ပူကြောက်စိတ်တွေများနေလို့ ဒီလိုစီစဉ်ခဲ့ရတာမဟုတ်ဘူးလား။ ခု
တော့ ကိုယ်စီစဉ်ထားတဲ့အတိုင်း ကွက်တိကျလာတာပဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သက်ဝေက လက်မကလေးထောင်ပြီး ပြောလိုက်တော့ ပန်းလွှာက နှုတ်ဆိတ်လျက် ငြိမ်ငြိမ်ကုပ်ကုပ်လေး လိုက်ပါလာခဲ့လေ၏။ Valentine နေ့ဆိုတော့ ဘယ်နေရာရောက်ရောက် အတွဲလိုက် အဖွဲ့လိုက်တွေ ပျော်ပွဲရွှင်ပွဲတွေနှင့် ရှုပ်ယှက်ခတ်ပြီး စည်ကားလျက်ရှိသည်။

ကော်ဖီဆိုင်တွေမှာလည်း လူအပြည့်၊ ကန်ပေါင်နှင့် စိမ်းလန်းစိုပြည်ထဲက နေရာတွေမှာလည်း နေရာမရှိသလောက်ရှားသည်။ ဈေးစင်ကျွန်းမှာဆိုလျှင် Rapper ပေါင်းစုံပါဝင်သည့် hip hop ပျော်ပွဲကြီးက ပွက်လောရိုက်လို့နေ၏။

နောက်ဆုံးတော့ သူတို့နှစ်ဦး အချိန်အများဆုံးကုန်ခဲ့သည့်နေရာက အင်းလျားလမ်းနှင့် မွေ့စေတီလမ်းထောင့်မှာရှိသော 'M cafe' တွင် ကော်ဖီသောက်တာနှင့် လက်ဆောင်ပစ္စည်းတွေ လျှောက်ဝယ်ရမှာဖြစ်သည်။

နေရာတိုင်းမှာ ကြားနေရသည့် သြရသနှင့် အေသင်ချို 'လမ်းမခွဲကြေး'သီချင်းကလည်း မရိုးနိုင်အောင် Valentine နေ့ကို လှပစွာပံ့ပိုးပေးနေလေ၏။ ဒဂုန်စင်တာထဲမှာ အထုပ်အပိုးတွေဆွဲလျက် မပြီးနိုင်မစီးနိုင်ဝယ်နေသောသက်ဝေပုံစံကြောင့် ပန်းလွှာက ဝက်ဝံရုပ်ကြီးကို ကူပိုက်ပေးရင်း တအံ့တသြထေမေးတော့သည်။

''ကိုသက်ဝေက ယောက်ျားလေးပေမယ့် ရှော့ပင်ထွက်ရ





ဝါသနာပါတယ်ထင်တယ်နော်။ Paradise မှာ ဝယ်ရင်လည်း မနည်းဘူး၊ ခုလည်းဝယ်နေတာတွေက အများကြီးပဲ။ Valentine လက်ဆောင်တွေဝယ်တာ မများလွန်းဘူးလား''

''ကိုယ်က အဲ့လိုပဲ၊ ကိုယ်ကြိုက်တာတွေ့တာနဲ့ ကိုယ်ပေးချင်နေတဲ့အချိန်နဲ့ကြုံရင် ဝယ်ပစ်လိုက်တာပဲ။ ပြောရရင်တော့ ကိုယ်က သိပ်အလိုက်အထိုက်သိတတ်တာမဟုတ်ဘူးကွ။ အရင်းနှီးဆုံးမိတ်ဆွေတွေကိုတောင် လက်ဆောင်တွေဘာတွေပေးတတ်တာ မဟုတ်ဘူး။ ပေးချင်စိတ်ပေါ်လာရင်လည်း ဘယ်သူ့ကိုမဆို ဝယ်ချင်တာတွေ လျှောက်ဝယ်ပေးလိုက်ရော''

''ရှင်က တစ်မျိုးပဲနော်''

''ဟုတ်တယ်၊ ဒါပေမဲ့ ဒီနှစ်မှာတော့ လက်ဆောင်ပေးရမယ့်နေ့တွေနဲ့ လက်ဆောင်ပေးရမယ့်ပုံစံလေးတွေကို သိတတ်လာပြီ။ အင်တာနက်ထဲကလည်း ချစ်သူအချင်းချင်း လက်ဆောင်ပေးရမယ့်နည်းလမ်းတစ်ခု ရထားတယ် ပန်းလွှာ။ ချစ်တဲ့သူကို ရိုးရိုးချောကလက်မပေးဘဲ အသည်းပုံဖော်ထားတဲ့ အလှဆုံး၊ ဈေးအကြီးဆုံး၊ အရသာအရှိဆုံး ချောကလက်ကိုပေးရင် ချစ်သူကိုပိုပြီး ရိုမန့်တစ်ဖြစ်စေတယ်တဲ့။ ပြီးတော့ ကိုယ်ချစ်တဲ့သူကို ချစ်တဲ့အကြောင်း နှုတ်ကဖွင့်မပြောဘဲ လက်ဆောင်သင်္ကေတတစ်ခုခုနဲ့ပြမယ်ဆိုရင် ယောက်ျားလေးက မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို အမွေးပွပွဝက်ဝံရုပ် ပေးရမယ်၊ မိန်းကလေးက ယောကျ်ားလေး
ရေမွှေးပုလင်း ပေးရမယ်တဲ့'

''ရှင်လည်း ကျွန်မနဲ့ပေါင်းမိလို့ထင်တယ်၊ Flower Langua
တင်မကတော့ဘူး၊အချစ်နဲ့ပတ်သက်တဲ့ Sign Language တွေပါ တ
နေပြီ။ ချစ်သူတစ်ယောက်တော့ သေချာပေါက်ရှိရမယ်''

''ဒါပေါ့၊ ဒါကြောင့်လည်း အချစ်နဲ့ပတ်သက်တဲ့ Sign Lan-
guage တွေကို အင်တာနက်ထဲအထိ လေ့လာထားတာ။ ဒါကြေ
လည်း ဒီလိုပစ္စည်းတွေကို ချစ်သူအတွက်ဝယ်တာ''

သူ့စကားကြောင့် ပန်းလွှာက ပဟေဠိဆန်သောမျက်ဝန်းတေ
ကလယ်ကလယ်ဖြင့် သူ့ကိုကြည့်နေတော့သည်။

☆ အစီအစဉ် နံပါတ် (၅)က ☆☆☆

ဒီနေ့တွင် သူကြိုတင်ကြံစည်ထားသောကိစ္စတစ်ခုကို ဖြစ်အော
ပြုလုပ်ပြီး ဖေဖော်ဝါရီလဆယ့်လေးရက်ကလေးကို အောင်မြင်စွာအဆ
သတ်မည့်အစီအစဉ်ဖြစ်သည်။ သူတို့နှစ်ဦး လည်စရာရှိတာလည်၊ ထ
စရာရှိတာဝယ်ပြီး ပန်းလွှာတို့တိုက်ရှေ့ကိုပြန်ရောက်တော့ ခြောက်န
ခန့်ရှိလေပြီ။

သူက ကားကိုရပ်လိုက်ပြီး ပန်းလွှာမဆင်းခင်မှာ အိပ်မက်
ကဗျာအဖြစ်ဖန်တီးခဲ့သော စာရွက်ကလေးကိုထုတ်ပြလိုက်မိ၏။





ထိုကဗျာမှအစပြုပြီး သက်ဝေ၏အချစ်ဇာတ်လမ်းက မှန်းဆ
သည့်အချိန်ထက်စောကာ ကသုတ်ကယက် ဗရုတ်ဗရက်ဖြင့် ဝရုန်း
ကား ပေါ်ပေါက်သွားတာဖြစ်သည်။ အမှတ်တမဲ့မှ အမှတ်တရဖြစ်
သောဇာတ်လမ်းတွေထဲတွင် သက်ဝေလည်း ပါဝင်သွားခဲ့ပြီဖြစ်ပါ
ည်၊

အကြောင်းကတော့ သူ့ကဗျာမပီစာမပီရေးထားတာလေးကို. . .

''ပန်းလွှာ,ဒီကဗျာလေးကို အသံထွက်ပြီး ရွတ်ပြပေးပါ''

ဟုတောင်းဆိုလိုက်တာမှ လပ်ဗ်ဆင်းက စတာဖြစ်၏။ ပန်းလွှာ
သူ့မျက်နှာကိုပြုံးကြည့်ပြီး စာရွက်ခေါက်လေးကိုဖွင့်ဖတ်တော့သည်။

♥ ပန်းအိပ်မက် ♥

ပန်းရောင်စုံ ပူးပွင့်နေတဲ့
ပန်းဥယျာဉ်ကြီးအလယ်မှာ
ပန်းလွှာကဗျာဆိုတဲ့ကောင်မလေးနဲ့
ပန်းရောင်ဒန်းကလေးပေါ်ထိုင်ပြီး
ပန်းသီးလေးတွေစားရင်း
ပန်းဘာသာစကားတွေကိုပြောခဲ့ကြတာ
ပန်းလေးတွေတောင် ယိမ်းနွဲ့ပြီး ရယ်နေကြသတဲ့



www.burmeseclassic.com

www.burmeseclassic.com



**ပန်းပျိုးလက်မဟုတ်ခဲ့ပေမယ့်**

**ပန်းပင်ဆိုတာ ပင်ပန်းဖို့ဖြစ်လာတာမဟုတ်လို့**

**ပန်းလှလှလေး တစ်ပင်တော့**

**ငါ့နှလုံးသားထဲမှာ စိုက်ပျိုးကြည့်ချင်ပါရဲ့**

"......"

"ကဗျာလေးက ကောင်းလိုက်တာ ကိုသက်ဝေရယ်၊ ကလေးဆန်ဆန်လေးဆိုတော့ ချစ်ဖို့လည်းကောင်းတယ်"

"မသိချင်ယောင်ဆောင်ပြီးပြောတာလား ပန်းလွှာ၊ ကိုယ်ရေးထားတာကလည်း ကလေးကလားဆိုပြီး idea ကိုနှိမ်ချလိုက်တာလား"

"အို! မဟုတ်ပါဘူး၊ အဲလိုပြောရတာမဟုတ်ရပါဘူး။ ကလေးကလားဆန်တဲ့သဘောမျိုးမဟုတ်ပါဘူး။ ကလေးဆန်ဆန်လေးနဲ့ ချစ်ဖို့ကောင်းတယ်ဆိုတာ အဓိပ္ပာယ်တစ်မျိုးသက်ရောက်ပါတယ်။ တချို့ သိပ်ထက်မြက်တဲ့ဆရာဝန် ဆရာဝန်မတွေရေးတဲ့ သုံးလေးကြောင်းအချစ်ကဗျာလေးတွေကို ကျွန်မဖတ်ဖူးတယ်။ မထင်မှတ်လောက်အောင်ကို ကလေးဆန်ပြီး ချစ်စရာကောင်းတာတွေ့ရတယ်။ တချို့ အသားမဲရုပ်ဆိုးဆိုးနဲ့ လူကြမ်းပုံစံကဗျာဆရာတွေရေးတဲ့ အချစ်ကဗျာလေးတွေကိုလည်း ကျွန်မဖတ်ဖူးတယ်၊ လူပုံစံတွေနဲ့မလိုက်အောင် နုဖတ်ပျော့





ပြောင်းနေတာတွေ့ရတယ်။ ဒါဆို ကိုသက်ဝေ သဘောပေါက်မှာပါ"

"အင်း၊ ထားပါတော့၊ ကိုယ်လည်း ခုမှ ကဗျာဆရာကိုသက်ဝေဖြစ်သွားတော့တယ်။ မေမေကလည်း ဘယ်လိုနာမည်မျိုးကိုမှ မှည့်ပေးခဲ့လိမ့်။ ပန်းလွှာကလည်း ကိုသက်ဝေလို့ပဲ အမြဲခေါ်နေတော့မှာလား။ ကိုယ့်နားထဲမှာ ကြားရတာ ရှေးခေတ်မဂ္ဂဇင်းတွေထဲက ကဗျာဆရာနာမည်လိုလို၊ ကောလိပ်ဂျင်နေဝင်းတို့ ခင်သန်းနုတို့ခေတ်က ရုပ်ရှင်ထဲမှာခေါ်တဲ့နာမည်လိုလိုခံစားရတယ်။ တစ်ခုခုပြောင်းခေါ်ကြည့်ပါလား ပန်းလွှာ"

"ဘယ်လိုပြောင်းခေါ်လို့ ရမှာလဲ၊ နာမည်က ကိုသက်ဝေမို့လို့ ကိုသက်ဝေခေါ်တာပဲကို"

"ဒါဆိုလည်း မထူးတော့ပါဘူး ပန်းလွှာရယ်၊ 'မောင်'လို့သာ ခေါ်လိုက်ပါတော့"

"ဟင်! "

တကယ်ပင် မရည်ရွယ်သေးဘဲ နှုတ်မှသူ့အလိုလို ပြုံးခနဲထွက်သွားလေရာ၊ ပန်းလွှာကလည်း လန့်ဖျပ် ထူပူပြီး ကားတံခါးကိုဆွဲဖွင့်လေတော့သည်။ တံခါးမဖွင့်ခင် ပန်းလွှာလက်ကို အမိအရဖမ်းဆုပ်လိုက်ပြီး သူ၏နှုတ်ရေကာတာ လျှံကျမှုကလည်း ဘယ်လိုမှမထိန်းသိမ်းနိုင်တော့ဘဲ တရစပ်ဝေါစီးဆင်းလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လို့ပဲ ခေါ်လိုက်တော့နော်၊ ကိုယ်,မင်းကိုချစ်နေတယ်ဆို တာ သိနိုင်ပါတယ်၊ ကဗျာဖတ်ပြီးပြီဆိုတော့ ပိုသိပါလိမ့်မယ်"

"ဟင့်အင်း. . . မသိပါဘူး"

"မညာနဲ့၊ ကိုယ့်ရဲ့ချစ်သူဆိုတာ မင်းပဲ၊ ဒီလက်ဆောင်ပစ္စည်း တွေဝယ်တာလည်း မင်းအတွက်ပဲ"

ဟု ပန်းလွှာမျက်နှာကို ပြုံးလျက်စိုက်ကြည့်ပြီးပြောတော့ ပန်း လွှာက ရှက်သွေးတွေဖြာပြီး သူ့လက်ကို အကြောက်အကန်ရုန်း၍ အပြင် ဘက်ရောက်သွားတော့သည်။

သူကလည်း ဆတ်ခနဲဆင်းလိုက်လာခဲ့ပါ၏။

"ပန်းလွှာ မပြေးနဲ့နော်၊ ပြေးရင် ကိုယ်လိုက်ဆွဲပြီး ဖက်ထား မှာ"

"ရှင်ဘာဖြစ်နေတာလဲ၊ ကျွန်မတို့တိုက်ရှေ့မှာနော်၊ ဒီနားမှာ လက်ဖက်ရည်ဆိုင်တွေ Taxi ဂိတ်တွေရှိတယ်။ ကျွန်မ အရှက်သိက္ခာ တွေကို ကျဆင်းအောင်မလုပ်ပါနဲ့၊ ရှင်ပြန်ပါတော့၊ တောင်းပန်ပါတယ်"

ပြောရင်း ပန်းလွှာက ပြေးတော့မည့်ဟန်ပြင်တာမို့. . .

"လက်ဆောင်ပစ္စည်းတွေ ယူဦးလေ၊ မင်းအတွက် ဝယ်တာပဲ မယူရင် ကိုယ် လမ်းပေါ်လွှတ်ပစ်ခဲ့မှာနော်"

ဟုပြောကာ ကားတံခါးကိုဖွင့်ပြီး တကယ်ပင် မွှေးပွတက်ဝံရုပ်ကြီး





ကိုလွှတ်ပစ်လိုက်လေရာ ပန်းလွှာက နောက်လှည့်ကြည့်ပြီး အပြေးအလွှား ပြေးတော့သည်။

"ကိုသက်ဝေ,ဘာဖြစ်နေတာလဲ၊ လမ်းပေါ်မှာ မရှက်ဘူးလား၊ လူများတွေကြည့်နေပြီ"

"ကြည့်ကြည့်ကွာ၊ ခေါ်ပြန်ပြီလား ဒီသက်ဝေ"

သူ့အသံကျယ်ကြီးအော်လိုက်မိတော့ ပန်းလွှာရယ်လျှက် အရုပ် ကြီးဆိုက်ရင်း တိုက်ထဲဝင်ပြေးသွားတော့၏။ သူလည်း ပန်းသီးခြင်းကြီး နှင့် တခြားလက်ဆောင်ပစ္စည်းထုပ်တွေကိုဆွဲပြီး နောက်မှပြေးလိုက်ခဲ့ သည်။ ပန်းလွှာတက်သွားသည့်လှေကားအတိုင်း ပြေးတက်ခဲ့ရာ ပန်းလွှာကရပ်ပြီး ငုံ့ကြည့်လိုက်၊ သူကမော့ကြည့်ပြီး ပြေးတက်လိုက်၊ သူကမော့ကြည့်ပြီး ပြေးတက်လိုက်၊ ပန်းလွှာကငုံ့ကြည့်လိုက်နှင့် နောက် ဆုံးသုံးလွှာမှ သူမတို့တိုက်ခန်းရှေ့ရောက်သွားတော့သည်၊ နှစ်ယောက် သား မောဟိုက်ပြီး မျက်နှာချင်းဆိုင်ရယ်လိုက်ကြလေ၏။

"ဘာရယ်တာလဲ"

"ရှင်ကရော ဘာဖြစ်လို့ရယ်တာလဲ"

"ပျော်လို့ရယ်တာပေါ့ ပန်းလွှာ၊ ကိုယ်ပစ်လိုက်တဲ့ ဒီအရုပ်ကြီး ကို ဖမ်းလိုက်ကတည်းက ပန်းလွှာ ကိုယ့်ကိုချစ်တယ်ဆိုတာ သေချာ သွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ ဒီအရုပ်ကြီးကိုချစ်လို့၊ လမ်းပေါ်ကျသွားမှာ နှမျော

ဖမ်းလိုက်တာ''

''ဒီအရုပ်ကိုချစ်ရင် ကိုယ့်ကိုချစ်တာနဲ့အတူတူပဲပေါ့။ ဟန်ဆော

မနေပါနဲ့တော့ ပန်းလွှာရယ်၊ မင်းမျက်လုံးလေးတွေနဲ့ မင်းအမူအ

လေးတွေကိုကြည့်ရင် ကိုယ့်ကိုချစ်ပါတယ်။ မင်း ရှက်ကြောက် စိုးမိ

နေတာတွေ ဘာတစ်ခုမှမခံစားဘဲ ဒီအချိန်လေးမှာ ကိုယ့်ကိုချစ်မှု

ခံစားပေးပါ''

''ရှင်ပြန်ပါတော့''

''အဖြေသိရမှ ပြန်မယ်ကွာ၊ မထူးတော့ဘူး,ချစ်သူများနေ့

ဖွင့်ပြောဖြစ်သလို အဖြေလည်း တစ်ခါတည်းရချင်တယ်''

''ကျွန်မမောင်တွေ ပြန်ရောက်လာရင် ပြဿနာတွေတက်သွာ

လိမ့်မယ် ကိုသက်ဝေရဲ့။ ဘေးအခန်းတွေက လူတွေမြင်မှာလည်း ကျွန်

ကြောက်တယ်၊ ပြီးတော့ မေမေလည်း ထွက်မလာဘူးလို့မပြောနိုင်ဘ

နော်''

''အဲဒါဆို အဖြေမြန်မြန်ပေးကွာ၊ မပေးရဲရင် မောင်လို့တေ

ခေါ်လိုက်''

''ဘယ်သူက ချစ်တယ်ပြောလို့ ခေါ်ရမှာလဲ''

''မပြောလည်း သိနေတာပဲ၊ မောင်လို့ခေါ်ရင် အဖြေပေးတာ





အတူတူပဲ။ မြန်မြန်ခေါ်ကွာ ပန်းလွှာ၊ မခေါ်ရင်. . .''

သက်ဝေသည် ပြောပြောဆိုဆို ပန်းလွှာပါးကို လှမ်းနမ်းလိုက်လေရာ ပန်းလွှာကလည်း ဖျတ်ခနဲအရုပ်နှင့်ကွယ်လိုက်တာမို့ အရုပ်ကိုသာ နမ်းမိသွားလေသည်။ ဒါပေမဲ့ သက်ဝေ ဖွဲမလျော့ဘဲ လိုက်နမ်းပြန်တော့ ပန်းလွှာကလည်း အရုပ်နှင့်အမိအရလိုက်ကွယ်ပြန်သည်။ ညာဘက်နမ်းလည်း အရုပ်ကိုသာနမ်းမိ၊ ဘယ်ဘကနမ်းလည်း အရုပ်ကိုသာ နမ်းမိ၊ အတည့်နမ်းလည်း အရုပ်ကြီးကသာ ဒိုင်ခံအနမ်းခံနေရလေ၏။

''အိုး. . . ကိုသက်ဝေ,ဘာဖြစ်နေတာလဲ''

''ချစ်နေတာလေ၊ ကိုယ်အလျော့ပေးနေတာနော်။ ချစ်လို့ စနေတာနော်။ ဒီတစ်ခါမှမခေါ်ရင် ကိုယ် ပွဲကြမ်းတော့မှာ''

ပြောရင်း ပန်းသီးခြင်းနှင့် လက်ဆောင်ပစ္စည်းအိတ်တွေကိုချ၍ ဖက်ဖို့ပြင်လိုက်မှ ပန်းလွှာက အရုပ်ကိုခပ်တင်းတင်းဖက်ထားပြီး

''အား. . . မောင်မလုပ်နဲ့နော်၊ အောက်မှာ လှေကားမှာ လူတက်လာသံ ကြားနေရပြီ''

ဟုကြောက်ကြောက်လန့်လန့်အော်လိုက်တာကြောင့် သက်ဝေ နှစ်နှစ်ချိုက်ချိုက်ရယ်မိတော့သည်။ လက်မလေးထောင်ပြလိုက်တော့ ပန်းလွှာက ရှက်ပြီး သူ့မျက်နှာကို အရုပ်နှင့်ကွယ်ထားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ၊လိမ္မာတယ်၊ မောင် မင်းစကားကိုနားထောင်ပါ့မယ်။ အရမ်းပျော်တာပဲ ပန်းလွှာ၊ အိပ်မက်ထဲကိုလာခဲ့မယ်နော်၊ ဘိုင့်ဘိုင် ဆီးယူ"

သူ နောက်ဆုတ်လက်ပြပြီး လှေကားမှဆင်းလာခဲ့သည်။ လှေကားတစ်ဝက်ရောက်တော့ အမှတ်တမဲ့လှေကားထိပ်ကိုမော့ကြည့်လိုက်စဉ် ပန်းလွှာက အရုပ်ကြီးပိုက်လျက် ပြုံးပြီးလက်ပြနေတာကို မြင်လိုက်ရလေ၏။

ရင်မှာဖော်မပြတတ်သော ကြည်နူး ငြိမ်းချမ်းမှုတွေ စုပြုံစီးဝင်လာတာမို့ L, O, V, E ဆိုတာကို လက်ချောင်းကလေးတွေနှင့်ပြောပြလိုက်ပြီး ပြေးဆင်းလာခဲ့တော့သည်။

ထိုနေ့မှစပြီး သူ၏ပန်းလွှာပုံပြင် အချစ်ဇာတ်လမ်းလေးက သာယာလှပလျက် ပန်းလွှာမင်းသမီးကလေး၏ဘေးမှာ အစဉ်ခစားပြီး ပျော်မွေ့နေလေသည်။

မနက်ဆိုလျှင် သူ့ခြေလှမ်းတွေက Paradise ဆီသို့ အလိုအလျောက်ဦးတည်နေခဲ့သည်။ ဝယ်စရာရှိလျှင် ဝယ်၊ဝယ်စရာမရှိလျှင် ကားပေါ်မှ ပန်းလွှာကိုလက်ပြဖို့ တာဝန်တစ်ခုလိုဖြစ်နေ၏။

မပျက်မကွက်ထမ်းဆောင်ချင်နေသည့်ချစ်တာဝန်ကတော့ ညနေတိုင်း ပုံမှန်သွားကြို့ရတာပင်။





အဲဒီလိုနှင့် ရင်ခုန်စရာနေ့ရက်တွေကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းခဲ့သည်မှာ သူတို့နှစ်ဦးကလည်း အထင်ကရချစ်သူတွေထဲမှာ ပါဝင်ခဲ့ပါသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

ခံစားချက်အစစ်အမှန်ကိုဖွင့်ပြောပြခဲ့တာမို့ မိုးမာန်လည်း ဗယ်ဒင်တိုင်းနေကတည်းက ပျောက်ခြင်းမလှပျောက်သွားခဲ့ပြီဖြစ်သလို ပန်းလွှာလည်း သူလှုပ်ရှားချင်တဲ့သူ့အပေါ်မှာသာ လှုပ်ရှားတတ်တဲ့နှလုံးသားရဲ့အလိုဆန္ဒအတိုင်း အရာရာကိုမေ့လျော့ပြီး မောင့်ကိုချစ်ခဲ့မိသည်မှာ အိမ်ကို ရေခဲသေတ္တာကြီးရောက်လာသည့်နေ့မှ အိပ်မက်ကလန့်နိုးခဲ့တာဖြစ်သည်။

"ပန်းလွှာမင်းသမီးကလေး ပြန်လာပြီဟေ့"

ပန်းလွှာသည် အခန်းရှေ့ရောက်လို့ မေမေတံခါးဖွင့်ပေးလိုက်ရ၍



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘွားခနဲမြင်လိုက်ရသော ရေခဲသေတ္တာကြီးကြောင့် အံ့သြပြီး စို ကြည့်လိုက်မိသည်။

"ဟင်! ဒါဘာလုပ်တာလဲမေမေ၊ ဘယ်ကရောက်လာတာလဲ"

တစ်လနှင့်တစ်လ အိမ်စားရိတ်နှင့် ကျောင်းစားရိတ်တွေက အလျင်မီအောင် ဖြေရှင်းနေရသည့်ဘဝမှာ ရေခဲသေတ္တာလိုအပိုပစ္စည်း မျိုးကို အိပ်မက်ထဲပင် ဝယ်မလာဖူးခဲ့။

"ပြော မပြောချင်ပါဘူးသမီးရယ်၊ မေမေဖွတ်အတင်းတား တဲ့ကြားက ဘယ်လိုမှပြောမရဘူး။ ဘယ်သူရှိဦးမှာလဲ,မိုးမာန်ပေါ့၊ မိုးမာ ပို့လိုက်တာ။ သားကြီး မြန်မြန်လာဟေ့၊ သားလတ်နဲ့သားငယ် ပိုင်း မပေးရမှာနော်၊ အလုပ်လုပ်ဖို့ဆိုရင် တွက်ကပ်ချင်နေပြီ၊ မင်းတို့ပဲ အိ မှာ ရေခဲသေတ္တာတစ်လုံးရှိရင် ကောင်းမှာပဲဆို၊ ကိုယ့်ဘဝနဲ့ ကိုယ့်လ နဲ့ ဒီလိုဝယ်နိုင်လို့လား"

"လာပြီမေမေ၊ လာပြီ"

"လာပါပြီ မေမေကလည်း"

"မေမေက နေ့တိုင်း Rocker မလုပ်ရရင် Rapper လုပ် ကျေနပ်တာ"

မေမေက ပန်းလွှာကိုပြောနေရာကနေ အဆုံးမသတ်ဘဲ တ ဆက်တည်း သူ့သားတွေကိုအော်ခေါ်လိုက်တာမို့ မောင်တွေကလည်း





စီစီညံညံအသံတွေနှင့် စုပြုံထွက်လာကြသဖြင့် ပန်းလွှာစကားက ဘယ် လိုမှမတိုးတော့။

"မိုးမာန်လုပ်ပုံတွေ သမီးရေ့၊ မိုးမာန်လုပ်ပုံတွေ။ ဖေဖေလည်း ပြောတာပဲကွာ၊ ဒီကလေးက သူလုပ်ချင်ရင် ဖွတ်ပဲ"

ဖေဖေကလည်း နောက်ထဲမှ ပြောပြောဆိုဆိုထွက်လာသည်။ ဧည့်ခန်းထဲမှာ မိသားစုစုံညီဖို့ အငယ်မတစ်ယောက်သာ လိုတော့၏။ သူမြင်လည်း ပျော်လွန်းလို့ ဆွေ့ဆွေ့တောင်ခုန်နေဦးမည်။ အငယ်ဆုံး ဆိုတော့ အိမ်မှာရှိတာမရှိတာကို မစဉ်းစား၊ အချိန်တိုင်း ကိုယ့်အထက် ကလူတွေ သုံးစွဲတာ၊ နေထိုင်တတ်တာ၊ စားသောက်တတ်တာတွေကို လေ့လာပြီး စိတ်ကူးယဉ်နေသူဖြစ်၏။

"မိုးမာန်က ဘာဖြစ်လို့ ဒီလိုပို့လိုက်ရတာလဲ၊ သူဖွတ်ပေးလည်း ကိုယ်လက်ခံချင်မှဖြစ်တာပဲဟာ။ ပတ်ဝန်းကျင်က ပြောစရာဖြစ်နေပါဦး မယ်မေမေရယ်။ သူ့အိမ်ထက် ဒီအိမ်ကိုပိုဂရုစိုက်သလိုဖြစ်မနေဘူးလား။ ကြာလာရင် သူ့မိသားစုကရော ကြည်ဖြူပါ့မလား။ သမီးကတော့ လက် မခံချင်ဘူးမေမေ၊ ပြန်ပို့ချင်တယ်"

"မေမေလည်း ပြောတာပဲ၊ ပြောလို့မှမရတာ၊ လက်မခံချင်ရင် ဟိုး. . . နောက်က အမှိုက်ပုံမှာ သွားပစ်ထားလိုက်တဲ့"

"ဒါပေမဲ့ သူနဲ့သမီးဇာတ်လမ်းကို အားလုံးက သိနေကြတာမေမေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ ဒီလိုလက်ခံလိုက်တော့ သမီးတို့မိသားစုက ဘာဖြစ်သွားမလဲ''

''ဒါကြောင့် ဖေဖေကလည်းပြောတာပေါ့။ သူ့လစာက ဒီရေခဲသေတ္တာတန်ဖိုးလောက်တောင် မရပါဘူးတဲ့၊ တစ်ဖက်သားကို ဒီလိုမျိုး ပေးနိုင်တဲ့အရည်အချင်းမရှိဘူးဆိုတာလည်း အားလုံးက သိပါတယ်တဲ့။ သူတို့ကုမ္ပဏီကဝန်ထမ်းတွေကို မဲဖောက်ပေးတာ သူက ဒါကြီးပေါက်သွားတာတဲ့၊ အိမ်မှာလည်း သူ့အစ်မအပျိုကြီးက ဆုကြေးပေါက်လို့ ဝယ်ထားတာရှိတယ်တဲ့၊ ဒါကြောင့်ပေးတာပါ,သူ့စေတနာကိုအသိအမှတ်ပြုပါတဲ့။ ဘယ်လိုမှငြင်းမရတာနဲ့ ဖေဖေလည်းလက်ခံလိုက်ရတာ''

''ဟုတ်သားပဲ,ဘယ်လိုငြင်းလို့ရမှာလဲ မမကလည်း။ မိသားစုအရင်းကြီးလိုဖြစ်နေတာကို''

ဖေဖေနှင့်မေမေ့အပြောကို သားငယ်ကပါ ထောက်ခံလိုက်တာမို့ ပန်းလွှာ စုတ်တစ်ချက်သတ်လိုက်မိလေ၏။

''သားကြီးနဲ့သားလတ် နင်တို့လည်း ဒီလိုပဲလား။ သဘောကျနေသလား''

''ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲမမရဲ့။ ဖွတ်ကြီးပဲကို''

''သဘောကျတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲမမရယ်၊ ညီအစ်ကိုအရင်းကြီးလိုဖြစ်နေတာ မမသိသားပဲ။ ကိုယ်ဘာပဲဖြစ်ဖြစ် သူမပါဘဲ ပြီးလို့လား။ မမလိုပဲ ငယ်ငယ်ကတည်းက သူ့စကားကိုလည်း နားထောင်





ခဲ့ရတာပဲ''

မောင်တွေကလည်း ဘယ်လိုမှစည်းရုံးလို့မရတော့တာမို့ စိတ်ညစ်ညစ်နှင့် ဧည့်ခန်းကြမ်းပြင်ပေါ်မှာသာ ထိုင်ချလိုက်တော့သည်။

''ပါကင်တွေကို ဖြည်းဖြည်းခွာ,ဖြည်းဖြည်းကိုင်'' (ဖေဖေ)

''ပစ္စည်းဆိုတာ ရှိရှိသေသေကိုင်လေ,ကြာရှည်ခံလေပဲ'' (မေမေ)

''ဘယ်မှာထားမှာလဲမေမေ၊ ဒီထဲမှာပဲထားမလား'' (သားလတ်)

''ဟာ. . . ဧည့်ခန်းထဲမှာ ဘယ်သူ့ရေခဲသေတ္တာထားလို့လဲ။ သားတို့အခန်းထဲမှာပဲ ထားလိုက်ပါလား'' (သားငယ်)

''အဲဒါမှ အငယ်မက ပြဿနာရှာမှာပေါ့။ သူလည်း သူ့အခန်းထဲကို ထားမယ်လို့ပြောမှာပေါ့။ ဘယ်မှမထားနဲ့၊ မေမေချက်တဲ့ပြုတ်တဲ့နားမှာပဲထား'' (သားကြီး)

''ဟုတ်တယ် ဟုတ်တယ်, စကားများမနေကြနဲ့၊ ငါ့စားဖိုဆောင်မှာပဲထား။ နောက်နေ့ကစပြီး မင်းတို့အားလုံး ကိုယ့်အသုံးစားရိတ်တွေ ကြည့်လျှော့ပြီး အသားငါးတွေကို မပြတ်အောင် ဝယ်ထည့်ပေး''

''ဟေး. . .''

အားလုံးတစ်ယောက်တစ်ပေါက် ဆူဆူညံညံတွေပြောလျက် ရေခဲသေတ္တာကြီးကိုဝိုင်းမကာ နောက်ထဲဝင်သွားကြတော့သည်။ ခဏကြာတော့ လူခေါ်ဘဲလ်သံ ထွက်လာတာမို့ ပန်းလွှာ ထဖွင့်ပေးလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



အငယ်မက မြူးတူးသွက်လက်စွာ ဝင်ရောက်လာလေသည်။

"ဟာ. . . မမတောင်ရောက်နေပြီ၊ သမီး ကိုကြီးမိုးမာန်နဲ့ရွှေ
လို့ နောက်ကျသွားတယ်၊ အိမ်မှာဘာထူးလဲဟင် မမ"

"ဘာဖြစ်လာတာလဲ၊ ပြာယာကိုခတ်နေတာပဲ"

"တစ်ခုခုထူးသလားလို့ပါ၊ သမီးအရမ်းသိချင်လို့၊ ပြီးရင်ပြောပြ
ပါ့မယ်"

"ငါ့ကိုမေးမနေနဲ့ နောက်ထဲဝင်သွားလိုက်။ မေမေ့ကိုမေးလိုက်"

ဟု မိုးမာန်ကိုမကျေနပ်စိတ်တွေဖြင့် ခပ်ဆတ်ဆတ်ကလေး ပြော
လိုက်လေရာ အငယ်မကလည်း 'မေမေရေ့ သမီးပြန်လာပြီ' ဆိုသည့် အသံ
စာစာလေးနှင့်အတူ နောက်တဲပြေးဝင်သွားတာကြောင့် ပန်းလွှာပါ သိ
ချင်စိတ်ပြင်းပြပြီး လိုက်လာခဲ့မိတော့၏။

"ဟာ! ရေခဲသေတ္တာကြီး"

"ဟုတ်ပ မိုးမာန်ပို့လိုက်တာလေ၊ မေမေတို့က ငြင်းပေမယ့် မရ
ပဲ. . . မဲပေါက်လို့တဲ့"

"ဒါကြောင့် ကိုကြီးမိုးမာန်က ဒီနေ့ထူးခြားနေတာ၊ ကျောင်းက
လာကြိုတယ်မေမေ၊ သမီးကြိုက်တဲ့ပဲခေါက်ဆွဲလည်း လိုက်ကျွေးတယ်
ရေခဲမုန့်လည်း လိုက်ကျွေးတယ်၊ ကျူရှင်ကိုလည်း လိုက်ပို့ပေးတယ်
အိမ်ရောက်ရင်လည်း သမီးအံ့သြသွားစေမယ့်တစ်စုံတစ်ခုလုပ်ထားသေး





ယ်တဲ့။ တွေ့ရင် ညည်းပျော်ရွှင်သွားလိမ့်မယ်တဲ့။ ကိုကြီးမိုးမာန်က
လည်းမိုက်နေတာ၊ ဒီဖိုင်းက အရမ်းလန်းတယ်၊ မသိရင် သူဌေးသား
တိုင်းပဲ၊ ကော်ရိုလာဗင်တစ်စီးနဲ့ သမီးတော့ တစ်နေ့လုံးဖိမ်ကျလာ
တယ်"

"အေးအေး. . . ညည်းဖိမ်ကျဖို့ပဲလိုတယ်"

အငယ်မရောက်လာမှ ပွဲက ပိုဆူတော့တာဖြစ်၏။ ဖေဖေနှင့်သား
သုံးယောက်ကတော့ ရေခဲသေတ္တာကို နေသားတကျထားကာ ရေတွေ
ဘာတွေဖြည့်ပြီး မီးတွေဘာတွေဆင်နေပြီ။

"ပြီးတော့လေ ကိုကြီးမိုးမာန်က ဒီနေ့အရမ်းထူးဆန်းတာပဲမေမေ
သိလားမမ၊ သမီးကိုလေ ဒီလအတွက် ကျူရှင်လခပေးသွားတယ်"

"အို. . . အားနာစရာသမီးရယ်၊ မိုးမာန်ဘယ်လိုဖြစ်တာလဲ၊ သူ
ဖြင့် လစာဘယ်လောက်မှမရဘဲနဲ့"

"ဟာ. . . စိတ်ညစ်လိုက်တာ အငယ်မရယ်၊ ဘာဖြစ်လို့လက်ခံ
ခဲ့လိုက်တာလဲ။ ဒီရေခဲသေတ္တာကြီးတောင် ငါလက်ခံချင်တာမဟုတ်ဘူး။
ကျောင်းလခက မမတာဝန်ယူနေကျလို့ မမက သူပေးရမှ ကျေနပ်တာ
လို့ မပြောလိုက်ဘူးလား။ လခပဲထုတ်တော့မယ့်ဟာ၊ ငါ ဒီအလုပ်လုပ်
နေတာ နှင့်ကျောင်းစားရိတ်အတွက်ဆိုတာ နင်မသိဘူးလား။ ငါတာဝန်
ယူနေမှန်းသိရဲ့သားနဲ့ သူဒီလိုလုပ်လိုက်တာဟာ ငါ့ကိုသိက္ခာချတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးတစ်ယောက်ရဲ့သိတတ်မှုကို စော်ကားတာပဲ''

ပန်းလွှာ စိတ်ညစ်ညစ်နှင့် မအော်စဖူးအော်ပြောလိုက်လေ
အားလုံးငြိမ်ကျသွားသလို အငယ်မကလည်း ကြောက်ကြောက်လန့်လ
နှင့် ငိုမဲ့မဲ့လေးပြောတော့သည်။

''သမီးလည်း ငြင်းတာပဲမမရဲ့။ မမပြောသလိုပြောတာပဲ၊ သမီး
က လုံးဝမယူဘဲနေတော့ သူက ဆရာမကိုကိုယ်တိုင်တွေ့ပြီး ပေးသွား
တာ''

''တောက်!''

ပန်းလွှာဘာမှပြောချင်စိတ်မရှိတော့ဘဲ တောက်တစ်ချက်သ
ခတ်ပြီး အခန်းထဲဝင်လာခဲ့တော့သည်။ အငယ်မကလည်း ပန်းလွှ
စိတ်ဆိုးမှန်းသိတော့ အခန်းထဲသို့ ခြေသံဖွဖွကလေးဝင်လာကာ သူလု
စရာရှိတာတွေကိုလုပ်ပြီး ထွက်သွားလေသည်။ ပန်းလွှာ ရေချိုး သနပ်
လိမ်းပြီး People မဂ္ဂဇင်းထိုင်ဖတ်နေချိန်ကျမှ အငယ်မက ထမင်းစာ
ဖို့လာခေါ်၏။

''မမ,ထမင်းစားရအောင်၊ ဖေကြီးနဲ့မေမေက ခေါ်ခိုင်းပါတယ်

ထမင်းဝိုင်းရောက်တော့လည်း စကားတစ်ခွန်းမှမပြောမိ၊ စကာ
ပြောချင်စိတ်မရှိလောက်အောင် မိုးမာန်လုပ်ပုံတွေက အခံရခက်လွန်း
သည်။ ခံစားချက်ကိုအပြတ်ပြောပြီးဖြစ်သလို တွေ့စရာအကြောင်းလည်





လုံးဝမရှိတော့အောင် ပျောက်ခြင်းမလှပျောက်သွားကာမှ ဘယ်နေရာ
သွားသွား, ဒါ မိုးမာန်ဝယ်ကျွေးတာ၊ ဒါ မိုးမာန် လက်ဆောင်ပေးတာ၊
ဒါ မိုးမာန် ပေးသွားတာ စသဖြင့် ဘယ်သွားသွား၊ ဘယ်နေနေ သူနှင့်
မလွတ်အောင်ပြုလုပ်လိုက်ပုံက ဘယ်လောက်များ Feeling out လိုက်
သလဲလို့၊

ပိုပြီးအခံရခက်စေတာက ပန်းလွှာကိုငြိချင်လို့ ဒီလိုပေးကမ်းရက်
ရောနေတယ်ဆိုတာပင်၊ ပန်းလွှာကိုမငြိချင်လျှင် ဒီလိုဘလိုင်းကြီး ဘယ်
သူက ပေးကမ်းရက်ရောနိုင်မှာလဲ။ တစ်မိသားစုနှင့်တစ်မိသားစုကော
ဒီလိုကြည်ကြည်ဖြူဖြူရှိနေနိုင်မှာတဲ့လား။

ဘာလဲ. . .လူသဘော သဘာဝက. . .

''မိုးမာန်က တိုးတက်ချင်စိတ်အရမ်းထက်သန်တယ်။ ထက်သန်
သလောက်လည်း တကယ်ကြိုးစားနေတာဆိုတော့ ဒီကလေး တစ်နေ့
အောင်မြင်လိမ့်မယ်''

''ကျွန်မလည်း အဲဒီလိုမြင်တာပဲ၊ စိတ်သဘောထားလည်း အရမ်း
ကောင်း၏ လူတစ်ဖက်သားကိုလည်း ကူညီချင်စိတ်အပြည့်ရှိတယ်။ သမီး
ကတော့ ဒီယုန်မြင်လို့ ဒီခြုံထွင်တာလို့ပြောချင်မှာပဲ၊ ဟုတ်လည်း ဟုတ်
နေတာပဲပေါ့လေ။ ဒါပေမဲ့ ဒီကလေးနဲ့မေမေတို့က အရင်ဘဝက ရေစက်
ရှိခဲ့လို့ဖြစ်ရမယ်။ ငယ်ငယ်လေးကတည်းက ဒီအိမ်ကိုပဲ အရမ်းခင်တွယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မိသားစုအရင်းလိုနေထိုင်ခဲ့တာပဲ။ ဘာပဲဖြစ်ဖြစ် စေတနာအစစ်အမှန်နဲ့ ကိုယ့်အပေါ်ကောင်းနေတဲ့လူကို စိတ်လျှော့တွေးလိုက်ပါသမီးရယ်။ ဘယ်လိုမှမအောက်မေ့ပါနဲ့”

ဖေဖေနှင့်မေမေကတော့ ထမင်းစားရင်း ပြောသင့်သလောက်ပြောသေးသည်။ မောင်သုံးယောက်က ပန်းလွှာနှင့် မိုးမာန်၏ဖယားကို သိထားပြီးသားမို့ ဘာမှမပြော။ သိသိကြီးနှင့် အထွန့်တက်လာသူကတော့ အငယ်မပင်။

“ဟုတ်ပါတယ်မမရယ်၊ ကိုကြီးမိုးမာန်ကို တွေးပေးလိုက်ပါ။ သနားပါတယ်၊ သမီးတို့အိမ်ကို သူ့မိသားစုထက် ပိုပြီးခင်တွယ်တာပါ။ သမီးက သူကျွေးတာစား၊ သူပေးတာယူနေလို့ ပြောတာမဟုတ်ပါဘူး။ မမကို အရမ်းချစ်တာတွေ၊ အသေးအမွှားကစပြီး အလိုလိုက် ဂရုစိုက်တတ်တာတွေ မြင်နေရလို့ပါ။ သူ့ကို မမရွေးလိုက်ရင် အရမ်းစိတ်ချမ်းသာရမှာပါ။ ပြီးတော့ ကိုကြီးမိုးမာန်က အလုပ်အရမ်းကြိုးစားတယ်၊ ငွေရှာတော်တယ်၊ အသုံးအဖြုန်းမရှိတဲ့အပြင် အသောက်အစားလည်း ကင်းတယ်။ ခုခေတ်က ဒီလိုလူမျိုး ရှားပါတယ်မမရယ်။ သမီးကတော့ ရည်းစားထားရင် ကိုကြီးမိုးမာန်လိုအရည်အချင်းရှိတဲ့လူကိုရွေးမှာ”

“အငယ်မ,နှင့်ပါးစပ်ကိုပိတ်လိုက်”

ပန်းလွှာသည် ထိုတစ်ခွန်းကိုသာ ခပ်ပြတ်ပြတ်ပြောပြီး စားလက်





ထမင်းဟင်းတွေကို ဆက်မစားတော့ဘဲ ‘တောင်းပန်ပါတယ်ဖေဖေ၊ မေမေရောပါ’ ဟုပြော၍ ထလာခဲ့တော့၏။ တစ်မိသားစုလုံးက မိုးမာန်ဘက်မှာ၊ ကလေးတွေအားလုံးက သူ့ကိုဂုဏ်ယူစေချင်အောင်၊ လေးစားအားကျစေချင်အောင်၊ အထင်ကြီးစေချင်အောင် တမင်ပဲ ဒီလိုလုပ်နေရောသလား။

သူ ဒီလိုလုပ်လေ,မိသားစုက ပန်းလွှာအပေါ်ထားရှိသောမျှော်လင့်ချက်တွေ၊ ယုံကြည်အားထားမှုတွေ၊ ပန်းလွှာခေါင်းညိတ်မှ ပြီးရတတ်တာတွေ၊ ပန်းလွှာပြောသမျှ အောင်မြင်တတ်ခဲ့တဲ့အရှိန်အဝါတွေက တဖြည်းဖြည်းကျဆင်းလာသလိုခံစားရတာမို့ မိုးမာန်ကိုဖြည့်တွေးဖို့နေနေသာသာ မုန်းတီးစိတ်ပင် ဝင်လာမိတော့သည်။

ပိုပြီးမုန်းတီးစိတ်ဖြစ်မိတာကတော့ မနက်ဘက်မှာ မထင်မှတ်ဘဲ ကိစ္စတစ်ခုထပ်မံပေါ်ပေါက်လာပြန်တာဖြစ်၏။ ပန်းလွှာက breakfast စားပြီးလို့ အိမ်ရှေ့တံခါးထိ မေမေလိုက်ပို့စဉ်မှာ ဘဲလ်သံထွက်လာတာကြောင့် မေမေက လျှင်မြန်စွာဖွင့်ပေးလိုက်တော့ လူငါးယောက် အိမ်သုတ်ဆေးဘူးတွေကိုင်ပြီး ဝင်လာတာကိုတွေ့လိုက်ရတာပဲဖြစ်၏။

“ဘယ်သူတွေပါလိမ့်”

“ဘာတွေလုပ်ဖို့လဲ မေမေ”

“သိဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က ကိုမိုးမာန်လွှတ်လိုက်တာပါခင်ဗျ။ ဒီအိမ်ခန်းကို ဆေးသုတ်ဖို့ပါ"

"မိုးမာန်က မပြောမဆိုလုပ်ချလိုက်ပြန်ပြီ၊ သူက ဘာဖြစ်လို့ ဒီအိမ်ကိုပိုင်စိုးပိုင်နင်းလုပ်ချင်နေရတာလဲ။ မေမေနဲ့ပြောထားတာများ ရှိလို့လား။ သမီးကတော့ လုံးဝသဘောမတူဘူး။ အားတော့နာပါတယ်၊ ရှင်တို့ပြန်လိုက်ကြပါ၊ အိမ်ရှင်က လက်မခံဘူးလို့ပြောလိုက်ပါ"

"ပြောလို့ရမှာမဟုတ်ဘူးခင်ဗျ၊ ကိုမိုးမာန်က သေချာကွက်တိစီစဉ်ထားတာ၊ ဒီအိမ်က သူပြီးရင် ပြီးတယ်တဲ့၊ ကျွန်တော်တို့ကလည်း ပြန်လို့မဖြစ်ဘူး။ တခြားအလုပ်ကိုတောင်ဖျက်ပြီး ဒီတိုက်ခန်းကိုလက်ခံလိုက်တာပါ"

"ကဲပါ သမီးရယ်၊ မေမေကြည့်စီစဉ်လိုက်ပါ့မယ်။ သွားဖို့ရှိတာသာ သွားပါတော့၊ အလုပ်နောက်ကျနေပါဦးမယ်။ မေမေ,မိုးမာန်နဲ့ပြောထားတာတော့ မရှိပါဘူး။ ဒါပေမဲ့ ဟိုတစ်လောကတော့ သူ့ရှေ့မှာ မေမေ ညည်းမိတာရှိတယ်၊ တိုက်ခန်းကြီးက ကောင်းတယ်လို့၊ အိုဟောင်းနေလို့သာ ကြည့်မကောင်းဖြစ်နေတာ၊ ဆေးသာသုတ်နိုင်ရင် အရမ်းကိုလှသွားမှာလို့။ ဒါကို သူမှတ်ထားပြီး စီစဉ်လိုက်တာဖြစ်ရမယ်"

"ဒါဆို မေမေက လက်ခံမယ်ပေါ့"

"သူက သေချာကွက်တိစီစဉ်လွှတ်လိုက်တာဆိုတော့ ငြင်းလို့





ကောင်းပါ့မလား။ မေမေကြည့်စီစဉ်ပါ့မယ်ဆိုသမီးရယ်။ ကဲ, သွားတော့ စိတ်ဖြောင့်ဖြောင့်သာ သွား"

မေမေက ပြောပြောဆိုဆိုလက်ဆွဲပြီး အတင်းခေါ်ထုတ်တာမို့ ပန်းလွှာမကြည်မသက်ဖြင့် ရေ့ကားမှ လေးတိလေးကန် ဆင်းလာခဲ့မိတော့၏။ မေမေက သူ့စကားနှင့်သူ ကြည့်စီစဉ်ပါ့မယ်ဆိုသည့်အတိုင်း ကြည့်စီစဉ်လိုက်ပုံကတော့ ညနေ ပန်းလွှာ အိမ်ကိုပြန်ရောက်လာချိန်မှာ လှပသည့်ကိုရီးယားအိမ်ကလေးထဲသို့ရောက်သွားသလို သစ်လွင်သာဆေးရောင်တွေက သူ့နေရာနှင့်သူ တောက်ပဆန်းကြယ်နေတာပဲဖြစ်လေသည်။ အငယ်မ ပြန်ရောက်လာတော့လည်း ထုံးစံအတိုင်း ပျော်ရွှင်မြူးတူးခုန်ပေါက်နေလေသတည်း။

"ဟား. . . ရှယ်ပဲကွာ၊ ကိုကြီးမိုးမာန်က အရမ်းအလိုက်သိတတ်တာပဲ။ သမီးတို့အိမ်က ကိုရီးယားအိမ်လေးလိုအရမ်းလှသွားပြီ"

ပန်းလွှာ လုံးဝနှုတ်ဆိတ်မိလေပြီ။ ပြောလည်း အများနှင့်တစ်ယောက်မို့ ပန်းလွှာစကားက တိုးမှာမဟုတ်တော့။ မေမေစိတ်ချမ်းသာကိုသာ ရှေးရှုတတ်သူမို့လည်း မေမေ့ကိုပြစ်တင်ဝေဖန်မပြောရက်တော့။ ပန်းလွှာတို့အိမ်မှာ မိုးမာန် နေရာယူပုံ၊ ချည်ပြီးတုပ်ပြီး ရစ်နှောင်တတ်ပုံတွေက တဆိတ်တော့ လွန်လွန်းလှချေပြီ။

အဲဒီလို မကျေမနပ်ဖြစ်ရတာတွေ ခံစားနေရတာတွေကို ကျိတ်



www.burmeseclassic.com

www.burmeseclassic.com



မှိတ် မြှုသိပ်ထားလို့ရပေမယ့် ညှိုးနွမ်းနေသောမျက်နှာကိုတော့ ဘယ်လိုမှဟန်ဆောင်ကွယ်ဝှက်လို့မရတာမို့ အရိပ်တကြည့်ကြည့်ချစ်တတ်သော မောင်က နောက်နေ့ အလုပ်ကိုလာကြိုချိန်မှာ အတင်းအကြပ်မေးလေသည်။

"ချစ် မျက်နှာမကောင်းဘူး၊ ဘာဖြစ်ထားလဲ"

ဟုမေးပြီး ကားမမောင်းသေးဘဲ ပန်းလွှာမျက်နှာကိုသာ စိုက်ကြည့်နေလေ၏။

"ဘာမှမဖြစ်ပါဘူး"

"နေကော ကောင်းရဲ့လား"

"ကောင်းပါတယ် မောင်ရဲ့"

"တစ်ခုခုတော့ ဖြစ်ထားသလိုပဲ၊ မျက်နှာမှာပေါ်လွင်နေတယ်၊ မောင်က ပန်းလွှာကို လန်းဆန်းတက်ကြွနေတဲ့ပန်းလေးတစ်ပွင့်လို အမြဲမြင်ချင်တာ၊ ဘာတစ်ခုမှမခံစားစေချင်ဘူး။ မှန်မှန်ပြောကွာ. . . မောင် မသက်သာဘူး။ Family နဲ့ပတ်သက်နေလား။ အခက်အခဲရှိရင် ပြော၊ မောင် အားလုံးဖြေရှင်းပေးနိုင်တယ်"

"ဘာမှမဖြစ်ပါဘူးဆို မောင်ရယ်၊ တစ်ခါတလေကျတော့လည်း အလုပ်က နေ့တိုင်းလိုလို မတ်တတ်ရပ်နေရတာများတော့ ပင်ပန်းပြီး ညောင်းညာတာမျိုးတွေရှိတာပေါ့"





"ဒါကြောင့် ပန်းလွှာကို အလုပ်မလုပ်စေချင်တော့တာ၊ ဒီအလုပ်ကြောင့် မောင်တို့တွေ့ရတာဆိုပေမယ့် ဒီအလုပ်ကိုပုန်ကန်တာမျိုးတော့ မဟုတ်ပါဘူး။ ပန်းလွှာပင်ပန်းတာကိုမမြင်ချင်လို့။ ဘာပဲဖြစ်ဖြစ်ကွာ၊ ချစ်ကို မေမေတို့နဲ့တွေ့ပေးပြီး အမြန်ဆုံးလက်ထပ်ဖို့စီစဉ်မှဖြစ်တော့မယ်။ ဟောက်ဆောင်ပြီးရင် လက်ထပ်မယ်ကွာ။ နော်. . . ဘယ်လိုလဲ"

ပန်းလွှာ ပြုံးပြီးခေါင်းညိတ်ပြလိုက်မိသည်။ ပြီးမှ. . .

"မောင့်ကိုလေ, ကျွန်မပြောထားရဦးမယ်"

"အင်း. . . ပြော"

"ကျွန်မက ငယ်ငယ်လေးကတည်းက ကိုယ့်ရဲ့ခံစားမှုထက် မိသားစုရဲ့ခံစားမှုကို ဦးစားပေးပြီး ရှင်သန်လာခဲ့ရတာ။ ကိုယ့်ရဲ့ခံစားမှုကို ဦးစားပေးတာဆိုလို့ မောင့်ကိုချစ်မိတာတစ်ခုပဲရှိတယ်။ ဒါကြောင့် ကျွန်မကိုနားလည်ပေးပါ၊ ဘယ်အချိန်ဘယ်နေရာပဲရောက်ရောက် မိသားစုကိုသာ ဦးစားပေးပြီး နေရတဲ့ဘဝမို့ တစ်ခါတစ်လေမှာ စဉ်းစားတွေးတောနေတတ်တာမျိုးတွေ၊ မျက်နှာနွမ်းနေတာမျိုးတွေ၊ အသိနဲ့သတိမကပ်တတ်တာမျိုးတွေ ရှိကောင်းရှိနေနိုင်ပါတယ်။ အဲဒါတွေကို မောင်နားလည်ပေးပါနော်"

"နားလည်တာပေါ့ ပန်းလွှာရယ်၊ တစ်ယောက်ရဲ့ဘဝကို တစ်ယောက်သိနေပြီပဲ။ မိသားစုမှာရှိတဲ့အခက်အခဲကိုတောင် ဖြေရှင်းပေး



www.burmeseclassic.com

www.burmeseclassic.com



မှာပါလို့ပြောပြီးသားပဲ။ မိသားစုကိုဦးစားပေးရတယ်ဆိုပြီးတော့လည်း အားငယ်မနေပါနဲ့၊ မောင့်အချစ်နဲ့ ပန်းလွှာတို့မိသားစုတင့်တယ်စေရမှာပါ။ ပန်းလွှာမှာ Family နဲ့ပတ်သက်ပြီး အားငယ်စိုးရွံ့နေတတ်တာတွေ တွေးတောနေတတ်တာတွေကို ပန်းလွှာဖွင့်မပြောလည်း မောင်က ရိပ်မိပြီးသား။ ဒါကြောင့် ပန်းလွှာအသိနဲ့သတိ အမြဲကပ်နေအောင် မောင်တစ်ခုစီစဉ်လာတယ်၊ ဒီမှာကြည့်စမ်း''

မောင်ကပြောရင်း သူ့ဘောင်းဘီအိတ်ထဲမှ အံလွှန်လှပသော Nokia ခေါက်ဖုန်း ဒီဇိုင်းဆန်းဆန်းလေးကို ထုတ်ပြလေသည်။

''ချစ်ကို, မောင် G တစ်လုံး လက်ဆောင်ပေးချင်တယ်။ ဆက်သွယ်မှုလည်းလွယ်အောင်၊ စကားပြောချင်တဲ့အချိန်လည်း ထပြောလို့ရအောင်ပေါ့''

''ဟင့်အင်း,မလိုချင်ပါဘူးမောင်ရယ်၊ မောင့်ဆီက တန်ဖိုးအရမ်းကြီးတဲ့ပစ္စည်းဆို ဘာတစ်ခုမှလက်ဆောင်မလိုချင်ဘူး။ လက်မထပ်ရသေးဘဲနဲ့ ယူရတာလည်းစိတ်မသန့်ဘူး။ ကျွန်မက ဖုန်းလည်းမကိုင်တတ်ဘူး ဖုန်းပြောတတ်တဲ့အကျင့်လည်းမရှိဘူး။ အဲဒီဖုန်းတွေကိုလည်း နားမလည်ပါဘူးမောင်ရယ်''

''ပန်းလွှာက အရမ်းရိုးတယ်ကွာ၊ လူပုံစံနဲ့လုံးဝမလိုက်ဘူး။ မောင့်ချစ်သူဖြစ်ရင် နားလည်ရမှာပေါ့။ ဒါမှ ပန်းလွှာနဲ့မောင် သတိရတိုင်း





စကားပြောလို့ရမှာလေ။ မောင်က အတန်းတက်ချိန်တွေရယ်၊ စာကြည့်ချိန်တွေရယ် အရမ်းများတော့ ပန်းလွှာဆီ လာချင်တိုင်းလာလို့မရဘူးကွာ။ ဖုန်းလေးနဲ့မှအဆင်ပြေမှာ၊ ချစ်ရင်လက်ခံပေးနော်။ ဒီမှာ hand set လေးက အရမ်းမိုက်တယ်။ မောင်သင်ပြပေးမယ်၊ ကင်မရာကောင်းကောင်းသုံးလို့ရတယ်။ MP3, MP4 player တွေနဲ့၊ FM Radio ကိုလည်း ထည့်လို့ရတယ်''

စသဖြင့် တစ်ခုမကျန်သင်ပြပေးလိုက်ပေမယ့် မောင်လည်း ကျောခိုင်းသွားရော ထိုဖုန်းကိုပိတ်ပြီး တစ်နေရာမှာ ဝှက်ထားလိုက်တော့တာပဲဖြစ်သည်။ နောက်နေ့ကျတော့. . .

''ပန်းလွှာ ဘာဖြစ်လို့ဖုန်းပိတ်ထားတာလဲ၊ မောင်စကားပြောချင်မှန်းသိရဲ့သားနဲ့ကွာ''

''ဟို. . . ကျွန်မလေ,ကိုယ်ပိုင်ဖုန်းတွေဘာတွေမကိုင်ဖူးတော့ ရှက်နေသလိုပဲမောင်ရဲ့။ အသံထွက်လာရင်လည်း လန့်လန့်နေတယ်။ ပြီးတော့ မောင်ဘယ်လောက်သင်သင် အိမ်ကျအကုန်မေ့တာပဲ၊ အဲဒါကြောင့် ကြောက်လို့ပိတ်ထားတာ''

''ကျွတ်! ရှက်စရာမဟုတ်တာတွေကိုလည်း လိုက်ရှက်နေတော့တာပဲ။ ဒါဆို မောင်ထပ်သင်ပေးမယ်၊ ဒီမှာကြည့်''

ဆိုပြီး ထပ်သင်ပေးပေမယ့်လည်း ပန်းလွှာကတော့ ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျောခိုင်းသွားစဉ်မှာ ပိတ်ပြီးဝှက်ထားတတ်မြဲပင်ဖြစ်သည်။

နောက်နေ့ကျတော့. . .

"ပန်းလွှာ, ပိတ်ထားပြန်ပြီကွာ။ ဘာလဲ စတာလား၊ နောက်တာလား၊ မောင်စကားပြောချင်မှန်းသိလို့ တမင်လုပ်နေတာလား"

"မဟုတ်ပါဘူးမောင်ရဲ့၊ အိမ်ကလူတွေ သိမှာကြောက်လို့ ပိတ်ထားတာပါ။ အလုပ်မှာလည်း ပြောလို့မကောင်းဘူးလေ။ ဒါကြောင့် အခုဖွင့်ထားလိုက်ပြီ မောင်ပြောလို့ရပြီ"

"ဟား. . . ဟား. . . ဟား"

"ဘာရယ်တာလဲ"

အပြစ်ကင်းပြီး ချစ်စရာကောင်းသော တလွတ်တလပ်ရယ်နေသည့် မောင့်မျက်နှာချောချောလေးကို ပန်းလွှာငေးကြည့်နေမိတော့၏။

"ရယ်စရာကောင်းလို့ပေါ့ကွ၊ ပန်းလွှာက တကယ့်တော်း အေ အချာလေးပဲ၊ ခုမှပြောလို့ဘာလုပ်မှာလဲ၊ လူချင်းတွေ့နေရပြီပဲဟာ။ ပန်းလွှာကို မောင်စတွေ့တုန်းက တကယ့်ဆရာမကြီးဒီဇိုင်း၊ ချစ်သူတွေဖြစ်သွားတော့ ကလေးဒီဇိုင်းဖြစ်သွားရော။ ပန်းလွှာကိုချစ်မိတဲ့အထဲမှာ နီးတာ အေးတာတွေ၊ ရှက်ကြောက်တတ်တာတွေက ထိပ်ဆုံးက ပါတယ်။ အဲဒီစိတ်ခံစားတွေက နေရာတိုင်းမှာ မကောင်းဘူးဆိုတာတော့ သတ်ထားဖို့လိုမယ်နော်"

ရွှေပဒေသာစာပေ



"ကျွန်မကြိုးစားပြီး ပြုပြင်ပါ့မယ်။ ဒီစိတ်ခံစားတွေက ကျွန်မရဲ့ စိတ်ထဲမှာ ပါလာသလို နေရတဲ့ဘဝပေးအခြေအနေကြောင့်လည်းပါ ပါတယ်"

"မောင်နဲ့အတူနေရရင် အဲဒီစိတ်ခံစားတွေ အကုန်ပျောက်သွားမှာပါ။ အမြန်ဆုံးလက်ထပ်ကြမယ်နော်၊ မောင့်ကို ယောက္ခမတွေနဲ့ဘယ်တော့ပေးတွေ့မှာလဲချစ်ရဲ့"

"မောင့်မိဘတွေကိုလိုက်တွေ့ပြီးရင် ကျွန်မစီစဉ်လိုက်တော့မယ်လေ"

"လိမ္မာတယ်ကွာ. . . အရမ်းချစ်တာပဲ ပန်းလွှာ"

မောင်ကပြောရင်း ပန်းလွှာပခုံးလေးကို ခပ်တင်းတင်းဆွဲဖက်ထားလိုက်သည်။

"ကျွန်မရောပဲ"

"လမ်းမခွဲကြေး"

"အဲဒါ သြရသသီချင်းကြီး"

"ဘာဆိုင်လို့လဲ၊ သူ့သီချင်းပေါက်မှ ဒီစာသားကပေါ်လာတာမှမဟုတ်တာ၊ အချစ်နဲ့ပတ်သက်လာရင် ဒီစကားလုံးတွေက လူတကာသုံးနေကြတာ၊ ဘယ်တော့မှမရိုးဘူး။ ဟိုး. . . ရှေးကတည်းက နောင်ခေတ်အဆက်ဆက်အထိ သုံးနေမှာပဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မောင့်ကိုချစ်မိကတည်းက လမ်းခွဲဖို့ဆိုတာ တွေးတောင်မတွေးရဲခဲ့ပါဘူး။ ဒါပေမဲ့ မောင်နဲ့ပတ်သက်ပြီး ကျွန်မရင်ထဲမှာ စိုးရိမ်စိတ်တွေ အချိန်ပြည့်ရှိနေတယ်၊ ကျွန်မရဲ့မိသားစုနဲ့ မောင်တို့မိသားစုဘဝက. . ."

ပန်းလွှာစကားမဆုံးခင် နှုတ်ခမ်းလေးကို မောင်က လက်ညှိုးလေးဖြင့် လှမ်းပိတ်လေသည်။

"မပြောနဲ့တော့ ချစ်၊ မင်းဆက်ပြောမယ့် အားငယ်တာတွေ စိုးရိမ်ကြောက်ရွံ့မှုတွေကို မောင်သိတယ်။ မောင်တို့အိမ်က စိတ်ဓာတ်ကလွဲလို့ ကျန်တဲ့အဆင့်အတန်းခွဲခြားမှုဝါဒမရှိဘူး။ မောင့်ကို ဘဝနဲ့မခံစားဘဲ နှလုံးသားနဲ့ပဲခံစားပေးပါ။ ပန်းလွှာကို မောင့်မိဘနဲ့တွေ့ပေးတဲ့နေ့ကျ ဖေဖေနဲ့မေမေရဲ့စိတ်ဓာတ်ကိုသိရမှာပါ"

ဟုပြောပြီး ပန်းလွှာပါးပြင်လေးကို လှမ်းမွှေးလိုက်တော့ ပန်းလွှာကလည်း မောင့်မေးဖျားလေးကို ရဲရဲဝံ့ဝံ့ပင် ပြန်လည်၍ အကြင်နာပေးလိုက်မိ၏။ ပြီးမှရှက်ပြီး မောင့်ပခုံးကိုမှီထားလိုက်မိပါသည်။ ထိုအချိန်မှာ မောင်ကအရမ်းပျော်သွားပြီး အလိုက်တသိနှင့် ခွန်းဆင့်နေခြည်၏ 'လက်ဆောင်'သီချင်းကိုဖွင့်ပေးလေသည်။

တည်ငြိမ်လေးနက်သောချစ်ခြင်းများနဲ့×××ချစ်ခဲ့ရသူလေးပါ ×××ဘယ်လောက်ဝေးဝေး ဘယ်လောက်ပဲနီးနီး ××× စိတ်က မောင့်ရဲ့





အနားမှာ××× အားလုံးနဲ့တိုက်ခိုက်လို့ချစ်ခဲ့ရသူလေးပါ×××ကျွန်မရဲ့ဘဝ မောင့်ရဲ့ဘဝ နှစ်ယောက်ပေါင်းဘဝ တစ်ခုတည်းပါ ××× ×××

♥

သို့သော် ဖုန်းတစ်လုံးလက်ဆောင်ရ၍ မတို့ရဲ မထိရဲ မကိုင်ရဲဘဲ ဒီနားပဲဝှက်ထားရမလိုလို ဟိုချောင်ပဲထိုးထားရတော့မလိုလိုနှင့် အရှက်တွေ သိက္ခာတရားတွေကို ပန်းလွှာက ရှေ့တန်းမှာတင်နေစဉ်မှာ. . .

ဖုန်းတစ်လုံးလက်ဆောင်ရရှိ၍ 'အောင်ကျော်ရွှေရ တပြုံးပြုံး'ဖြစ်နေသူတစ်ဦးအား မကြာခင်အတွင်းမှာ ရင်ဆိုင်လိုက်ရပါသည်။ ပန်းလွှာနဲ့တော့ ကွာပါ။ ပန်းလွှာမှာ အဲဒီသတ္တိတွေ အဲဒီလိုရဲရင့်မှုမျိုးတွေ ဘာဖြစ်လို့မရှိရတာလဲ။

အဖြစ်အပျက်ကတော့ ပန်းလွှာ အိမ်ထဲဝင်လိုက်ချိန်မှာ. . .

"အစ်ကိုဝယ်ပေးတာလေ၊ အရင်းတော့မဟုတ်ဘူး။ အစ်ကိုအရင်းက ဝယ်မပေးနိုင်တာ နင်တို့သိသားပဲ၊ hand set လေးက မိုက်တယ်ဟ။ ဒီတစ်ပတ်ထဲမှာ ထွက်တာတဲ့၊ မနက်ကျရင်ပြမယ်၊ နင်တို့နဲ့စကားပြောချင်တဲ့အချိန် ထပြောလို့ရပြီ။ စာတွေဘာတွေလည်း လှမ်းမေးလို့ရသွားပြီ. . .ဟဲ. . .ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဖုန်းတစ်လုံးကိုင်လျက် အော်ဟစ်ပြောဆိုရယ်မောနေသော အငယ်မကိုတွေ့လိုက်ရခြင်းပင်တည်း။

"ဟင်! ဒါဘာလုပ်တာလဲအငယ်မ၊ ဘာကြောင့်ဖုန်း ယူလာတာလဲ"

ပန်းလွှာက အံ့သြမှုနှင့်စိုက်ကြည့်ပြီး မေးလိုက်တော့ အငယ်မ က မျက်နှာပိုးကိုသတ်ပြီး ဖုန်းကိုလည်း ဟိုဂုက်ရမလို ဒီဂုက်ရမလိုလုပ် ရင်းမှ. . .

"ဟိုဟို. . . သမီးကိုမဆူနဲ့နော်မမ၊ သမီးတို့အားလုံး ဝိုင်းပြြင် ပါသေးတယ်၊ ဘယ်လိုမှပြင်းမရလို့ လက်ခံလိုက်ရတာပါ။ ကိုကြီးမိုးမာန် သမီးကိုလက်ဆောင်ပေးသွားတာပါ"

"ကျွတ်! ဒီမိုးမာန်က ပြဿနာပဲ၊ ဘယ်လိုနည်းတွေသုံးပြီး ဘာ တွေလုပ်နေတာလဲ။ သူလခက ဘယ်လောက်ရလို့ ဒီလောက်တန်ဖိုးကြီး တာကြီးကို ပေးရတာလဲ။ သူ့မိသားစုကကော ဘယ်လောက်ချမ်းသာ လို့လဲ။ သူလုပ်တာကြီးက အိုဗာအံရမ်းကျလွန်းတယ်။ ငါ့မျက်နှာကို လည်း ကြည့်ကြပါဦး"

"မေမေလည်း ပြောတာပါပဲသမီးရယ်၊ ဘယ်လောက်ပြောပြော မရတဲ့ တစ်ဖွတ်ထိုးသမားလေးပဲ၊ ဖုန်းက G လို့ပြောတာပဲ၊ အခွန်လည်း သူပဲဆောင်မှာတဲ့။ သူ့နာမည်နဲ့ပေါက်တာတဲ့၊ သူ့ငွေက စိုက်ရင်းငွေ တ ႇတဲ့၊ ရှေ့လကျရင်တော့ ဆုကြေးဆယ်သိန်းကျော်ရမယ်ပြောတယ်





အဲဒီအခါကျမှ သူ့ငွေကို အရစ်ကျပြန်ဆပ်ရမှာတဲ့။ သူ့အိမ်မှာလည်း သူ့ငွေပေးထားတဲ့ဖုန်းတစ်လုံးရှိတယ်တဲ့၊ သူကတော့ ထသွား ထလာ သုံးဖို့ ရုံးခန်းကဖုန်းကိုယူသုံးတယ်တဲ့။ သူ့ငွေကလည်း သူ့အပေါ်အရမ်း ကောင်းတယ်၊ ဓာတ်ကျနေတယ်တဲ့။ သူပြီးမှ ပြီးရတယ်တဲ့။ လူ့ပုံစံက လည်း တော်တော်ပြောင်းလဲသွားတယ်၊ သူ့ငွေတစ်ယောက်လို တက်ကြွ လို့"

ပန်းလွှာ,ဆွတာ သုံးလေးခွန်းပဲရှိသေးသည်။ မေမေက နောက် ထဲမှထွက်လာပြီး မပြီးနိုင်မစီးနိုင်ရှင်းပြတော့၏။

"ဘာပဲဖြစ်ဖြစ် သမီးကတော့ တွေ့ပြီးပြောရတော့မှာပဲ၊ ဒီယုန် မြင်လို့ ဒီခြုံထွင်တာကြီးက မလွန်လွန်းဘူးလား။ သူဒီလိုလုပ်နေတော့ သမီးက ဘာဖြစ်သွားပြီလဲ၊ သူ့ငွေချမ်းသာတာ သူချမ်းသာတာမှမဟုတ် တာပဲ။ သူ့ငွေစတိုင်လ်ဖမ်းပြီး သူ့ငွေတွေလုပ်တတ်တဲ့အပြုအမူတွေကို လိုက်လုပ်နေတာ ရှူးလို့ပဲဖြစ်ရမယ်။ ပတ်ဝန်းကျင်က သူနဲ့သမီးကိုဘယ် လိုပဲသိထားသိထား. . . သမီးဘက်က သူငယ်ချင်းထက် မပိုနိုင်ဘူးလို့ ငြင်းထားပြီးသား မေမေရဲ့"

"မေမေစိတ်မကောင်းအောင်တော့ မလုပ်ပါနဲ့သမီးကြီးရယ်။ မေ မေဖြစ်စေချင်တာကို သမီးကိုပြောပြထားပြီးသားနော်"

"ဒါကြောင့်လည်း မိုးမာန်က ရောင့်တက်နေတာပေါ့။ အညွှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုသိနေတာပေါ့။ ခုကိစ္စကတော့ ပြောမှဖြစ်တော့မှာမေမေ၊ ကြာလာရင် သူ့အိမ်အတွက်လည်း မကောင်းဘူး၊ သမီးအတွက်လည်း မကောင်းဘူး၊ သွား. . . အငယ်မ,မိုးမာန်ကိုသွားခေါ်၊ မမက စကားပြောစရာရှိလို့ ခဏလိုက်ခဲ့ပါလို့၊ အဲဒီဖုန်း ငါ့ကိုပေးခဲ့''

''ဒါဆိုလည်း ပြောသင့်သလောက်ပဲ ပြောပါသမီးရယ်၊ အကြောင်းသိ မာတ်သိ ဘဝတူတွေ စကားအများမပါစေနဲ့''

ဟု မေမေကပြောလိုက်တော့ အငယ်မက ခပ်သွက်သွက်ထွက်သွားလေ၏။ ခဏအကြာမှာပဲ မိုးမာန်ပါလာလေရာ မေမေနှင့် အငယ်မက ရှောင်ပေးလေသည်။ ပန်းလွှာက ဖုန်းကို စားပွဲပေါ်တင်ပေးလိုက်၏။

''နင်ဘယ်လိုသဘောမျိုးပိုက်ပြီး ငါတို့အိမ်မှာ ယုပ်ချင်သလိုတွေလာလုပ်နေတာလဲ။ ဒီဖုန်းကို ပြန်ယူသွားလိုက်ပါ''

''ပေးပြီးသားပစ္စည်းကို ပြန်ယူတတ်တဲ့ထုံးစံမရှိဘူး၊ ပေးကတည်းက မလိုချင်ရင် လွှတ်ပစ်လိုက်လို့ပြောပြီးမှပေးတာ၊ ငါက အားလုံးကောင်းအောင်စီစဉ်နေတာ ပန်းလွှာ၊ ငါ့အိမ်ကော ဒီအိမ်ကော နှစ်အိမ်လုံးအဆင်ပြေနေတာကို မြင်ချင်တယ်။ နင့်အမေ ညည်းညူတာတွေ့ရင် ငါ့အမေညည်းညူနေသလို စိတ်မကောင်းဖြစ်မိတယ်။ နင့်အမေ ပျော်နေတာတွေ့ရင် ငါ့အမေ ပျော်နေသလိုပဲ စိတ်ချမ်းသာမိတယ်။ ဒီလိုပဲ ကလေးတွေမှာ လိုအပ်နေတာလေးတွေ သူတို့အရမ်းလိုချင်နေတာလေး





တွေကိုမြင်ရတော့ ကိုယ့်ရဲ့ကလေးတွေလိုပဲ ပျော်ရွှင်အောင် ဖြည့်ဆည်းပေးချင်တယ်။ အဲဒီသဘောပိုက်ပြီး လုပ်နေတာ''

''ဒါဆိုလည်း ရပ်တန်းက ရပ်လိုက်ပါတော့၊ နင်လုပ်နေတာတွေဟာ ငါ့သိက္ခာကိုလာချနေတာနဲ့အတူတူပဲ၊ နင် ငါ့ကို Try လုပ်နေတာလည်း ပတ်ဝန်းကျင်ကသိထားတော့ ငါကဘာဖြစ်သွားပြီလဲ၊ မေမေ့ရဲ့အညာကိုသိနေလို့ အပိုင်ကိုင်နေတာလား။ သူဌေးနဲ့ပေါင်းပြီး သူဌေးလုပ်သလိုတွေ လိုက်လုပ်နေရင် နောက်ဆုံးအကြွေးတွေတင်ပြီး မောတဲ့ရလဒ်ပဲ ကျန်ခဲ့လိမ့်မယ် မိုးမာန်။ တကယ်တော့ နင်နဲ့ငါက နင့်မှာလည်း အကြွေးတွေနဲ့၊ ငါ့မှာလည်း ကလေးတွေနဲ့ဆိုတဲ့ဘဝမျိုး''

''အေး,အဲဒီလိုဘဝမျိုးမို့လို့ ငါကြိုးစားနေတာ၊ ငါကြိုးစားနေသမျှတွေကို အားမပေးချင်နေ၊ ဒီလိုတော့မနှိမ်ပါနဲ့၊ အညွန့်မချိုးချင်ပါနဲ့ တစ်ခုတော့ရှိတယ်၊ နင်ဘယ်လိုပဲတွေးတွေး ဘယ်လိုပဲ ငါ့ကိုအထင်သေးသေး ငါကလုပ်စရာရှိတာ ဆက်လုပ်သွားမှာပဲ။ သူဌေးကောင်းလို့လည်း ဒီအိမ်ပေါ်ကိုကောင်းနိုင်တာ။ ငါ့အင်ငါ့အားနဲ့ဆို ဒီလိုမမြန်ဘူး။ အိုင်တီခေတ်ကြီးမှာ ရန်ကုန်မြို့ကြီးနေပြီး ဖုန်းတစ်လုံးမှမရှိရင် မဖြစ်တော့ဘူးလို့ထင်တယ်''

''ဒါဆို ငါ့ဘက်ကိုလည်း တွေးကြည့်ဦးလေ၊ နင်ဒီလိုလုပ်နေတာတွေက မိသားစုအလယ်မှာ ငါ့ပါဝါကိုလာချနေတာနဲ့အတူတူပဲ၊ ငါမလည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာတွေကိုလုပ်ပေးပြီး တစ်မိသားစုလုံးက နင့်ကိုအားကိုးလာအောင် လုပ်ပြနေတာမှလား။ မိဘက ငါ့ကိုမျှော်လင့်နေမှန်းသိလို့ မောင်နှမတွေက ငါ့ကိုအားကိုးနေမှန်းသိလို့ တမင်လုပ်နေတာမှလား။ သမီးကြီးတစ်ယောက်ရဲ့သိတတ်မှုတွေ၊ အစ်မကြီးတစ်ယောက်ရဲ့တာဝန်တွေကို နင်နှိမ်ချလိုက်တာလား။ မိသားစုအလယ်မှာ ငါ့ပါဝါတွေ ဘယ်လောက်ကျသွားပြီလဲ''

''ဟာ,ကြည့်စမ်း! နင်က အဲဒီလိုခံစားနေတာလား။ Sorry ပန်းလွှာ very sorry...ငါအဲလောက်ထိ မတွေးခဲ့မိဘူး။ ငါ့စိတ်ထဲတ် အဲလိုမရှိခဲ့ပါဘူး။ အားလုံးကောင်းစေချင်တဲ့ဆန္ဒတစ်ခုတည်းနဲ့သာ လုပ်ခဲ့တာပါ။ အိုခေ ကောင်းပြီ, နင်ဒီလိုခံစားနေရမှန်းမသိလို့ပါ၊ ငါဆင်ခြင်ပါ့မယ်. . . နင်မကြိုက်တာ မလုပ်မိအောင် ထိန်းပါ့မယ် ပန်းလွှာ''

မိုးမာန်က လေသံချက်ချင်းပြောင်းသွားပြီး ထပြန်ဖို့ပြင်လေ၏။ ပန်းလွှာကလည်း ချက်ချင်းထပြီး မိုးမာန်နားသို့ ခြေတစ်လှမ်းတိုးလိုက်သည်။

''တစ်လက်စတည်း ပြောသင့်တယ်ထင်လို့ ပြောလိုက်ဦးမယ် မိုးမာန်၊ ငါ, သားသက်ဝေကိုလက်ထပ်ဖို့ဆုံးဖြတ်လိုက်ပြီ၊ အဖြေပေးလိုက်ပြီ။ ဒီရက်အတွင်း သူ့မိဘကို ငါသွားတွေ့ရတော့မယ်''

''အဲဒါ နင့်ကိစ္စပဲ၊ နင်လည်း နင်လျှောက်ရမယ့်လမ်းကို ကောင်းယ်ထင်လို့ဖောက်သလို ငါလည်း ငါလျှောက်ရမယ့်လမ်းကို အကောင်းဆုံးဖြစ်အောင် ဖောက်သွားမှာပဲ''

ခု ခပ်ပြတ်ပြတ်ပြောပြီး တံခါးကိုကိုယ်တိုင်ဖွင့်၍ ထွက်သွားတော့၏။

သို့သော် ပန်းလွှာသည် မိုးမာန်ကိုဘယ်လိုပဲဖြတ်ဖြတ်၊ စိတ်ထဲာလည်း ဘယ်လောက်ပဲရှင်းရှင်း၊ ပန်းလွှာတို့တစ်မိသားစုလုံး သူ့လက်ထဲမှ ရုန်းမထွက်နိုင်တာတွေ၊ သူစိုးမိုးထားသည့်အရှိန်အဝါတွေက ဘယ်လောက်ကြီးမားသလဲဆိုတာတွေကို နောက်တစ်နေ့မှာပဲ ပန်းလွှာလက်ခံလိုက်ရပါသည်။ ကျယ်ပြောသည့်လောကကြီးက ထူးဆန်းသည့်ကံတရားတွေကို မောင့်ကိုချစ်မိတဲ့အချိန်မှစပြီး တစ်ခုပြီးတစ်ခုချပေးခဲ့တာဖြစ်သော်၏။

မောင့်ကိုမချစ်မိခင်က မိုးမာန့်,ပန်းလွှာတို့အပေါ်ဆက်ဆံပုံမှာ သဘာဝတရားမျှသာ။ မောင့်ကိုချစ်ပြီးတော့ မိုးမာန့်,ပန်းလွှာတို့အပေါ်ဆက်ဆံပုံမှာ လောဘသားတစ်ယောက်ပမာ။ ပန်းလွှာ ဘယ်လိုနားလည်ခွန်းမသိအောင် ဘာကိုယုံရမှန်းမသိအောင် မျက်စိသူငယ် နားသူငယ်ဖြစ်ရပါသည်။

ထိုနေ့က ပန်းလွှာ အလုပ်မှပြန်လာတော့ အငယ်မဆီကို ဖုန်းဝင်လာတာဖြစ်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟာ! ကိုကြီးဘယ်လိုဖြစ်တာလဲ၊ တကယ်လား, ဒီလောက်များတဲ့ငွေတွေကို သမီးတို့ဘယ်လိုလုပ်မှာလဲ"

ပန်းလွှာရင်ထဲ ဒိန်းခနဲဆောင့်ခုန်လာပြီး အငယ်မကိုစိုက်ကြည့်လိုက်မိသည်။

"ဒုက္ခရောက်ပါရော, တော်တော်များလား။ သမီးသိပြီ သိပြီ, မေမေတို့နဲ့ချက်ချင်းလိုက်လာခဲ့မယ်။ မမ,ဘယ်လိုလုပ်ကြမလဲ၊ ကိုကြီးရယ် အာရှမှနေဘဏ်က ငွေတွေထုတ်ပြီး အပြန်မှာ အလုခံရလို့တဲ့။ ငွေက တော်တော်များတယ်တဲ့။ ပြန်လုတာ အများနဲ့တစ်ယောက်မို့လို့ ငွေမရဘဲ လက်မှာ ဒဏ်ရာပဲရခဲ့တယ်တဲ့။ အလုပ်ရှင်ကလည်း ဘယ်လိုမှရှင်းပြလို့ရမယ့်လူမျိုးမဟုတ်ဘူးတဲ့။ သူ့ငွေကိုမပေးရင် အမှုလုပ်လိမ့်မယ်တဲ့"

"ကြည့်စမ်း! တော်တော်ဆိုးပါလား။ သားကြီးက ဘာဖြစ်လို့ဒီလောက်ပေါ့ဆရတာလဲ"

"ငွေတွေက အများကြီးတဲ့၊ သမီးတို့ဘယ်လိုလုပ်ရမလဲ၊ ကိုကြီးမိုးမာန်ကိုပဲ အသိပေးမှဖြစ်တော့မယ်။ မေမေရေ. . . မေမေ"

ဆိုပြီး မေမေ့ဆီအပြေးသွားပြောပြလိုက်တော့ မေမေပါ တက်မတတ်ချက်မတတ်ဖြစ်ပြီး ရင်ဘတ်စည်တီးတော့၏။

"အိုး. . . ဘုရားရေ့,မြတ်စွာဘုရား ကယ်တော်မူပါ၊ ငါ့သားကြီးတော့ ဒုက္ခရောက်ပါပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ သမီးကြီးရယ်။ ငွေကိုလျှော်ဖို့မပြောနဲ့ လောလောဆယ်လိုက်သွားဖို့ လက်ကဒဏ်ရာကိုတောင်ကုပေးဖို့ငွေမရှိတဲ့ဘဝ. . . ဘုရား. . . ဘုရား"

"စိတ်လျှော့ကြည့်ပါ မေမေ၊ အသက်ကိုမလုပ်ကြဘဲ ဒဏ်ရာလေး ရသွားတာကိုပဲ ကံကောင်းတယ်လို့တွေးရမှာပါ။ သမီး ကြည့်ကြံဦးမယ်"

ပန်းလွှာသည် ပြောပြောဆိုဆို ရေချိုးခန်းထဲပြေးဝင်ခဲ့၏။ ရောက်ကတည်းက ပခုံးမှအိတ်ကိုမချရသေးတာမို့ မောင့်ဆီဖုန်းခေါ်ကြည့်ဖို့ အဆင်သင့်ဖြစ်သွားလေ၏။ ပါတနာတွေဆီ အကူအညီလှမ်းတောင်းသည်း လစာမထုတ်ရသေးတဲ့ဘဝတူတွေမို့ အဆင်ပြေမှာမဟုတ်၊ မောင့်ဆီလှမ်းပြောချင်ပေမယ့်လည်း အားနာစိတ်တွေ ရှက်စိတ်တွေနှင့် မဝံ့ရဲ၊ ဒါပေမဲ့ ခေါ်ဖြစ်အောင်ခေါ်ကြည့်လိုက်တော့ မောင့်အသံလေးက ရွှင်လန်းတက်ကြွစွာ ထွက်ပေါ်လာပါသည်။

"ဟဲလို. . . မောင်"

"ဟေး. . . ချစ် ထူးထူးဆန်းဆန်း ဖုန်းတွေဘာတွေခေါ်လို့ပါလား။ မျှော်နေတာကြာလှပြီနော်၊ ကဲ,ပြော"

ပန်းလွှာ ဘယ်လိုမှပြောမထွက်ဘဲ ရင်ထဲမှာ မောပန်းနွမ်းနယ်နေ၏။

"ဟဲလို. . . ပန်းလွှာပြောလေ၊ ဖုန်းကိုင်ပြီး ဘာလုပ်နေတာလဲ"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"......"

"ဟေး. . . အချစ်ကလေး ရှက်နေတာလား ကြောက်နေတာလား ပြောကွာ"

"......"

"ပုံမှန်တော့မဟုတ်တော့ဘူး ဘာဖြစ်နေတာလဲ၊ အိမ်မှာတစ်ခုခုဖြစ်လို့လား။ မောင့်ပြဿနာလား။ မိသားစုပြဿနာလား။ ငွေအခက်အခဲရှိလို့လား. . . ပြောလေ။ ဘာပဲဖြစ်ဖြစ် ရဲရဲသာပြောချလိုက်ပါ။ မောင်ကူညီပေးဖို့အဆင်သင့်ပဲ"

ဖိကပ်ထားသောနှုတ်ခမ်းလွှာတွေက ဘယ်လိုမှဖွင့်မရ. . .

ပြောလိုက်ပါလား သတ္တိရှိရှိပြောချလိုက်ပါလား. . .

ပြောလိုက်လို့ ပါးစပ်ဆူးစူးမှာလား. . .

ဒါပေမဲ့လည်း. . .

"မမရေ. . . မမ"

အပြင်မှ အငယ်မအသံက ထွက်လာပြီမို့. . .

"ဟို. . . ဘာမှမဟုတ်ပါဘူးမောင်ရဲ့"

"ဟာကွာ, မဟုတ်ဘဲတော့ မနေလောက်ပါဘူး"

"မမရေ့,ထွက်ခဲ့တော့ ရေချိုးခန်းထဲမှာ ငိုနေတာလား။ ဘာမှမပူနဲ့တော့၊ ကိုကြီးမိုးမာန်လိုက်သွားပြီ"





အော်သံတွေနှင့် တံခါးထုသံတွေ ဆက်တိုက်ထွက်ပေါ်လာတာကြောင့်. . .

"ဘာမှမဟုတ်ဘူးမောင်၊ ဖုန်းခေါ်ဖူးအောင် ခေါ်ကြည့်တာ၊ မောင့်ကိုချစ်တယ်. . . လို့. . . ပြောချင်လို့"

ဟုပြောပြီး ထွက်လာခဲ့တော့၏။ တစ်ဖက်မှ မောင် ဘယ်လောက်ပျော်ပြီး ဆွေ့ဆွေ့ခုန်နေမလဲဆိုတာ မတွေးနိုင်တော့။

"ကိုကြီးမိုးမာန်က သူ့အားလုံးစီစဉ်လိုက်မယ်ပြောတယ်။ မစိုးရိမ်နဲ့တဲ့၊ လိုက်လည်းလိုက်မလာခဲ့နဲ့တဲ့။ အလုပ်ရှင်နဲ့တွေ့ပြီးတော့လည်း ပြေလည်အောင် ဖြေရှင်းပေးမယ်ပြောတယ်မမ"

ပန်းလွှာ ဘယ်လိုမှမလှုပ်နိုင်တော့ပေ။

ဖေဖေပြန်လာတော့လည်း တဖျစ်တောက်တောက်ဖြစ်နေ၏။ တစ်မိသားစုလုံး ဘာမှမလုပ်နိုင်ဘဲ ဧည့်ခန်းထဲမှာ ငုတ်တုပ်ကလေးတွေ မျှော်နေလေရာ ညဆယ်နာရီထိုးခါနီးမှ လက်မောင်းမှာ ပတ်တီးကြီးစည်းထားသောသားကြီးကို မိုးမာန်ကတွဲလျက် ရောက်လာလေ၏။

"ဘာမှမစိုးရိမ်ကြနဲ့တော့၊ အရပ်သားနဲ့ ယာဉ်ထိန်းရဲတွေ ဝိုင်းလိုက်တာ အကုန်ပြန်ရတယ်။ ဒဏ်ရာကလည်း အရမ်းမများပါဘူး။ အလုပ်ရှင်ကလည်း ဖြစ်တဲ့အခက်အခဲကိုတင်ပြလိုက်တော့ ဆေးကုသစားရိတ် နှစ်သိန်းတောင် ထုတ်ပေးလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်မိုးမာန့်စကားအဆုံး အလုအယက် ဆူဆူညံညံပြော
ကြသောမိသားစုရဲ့စကားတွေ ပန်းလွှာနားထဲကို မဝင်နိုင်လောက်အော
သိမ်ငယ်မှုတွေဖြင့် ထုပူနေခဲ့တော့သည်။ မိုးမာန်ပြန်ခါနီးကျမှ မပြေ
မဖြစ်ပြောလိုက်မိလေ၏။

"ကျေးဇူးတင်ပါတယ်မိုးမာန်၊ သမီးကြီးတစ်ယောက်ရဲ့တာဝ
ဝတ္တရားတွေ ပျက်ကွက်ခဲ့ရပါတယ်။ အစ်မကြီးတစ်ယောက်ရဲ့သိက္ခာ
လည်း ကျဆင်းခဲ့ရပါတယ်"

ထိုအခါ မိုးမာန်ပြန်ပြောလိုက်သောစကားလည်း ပန်းလွှာ
ထဲကို မဝင်တော့ပါ။



## အခန်း ( ၃ )

ဘယ်လောက်ထိလဲ×××ဘယ်လောက်ချစ်လဲ×××
အနားကပ်လာကာ သူမေးတယ်×××ဒီမှာ မင်းအတွက်ဆို
အသက်တောင်ပေးဆပ်မယ် ယုံလားချစ်သူရယ်×××
ဘယ်လောက်ထိလဲ×××ဘယ်လောက်ချစ်လဲ
အချစ်ကမေးရင် ကိုယ်ပြောမယ်×××ကြယ်စင်တွေကိုခူးဆွတ်ပြီး
မင်းလေးကိုပေးချင်×××အချစ်ဆုံးလေးရယ်

သက်ဝေသည် ပန်းလွှာဆီမှ ဖုန်းမရစဖူးရလိုက်တာမို့ အပျော်ကျူးပြီး သီချင်းအော်ဆိုရင်း အောက်ထပ်ပြေးဆင်းလာခဲ့ရာ. . .



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းလေးတကြော်ကြော်နဲ့ အချစ်ရှိရင် ထမင်းပါမစား
အစားထဲကလား၊ ဥယျာဉ်မှူးလုပ်ကတည်းက ထမင်းမေ့ ဟင်းမေ့
ဖအေမေ့ မအေမေ့,ကျောင်းချိန်ကောမှန်ရဲ့လား၊ စာကြည့်နေတာကော
ဟုတ်ရဲ့လား၊ ဘာမှန်းမသိ ဝါးတားတားနဲ့ ဟောက်ဆာဂျင် ဆင်းခါး
ကျမှ ပရုတ်သုက္ခတွေဖြစ်နေဦးမယ်"

ညှော်ခန်းထဲဝင်လာသည့်ဖေဖေက သူ့ကိုမြင်ပြီးပြောလိုက်တာ
ကြောင့် ဖေဖေ့ရှေ့မှာ ယောင်ပေပေရပ်လိုက်ရ၏။ မေမေကလည်း ထုံး
အတိုင်း ဖေဖေအသံကျယ်ကြဲးကြောင့် အခန်းထဲမှထွက်လာသည်။

"စာတွေက ပိုင်ပါတယ်ဖေဖေရဲ့ သားက သူ့အကန့်နဲ့သူ ထား
တာပါ။ လုံးဝမရောထွေးစေရဘူး။ အခု ဗိုက်ဆာလို့ ဝါးကီးဆွဲတော့မ
ဘာဟင်းလဲမေမေ"

"မေးစရာလိုလို့လား သားရယ်၊ အမြဲတမ်း သားအကြိုက်
ချက်ပေးနေတာကို၊ သားအကြိုက်က ပထမ၊ ဖေဖေ့အကြိုက်က ဒုတိယ"

"ဒါဆို မေမေ့အကြိုက်ကကော"

"မေမေ့အကြိုက်က သားနဲ့ဖေဖေကြိုက်တာကိုပဲ ကြိုက်တယ်
လေ ... ဝ ... ဒိယ ဆိုတာ မရှိပါဘူး"

"ဒါကြောင့် မေမေက ချစ်ဖို့ကောင်းတာ"

"သားအမိနှစ်ယောက်ကတော့ စည်းဝါးကိုက်လို့ပဲဟေ့။ ဒ





စကားတောင် မတိုးတော့ဘူး"

"ဒါနဲ့ သား ထမင်းမစားခင် မေမေတို့ ခဏစကားပြောရအောင်၊
သားကိုပြောစရာတွေ ရှိနေတယ်၊ ရှင်ပြောမလား ကျွန်မပြောရမလား"

မေမေကပြောရင်း ဖေဖေ့ကိုပါ လှည့်မေးလိုက်တာကြောင့် သက်
ဝေ အံ့သြသွားရသည်။ ဘာကြောင့်အံ့သြရသလဲဆိုတော့ 'ရှင်ပြော
မလား ကျွန်မပြောရမလား'ဟု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်
ပြီး ပြောကြပြီဆိုကတည်းက သူ့ကိုဆုံးမဖို့ (ဒါမှမဟုတ်) အရေးကြီးတာ
တစ်ခုခုပြောတော့မည်ဆိုတာ သိနေသောကြောင့်ပင်။

"ဒီသားလေးတစ်ယောက်ပဲရှိတာကွာ၊ အတူတူပြောကြတာပေါ့"

ဟုဖေဖေကပြောပြီး ညှော်ခန်းမှာ ထိုင်လိုက်ကြလေသည်။

"နေ့လယ်က နိုဘယ်တို့အမေ လာသွားတယ်သား။ သားနဲ့
နိုဘယ်ကော တွေ့သေးလား"

"ကျောင်းမှာတော့ နေ့တိုင်းတွေ့တာပေါ့မေမေရဲ့၊ စကားမပြော
ဖြစ်တာတော့ ကြာသွားပြီ၊ အန်တီနွယ်နီက ထူးထူးဆန်းဆန်း နိုဘယ်
မပါဘဲ အပြင်တွေဘာတွေ တစ်ယောက်တည်းထွက်လို့"

"သူလည်း တစ်ခါတစ်လေ မေမေ့ကိုရင်ဖွင့်ရင်း နိုဘယ့်အကြောင်း
လည်း ပြောရင်းပေါ့"

"နိုဘယ်က ဘာဖြစ်လို့လဲမေမေ၊ တစ်ခုခုဖြစ်ရင်တော့ သားကို



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာပါ။ သူက လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေတတ်တာပဲ ဒါပေမဲ့ ဟိုးတစ်ခါတုန်းက သူတစ်ခါမှမပြောဖူးတဲ့စကားတွေ သားကို ပြောသွားတယ်၊ ရင်ဖွင့်တာတော်တော်ကြာတယ်မေမေ၊ သားတောင် အံ့သြမိတယ်၊ သူ့အမေကိုသနားတဲ့အကြောင်း သူ့အဖေကိုမုန်းတီးတဲ့ အကြောင်း''

''ဟုတ်လိမ့်မယ်၊ မိဘချင်းမပြေလည်တာကိုမြင်နေရတဲ့ သားသမီးက ရင်ထဲမှာခံစားချက်တစ်ခု အမြစ်တွယ်နေတတ်တယ်သားရဲ့၊ မေမေတို့ပြောမှာ အဲဒီကိစ္စနဲ့လည်း ပတ်သက်နေတယ်''

''သူ့ဖားသားကြီးက အနံ့တွေထွက်နေတယ်ဆိုတာ ဘာအနံ့လဲ မေမေ၊ စမောဖယားတွေလား ကီပင်ဖယားတွေလား''

''အင်း၊ သိုသိုသိပ်သိပ်နဲ့ ပါကောင်းပါနိုင်မလားပဲ။ အတိအကျ တော့ ဘယ်သူမှမသိပါဘူးသားရယ်၊ မပြောနိုင်ပါဘူး။ သေချာတာက တော့ ထင်အောင်က အသက်ငါးဆယ်နားနီးပေမယ့် ကာလသားစိတ် လုံးဝမပျောက်တာပဲ။ မေမေတို့ငယ်သူငယ်ချင်းလေးယောက်ထဲမှာ သူ တို့နှစ်ယောက်က အရင်ဆုံးချစ်သူတွေဖြစ်ပြီး လက်ထပ်ခဲ့ကြတာပဲလေ။ ညားပြီးမှ ဘယ်လိုပြဿနာတွေဖြစ်ကြလဲမသိပါဘူးသားရယ်၊ ညှိပေး လို့ကိုမရတော့တာ၊ နွယ်နီ့လောက် အေးတာ ရိုးတာ အမှန်ကိုအမှန် အတိုင်းပြောပြတတ်တာ နှစ်ယောက်မရှိပါဘူး။ ဒီလိုမိန်းမသားမျိုးမို့လို့





လည်း ပြဿနာကိုမီးမောင်းထိုးရှာတာထင်ပါရဲ့''

''အဓိက,ကတော့ ထင်အောင် စိတ်မမှန်တာ စိတ်မငြိမ်တာ ကြောင့်လို့ပဲပြောရတော့မှာပဲကွာ။ ငယ်ငယ်ကတည်းက ဒီကောင်က ဆိုး တယ်၊ စိတ်အပြောင်းအလဲလည်းမြန်တယ်၊ တဖြည်းဖြည်းနဲ့ မိန်းမတစ် ယောက်ကို အတည်တကျမပေါင်းသင်းချင်တဲ့စိတ်က သိသာလာတယ်။ အသောက်ဖက်တော့ ပိုဆိုးတာပေါ့ကွာ။ နီဘယ်လေး လူဖြစ်လာလို့သာ ဟန်မပျက်နေနေကြတာ၊ အမြဲတမ်း နိုက်ကလပ်တွေ ဒင်နာတွေ ဂေါ့ဖ် ကွင်းတွေ စားသောက်ဆိုင်တွေ ဟိုတယ်တွေ နိုင်ငံခြားခရီးစဉ်တွေနဲ့ပဲ အချိန်ကုန်နေတာ၊ နွယ်နီ့ကိုလုံးလုံးဂရုမစိုက်တော့ဘူး။ အဘိုးအဘွား တွေ မတည်ပေးခဲ့တဲ့လုပ်ငန်းတွေရှိလို့သာ ဒီလိုနေနိုင်တာ''

ဖေဖေနှင့်မေမေပြောပြသောစကားတွေကြောင့် နီဘယ့်ဖားသား ကြီးကို စိတ်ထဲမှတင်းမိသွား၏။

''တော်တော်ဆိုးတဲ့အဘိုးကြီးပဲနော်ဖေဖေ၊ ဒါကြောင့် နီဘယ် တင်းတာ''

''အခုလည်း တစ်အိမ်တည်းနေပြီး ကွဲနေတယ်တဲ့။ နွယ်နီကို စိတ်ကုန်ပြီ စိတ်မပါတော့ဘူးဆိုတဲ့ယောကျ်ားမဆန်တဲ့စကားတွေတောင် ပြောနေပြီတဲ့၊ လင့်ဝတ္တရားလည်း လုံးဝမရှိဘူးတဲ့။ အခြေအနေက တော် တော်ဆိုးပုံပေါ်တယ်၊ ဒီ့ထက်ဆိုးတာက 'သေရင် တစ်ယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



သွားရမှာပဲ'ဆိုတဲ့စကားကို မထိမဲ့မြင်နဲ့လက်လွတ်စပယ်သုံးနေတယ်တဲ့ နွယ်နီ ငိုလည်းငိုလို့၊ မေမေဖြင့် သနားလိုက်တာ၊ စိတ်မကောင်းလိုက်တာ သားရယ်။ ဘယ်လောက်ပဲချမ်းသာချမ်းသာ အိမ်ထဲမှာ ဒီလိုဆင်းရဲနေရတော့ ဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ ခွေးမျိုး၊ အယုတ်တမာကောင်ထင်အောင်က သူ့ကျတော့ အပြင်မှာ ကဲချင်တိုင်းကဲလို့"

မေမေကလည်း ပြောရင်းပြောရင်းနှင့် ဒေါသထွက်လာဟန်ပါသည်။

"ဒီခေတ်က meditation ခေတ်ကွ၊ အနယ်နယ်အရပ်ရပ်မှာ meditation လုပ်နေတဲ့သူတွေ အများကြီးပဲ။ သေရင် တစ်ယောက်တည်းသွားရပဲဆိုတဲ့အသိကို ကလေးကအစ အားလုံးသိကြတာပဲ၊ ဒါပေမဲ့ မသေခင်မှာ ကိုယ့်တာဝန်ကိုယ်ကျေပွန်ဖို့လိုတယ်၊ လူပီသဖို့လိုတယ်၊ လင်ယောက်ျားတစ်ယောက်ဖြစ်ခဲ့ရင်လည်း လင်တစ်ယောက်ရဲ့တာဝန်ကို သစ္စာရှိရှိယူရဲရတယ်၊ မယားအပေါ်တာဝန်ကျေရတယ်၊ သစ္စာရှိရတယ်၊ နားလည်မှုထားရတယ်။ အဲဒီလိုနေသွားရင်း တစ်ဖက်ကလည်း ကုသိုလ်ဘာဝနာတွေ ပွားများရင်းနဲ့ နောက်ဆုံး သေလမ်းကျမှ တစ်ယောက်တည်း သွားရတော့တာပေါ့။ ဒီလို ဘာလိုင်းကြီး 'သေရင် တစ်ယောက်တည်း သွားရမှာပဲ'ဆိုတဲ့ တာဝန်မဲ့ပြီး လူစိတ်မရှိတဲ့စကားတော့ ဘယ်ပြောဖို့ကောင်းမလဲ။ ဒီကောင်ကိုက အကျင့်မကောင်းတဲ့ကောင်ပါကွာ။ ထင်အောင့်အကြောင်း ငယ်ငယ်ကတည်းက ဖေဖေအသိဆုံး



မှာကိုပေးချင်တာ၊ နွယ်နီ ဒီကောင့်ကိုရွေးလိုက်တာ အရမ်းမှားတယ်"

ဖေဖေကလည်း မေမေ့လိုပင် ပြောရင်းနှင့် ဘိုးတော်ထင်အောင်ကို တင်းနေလေပြီ။

"အို့၊ မှားတယ်ဆိုရင်လည်း ဘယ်ဟုတ်ပါ့မလဲ ဦးမင်းဇော်ရယ်။ နွယ်နီက အချစ်ကြီးတဲ့သူ၊ အစွဲအလမ်းကြီးတဲ့သူ၊ တစ်ယောက်ဆိုတစ်ယောက် ပီတောက်ဆို ပီတောက်သမား၊ အရုက်သိက္ခာဆိုရင်လည်း ရှေ့တန်းကိုအရမ်းတင်တာ၊ ဘာအကြောင်းပဲဖြစ်ဖြစ် လူပြောခံရမှာကိုလည်း အရမ်းကြောက်တာ။ ဒီလိုမိန်းမသားမို့လို့ ဒီလိုဖြစ်ရတာထင်ပါရဲ့။ ကဲ၊ တော်ပါတော့ရှင်၊ အသက်တွေလည်း ကြီးလာပါပြီ။ လင်မယားတွေဆိုတာ အသက်ကြီးလာရင် ပိုပြီးတော့ကို နားလည်မှုရှိရမှာ"

သက်ဝေသည် မေမေနှင့်ဖေဖေပြောနေသည့်လူကြီးတွေ၏ငယ်ဘဝဇာတ်မြစ်ကို ဂယနဏာသိရမှ တစ်ချိန်က ပဲခေါက်ဆွဲစားပြီး ရင်ဖွင့်ပြခဲ့သောနိုဘယ့်မျက်နှာကို မြင်ယောင်မိတော့သည်။ ပြီးတော့ နိုဘယ့်ကိုသနားလာသည်။ စာနာမိလာသည်။ ဖခင်မုန်းတီးရေးဝါဒကို ခံစားမိလာသည်။ ကားတစ်စီးနှင့် လွှင့်ချင်တိုင်းလွှင့်နေသောသူမအထာကိုလည်း နားလည်လို့ရသွားပါသည်။

**["နင်ကတော့ ပြောအားရှိတာပေါ့၊ နင့်အဖေနဲ့အမေနဲ့က အရမ်းချစ်ကြတဲ့ တစ်ပူးပူးတစ်တွဲတွဲသမားတွေပဲ။ ငါကတော့ နားလည်လို့မရ**



www.burmeseclassic.com

www.burmeseclassic.com



တဲ့မိဘနှစ်ဦးကြားမှာ ကြီးပြင်းခဲ့ရတဲ့အတွက် ငါ့ရဲ့ Feel က ဘယ်သူနဲ့မှမတူဘူး"]

ဟုပြောခဲ့သောအသံလေးကို ကြားယောင်ပြီးတော့လည်း စိတ်မကောင်းဖြစ်လာသည်။ ဒီလိုမိသားစုပြဿနာကို တကယ်လက်တွေ့သိမြင်ခံစားရတော့ ဖေဖေနှင့်မေမေ့ကိုပိုချစ်မြတ်နိုးမိ၏။ ပိုပြီးတော့လည်း ဂုဏ်ယူလေးစား ကျေးဇူးတင်မိ၏။ ဘာကြောင့်လဲဆိုတော့ ဖေဖေက 'ဘုရားတစ်ဖက် မယားတစ်ဖက်' သမားဖြစ်နေသောကြောင့်ပင်။

လူမှုရေးပရဟိတလုပ်ငန်းတွေနှင့် ကုသိုလ်ဘာဝနာပွားများမှုကိစ္စတွေကို စိတ်ထက်သန်စွာလုပ်လေ့ရှိသလို မေမေ့အပေါ်ကိုလည်း စိတ်ချမ်းသာမှုအပြည့်အဝပေးနိုင်သော၊ တာဝန်သိသိ သစ္စာရှိရှိပေါင်းဖက်နေသော လင့်ဝတ္တရားကျေပွန်သည့်လူသားတစ်ဦးပင်တည်း။

ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုနှင့်အတူ ပဲနှမ်း Export လုပ်သည့်ကုမ္ပဏီလည်း ရှိထားပေမယ့် အလုပ်သက်သက်တစ်ခုတည်းဖြင့် အပြင်မှာ အချိန်ကုန်နေသူမဟုတ်ပါ။ မေမေ့ကို ဂရုစိုက်မှုအပြည့်ပေးနိုင်သလို၊ ကုမ္ပဏီမှတပည့်တွေ၏ ယုံကြည်လေးစားမှုကိုလည်း အပြည့်ခံစားရသူဖြစ်ပါသည်။ နိုဘယ့်ဖားသားကြီးလိုလည်း မိန်းမတွေကို အိမ်မှာချောင်ထိုးထားသူမဟုတ်၊ ခေါ်သင့်ခေါ်ထိုက်သည့်နေရာမျိုးတွေကို ဦးစားပေးပြီး ခေါ်ဆောင်သွားတတ်သလို တစ်နှစ်တစ်ခါအချိန်ပေးပြီး





တော့လည်း အပန်းဖြေခရီးတွေကို ပို့ဆောင်ပေးမြဲဖြစ်သည်။

အင်း, နိုဘယ်လည်း သူ့အဖေနဲ့အမေကို ဒီလိုမြင်ချင်မှာပဲ၊ ဒီလိုခံစားချက်တွေရှိလို့လည်း 'အနီးကပ်ဆုံးလူကို မေ့လျော့ထားမှု' ဆိုတဲ့ Title ကြီးက သူ့မရင်ဘတ်ထဲမှာ အမြစ်တွယ်ခဲ့တာပဲ။

"အခုမှ နိုဘယ်တို့မိသားစုပြဿနာကိုသေချာသိတာ၊ ဒါကြောင့်လည်း နိုဘယ်က တစ်ခါမှမပြောဖူးတဲ့ခံစားမှုတွေကို ပြောပြခဲ့တာ။ ဒါနဲ့ မေမေ, ဒီဘိုးတော်ထင်အောင်နဲ့ အန်တီနွယ်နီကိစ္စက သားနဲ့ဘာများပတ်သက်နေလို့လဲ"

"ပတ်သက်တာပေါ့ကွ၊ ဒါနဲ့ စကားမစပ် ကြားဖြတ်ပြီးမေးလိုက်ဦးမယ်။ သားနဲ့ Paradise က ကောင်မလေးက လူငယ်သဘာဝအရ အကြည့်ဆိုက်ရုံလောက်လား. . . တကယ်အတည်ပေါက်ကြတာလား။ ဉယျာဉ်မှူးအလုပ်ကို ဆရာဝန်တစ်ဖက်နဲ့ တစ်သက်လုံးလုပ်သွားတော့မှာလား"

"ဟာ! ဖေဖေကလည်း တစ်သက်လုံးပေါ့ဗျ။ တကယ်အတည်ပေါက်ကြတာ၊ သားက လူငယ်ဆိုပေမယ့် တခြားလူငယ်တွေလို ဗယားမများဘူး။ အဲဒီဘက်ကိုအချိန်မပေးနိုင်ဘူး။ အန်တီနွယ်နီလိုပဲ တစ်ယောက်ဆိုတစ်ယောက် ပီတောက်ဆိုပီတောက်ပဲ၊ အဲဒီကိစ္စကို သားဖွင့်ပြောမလို့ချောင်းနေတာ၊ ကောင်မလေးကိုလည်း အိမ်ခေါ်လာတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့,ဒါဆိုလည်း မထူးတော့ပါဘူးသားရယ်၊ တစ်ခုခုကို သေသေချာချာဆုံးဖြတ်ပြီး အပြတ်ဖြတ်မှဖြစ်တော့မှာ။ သားနဲ့ နီဘယ့်မိဘတွေနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတော့ နှယ်နီက သူ့သမီးကို သူ့အဖေလိုလူစားမျိုးနဲ့တွေ့မှာစိုးလို့ သားကိုကမ်းလှမ်းတယ်"

"ဗျာ! "

မထင်မှတ်တဲ့ထောင့်တစ်ထောင့်မှ ဝင်ရောက်လာသောမုန်တိုင်းက သေးငယ်ပေမယ့် နည်းနည်းတော့ ဆတ်၏။

"မေမေတို့အိမ်ထောင်ပြုခါစကတော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပြောဖူးတယ်။ ငါသားလေးမွေးပြီး နင်သမီးလေးမွေးရင် ပေးစားကြမယ်၊ နင်သားလေးမွေးပြီး ငါသမီးလေးမွေးရင်လည်း ပေးစားကြမယ်လို့၊ အဲဒီတုန်းကတော့ အပျော်သဘောမျိုးသက်ရောက်ခဲ့တာပေါ့။ ခုချိန်မှာပြောတာကတော့ သေချာတဲ့ကမ်းလှမ်းမှုပါ"

"လုံးဝမဖြစ်နိုင်ပါဘူးမေမေရာ။ သားနဲ့နီဘယ်က ဒီလိုစိတ်တွေ ရှိတာမဟုတ်ဘူး။ သူက ပိုတောင်ဆိုးသေးတယ်။ သူ့အဖေကိုမြင်ပြီး ယောကျ်ားတွေကို အလကားနေ ရွံနေတာ။ သားမှာ ချစ်သူရှိတာလည်း သူအသိပဲ၊ ဒီချစ်သူနဲ့အဆင်ပြေဖို့ကိုလည်း သူကပဲ အများကြီးအားပေးခဲ့တာ၊ ဒီကိစ္စ နီဘယ်သိလားမေမေ၊ မေမေနဲ့ဖေဖေကကော ဘယ်လို ပြန်ပြောလိုက်လဲ။ ဘယ်လိုသဘောရလဲ"





သူ ပြာပြာသလဲငြင်းလိုက်မိ၏။

"နီဘယ်လေး သိလားလို့တောင် မမေးလိုက်ရပါဘူးသားရယ်။ နှယ်နီကလည်း အတင်းအကြပ်ကြီးမဟုတ်ပါဘူး။ သူဖြစ်စေချင်တဲ့ဆန္ဒကိုသာ ရင်ဖွင့်သွားတာပါ။ သားမှာ ချစ်သူမရှိခဲ့ရင်ပေါ့တဲ့။ မေမေကလည်း သားကိုပြောကြည့်ဦးမယ်လို့အဖြေပေးလိုက်တယ်၊ တကယ်တမ်းစဉ်းစားမယ်ဆိုရင်လည်း မေမေလည်း သဘောတူနေတာကြာပြီ၊ ဘာကြောင့်လဲဆိုတော့ နီဘယ်လေးက သားနဲ့လိုက်ဖက်လို့၊ မိန်းမကောင်းမိန်းမမြတ်ရဲ့သမီးတစ်ယောက်ဖြစ်လို့"

"ဖေဖေ့သဘောကလည်း အဲဒီလိုပဲ၊ အကြောင်းသိ တစ်သိတွေလည်းဖြစ်တယ်၊ နှယ်နီက မိန်းမကောင်းမိန်းမမြတ်ဖြစ်တဲ့အပြင် မျိုးရိုးကလည်း ပေါ့သေးသေးထဲကမဟုတ်ဘူး။ ထင်အောင်ဆိုတဲ့အကောင်ရဲ့ အကျင့်စရိုက်ကလည်း မိန်းမနဲ့ပတ်သက်ပြီးတော့သာ မကောင်းတာ၊ ဘော်ဒါကဏ္ဍအပြည့်ရှိတယ်၊ သူ့သမီးကိုလည်း စိတ်ကြိုက်ပုံအောပြီး အလိုလိုက်ထားတာ။ ဒါကြောင့် ဖေဖေလည်း နီဘယ်နဲ့လုံးဝသဘောတူတယ်။ အတင်းအကြပ်ကတော့ စီစဉ်မှာမဟုတ်ဘူး။ ဖေဖေတို့လည်း ချစ်လို့လက်ထပ်ခဲ့ကြတာပဲလေ။ သားသာ သေချာစဉ်းစားပြီး တစ်ဖက်ဖက်ကိုအပြတ်ဖြတ်လိုက်"

"လုံးဝစဉ်းစားပြီးသားဖေဖေ၊ သားချစ်သူကိုပဲ လက်ထပ်မှာ သေ



www.burmeseclassic.com

www.burmeseclassic.com



ချာတယ်။ ဒီကိစ္စက လူကြီးတွေဖြစ်စေချင်တဲ့ဆန္ဒတစ်ခုတည်းပါ။ နိုဘယ်လည်း သိမှာမဟုတ်ပါဘူး။ ပိုပြီးသေချာအောင် နိုဘယ့်ကိုပွင့်ပွင့်လင်းလင်းမေးပြီး အပြတ်ပြောလိုက်တော့မယ်။ ခုပဲဆက်မှာပါ, မေမေတို့ရှေ့မှာတင် ကိစ္စပြတ်စေရပါမယ်"

သက်ဝေသည် ပြောရင်း စားပွဲပေါ်ကဖုန်းနှင့် နိုဘယ့်ဆီခေါ်လိုက်လေ၏။

"ဟဲလို. . . နိုဘယ်"

"ဟေး. . . သက်ဝေ, ငြိမ်လှချည်လားဟ၊ ခုမှပဲ ဖုန်းရတော့တယ်။ ပန်းလှွာမင်းသမီးလေးအနားမှာ ခစားနေရလို့ အားလုံးကိုမေ့သွားပြီလား"

"အေး,ဒီအချိန်မှာ နင်ဘာပြောပြောခံရမှာပဲ။ အကြောင်းရှိမှ ဖုန်းခေါ်တယ်လို့အပြစ်တင်လည်းခံရမှာပဲ။ ခုလည်း အကြောင်းထူးလို့ဆက်ရတာ"

"ကဲ,ပြော"

"ဟို, အန်တီနွယ်နီက ငါနဲ့ပတ်သက်ပြီး ဘာတွေပြောသေးလဲ"

"လိမ္မာတဲ့ကလေးလို့ပြောတယ်၊ ငါ့လို မအေကိုဆုံးမပြီး ဖအေကိုရန်ထောင်နေတဲ့ ပျံလွှားမ မဟုတ်ဘူးတဲ့"

"ဟာ, အဲဒါက ထူးမှမထူးတာ၊ ငါက အကြောင်းထူးတစ်ခုကို





သိချင်တာ"

"ဘာထူးလို့လဲဟ၊ နင် ဘာသတင်းတွေကြားထားလို့လဲ။ ငါခုတစ်လော အိမ်မှာသိပ်မကပ်ဘူး။ အရင်တုန်းကလည်း မကပ်ပါဘူးတာ။ လေတိုင်း ကားနဲ့လွင့်နေတာနဲ့စာရင် ခုန်ပေါက်နေတာကောင်းလားလို့ မခေမိကိုတို့ဆီမှာ သွားကခဲနေတယ်။ နင်သိတာရှိရင် ပွင့်ပွင့်လင်းလင်းသာပြောချလိုက်။ intro တွေ အရှမ်းမဝင်နဲ့"

"ဒါဆိုလည်း ပြောချလိုက်မယ်၊ နင်နဲ့ငါ လင်မယားလုပ်ရမယ့်ကိစ္စကို လူကြီးတွေပြောနေတယ်"

"Oh God! နင်က ပြောမယ့်ပြောတော့လည်း လူပျိုလေးမဟုတ်တဲ့အတိုင်း စကားလုံးတွေက ကြမ်းလှချည်လား"

"အေး,ငါလည်း အရှမ်းအံ့သြသွားလို့ ဒီလိုပြောလိုက်မိတာပါတာ၊ အဲဒါ နင်သိလား"

"သိတယ်"

"ဘာ. . . သိတယ်! သိရဲ့သားနဲ့ ငါ့ကိုဘာလို့မပြောတာလဲ"

"မနစ်ကတည်းက ငါ့ကိုမာမိပြောတာ၊ နင့်ကိုတော့ ဘာဖြစ်လို့ပြောနေရမှာလဲဟာ. . . ငါတို့နှစ်ယောက်မှာ ဒီစိတ်တွေမှမရှိတာ၊ နင့်အကြောင်းငါသိ၊ ငါ့အကြောင်း နင်သိပဲဥစ္စာ။ နင်သိရင် တစ်ယောက်နဲ့တစ်ယောက် မြင်တွေ့ရတာ ခက်မှာပေါ့။ ဒါကြောင့် မသိချင်ယောင်



www.burmeseclassic.com

ပဲ ဆောင်နေလိုက်တယ်။ အဲဒါမကောင်းဘူးလား''

''အင်း၊အဲဒါလည်းကောင်းတာပဲ၊ ဒါပေမဲ့ လူကြီးတွေပါ အတိအလင်းပြောလာပြီဆိုတော့ နင့်ကိုအရမ်းအားနာမိတယ်၊ အန်တီနွယ်နီ မနေ့က အိမ်လာသွားတယ်တဲ့။ ငါ အဖြေတစ်ခုမပေးလို့မရတော့ဘူး နီဘယ်။ ပန်းလွှာနဲ့ ငါ့ဖယားကလည်း အခိုင်ကြီး; နင်အသိဆုံး။ အိမ်ကိုခေါ်လာပြီး မေမေတို့နဲ့တွေ့ပေးဖို့စီစဉ်နေပြီ။ အဲဒါ. . . ငါ. . .''

''အိုခေ၊ပေါက်တယ် သက်ဝေ၊ ငါနားလည်တယ်။ နင်ဘာမှမစိုးရိမ်နဲ့။ ငါ မေမေ့ကိုကြည့်ပြောလိုက်မယ်။ နင် ဒိုးစရာရှိတာသာ ဆက်ဒိုး။ ငါ့အကြောင်းလည်း နင်အသိဆုံးပဲသက်ဝေရယ်။ ဒါမျိုးတွေ စိတ်ကိုမဝင်စားတာ။ အပျိုကြီးလုပ်မှာဟေ့. . . အပျိုကြီးလုပ်မှာ''

''ငါသိတာပေါ့ဟာ၊ နင်က အလကားနေ ယောကျ်ားတွေကို နှံ့နေတာ၊ ကျေးဇူးပဲနော် နီဘယ်၊ မနက်ဖြန်ည နင့်အတွက် ဒင်နာစီစဉ်ပေးမယ်''

''အိုခေ အိုခေ. . . အဲ၊ ဒါပေမဲ့ နင်သိအောင် တစ်ခုတော့ပြောလိုက်ဦးမယ်၊ ငါ့ဘဝမှာ ယောကျ်ားတွေကိုရွံရှာစိတ်ရှိပေမယ့် စိတ်တော့ဝင်စားတယ်။ ပြီးတော့ အချစ်ဆိုတာကိုလည်း အထွဋ်အထိပ်မထားပေမယ့် လက်တည့်တော့စမ်းချင်တယ်။ ဘာပဲဖြစ်ဖြစ် ယောကျ်ားတစ်ယောက်သာ ကိုယ်နဲ့လာငြိရင်တော့ ကိုယ်က သူ့ရဲ့အဲဗားမန်နေဂျင်း





ဒါရိုက်တာပဲဖြစ်ရမယ်''

''ဟားဟားဟား. . . ဒိုင်တွေက မိုက်တယ်မိုက်တယ်၊ ဒါကြောင့် နင်က ဘယ်သူနဲ့မှမတွဲပါဘူးလို့။ တစ်ခုခုတော့ ထူးရမှာ။ အိုခေ ငါ ဆုတောင်းပေးမယ်၊ နင် အဲဗားမန်နေးဂျင်းလုပ်လို့ရမယ့် အချဉ်လေး တစ်ယောက် ဆွဲစိမိပါစေလို့။ အပျိုကြီးလုပ်မယ့်စီမံကိန်းပျက်ရင်ပေါ့ဟာ။ အဲ၊နီဘယ်၊ နင် တစ်လက်စတည်း မေမေနဲ့ပြောလိုက်ပါဦးလား။ ပိုသေချာသွားတာပေါ့ဟာ။ မေမေက နင့်ကိုအရမ်းအားနာနေတာဟ''

ပြောပြောဆိုဆို မေမေနှင့်ဖုန်းလွှဲပေးလိုက်ရာ သီချင်းနှစ်ပုဒ်ကြာအောင် မေမေနှင့်နီဘယ် ရယ်ရယ်မောမောဖြင့်လေပေးဖြောင့်နေလိုက်ပုံကြောင့် လူကြီးတွေစီစဉ်သည့်ဇာတ်လမ်းက အဆင်ပြေချောမွေ့စွာ အဆုံးသတ်ခဲ့ရလေ၏။

ဒါတောင် မေမေက နီဘယ့်ကိုကျေးဇူးတင်လို့မဆုံး၊ အားနာလို့မဆုံး၊ နှမြောတသလို့မဆုံးဘဲ တဖွဖွပြောဖြစ်အောင် ပြောနေသေးသည်။

''အင်း၊အရင်ဘဝက ရေစက်ပါမှလည်း ကြုံဖန်ပြီးဆုံရတာ။ ကိုယ်ဘယ်လောက်ပဲ ချွေးမတော်ချင်တော်ချင်၊ ကိုယ်ဘယ်လောက်ပဲ သံယောဇဉ်ရှိရှိ သားက အိမ်ထောင်ဖက်ရွေးပြီးသားဆိုတော့လည်း မတတ်နိုင်ဘူးပေါ့လေ။ နီဘယ်လေး အားနာဖို့တောင်ကောင်းလိုက်တာ၊ ကျေး

www.burmeseclassic.com



ဖူးတင်လိုက်တာ၊ တကယ်အလိုက်သိတတ်တဲ့ကလေး။ ဘိုဆန်ဆန်ချစ်စရာကောင်းမလေး။ ထက်ထက်မြက်မြက်နဲ့ချက်ချက်ချာချာလေး''

ဆိုပြီး လွှတ်တဲ့ငါး ကြီးနေပြန်သေးသည်။

♥

ဒါပေမဲ့ နောက်တစ်နေ့မှာ သူ ပန်းလွှာကိုခေါ်လာခဲ့တော့ မေမေ၏လွှတ်တဲ့ငါးကြီးမှုက ချက်ချင်းပပျောက်သွားပါသည်။ အကြောင်းကတော့ ကားပေါ်မှာကတည်းက. . .

''ပန်းလွှာ့,မောင်ခေါ်တဲ့အတိုင်း မေမေ ဖေဖေပဲခေါ်နော်။ လုံးဝရက်ကြောက်မနေနဲ့၊ ဘာမှမဖြစ်စေရဘူး။ မောင်တာဝန်ယူတယ်။ အဲလိုရင်းရင်းနှီးနှီးခေါ်ရင် မေမေတို့အရမ်းပျော်သွားမှာ သေချာတယ်''

ဟု အနားကပ်ပြီး တတွတ်တွတ်အသိပေးခဲ့တာမို့ တကယ်ရင်ဆိုင်လိုက်ကြချိန်မှာတော့ မေမေက ပန်းလွှာ၏အလှကိုမြင်သွားပြီး [illegible] သတ်ရှူမောဖြင့် ရှူမဖြစ်နေလေသတည်း။

ပန်းလွှာက မေမေနှင့်ဖေဖေနှစ်ယောက်လုံးကို ဦးညွှတ်ဂါရဝပြုပြီး နှုတ်ခွန်းဆက်ပါသည်။

''မင်္ဂလာပါရှင်''





''မင်္ဂလာပါကွယ်'' (မေမေ)

''မင်္ဂလာပါသမီး,မင်္ဂလာပါ'' (ဖေဖေ)

ပြီးတော့ ပန်းလွှာက သူယူလာသည့်လက်ဆောင်ပစ္စည်းကို ပေးပါသည်။

''ဒါ ဖေဖေ့အတွက်ပါ၊ ဒါက မေမေ့အတွက်ပါ။ တန်ဖိုးနည်းပေမယ့် သမီးရဲ့စေတနာတန်ဖိုးက အရမ်းကြီးပါတယ်''

ဟုပြောလိုက်တော့ ဘာထည့်ထားမှန်းမသိသောဘူးတစ်ဘူးကို ဖေဖေက ကလေးတစ်ယောက်လို ဝမ်းသာစွာကိုင်ကြည့်ပြီး ပျော်ရွှင်တက်ကြွသွားလေသည်။ မေမေကလည်း သူ့ရှိုလိုက်သော အလွန်လှပသည့်ပန်းစည်းကို အပျိုဖျန်းကလေးသဖွယ် မွှေးပိုက်နမ်းရှိုက်ပြီး ကြည်နူးသွားလေသည်။ ပြီးတော့ မေမေသည် ပန်းလွှာ့လက်ကလေးကိုဆုပ်ကိုင်ပြီး မင်းသမီးတစ်ယောက်ကို ထိတွေ့လိုက်ရသလို မြူးတူးနေပါသည်။

''လှလိုက်တာသမီးရယ်၊ ပန်းကလည်းလှ၊ လူကလည်းလှ၊ ပန်းလွှာကဗျာဆိုတဲ့နာမည်လေးကလည်း လူနဲ့လိုက်မှလိုက်။ ကြည့်စမ်းပါဦး၊ ငါ့သားက ပန်းလိုလှတဲ့ကောင်မလေးကိုခေါ်လာတာပဲ။ မေမေက သူ အပိုတွေပြောနေတယ်ထင်တာသမီးရဲ့။ တွေ့လိုက်မှ သူပြောတာထက်တောင် အများကြီးပိုလှနေသေးတယ်''

''ဒါကြောင့် ဒီကောင် ဥယျာဉ်မှူးလုပ်နေတာ။ ထိုင်ပါ သမီး''



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက လှိုက်လှိုက်လှဲလှဲပြောလိုက်မှ အားလုံးဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။ ပန်းလွှာက ဒီနေ့မှ ပါတိတ်မဟုတ်တဲ့ အဖြူခံပေါ်မှာ ပန်းရောင်နှင်းဆီပွင့်ကြီးတွေပါသော ချည်သားတစ်မျိုးကို ထုံးစံအတိုင်း စကတ်နှင့်အင်္ကျီဝမ်းဆက်ချုပ်ဝတ်ထားတာကြောင့် သူမအလှက ပိုလင်းလက်နေတာဖြစ်သည်။

"သမီးက ဒီဝမ်းဆက်လေးနဲ့အရမ်းလိုက်တာပဲ၊ ပါတိတ်တွေကိုပဲ အမြဲတမ်းဝမ်းဆက်ချုပ်ဝတ်တတ်တာဆို၊ ဒါက ဘယ်ကလာတဲ့ချည်ထည်လဲ"

"ပြည်တွင်းဖြစ်ချည်သားလေးပါ၊ ပါတိတ်ကိုလည်း ပြည်တွင်းဖြစ်ကိုပဲ ချုပ်ဝတ်တာပါမေမေ၊ သမီးတို့အခြေအနေနဲ့ဆိုတော့ တန်ဖိုးနည်းပြီး လှတဲ့အဆင်လေးတွေကိုပဲ ရွေးဝတ်ရပါတယ်"

"ဘာပဲဖြစ်ဖြစ် သမီးကိုယ်ပေါ်ရောက်ရင် တန်ဖိုးကအလိုလိုတက်သွားတာပဲမဟုတ်လား။ သားက ကြည့်တတ်ပါတယ်၊ သမီးနဲ့သားတကယ်ပဲလိုက်ဖက်တယ်။ သမီးတို့မိသားစုအကြောင်းကိုလည်း သားပြောပြထားလို့ အကုန်သိပြီးပါပြီ၊ မောင်နှမငါးယောက်ဆိုတော့ မေမေ့ရဲ့တစ်ဦးတည်းသောသားလေးအတွက် အဖော်တွေရတာပေါ့။ မေမေသမီးကိုဘာမှကန့်ကွက်စရာမရှိပါဘူး။ သမီးနဲ့သားကိုသဘောတူပါတယ်"

"ဖေဖေကလည်း သဘောတူပါတယ်သမီး၊ ဒီလိုကိစ္စမျိုးနဲ့ပတ်





သက်ရင် ကန့်လည်းမကန့်ကွက်ချင်ဘူး အဆင့်တွေဘာတွေလည်း ကြည့်မနေပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေတို့ကိုယ်တိုင်က ကိုယ့်သဘောနဲ့ကိုယ်ဆုံးဖြတ်ပြီး လက်ထပ်ခဲ့ကြတာလေ။ ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာက ဘဝပေးကံတွေနဲ့ဆိုင်တယ်။ တစ်ခါတစ်ရံက လုပ်ရည်ကိုင်ရည်လေးတွေ လွဲမှားနေတာနဲ့ပတ်သက်တယ်။ လမ်းကြောင်းတည့်သွားရင် ခဏလေးနဲ့တိုးတက်နိုင်တာမျိုးပါ။ အဓိက,က စိတ်ပါပဲ"

မေမေနှင့်ဖေဖေ၏တိကျခိုင်မာသောစကားတွေကြောင့် သူက 'တွေ့လား ပန်းလွှာ' ဟုပြောပြီး လက်မထောင်ပြလိုက်တာမို့ ပန်းလွှာက ပြုံးလေသည်။

"ဒါပေမဲ့ ဖေဖေ,ပန်းလွှာမှာ အပြစ်ပြောစရာမရှိပေမယ့် ရှက်ကြောက်တတ်တာနဲ့ အားနာတတ်တဲ့စိတ်က အတိုင်းထက်လွန်နေတယ်။ တစ်ခါတစ်လေကျ မေးလိုက်ရင် မပြောရဲတာလိုလို၊ ရှက်တာလိုလို၊ ကြောက်တာလိုလိုတွေ တွေ့ရတယ်။ အဲဒါကိုတော့ အားမရဘူး။ သားနဲ့အားနာတတ်တာနဲ့ လူယုံလွယ်တဲ့စိတ်က သူနဲ့ယှဉ်ရင် ဘာမှမဟုတ်တော့ဘူး။ ပြီးတော့ ငယ်ငယ်လေးကတည်းက မိသားစုရဲ့ခံစားမှုကို ဦးစားပေးပြီး ရှင်သန်လာခဲ့တာတဲ့။ သူ့ရဲ့ခံစားမှုကို ဦးစားပေးခဲ့တာဆိုလို့ သားကိုချစ်တာတစ်ခုတည်းပဲတဲ့"

"ဒီလိုကလေးမျိုးတွေ အများကြီးရှိတာပေါ့။ မိသားစုအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်းပါသလို မောင်နှမထဲမှာ အကြီးဆုံးသမီးတစ်ယောက်ဖြစ်နေတော့ အငယ်တွေကို အလျှော့ပေးချင်တယ်။ အငယ်တွေရဲ့ယုံကြည်လေးစားမှု အားကိုးမှု အထင်ကြီးမှုတို့ကိုခံချင်တယ်ပေါ့။ အကြီးတစ်ယောက်ရဲ့တာဝန်ဆိုတာကို အလိုလိုသိနေတာမျိုးပေါ့ကွာ”

“......”

“ဒါပေမဲ့ ရှက်ကြောက်တတ်တာနဲ့ အားနာတတ်တဲ့စိတ်ကတော့ နေရာတိုင်းမှာဖြစ်နေတာ မကောင်းဘူး။ အတိုင်းထက်လွန်ရင်လည်း မကောင်းဘူး။ ကိုယ့်ဘဝကိုအန္တရာယ်ပြုတတ်တယ်။ ကိုယ်ပြောချင်တာကို ရဲရဲဝံ့ဝံ့သာပြောချလိုက်။ စကားလေးတစ်ခွန်းပြောမထွက်တာနဲ့ ဘဝတစ်လျှောက်လုံး ဒုက္ခရောက်ရတဲ့အဖြစ်တွေ ဖေဖေကြုံဖူးတယ်။ ဆရာဝန်လောကမှာလည်း အဲဒီလိုပဲ၊ ဆေးညွှန်းမှာ စာလုံးလေးတစ်လုံးလွဲသွားတာတို့ ပြုတ်ကျန်ခဲ့တာတို့နဲ့ပတ်သက်ပြီး အသက်ဆုံးရှုံးရတဲ့အဖြစ်ကိုလည်း ကြုံဖူးတာပဲ။ ဒါကြောင့် သမီးက အဲဒီစိတ်ကို ကြိုးစားပြုပြင်ပါ”

“ဟုတ်ကဲ့ပါ ဖေဖေ၊ သမီးဆင်ခြင်ပါ့မယ်”

“အိမ်အခြေအနေနဲ့ မိသားစုများတာကိုလည်း အားငယ်မနေပါနဲ့သမီးရယ်။ ကလေးတွေကလည်း စာတော်ပြီး လိမ္မာရေးခြားရှိတဲ့ကလေးတွေပဲ၊ တတ်နိုင်သလောက် သူတို့လည်း အလုပ်လုပ်နေကြတာပဲ၊ ဒီလို





မိသားစုက တစ်နေ့နေ့မှာ စုပြုံတိုးတက်ပြီး စိတ်ချမ်းသာမှုတွေ အပြည့်ရနိုင်ပါတယ်။ ပြီးတော့ ဘာအခက်အခဲပဲရှိရှိ မေမေတို့ကိုပွင့်ပွင့်လင်းလင်းဖွင့်ပြောပြ ပြေလည်အောင် ကူညီဖြေရှင်းပေးမယ်။ မကြာခင်မှာပဲ ချွေးမတော်ရတော့မယ်ဆိုတော့ အားကြီးတဲ့အိမ်က အားနည်းတဲ့အိမ်ကို ပံ့ပိုးပေးရမယ့်တာဝန်တွေ မေမေတို့မှာရှိတယ်”

“ဟုတ်တယ် သမီး၊ ဖေဖေလည်း အဲဒါပြောချင်တာပဲ၊ ချွေးမဆိုတာလည်း သမီးပဲ၊ ယောက္ခမဆိုတာလည်း မိဘပဲ၊ ဒါကြောင့် ဘယ်လိုအခက်အခဲပဲရှိရှိ ဘာလိုအပ်တာပဲရှိရှိ ရှက်ကြောက်စိတ်တွေ အားနာစိတ်တွေလုံးဝမထားဘဲ လွတ်လွတ်လပ်လပ်သာပြောပါ။ ဖေဖေလည်း ပရဟိတလုပ်ငန်းတွေလုပ်နေတာ သမီးအသိပဲ”

“......”

“ဘုရားက ဟောခဲ့တာရှိတယ်၊ ငါ့အား ခစားဆည်းကပ်လိုသူများသည်တဲ့, လူမမာဂိလာနကို ဖေးမကူညီပြုစုခြင်းဖြင့် ထိုဆည်းကပ်လိုမှုကို ပြီးစေရာ၏တဲ့။ ပြီးတော့ ရှိသေးတယ်၊ ဘယ်ဘုရားကို ဘယ်လောက်လှူမှု, ဘယ်ဘုန်းကြီးကျောင်းကို ဘယ်လောက်လှူရမှု၊ သိန်းငါးရာတို့ သိန်းတစ်ထောင်တို့အကုန်အကျခံပြီး အလှူကြီးလှူရမှုဆိုတဲ့ တခမ်းတနားအလှူတွေကိုမှ အမြတ်ဆုံးအလှူလို့ခေါ်တာမဟုတ်ဘူး။ အဲဒီအလှူတွေထက် မြတ်တဲ့အလှူက မရှိဆင်းရဲတဲ့လူတွေကို ပေးကမ်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဒါနပဲတဲ့။ ဖေဖေတို့က အဲဒီလိုစိတ်ကိုမွေးထားတာပါ။ ဒါဆို သမီးသဘောပေါက်မှာပါ''

''မေမေတို့က စည်းစိမ်ဥစ္စာရတနာတွေကို နောက်ထပ်မျှော်လင့်ချက်မထားဘူး။ လက်ရှိစည်းစိမ်နဲ့ပဲ ရောင့်ရဲကျေနပ်ပြီး အလှူအတန်းတွေလုပ်ရင်း ဘဝကိုကျော်ဖြတ်သွားမှာပါ။ ဘယ်လိုရွှေမမှ,ဘယ်လိုဂုဏ်ခနတွေပါမှဆိုတဲ့လောဘတွေ မာနတွေလည်းမထားဘူး။ ကစိတ်က သားတကယ်ချစ်တဲ့သူဖြစ်ဖို့ပဲ။ ပြီးတော့ လှလှပပခန္ဓာလေးနဲ့ ဖြူစင်မြင့်မြတ်တဲ့စိတ်ဓာတ်လေးပါလာရင်ပဲ မေမေတို့ကျေနပ်ပါပြီ''

''အဲ,ဒါနဲ့ လက်ထပ်ဖို့ရက်တို့ အချိန်တို့ နေရာတို့ကို ဘယ်လိုစဉ်းစားထားလဲ၊ အားလုံး သားနဲ့သမီးစိတ်တိုင်းကျအောင် လုပ်ပေးမယ်။ မေမေကတော့ မေမေတို့ညှိခဲ့သလိုပဲ အင်းလျားလိတ်မှာစီစဉ်ရင်ကောင်းမလားလို့''

''ဟုတ်,အဲဒါက မေမေ့သဘောပါ၊ ရက်ကတော့ အိမ်ကမေမေတို့နဲ့တိုင်ပင်ပြီး ညှိပါ့မယ်။ အိမ်ရောက်ရင်ပဲ အားလုံးဖွင့်ပြောပြီး မေမေတို့ကို သမီးတို့အိမ်လာဖို့စီစဉ်တော့မှာပါ''

''အေး,ကောင်းတယ်၊ မြန်မြန်အထမြောက်တော့ မြန်မြန်မြေးချီရတာပေါ့သမီးရယ်။ ကဲ,မေမေတို့ သမီးနဲ့ထမင်းအတူတူစားဖို့ စီစဉ်ထားတယ်။ ပြီးတော့ မေမေ့မှာရှိတဲ့ပါတိတ်တွေကို သမီးအတွက်ပေး





လိုက်မယ်၊ လုတာမြင်တိုင်းဝယ်ထားတာနဲ့ လက်ဆောင်ရထားတာတွေနဲ့ အများကြီးပဲ။ ကလေးတွေအတွက်လည်း အိမ်မှာအပိုဝယ်ထားတဲ့နို့ဘူးတွေကို ထည့်ပေးလိုက်ဦးမယ်''

ဟု မေမေကပြောပြီး ထမင်းစားဖို့စီစဉ်လေရာ ပန်းလွှာကလည်း အလိုက်တသိဝိုင်းကူလိုက်တာမို့ ပထမဆုံးမိသားစုမိတ်ဆုံစားပွဲလေးက နွေးနွေးထွေးထွေးနှင့် ပျော်ရွှင်ကြည်နူးမှုတွေ အပြည့်အဝခံစားခဲ့ရပါသည်။ အပြန်ခရီးမှာတော့ လက်ဆောင်တွေ တပွေ့တပိုက်ကြီးရလိုက်သည့်ပန်းလွှာထက် ပိုပြီးအပျော်လွန်နေသူက သက်ဝေယင်တည်း။

ကားပေါ်ရောက်တော့ ပန်းလွှာကြိုက်သည့် ယုန်လေးနှင့် ခွန်းဆင့်နေခြည်၏ 'လက်ဆောင်'သီချင်းကို အကျယ်ဆုံးဖွင့်မိလေသည်။ ကားက သူစီးနေကျပြိုင်ကားမဟုတ်ဘဲ ဖေဖေ့ PARADO ကြီးကိုဆွဲလာတော့ တေးသံက ပိုနားထောင်လို့ကောင်းလှ၏။

ခွန်းဆင့် ––– တည်ငြိမ်လေးနက်သောချစ်ခြင်းများနဲ့××× ချစ်ခဲ့ရသူလေးပါ×××ဘယ်လောက်ပဲဝေးဝေး ဘယ်လောက်ပဲနီးနီး×××စိတ်ကမောင့်ရဲ့အနားမှာ×××အားလုံးနဲ့တိုက်ခိုက်လို့ ချစ်ခဲ့ရသူလေးပါ×××ကျွန်မရဲ့ဘဝ မောင့်ရဲ့ဘဝ×××နှစ်ယောက်ပေါင်း ဘဝတစ်ခုတည်းပါ×××မောင့်လက်မောင်းပေါ် ခေါင်းလေး အုံးပြီး×××အိပ်နေချင်သူ



www.burmeseclassic.com

www.burmeseclassic.com



လေးပါ×××မောင့်အနားမှာ အရိပ်စစ်တစ်ခုလို×××အမြဲလိုနေချင်တာ×××မောင့်ရဲ့ဘဝဟာ ကျွန်မရဲ့ဘဝလို အမြဲယုံကြည်ထားတာ×××မောင့်ရဲ့အနားမှာ အရိပ်စစ်တစ်ခုလို ရှိနေချင်သူလေးပါ×××လို့ရှာကြည်ဖြူစွာ မောင့်အတွက် တစ်သက်တာပါ×××ကြည်ဖြူစွာနဲ့ ကျွန်မရဲ့လက်ဆောင်ပါ×××

"ဘာဖြစ်လို့ အကျယ်ကြီးဖွင့်နေတာလဲ၊ တိုးတိုးဖွင့်ပါမောင်ရယ်နားတွေပူလိုက်တာ"

ပန်းလွှာကပြောရင်း စက်ကိုမပိတ်တတ်ဘဲ စမ်းတဝါးဝါးလုပ်နေတာမို့ သူက ထိုလက်ကိုဖျတ်ခနဲဆွဲပြီး မွှေးလိုက်လေသည်။ ပြီးတော့ယုန်လေး၏ Rap စာသားတွေကို မနားတမ်းရွတ်တော့သည်။

ယုန်လေး--- အမြဲတမ်းပဲပေါ့ဟော့ ညနေခင်းလေးထဲ အေးချမ်းတဲ့ညလေးတစ်ခုမှာ ××× နှစ်ယောက်တည်းပဲတွေ့မယ် အနှောက်အယှက်တွေအတားအဆီးတွေအားလုံးဘေးဖယ် ××× ဆက်ပြီးထိန်းချုပ်ထားမယ်ဆိုရင် အဝေးကိုပြေးမယ် ××× ချစ်လားမချစ်လားလို့အမြဲတမ်းမေးတယ်မင်းလေးမောနေပြီ ထပ်မမေးနဲ့×××ငါ့စိတ်ထဲမှာ အတွေးထဲမှာ မင်းတစ်ယောက်တည်းပဲရှိတယ် ××× ဘယ်သူမှဖမ်းလို့မရ အဲဒါ မင်းလည်းပဲသိ





တယ် ××× ဘယ်သူမှလာမထိနဲ့ ငါ မင်းရှေ့ကအမြဲရှိမယ် ဖြူစင်လွန်းပြီး လှပလွန်းတဲ့မင်းမျက်ဝန်းမှာငြိတွယ် ××× နေ့တိုင်းပဲလွမ်းလို့ အမြဲတမ်းပဲ မင်းကို ××× ခဏလေးမတွေ့တာနဲ့ မင်းဆီဖုန်းဆက်မယ် ဒီနှလုံးထဲက အချစ်လို ငါညတိုင်းပဲ မင်းကို ××× စိတ်စွဲလန်းပြီး အိပ်မက်ထဲအထိ ထည့်မက်မယ် ×××

"မောင် ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ အဲလောက်ကြီးအော်ဆိုနေရတာလဲ။ ယုန်လေးဆိုတာနဲ့တင် နားတွေပူလှပြီ"

"ပျော်လို့ပေါ့ချစ်ရဲ့, အရမ်းပျော်လို့ပါကွာ၊ ပန်းလွှာကော မောင့်လိုမပျော်ဘူးလား"

"ပျော်တာပေါ့၊ မောင်က ပိုကိုပိုတာ"

"ဘယ်လိုလဲပန်းလွှာ၊ မောင့်မိဘရဲ့အခြေအနေတွေကို သိလိုက်ရပြီမို့လား"

"အင်း,ကျွန်မ အဲလောက်ထိကံကောင်းလိမ့်မယ်လို့ မမျှော်လင့်မထားခဲ့ဘူး။ သူတို့အားပေးတာတွေနဲ့ သွန်သင်ဆုံးမခဲ့တာတွေကြောင့်ကျွန်မရင်ထဲမှာ အားတွေပိုရှိလာသလိုပဲ။ ရှက်ကြောက်စိတ်တွေ အားနာတတ်တဲ့စိတ်တွေလည်း လျော့သွားသလိုခံစားရတယ်။ ကျေးဇူးတင်ပါတယ်မောင်၊ ကျွန်မလိုမိန်းကလေးကို ကြည်ကြည်ဖြူဖြူ လိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လှဲလှဲ ကြိုဆိုလိုက်တဲ့ယောက္ခမတွေအတွက်"

"ဒီလိုကျေးဇူးတင်ရုံနဲ့တော့ ဘယ်ရမလဲ၊ မေမေနဲ့ဖေဖေကို လက်ဆောင်ပေးသလို မောင့်ကိုလည်း လက်ဆောင်ပေးပြီး ကျေးဇူးဆပ်ရဖြစ်မှာပေါ့"

သက်ဝေသည် ကားကိုပြောပြောဆိုဆိုပင် လူရှင်းသည့်နေရာမှာ ထိုးရပ်လိုက်၏။

"ဘာဖြစ်လို့ရပ်လိုက်တာလဲ"

"လက်ဆောင်တောင်းမလို့"

"ဘာလက်ဆောင်လိုချင်တာလဲ"

သူက မေးဖျားလေးကို လက်ညှိုးနှင့်ထောက်ပြလိုက်တော့ နှုတ်ခမ်းနှစ်ချိုက်ချိုက်ရယ်လိုက်သော ပန်းလွှာမျက်နှာလေးက ပိုချစ်စရာကောင်းသွားပါသည်။ တစ်ခါက သူ့ မတောင်းဆိုဘဲ အမှတ်တမဲ့ လျှပ်တစ်ပြက် ထိုမေးဖျားလေးကို အကြင်နာပေးခဲ့ပုံလေးက ရင်ခုန်လို့မဆုံးနိုင်ခဲ့။ ထိုရင်ခုန်မှုကို ပန်းလွှာသာအသိဆုံးမို့ သူမရယ်လိုက်ပုံထဲမှာ ရှက်ရယ်ကလေးပါ ရောစွက်နေတာဖြစ်သည်။

"OK, Yes or No..."

သူထပ်ပြောလိုက်တော့ ပန်းလွှာက ပြုံးလျက် မျက်လုံးလေးမှေးပြီး ခေါင်းညိတ်ပြ၏။ ပြီးတော့ ကိုယ်ကိုယိမ်းနွဲ့ပြီး မေးဖျားလေးကို





ကြင်ညင်သာသာလေးမွှေးပါသည်။ ဒီတစ်ခါတော့ သူ့စိတ်ထဲမှာ ပိုကြာရှည်ဟုပင်ထင်ရသည်။ သူက တစ်ဆင့်ကဲပြီး ပါးပြင်ကိုထောက်ပြလိုက်ရာတွင် ပန်းလွှာသည် စျေးမဆစ်ဘဲ အံ့ဩဖွယ်ကောင်းစွာ လိုက်လိုက်လဲလဲ့အကြင်နာပေးပြန်ပါသည်။

သူ့ရင်ထဲ ရှိန်းမြသွားပြီး ထိုနည်းအတိုင်း ပန်းလွှာကိုပြန်လည်နမ်းရှိုက်၍ တင်းတင်းကြပ်ကြပ်ဆွဲဖက်ထားလိုက်လေသည်။

"ချစ်တယ်ပန်းလွှာ၊ ဒီနေ့ ပျော်စရာအရမ်းကောင်းတယ်နော်"


"ကျွန်မလည်း မောင့်လိုပဲ"

ရင်ခွင်ထဲ အချိန်ကြာအောင် ဖက်ထားမိသည်မှာ နှလုံးသားချင်းပင် တစ်ထပ်တည်းကျနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

ပန်းလွှာသည် မောင်နှင့်လက်ထပ်မည့်အစီအစဉ်ကို တစ်ယောက်တည်းကြိတ်ကြံခဲ့တာဖြစ်ပေမယ့် မိသားစုက မသိချင်ယောင်ဆောင်နေခဲ့သည့်အဖြစ်ကိုတော့ မေမေပြောမှ သေသေချာချာသိခွင့်ရခဲ့ပါသည်။

အကြောင်းကတော့ မောင့်အိမ်ကပြန်လာသည့်ညမှာပဲ ဖေဖေနှင့် မောင်နှမတွေအိပ်ချိန်မှာ မောင့်မိဘတွေပေးလိုက်သောလက်ဆောင်ပစ္စည်းတွေကို မေမ့ပေး၍ ဆွေးနွေးလိုက်တာဖြစ်သည်။

"မေမေက မိုးမာန်အပေါ်မှာပဲ စိတ်ကိုပုံအောထားတာဖြစ်လို့သမီးကပြောဖို့ ဝန်လေးနေခဲ့တာပါ။ ဒီကိစ္စကို မိုးမာန်အစအဆုံးသိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်မေမေ။ မောင်နှမတွေကလည်း မိုးမာန်ကိုပဲအားကိုးပြီး ခင်တွယ်နေတာဆိုတော့ သမီးဖွင့်မပြောရက်ခဲ့ဘူး။ သမီးတို့ချစ်နေကြတာ အသင့်အတင့်ကြာသွားပါပြီ။ အဆင့်အတန်းချင်း အရမ်းကွာဝေးပေမယ့် သမီးကိုတကယ်ချစ်တာပါ''

''အင်း၊ အဲဒီတော့''

''သမီးလည်း သူ့ကိုတကယ်ချစ်တယ်မေမေ။ မေမေတို့ကိုပြောဖို့ဝန်လေးနေသလို သူ့ဘက်ကိုလည်း အချိန်မဆွဲချင်တာနဲ့ တစ်ယောက်တည်းကြိတ်ပြီး လက်ထပ်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဆုံးဖြတ်ရုံတင်မကပါဘူး ဒီနေ့ သူ့မိဘတွေနဲ့တောင် တွေ့ခဲ့ပြီးပါပြီ။ သူက မကြာခင်မှာ ဆရာဝန်လုပ်ရတော့မှာပါ။ ဒါက သူ့မိဘတွေပေးလိုက်တဲ့လက်ဆောင်ပါ''

''သူ့မိဘတွေက သမီးကိုဘယ်လိုမြင်သလဲ''

''သမီးကို သူတို့သားလိုပဲသဘောထားတာပါ၊ အရမ်းအံ့ဩစရာကောင်းတယ်မေမေ၊ သမီး ဒီလောကထဲ ကံကောင်းမှုတွေ ရခဲ့လိမ့်မယ်လို့မထင်မိဘူး။ သူ့ဒွေးတော်ဖေတော်များများမှာ ထားရှိတဲ့အဆင့်အတန်းခွဲတဲ့စိတ်ထားမျိုးတွေဘာတွေ သူတို့မှာမတွေ့ရပါဘူး။ အတွင်းစိတ်နဲ့ပြောတဲ့စကားတွေကလည်း တစ်ထပ်တည်းကျနိုင်ပါတယ်။ သမီးတို့မိသားစုအကြောင်းကိုလည်း သမီးပြောပြစရာမလိုပါဘူး။ အားလုံးသိထားပြီး နားလည်မှုရှိပါတယ်။ အခက်အခဲရှိရင်လည်း ပွင့်ပွင့်လင်းလင်းပဲပြော





ပါတဲ့၊ ကူညီဖို့အဆင်သင့်ပဲတဲ့''

''အင်း. . .''

''သမီး၊ သူ့ကိုပဲလက်ထပ်တော့မယ်မေမေ၊ ရက်အမြန်ဆုံးမွေးပေးပါ။ ဖေဖေနဲ့မောင်နှမတွေကိုလည်း မေမေက နားလည်အောင်ပြောပြပေးပါ။ သူ့မိဘတွေကတော့ သူတို့လုပ်ခဲ့တဲ့အင်းလျားလိတ်မှာပဲ ညစာခံပွဲလုပ်ချင်တယ်တဲ့။ ပြီးတော့ မစေ့စပ်ရခင် မေမေတို့နဲ့လာတွေ့ချင်တယ်တဲ့။ သမီးစီစဉ်ချင်တယ်မေမေ''

မေမေက ပန်းလွှာစကားတွေကို စိတ်ရှည်လက်ရှည်နားထောင်ရင်း ပန်းလွှာမျက်နှာကို စိုက်ကြည့်နေပါသည်။ ပြီးမှ သက်ပြင်းရှည်ကြီးကိုချပြီး. . .

''မေမေအားလုံးသိနေတယ်သမီး၊ ဒီအတောအတွင်း သမီး ဘယ်လိုခံစားနေရတာ၊ တစ်ယောက်တည်း ဘာတွေလုပ်နေတယ်ဆိုတာ အားလုံးသိတာပေါ့။ ဒါပေမဲ့ သမီးက လိမ္မာရေးခြားရှိတဲ့သမီး၊ မိသားစုကိုစိတ်ချမ်းသာစေချင်တဲ့သမီး၊ မတော်တာတွေလည်း ဘာတစ်ခုမှမလုပ်ခဲ့တဲ့သမီးမို့လို့ ဒီတိုင်းကြည့်နေခဲ့တာ။ အဲဒီသူငယ်လေး ညနေတိုင်း သမီးကိုကားနဲ့လိုက်ပို့ပေးတဲ့သတင်းက ပျံ့နေပြီ။ ဒီလိုကိစ္စမျိုးဆိုတာ ပတ်ဝန်းကျင်သိပြီးမှ မိဘကသိရတာမျိုး။ မောင်နှမတွေလည်း အားလုံးသိတယ်၊ သမီးကို ချစ်ကြောက်ရိုသေလို့သာ သူတို့ဘာမှမပြောကြတာ''

www.burmeseclassic.com



ဟုပြောလိုက်သည့်မေမေ့စကားတွေကြောင့် ပန်းလွှာအံ့သြမှုသွားက ရင်ထဲပင် တဒိန်းဒိန်းခုန်လာပါသည်။

"မိုးမာန်သိနေပေမယ့်လည်း ဘာမှမပြောခဲ့ဘူး။ သားကြီးနဲ့ သားလတ်ကသာ ပြဿနာရှာမယ်တကဲကဲလုပ်နေတာ။ မိုးမာန်က တားထားလို့၊ အဆင့်အတန်းရှိတဲ့အသိုင်းအဝိုင်းထဲက သဘောထားဖြူစင်တဲ့ ဆေးကျောင်းသားတစ်ယောက်ပါဆိုတာကို အတန်တန်ပြောပြလို့ သူတို့ငြိမ်နေခဲ့တာ။ မေမေကလည်း လိမ္မာတဲ့သမီးကြီးမို့လို့ ဘာမှဖွင့်မပြောရက်ဘဲ သမီးပြောလာမယ့်နေ့ကိုပဲ စောင့်နေခဲ့တာပေါ့။ ပြောမယ့်ပြောပြန်တော့လည်း သမီးဘက်က သေသေသပ်သပ်နဲ့ချည်တုပ်ပြီးသားဖြစ်နေပြီဆိုတော့"

"......"

"အေးလေ... သမီးက တကယ်ချစ်လို့ဆုံးဖြတ်ခဲ့တာဆိုတော့လည်း မေမေဘာယ်ပြောလို့ရမှာလဲ။ ပြီးတော့ သမီးက မိဘစိတ်ချမ်းသာအောင်ထားတဲ့ကလေးဖြစ်သလို အဲဒီသူငယ်လေးကလည်း လူရည်မွန်ကလေးဆိုတော့ သမီးဘာသာပဲကြည့်စီစဉ်ပါတော့"

မေမေနိဂုံးချုပ်လိုက်သည့်စကားက ပန်းလွှာဘဝတစ်ခုလုံးအတွက် နိုင်လုံသွားပြီမို့ အိပ်ခန်းထဲ ခပ်သွက်သွက်လှမ်းလာခဲ့လေသည်။ အပျော်လွန်စိတ်ဖြင့် မောင့်ဆီချက်ချင်းလှမ်းအကြောင်းကြားဖို့ ဖုန်းလေးကို





ဆုတ်လိုက်တော့ တရှူးရှူးအိပ်နေသောအငယ်မက လှုပ်လှုပ်ရွရွဖြစ်သာတာမို့ ရေချိုးခန်းထဲကိုသာ ဝင်ခဲ့ရလေ၏။

"မောင်"

"Woo...! အချစ်ကလေး မအိပ်သေးဘူးလား။ မောင့်ကိုပန်းအိပ်မက်ထပ်ပေးဖို့ ခေါ်လိုက်တာလား"

"အင်း... ပန်းအိပ်မက်ထက် ပိုပြီးပျော်စရာကောင်းသေးတယ်မောင်ရဲ့။ ကျွန်မ,မေမေနဲ့အခုပဲဆွေးနွေးလိုက်တာ၊ မေမေက ခွင့်ပြုလိုက်ပြီ။ သမီးကြိုက်သလိုစီစဉ်တော့တဲ့"

"တကယ်"

"တကယ်"

"ဟား... ကြည့်စမ်း! ပျော်လိုက်တာကွာ။ ယောက္ခမကြီးကို ကျေးဇူးအရမ်းတင်ပါတယ်လို့ပြောလိုက်ပါဦး။ လက်ဆောင်တွေလည်း ရှယ်ဝယ်လာခဲ့ပါ့မယ်လို့။ မောင်ဝမ်းသာလွန်းလို့ အိပ်လို့တောင် ပျော်ပါတော့မလား"

"ပျော်အောင်အိပ်လိုက်ပါမောင်ရဲ့၊ စာကြည့်ရတာတွေ မပင်ပန်းဘူးလား။ ကျွန်မ မောင့်အိပ်မက်ထဲကိုလာခဲ့မယ်... ချစ်တယ်"

"အင်း... ချစ်တယ်"

တကယ်တမ်းကျတော့ ပန်းလွှာက မောင့်ထက်ပင် ပိုနေပါသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အပျော်လွန်ပြီး ရင်ခုန်နေလိုက်တာများ တငြိမ့်ငြိမ့် တသိမ့်သိမ့်ဖြင့် ဘယ်လိုမှအိပ်လို့မရနိုင်ခဲ့။ သဘောကောင်းလွန်းသော ယောက္ခမတွေ၏ တင့်တယ်ခန့်ငြားသည့်အပြုံးမျက်နှာ၊ ချစ်စရာကောင်းလွန်းသော မောင့်ရဲ့အပြုံးမျက်နှာတွေကို အလှည့်ကျမြင်ယောင်ပြီး ကြည်နူးနေသည်။ မျက်လုံးလေးတဖြည်းဖြည်းမှေးဆင်းသွားစဉ်

"သမီးရေ. . . သမီး ထပါဦး, သမီးတို့ဖေဖေ ဘာဖြစ်မှန်းမသိဘူး"

ဆိုသည့်ခပ်ကျယ်ကျယ်ထွက်လာသောမေမေ့အသံကြောင့် ပန်းလွှာလန့်ပြီး ဖြုန်းခနဲထထိုင်လိုက်မိသည်။

"ဘာဖြစ်လို့လဲမေမေ"

"ဗိုက်တအားအောင့်တယ်ပြောတာပဲ၊ မေမေလည်း မလုပ်တတ်တော့ဘူး။ အငယ်ကိုပါနှိုးလိုက်၊ သူ့အစ်ကိုတွေကိုလည်း နှိုးခိုင်းလိုက်"

မေမေကပြောပြေး ပြေးသွားပုံကြောင့် ပန်းလွှာလည်း စိုးရိမ်ကြောက်လန့်စိတ်တွေနှင့် အငယ်မကို ရိုက်ပုတ်နှိုးလိုက်မိလေသည်။

"အငယ်မ,ထစမ်း! ထစမ်း! ဖေဖေဘာဖြစ်သွားမှန်းမသိလို့တဲ့ အစ်ကိုတွေကိုနှိုးပြီးလာခဲ့"

အငယ်မလည်း ကမူးရှူးထိုးဖြစ်သွားစဉ် ပန်းလွှာ,ဖေဖေတို့အခန်းဆီ ပြေးလာခဲ့မိလေ၏။ အခန်းထဲရောက်တော့ မေမေက ပြာယာခတ်နေ





သလို ဖေဖေကလည်း ချွေးတွေပျံပြီး သေလုမျောပါးခံစားနေရသည်။

"ဘယ်လိုလုပ်ကြမလဲသမီးကြီးရယ်၊ ညဘက်အချိန်မတော်ကြီး"

"ဖေဖေ,ရရဲ့လား၊ အားတင်းထားနော်။ ခဏလေးပဲ သည်းခံပေးနော်၊ နေကောင်းသွားမှာပါ၊ သမီးလုပ်ပေးပါ့မယ်၊ မေမေ,သမီးတို့ ဆေးရုံသွားရအောင်။ အစာအိမ်တစ်ခုခုဖြစ်တာတို့ အူအတက်ပေါက်တာတို့ဆိုရင် နောက်ကျလို့မရဘူး။ ခုပဲသွားရအောင်"

ပန်းလွှာပြောနေတုန်း မောင်နှမတွေစုပြုံရောက်လာကြသည်။ မောင်တွေအားလုံးကလည်း 'ဆေးရုံသွားမှဖြစ်မယ်' ဆိုသည့်လေသံသာ တစ်ပြိုင်တည်းထွက်လာ၏။ အငယ်မကလည်း 'ဟုတ်တယ်၊ ဆေးရုံပို့ရမှာမေမေ' ဟုပြောပေမယ့် ဖုန်းပိုင်ရှင်ပီပီ ဖုန်းဆိုတာ သူ့နေရာနှင့်သူ အသုံးဝင်သည်ဆိုတာကိုလည်း သက်သေပြသေး၏။

"သမီးတို့ချည်းပဲဖြစ်ပါ့မလားမမရဲ့၊ ကိုကြီးမိုးမာန်ကိုအသိပေးဦးမှပေါ့။ သူ့ကိုပြောမှ အားလုံးအဆင်ပြေမှာ။ သူ့မှာ သူငှားပေးထားတဲ့ ကားရှိတယ်"

"ဟုတ်တယ်. . . ဟုတ်တယ်"

အငယ်မစကားကို မောင်တွေကလည်း ထောက်ခံလိုက်တော့ အငယ်မက မိုးမာန်ဆီ ဖုန်းခေါ်တော့သည်။ ပန်းလွှာလည်း ဒီတစ်ခါတော့ မောင့်ကိုသေချာပေါက်အကူအညီတောင်းမှဖြစ်တော့မည်ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြံဖြင့် ထွက်လာခဲ့ရာ မေမေကပါ နောက်ကလိုက်လာ၏။

''ဆေးရုံပို့တာကတော့ ဟုတ်ပါပြီသမီးရယ်၊ မိုးမာန်ကလည်း သူဌေးရဲ့ကားနဲ့ဆေးရုံပို့တယ်ပဲထား. . . ငွေက ဘယ်မှာလဲ၊ မေမေ့မှာလည်း ဟင်းချက်စရာဖိုးပဲရှိတာ။ ကလေးတွေမှာလည်း သူတို့မုန့်ဖိုးလေးတွေပဲရှိမှာပေါ့။ မိုးမာန်ကလည်း သူဌေးကောင်းလို့သာ တောက်တောက်ပြောင်ပြောင်နေရတာ ဘာရှိလို့လဲ၊ ဒီခေတ်ရဲ့ဆေးကုသစားရိတ်ကို သမီးအသိဆုံးပဲ။ ပိုက်ဆံမရှိတဲ့သူ နေမကောင်းမဖြစ်ရဆိုတဲ့ခေတ်လေ''

''သမီးကြည့်လုပ်ပါ့မယ်မေမေ၊ မေမေသာ အထုပ်အပိုးစီစဉ်ပြီးလိုက်ဖို့ပြင်ပါတော့။ ပထမဆုံးက ဆေးရုံရောက်သွားဖို့ပဲ၊ ကျန်တဲ့ကိစ္စကို နောက်မှကြည့်ရှင်းမယ်၊ သမီးမှာလည်း ဆေးဖိုးလောက်တော့ရှိပါတယ် မနက်ကျမှ သမီးသူငယ်ချင်းတွေဆီက ရသလောက်လိုက်ချေးကြည့်ရမှာပေါ့''

ဟုပြောပြီး ရှိသမျှပိုက်ဆံလေးတွေ စုထည့်ထားသောပိုက်ဆံအိတ်လေးကိုယူ၍ အိတ်လိုက်အတိုင်း မေမေ့လက်ထဲထည့်ပေးလိုက်၏။

''ဘုရား ဘုရား. . . ငါ့သမီးကြီး လှလှပပအပျိုကလေးဖြစ်ရက်နဲ့ ငွေလည်းချေးရတော့မှာပါလား။ မိဘတွေက မရေမရာနဲ့ စီးပွားရေးတိတိကျကျမရှိခဲ့တော့ သားသမီးတွေမှာ ကူရာကယ်ရာမဲ့ဘဝနဲ့ မျက်နှာ





ငယ်ရတဲ့အဖြစ်။ ကျေးဇူးတင်ပါတယ်သမီးကြီးရယ်။ မေမေလည်း ကြံဦးမယ်။ မေမေကြံရင် အောင်မြင်တာများပါတယ်''

မေမေက စိတ်မကောင်းစွာပြောပြီး ထွက်သွားလေသည်။ မောင်နေထားသောဖုန်းလေးကို ယူမယ်ကြံလိုက်တော့ 'မမ. . . မမ' ဟုဆိုပြီး အငယ်မ အပြေးရောက်လာသည်။

''ကိုကြီးမိုးမာန်ရောက်ပြီ၊ ကားပါတယ်၊ ဖေကြီးကိုကားပေါ်တင်တော့မယ်။ မမနဲ့သမီး အိမ်မှာနေခဲ့ရမယ်တဲ့''

ဆိုတာကြောင့် ပန်းလွှာ ဖေဖေရှိရာအပြေးလာခဲ့စဉ် ဖေဖေ့ကိုသူသားတွေက ပွေ့ချီနေတာကိုတွေ့ရသလို မေမေနှင့် မိုးမာန်ကလည်း အထုပ်အပိုးတွေဆွဲလျက် အပြင်ထွက်တော့မှာဖြစ်တာကြောင့် ဖေဖေ့လက်ကို အမိအရဆုပ်ကိုင်လိုက်မိ၏။

''ဖေဖေ အားတင်းထားပါ၊ နေကောင်းသွားမှာပါနော်၊ ဘုရားစာရွတ်နေပါ၊ သမီးလည်း ဘုရားစာရွတ်ပြီး ဆုတောင်းနေပါတယ်''

''ပန်းလွှာ တော်တော့၊ တံခါးတွေကိုလုံလုံခြုံခြုံပိတ်ပြီးနေကြ၊ ဆေးရုံကိုမြန်မြန်ရောက်ဖို့အရေးကြီးတယ်။ နင်ဘာမှစိုးရိမ်မနေနဲ့၊ ငါ့ကိုသာယုံထားလိုက်။ အကြောင်းထူးရင် ဖုန်းဆက်လိုက်မယ်''

ထုံးစံအတိုင်း ခပ်ပြတ်ပြတ်ပြောတတ်သည့်မိုးမာန်စကားအဆုံး အားလုံးထွက်သွားကြတော့သည်။ ညကြီးအချိန်မတော် ဒုက္ခရောက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်မိသားစုကို ဒီလိုအကူအညီပေးပြန်တော့ ပန်းလွှာ,မိုးမာန်ကိုကျေးဇူးမတင်လို့မရတော့။ ညီအစ်မနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက်လုံးဝစကားမပြောနိုင်ကြတော့ဘဲ ပန်းလွှာက ဖေဖေ့အတွက် စိုးရိမ်ပူပန်စိတ်တွေဖြင့် ဘုရားစာတွေ ရွတ်နေသလို အငယ်မကလည်း ဖေဖေ့အတွက် ပူပန်စိတ်တွေဖြင့် ဘုရားစာတွေ ဟိုရောက်ဒီရောက်ရွတ်လိုက် ဖုန်းလေးကိုင်ပြီး မျှော်လိုက်ဖြင့် ဧည့်ခန်းထဲမှာ ဂုတ်တုပ်ကလေးတွေ ငြိမ်သက်နေကြသည်။ သိပ်မကြာခင်မှာပဲ အငယ်မဆီ ဖုန်းဝင်လာတော့၏။

"ဟဲလို, ကိုကြီးမိုးမာန်ဘယ်လိုလဲ၊ စိုးရိမ်ရလား"

"......"

"ဟုတ်, အနားမှာပါ"

အငယ်မကပြောရင်း ဖုန်းလှမ်းပေးတာမို့ ပန်းလွှာယူလိုက်၏။

"ပန်းလွှာ,ဘာမှမစိုးရိမ်နဲ့တော့၊ အူအတက်ပေါက်တာ၊ အချိန်မီရောက်လို့ ခွဲခန်းထဲဝင်သွားပြီ"

"အဲဒါဆို ဘာလိုလဲ၊ ငါဘာစီစဉ်ရမလဲ၊ အခုလိုက်လာရမလား"

"အချိန်မတော် ဘယ်လာလို့ရမလဲ... အဝေးကြီးကို၊ စိတ်သာချနေလိုက်တော့ဟာ၊ မနက်ကျမှပြောကြတာပေါ့။ နင်တို့ကောင်းကောင်းအိပ်လိုက်တော့"

"အင်း, ကျေးဇူးတင်ပါတယ် မိုးမာန်"

"ပြောရမယ့်လူတွေမဟုတ်ဘူး၊ လေစိမ်းတွေ အရမ်းမတိုက်နဲ့"

ဆိုပြီး မိုးမာန် ဖုန်းပိတ်သွားတော့သည်။

သို့သော် အိပ်ရာထဲရောက်တော့ အငယ်မက ခဏနဲ့အိပ်ပျော်သွားပေမယ့် ပန်းလွှာကတော့ လုံးဝအိပ်မရတော့ပေ။ ခွဲခန်းထဲဝင်သွားသောဖေဖေ့ပုံစံနှင့် ခွဲခန်းထဲမှအောင်မြင်စွာထွက်လာမည့်ဖေဖေ့ပုံစံတွေကို မြင်ယောင်နေမိသလို မနက်ကျ ရင်ဆိုင်ဖြေရှင်းရတော့မည့်ဆေးကုသစားရိတ်တွေကြောင့် လူးကာလွန့်ကာဖြင့် မောပန်းနေမိ၏။ နောက်ဆုံးတော့ ကြိုစည်စိတ်ကူးထားသည့်အတိုင်း မောင့်ကိုပဲအကူအညီတောင်းဖို့ ဆုံးဖြတ်လိုက်ရပြန်လေသည်။

ဖုန်းလေးယူပြီး ဧည့်ခန်းထဲထွက်လာခဲ့ပြန်တော့လည်း ချက်ချင်းမခေါ်ရဲဘဲ ရင်ခုန်ကြောက်ရွံ့မှုတွေ အားငယ်တွေဝေမှုတွေ စိုးရိမ်ပူပန်မှုတွေဖြင့် လမ်းလျှောက်ရင်း ချီတုံချတုံဖြစ်နေရပြန်သည်။

[ဘာဖြစ်နေတာလဲ... အိမ်မှာတစ်ခုခုဖြစ်နေလို့လား။ မောင့်ပြဿနာလား။ မိသားစုပြဿနာလား။ ငွေအခက်အခဲရှိလို့လား... ပြောလေ... ဘာပဲဖြစ်ဖြစ် ရဲရဲသာပြောချလိုက်ပါ။ မောင်ကူညီပေးဖို့အဆင်သင့်ပဲ]

[ရှက်ကြောက်တတ်တာနဲ့ အားနာတတ်တဲ့စိတ်ကလေး







www.burmeseclassic.com

www.burmeseclassic.com



နေရာ တိုင်းမှာဖြစ်နေတာ မကောင်းဘူး။ အတိုင်းထက်လွန်ရင်လည်း မကောင်းဘူး။ ကိုယ့်ဘဝကို အန္တရာယ်ပြုတတ်တယ်၊ ကိုယ်ပြောချင်တာကို ရဲရဲဝံ့ဝံ့သာပြောချလိုက်၊ စကားလေးတစ်ခွန်း ပြောမထွက်တာနဲ့ ဘဝတစ်လျှောက်လုံး ဒုက္ခရောက်ရတဲ့အဖြစ်တွေ ဖေဖေ ကြုံဖူးတယ်]

[ဘာအခက်အခဲပဲရှိရှိ မေမေတို့ကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောပြ၊ ပြေလည်အောင် ကူညီဖြေရှင်းပေးမယ်။ မကြာခင်မှာပဲ ရွှေအတော်ရတော့မယ်ဆိုတော့ အားကြီးတဲ့အိမ်က အားနည်းတဲ့အိမ်ကို ပံ့ပိုးပေးရမယ့်တာဝန်တွေ မေမေတို့မှာ ရှိပါတယ်]

ဆိုသည့် မောင်နှင့် မောင့်မိဘတွေပြောခဲ့သောစကားတွေကို ကြားယောင်မိတော့ ပြောဖို့အားတွေတက်လာပြီး ခေါက်ဖုန်းလေးကိုဖွင့်လိုက်၏။ နံပါတ်လေးတွေကိုနှိပ်မယ်ကြံပြန်တော့. . .

* အခွင့်အရေးယူတယ်လို့များ ထင်မလား?
* စေ့စပ်ပွဲတောင်မလုပ်ရသေးဘဲနဲ့ ငွေချေးလို့ကောင်းပါ့မလား?
* မိသားစုကို အထင်သေးပြီး ငြိုငြင်သွားမလား?
* အေးချမ်းနေတဲ့ချစ်သူဘဝမှာ ငွေရေးကြေးရေးပြဿနာကို ဘယ်လိုပါးစပ်မျိုးနဲ့ပြောထွက်မှာလဲ?
* မိသားစုကိုအထင်သေးလို့ လုံးဝမဖြစ်ဘူး?





ဆိုသည့်ဗီဇအတွေးတွေက ဝင်လာပြန်တော့ ဖုန်းလေးကို ခေါက်သိမ်းလိုက်မိပြန်သည်။ အဲဒီလိုစိတ်နှစ်မျိုးက ဒွန်တွဲပြီး လွန်ဆွဲနေသော်လည်း ပန်းလွှာသည် ရဲရဲဝံ့ဝံ့ပင် ဘာမှမတွေးတော့ဘဲ လျှင်မြန်စွာခေါ်လိုက်မိလေ၏။ သို့သော် မောင့်ဖုန်းက လုံးဝခေါ်မရတော့ပေ။ ပန်းလွှာ သက်ပြင်းချပြီး မိုးစင်စင်လင်းခဲ့ရလေသည်။ မနက်ငါးနာရီခန့်မှာတော့ အငယ်မဆီ ဖုန်းဝင်လာပါသည်။

"ဟာ! ဟုတ်လား၊ ဝမ်းသာလိုက်တာမေမေရယ်။ မေမေအရမ်းပင်ပန်းသွားပြီ။ မမကလည်း စိုးရိမ်လို့ တစ်ညလုံးအိပ်မရဘူးတဲ့။ သမီးကတော့ ဖေကြီးကိုစိုးရိမ်ပေမယ့် ကိုကြီးမိုးမာန်ပါနေလို့ပဲလားမသိဘူး။ စိတ်ဖြောင့်ဖြောင့်နဲ့အိပ်ပျော်သွားတယ်။ မမ,ရော. . . မေမေ့ဖုန်း"

အငယ်မကပြောရင်း ဖုန်းလှမ်းပေးလေသည်။

"ဟဲလို,မေမေ၊ သမီးကြားပြီးပြီ၊ ဝမ်းသာလိုက်တာမေမေရယ်။ မေမေအရမ်းပင်ပန်းသွားပြီဆိုတော့ အိမ်မှာတစ်နေ့လုံးအနားယူလိုက်ပါ။ သမီးပြင်စရာရှိတာတွေ လုပ်စရာရှိတာတွေလုပ်ပြီး လာစောင့်ပါ့မယ်၊ ပြီးတော့ ဆေးကုသစားရိတ်ကိုလည်း သမီးခန့်မှန်းလို့ရတယ်၊ အဲဒါ သမီးကြည့်လုပ်ခဲ့မယ်"

"လုပ်စရာမလိုတော့ပါဘူးသမီးရယ်၊ တို့ရဲ့လှလှပပန်းလွှာမင်းသမီးလေး ငွေလည်ချေးစရာမလိုတော့ပါဘူး။ မေမေလုပ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသွားပါပြီ။ မေမေပြောသားပဲ,မေမေကြံရင် အောင်မြင်တာများပါတယ်လို့။ ဒါပေမဲ့ မိုးမာန်မပါလို့တော့ မပြီးဘူးပေါ့သမီးရယ်။ သူ့ရဲ့အကူအညီတွေ အများကြီးယူရတယ်။ အခုရောက်နေတာကလည်း ရိုးရိုးဆေးရုံကြီးမဟုတ်ဘူးသမီးရဲ့။ သူ့ခက်မှာအထူးကုဆေးခန်းမှာ သမီးရဲ့ဖေဖေ ဘယ်လောက်စိမ်ကျလိုက်သလဲ၊ ဘယ်လောက်ကောင်းလိုက်သလဲ၊ နေရတာ အပျံစားပဲ။ မိုးမာန်သူ့ဒွေးပို့လိုက်တဲ့လက်ဆောင်တွေကလည်း အလျှံပယ်ပဲ''

''မေမေရယ်,မိုးမာန်က နေရာတကာဖြစ်နေပြီ''

ပန်းလွှာသည် ထိုညည်းညူမှုမလွဲပြီး တခြားပြောစရာစကားမရှိတော့ပြီ။

''တော်ပြီသမီး။ ဘာမှမပြောနဲ့တော့။ အခုပဲလိုက်လာခဲ့တော့။ စားစရာသောက်စရာတွေလည်း ဘာမှမလိုဘူး။ ဒီမှာအကုန်ရှိတယ်။ သမီးမောင်တွေနဲ့ မိုးမာန်ကိုတော့ ပြန်လွှတ်လိုက်ပြီ''

''ဟုတ်''

မေမေနှင့်ဖုန်းပြောပြီး ဆေးခန်းလိုက်ဖို့ပြင်ဆင်နေချိန်မှာပင် နှလုံးသားချင်းငြိပြီးသားလူက စိတ်ချင်းလည်းငြိနေတတ်သလားမသိပါ။ ပန်းလွှာအိတ်ထဲမှ ဖုန်းသံထွက်လာတာမို့ ဝမ်းသာစွာဆွဲထုတ်လိုက်မိ၏။

''မောင် အစောကြီးပါလား''





''morning ပန်းလွှာ၊ ပြောစရာရှိလို့ ဖုန်းဖွင့်ထားလို့တော်သေးတယ်။ နေကောင်းလား ပန်းလွှာ၊ ညက မောင့်ဆီဖုန်းခေါ်သေးလား''

စိုးရိမ်မှုတွေရောစွက်နေသော မောင့်ရဲ့နှုတ်ခွန်းလေးသံကြောင့် ပန်းလွှာအထူးအံ့ဩသွားရသည်။

''နေကောင်းပါတယ်မောင်ရဲ့. . . ဘာဖြစ်လို့လဲ။ ဟို တစ်နာရီလောက်ကတော့ ဖုန်းခေါ်ကြည့်သေးတယ်။ မရဘူး''

''ဟုတ်လား,အဲဒီအချိန် မောင့်သူငယ်ချင်းတွေက လုမ်းရစ်တတ်လို့ကွ။ စကြည့်တာလည်း ပင်ပန်းတာနဲ့ပိတ်ထားမိတာ။ ဘာထူးလို့လဲချစ်''

''ကျွန်မတို့ဖေဖေလေ၊ ဗိုက်တအားအောင့်တာနဲ့ ဘာမှမလုပ်တတ်လို့ ဆေးရုံပို့လိုက်ရတယ်။ အချိန်မရောက်လို့ တော်သေးတာပေါ့မောင်ရယ်။ အူအတက်ပေါက်တာတဲ့၊ ချက်ချင်းခွဲခန်းဝင်ရတယ်၊ အခုခွဲစိတ်မှုအောင်မြင်သွားပါပြီ''

''ဩော်,ဒါကြောင့်ကိုး။ နှလုံးသားချင်းဆက်နွယ်နေလို့ စိတ်ချင်းလည်း ဆက်နွယ်နေတာထင်တယ်ပန်းလွှာ။ မောင် ညကအိပ်မက်,မက်တယ်၊ အိပ်မက်ထဲမှာ ပန်းလွှာရဲ့မျက်နှာက လုံးဝမလန်းဘူး။ မောင့်ကို အကြာကြီးစိုက်ကြည့်နေတယ်၊ တစ်ခုခုကိုပြောချင်သလိုလို၊မပြောချင်သလိုလိုနဲ့။ နောက်ဆုံးလုံးဝမပြောဘဲ ပျောက်သွားရော။ အိုခေ,ပြီ



www.burmeseclassic.com

www.burmeseclassic.com



မောင်နားလည်ပြီ။ အခု ပန်းလွှာဘယ်မှာလဲ၊ ဆေးခန်းကကော ဘယ်ဆေးခန်းလဲ''

''သုခကမ္ဘာအထူးကုဆေးခန်းပါမောင်၊ ကျွန်မ အခုသွားဖို့ပြင်နေပြီ၊ ခွင့်သုံးရက်လောက်တော့ သေချာပေါက်ယူရတော့မယ်''

''သုံးရက်ဆို နည်းမှာပေါ့၊ Patient အတွက် အချိန်ပေးဖို့ ကိုယ်ပင်ပန်းလို့ နားရမှာနဲ့ ငါးရက်လောက်တော့ ယူလိုက်ပါ။ မောင်လည်း တစ်ခုခုစီစဉ်ပြီး ချက်ချင်းလိုက်လာခဲ့မယ်။ အားမငယ်နဲ့နော် ချစ်၊ ယောက္ခမကြီးအတွက် မောင်ဆုတောင်းပေးနေမယ်။ အိုခေ ဘိုင့်ဘိုင်''

ဆေးခန်းရောက်တော့ မေမေနှင့်ချက်ချင်းလူချိန်းလိုက်၍ ပန်းလွှာတစ်ယောက်သာ ကျန်ရစ်သည်။ ဖေဖေက Drip ပိုက်တန်းလန်းဖြင့် အိပ်စက်အနားယူနေတာမို့ ခေတ်မီဆန်းသစ်ပြီး တခမ်းတနားဆန်လွန်းသောအခန်းကြီးကိုကြည့်ကာ မိုးမာန်နှင့် မိုးမာန်၏သူဌေးကြီးကို ကျေးဇူးတင်နေမိ၏။ သာမန်တိုက်ခန်းတစ်ခန်းစာလောက် ကျယ်ဝန်းသောအခန်းထဲတွင် Aircon; စလောင်း၊ တီဗွီ၊ ရေခဲသေတ္တာ၊ စားပွဲ ဆိုဖာဆက်တီ စသဖြင့် တန်ဖိုးကြီးအသုံးအဆောင်ပစ္စည်းတွေနှင့် နေရသည့် ဝန်ဆောင်မှုတွေက ပေါ့သေးသေးတော့မဟုတ်လှ။

ဒီကြားထဲ ခွဲစိတ်ခ၊ ဆေးဖိုး၊ နေရမည့်ရက်တွေ၏စားရိတ်တက်





မှု အို. . . ဘုရားရေ ခန့်မှန်းလို့ပင်မရနိုင်အောင် ကုန်ကျမှုန်း ပန်းလွှာ နားလည်တာကြောင့် ဆက်မတွေးရဲတော့ဘဲ ဖေဖေ့ကိုကြည့်ပြီးတော့သာ ထိုင်နေမိတော့၏။

ခဏနေတော့ တံခါးခေါက်သံနှင့်အတူ မောင် ဝင်ရောက်လာလေသည်။ အလွန်လှပသောပန်းခြင်းတစ်ခြင်းနှင့် စားသောက်ဖွယ်ရာတွေ နှံ့စုံပါသော လက်ဆောင်ပစ္စည်းခြင်းကြီးကိုဆွဲလျက် ဝင်လာသောမောင်က လန်းဆန်းတက်ကြွနေတာမို့ ပန်းလွှာပါ အလိုလိုအမောပြေသွားရလေသည်။

''လှလိုက်တာမောင်ရယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ဒီလောက်အများကြီးဝယ်လာရတာလဲ''

''ပန်းလွှာကိုအရမ်းချစ်လို့ပေါ့၊ ပြီးတော့ Patient က ဘယ်သူလဲ''

ဟုစိုက်ကြည့်ပြီး မေးတာကြောင့် ငြိမ်နေလိုက်ရ၏။ မောင်က နွေးနွေးထွေးထွေးပင် ဖေဖေ့ကိုကိုင်တွယ်ပြီး ဂရုတစိုက်ကြည့်ပါသည်။ ထိုးဆေး သွင်းဆေး စားဆေးတွေကိုလည်း လေ့လာပါသည်။ ပန်းလွှာ ပခုံးလေးကိုလည်းဖက်ပြီး အားပေးနှစ်သိမ့်ပါသည်။ ပြီးတော့ Fancy Bag ထဲမှ ခပ်ထူထူစက္ကူအိတ်ကိုထုတ်ပြီး. . .

''ရိုင်းပြတယ်ထင်ရင် ခွင့်လွှတ်ပါချစ်၊ ဘယ်လိုမှလည်း မအောက်



www.burmeseclassic.com

www.burmeseclassic.com



မေ့ပါနဲ့၊ ဒီငွေကိုလက်ခံပေးပါ၊ ပန်းလွှာဖေဖေအတွက် မောင်ကူညီ လို့ပါ။ ဒီလိုဆေးခန်း၊ ဒီလိုအသုံးအဆောင်ပစ္စည်း၊ ဒီလိုခွဲစိတ်မှုနဲ့ ဒီ ဆေးဝါးအကောင်းစားတွေရဲ့တန်ဖိုးကို မောင်အသိဆုံးမို့လို့ပါ။ ပြီးတော့ ပန်းလွှာတို့မိသားစု ပင်ပန်းနေလိမ့်မယ်ဆိုတာလည်း နားလည်လို့ပါ

ဟုပြောရင်း ပန်းလွှာလက်ထဲကို ထည့်ပေးတော့

"ဟင့်အင်း, ရပါတယ်မောင်ရယ်၊ လက်မထပ်ရသေးတဲ့ချစ်သူ တစ်ယောက်ဆီက ကျွန်မ မလိုချင်ဆုံးအရာဟာ ဒီအခွင့်အရေးပဲ၊ ပန်းရှုန်းကန်ရတာမှန်ပေမယ့် အဆင်ပြေပါတယ်မောင်ရဲ့။ မေမေစီ တာ အားလုံးအိုကေပါတယ်"

ဆိုပြီး လက်ကိုရုန်း၍ ငြင်းဆန်လိုက်မိသည်။

"ပန်းလွှာကကွာ, ရှက်နေတာပဲ၊ အားနာနေတာပဲ၊ ကိုယ့်ချစ်သူ တစ်ယောက် ဒီလိုကြုံတွေ့နေရတာကိုမှ ဖြည့်ဆည်းမပေးနိုင်ရင် မော ဘာဖြစ်သွားမလဲ။ ပန်းလွှာနဲ့မောင်က လူကြီးချင်းတွေ့ပြီး လက်ထပ် ရက်တောင်ရွေးတော့မှာလေ"

"နောက်မှပေါ့မောင်ရယ်၊ ခုတော့လက်မခံပါရစေနဲ့ဦး၊ ဒီလို တွေ့တာပဲ ကျွန်မအရမ်းဝမ်းသာလှပါပြီ၊ လက်ဆောင်ပစ္စည်းတွေလည်း မလိုပါဘူး။ ကျွန်မတကယ်လိုအပ်တာက မောင့်ရဲ့အားပေးဂရုစိုက်မှု မောင့်ရဲ့အစဉ်လန်းဆန်းနေတဲ့မျက်နှာလေးပါပဲ"





ဟုပြောလိုက်တော့ မောင်က ပန်းလွှာရဲ့လက်ကလေးကိုတင်း တင်းဆုပ်ပြီး အားပေးသလို နဖူးလေးကိုလည်းမွှေးပြီး နှစ်သိမ့်သွားခဲ့ မိသည်။

♥

တစ်ပတ်ပြည့်တော့ ဖေဖေ ဆေးခန်းမှဆင်းခွင့်ရခဲ့တာကြောင့် ပန်းလွှာတို့မိသားစုလည်း ပုံမှန်ပြန်ဖြစ်သွားခဲ့ပါသည်။ မောင်တို့မိသားစု အိမ်ကိုလာတွေ့ကြတော့မယ့်ရက်ကလည်း တဖြည်းဖြည်းနီးကပ်လာပြီ မို့ ပန်းလွှာအပျော်လွန်နေပြီး အရာရာမှာ တက်ကြွသွက်လက်နေလေ သည်။

တွေ့မယ့်နေ့ရောက်တော့လည်း မေမေက အိမ်မှာကောင်းကောင်း နှမ်မှန်တွေ ချက်ပြုတ်ထားသလို မောင်နှမတွေလည်း စုံစုံညီညီရှိနေတာ ကြောင့် ပန်းလွှာ ပိုပြီးအားရှိရပါသည်။

သို့သော် တကယ်တမ်းကျတော့ ပန်းလွှာထင်သလိုဖြစ်မလာခဲ့။ ပန်းလွှာရဲ့ပျော်ရွှင်အားရှိမှုတွေလည်း မတည်မြဲခဲ့၊ ကျယ်ပြောသည့် လော ကကြီးက ထူးဆန်းသည့်ကံတရားတွေကို မောင့်ကိုချစ်မိတဲ့အချိန်ကစ ပြီး တစ်ခုပြီးတစ်ခုချပေးခဲ့တာတွေ၊ အရာရာကို ဘယ်လိုနားလည်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိအောင် ဘာကိုယုံရမှန်းမသိအောင် ဖျက်စီးသူငယ်နားသူငယ်ဖြစ်နေပုံတွေကို ပန်းလွှာသည် အံ့ဩကြောက်ရွံ့စွာ နောက်ထပ်ရင်ဆိုင်လိုက်ရပြန်ပါသည်။ အကြောင်းကတော့. . .

မောင်လာခါနီးပြီမို့ ပန်းလွှာက မှန်ခဏခဏကြည့်၊ ခေါင်းခဏခဏဖြီးနေချိန်တွင်. . .

"မမ,ညှိသည်တွေမလာခင် စကားပြောစရာရှိတယ်တဲ့၊ မြန်မြန်ထွက်ခဲ့ပါတဲ့"

ဟု အငယ်မက လာခေါ်တာကြောင့် ပန်းလွှာ,အငယ်မနောက်ကို ခပ်သွက်သွက်ကလေးလိုက်လာခဲ့စဉ် ညှိခန်းထဲမှာ မိသားစုဝိုင်းဖွဲ့ပြီး စကားပြောနေတာကိုမြင်လိုက်ရတာမှ ပြုံသနာက,စသည်။

"ထိုင် သမီး၊ ညှိသည်တွေမလာခင် ဖေဖေ သမီးကိုပြတ်ပြတ်သားသားပြောချင်တယ်။ မိသားစုအားလုံးက သိနေတဲ့အတွက်လည်း နိဒါန်းတွေဘာတွေသွယ်မနေတော့ဘူး။ ဆိုင်းမဆင့်ဗုံမဆင့်လုပ်တာမျိုးလည်း မဟုတ်ဘူး။ ဖေဖေတို့ကိုစိတ်ချမ်းသာအောင် ထားခဲ့တဲ့သမီးက တစ်သက်လုံးပဲ ဖေဖေတို့ကိုစိတ်ချမ်းသာအောင်ထားတာ ကြည့်သွားချင်တယ်။ မိသားစုက အားထားခဲ့တဲ့သမီးကို တစ်သက်လုံးပဲ မိသားစုက အားထားနေချင်တယ်။ ဒါကြောင့် သမီးကို မိုးမာန်နဲ့ကလွဲပြီး ဘယ်သူနဲ့မှသဘောမတူနိုင်ဘူး"





"ရှင်! "

ပန်းလွှာခေါင်းထဲ မိုက်ခနဲဖြစ်သွားပါသည်။ ညှိခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ မေမေ့ကိုအားကိုးတကြီးကြည့်တော့ နက်လွှာချလျက်။

"ဖေဖေဘယ်လိုပြောလိုက်တာလဲ၊ စဉ်းစားကြည့်ပါဦး၊ သမီး မေမေ့ကိုပြောထားပြီးပြီ"

"တော်ပြီ သမီး၊ ဒီအကြောင်းဆိုရင် ဒီမှာပဲရပ်တော့။ ဖေဖေလိုချင်တာကိုပြောပြီးပြီ။ ဖေဖေ့ကျန်းမာရေးကို သမီးသိတယ်နော်"

ဟုပြောပြီး ဖေဖေက သူ့အခန်းဆီ လှမ်းသွားတော့သည်။

"မေမေဘယ်လိုလုပ်လိုက်တာလဲ၊ မေမေ့ကို သမီးကြိုပြောထားခဲ့သားနဲ့၊ မေမေပဲ သမီးကြိုက်သလိုစီစဉ်တော့ဆို၊ ညှိသည်တွေရောက်လာခါနီးပြီ၊ သမီး ဘယ်လိုလုပ်ရတော့မှာလဲ။ သမီး,မိုးမာန်ကိုလက်မထပ်နိုင်ဘူးလို့ပြောပြီးသားမေမေ"

"မိသားစုကိစ္စလေးကစလို့ ကြီးကျယ်တဲ့နိုင်ငံရေးအထိ ဘယ်လိုအဖွဲ့အစည်းမျိုးပဲဖြစ်ဖြစ် မဲသာတဲ့နောက်ကိုလိုက်ကြရတာပဲသမီး။ ခုကိစ္စက သမီးဖေဖေမှမဟုတ်ဘူး၊ မောင်နှမတွေအားလုံး မိုးမာန်ဘက်ကပဲ၊ မေမေဘယ်လိုမှပြောလို့မရဘူး၊ မေမေလည်း သမီးစိတ်ချမ်းသာမှုကိုကြည့်ချင်ပေမယ့် တကယ်တွေးကြည့်တော့လည်း မိသားစုနဲ့ထပ်



www.burmeseclassic.com

www.burmeseclassic.com



တူထပ်မျှပါပဲ။ မိုးမာန်ကို ဘယ်လိုနည်းနဲ့မှမပစ်ရက်ဘူး။ သားအရင်းလို ဖြစ်နေပြီသမီးရယ်။ ဒီလောက် ကိုယ့်အပေါ်အရမ်းကောင်းနေတဲ့ကလေး ကို သမီးစဉ်းစားပေးလိုက်ပါ''

''ဟင့်အင်း မေမေ. . . မဖြစ်ဘူး။ သူက သမီးတို့အိမ်ကိုဘယ် လောက်ကောင်းထားလို့လဲ။ ဘာတွေ ဘယ်လောက်များပေးထားလို့လဲ။ သူကောင်းထားတာတွေထက်ပိုအောင် သမီးချစ်သူဘက်ကလည်း ကောင်း နိုင်ပါတယ်။ မရဘူးမေမေ,သမီးကိုဒီတစ်ခါတော့ ကိုယ်ပိုင်ခံစားချက် လေးနဲ့ အသက်ရှင်ခွင့်ပေးပါ။ သမီးချစ်သူကိုပဲ သမီးလက်ထပ်မယ်''

ပန်းလွှာသည် ပြာပြာသလဲငြင်းဆန်မိရင်း မျက်ရည်တွေဝဲလာ ပါသည်။

''တော်တော့ မမ၊ အိမ်ထောင်မပြုချင်နေ။ ယောက်ဖနေရာမှာ ကိုမိုးမာန်ကလွဲလို့ ဘယ်သူ့ကိုမှမမြင်ချင်ဘူး။ မမရဲ့ချစ်သူက ဘယ် လောက်ပဲအဆင့်အတန်းမြင့်နေပါစေ၊ ဘယ်လောက်ပဲချမ်းသာနေပါစေ စိတ်မဝင်စားပါဘူး။ အိမ်ရဲ့အကြောင်းကိုအသိဆုံး၊ မောင်နှမတွေအပေါ် ကိုလည်း သည်းခံပြီး နားလည်မှုပေးနိုင်ဆုံး၊ ကိုယ့်မိဘကိုလည်း သူ့ မိဘလိုသဘောထားပြီး အိမ်မှာဘာဖြစ်ဖြစ် သူမပါရင်မပြီးတဲ့ကိုမိုးမာန် ကိုပဲ စိတ်ဝင်စားတယ်။ ဒီလိုပြောရတဲ့အတွက် တောင်းပန်ပါတယ်မမ။ ဒီနေ့မှမပြောရင်မဖြစ်တော့လို့ပါ။ မမကိုအငယ်တွေအားလုံးက လေးစား





ချင်နေတာပါ''

သားကြီးကလည်း လိုအပ်တာကို တိကျပြတ်သားစွာ ပြောပြီး ထွက်သွားတော့ ကျန်နှစ်ယောက်ကပါ အလျှိုလျှိုထွက်သွားကြလေ၏။ ပန်းလွှာဘာမှပြန်မပြောနိုင်လောက်အောင် မောင့်ကိုချစ်မိခဲ့တဲ့အချစ် တွေက ပါဝါတွေကိုအခါခါကျစေသတဲ့လား။ အငယ်တွေဆုံးမတာကို နာခံရတော့မယ့်အဖြစ်လား။

''မမရယ်,ဖေကြီးလည်း ဆေးကုပြီးတာ ဘယ်လောက်မှမကြာ သေးဘူး။ သူစိတ်ချမ်းသာအောင် သူ့ဆန္ဒကိုလိုက်လျောလိုက်ပါ။ ကိုကြီး မိုးမာန်လည်း အရမ်းသနားစရာကောင်းပါတယ်။ ဒီအိမ်အတွက်ဆို အသက်ပေးမယ့်လူစားပါ။ နှစ်ဖက်မိဘတွေလည်းအသိ၊ ပတ်ဝန်းကျင် လည်းအသိ၊ သူ့မိဘတွေကလည်း လာစပ်တော့မှာပါ။ ဒီလိုအခြေအနေ ကြီးမှာ မမကလုပ်ရက်ရင် သမီးတို့မိသားစု ဘယ်လိုမျက်နှာပြရတော့ မှာလဲ။ သမီးတို့မှာ ချုပြစရာဆိုလို့ မမပဲရှိတာပါမမရယ်''

''ဟုတ်ပါတယ်သမီးရယ်၊ မိသားစုကိုစိတ်ချမ်းသာအောင် ထား လက်စနဲ့ ထားလိုက်ပါတော့။ ဒီအချစ်တစ်ခုအတွက်ကျမှ အားလုံးကို စွန့်ပစ်ရက်တော့မလို့လား။ သမီးချစ်သူက ဘယ်လောက်ပဲချမ်းသာနေပါ စေ၊ သမီးအပေါ်ကိုလည်း နားလည်မှုတွေ ဘယ်လောက်ပဲရှိပါစေ ရေ ရှည်ကိုတွေးကြည့်ပါဦးသမီးရယ်။ ကြာလာရင် မိဘကိုထောက်ပံ့ရင်း

www.burmeseclassic.com



ပြိုပြင်မှာတွေ၊ မောင်နှမတွေ အဝင်အထွက်များလို့ ပြိုပြင်လာမှာတွေကို ထည့်မတွေးတော့ဘူးလား။ သမီး ရွှေဘုံပေါ်မှာစံပြီး စိတ်ဆင်းရဲနေမှာမျိုးကို မေမေမထားရက်ဘူး။ အဆင့်အတန်းမြင့်တဲ့သူဌေးတွေဟာ ဘယ်လောက်ပဲနားလည်မှုရှိတတ်ပါစေ သူ့ရဲ့အဆင့်ဘယ်လောက်မြင့်သလဲဆိုတဲ့ဇာတိကိုတော့ ပြချင်သေးတာပဲ''

အငယ်မနှင့်မေမေ ညှပ်ပြောသောထင်မြင်ချက်တွေကို ပန်းလွှာ မခံစားနိုင်တော့။

''မဟုတ်ဘူးမေမေ၊ မေမေတို့ထင်သလိုမဟုတ်ဘူး။ လူချင်းလည်း မတွေ့ရသေးဘဲနဲ့ စကားလည်းမပြောကြည့်ရသေးဘဲနဲ့ ထင်တဲ့အတိုင်း လျှောက်မပြောပါနဲ့မေမေရယ်။ သမီးကောင်းစားရင် မေမေတို့လည်း ကောင်းစားစေရမှာပါ။ သမီးက စိတ်ချမ်းသာရာရပြီး မေမေတို့က ကူရာကယ်ရာမဲ့ဘဝမျိုးနဲ့ ခွဲနေရမှာကိုလည်း အဖြစ်မခံပါဘူး။ သမီးရဲ့ချစ်သူကလည်း သမီးကိုဘယ်လိုနည်းနဲ့မှ လက်လွှတ်အဆုံးရှုံးခံမှာမဟုတ်ဘူးမေမေ၊ မေမေတို့က ဘာဖြစ်လို့ ဒီလောက်အဖြစ်သည်းနေရတာလဲ၊ ဒီလိုဖြစ်နေရင် မိုးမာန် ခေါင်းပေါ်တက်လာလိမ့်မယ်''

''မဟုတ်ဘူးသမီး။ သမီးလည်း အထင်လွဲနေပြီ။ မထူးတော့ပါဘူးကွယ်၊ ညှိသည်တွေမလာခင် ကိစ္စကပြတ်မှဖြစ်မှာဆိုတော့ အမှန်အတိုင်းပဲ ပြောပြလိုက်တော့မယ်။ အစကတော့ သမီးရှက်မှာစိုးလို့၊





စိတ်ဆင်းရဲမှာစိုးလို့ မေမေမပြောဘဲနေခဲ့တာ၊ အခုချိန်မှာတော့ မပြောလို့မရတော့ဘူး''

အံ့သြဖွယ်ရာထွက်လာသောစကားကြောင့် ပန်းလွှာ မျက်ရည်တွေကြားမှ မေမေ့ကိုစိုက်ကြည့်လိုက်မိ၏။

''သားကြီး ဘဏ်ကအပြန်မှာ ငွေလုခံရတဲ့အဖြစ်ကို သမီးစိတ်ဆင်းရဲမှာစိုးလို့ အဆင်ပြေတယ်လို့ပြောခဲ့တာပါသမီး၊ တကယ်တော့ လုံးဝပြန်မရခဲ့ပါဘူး။ မိုးမာန်က သူ့သူဌေးဆီ ငွေသွားဆွဲပြီး သားကြီးရဲ့ အလုပ်ရှင်ဆီ ချက်ချင်းဆပ်ခဲ့ရပါတယ်။ ငွေက သိန်းခြောက်ဆယ်ပဲ သမီး''

''ဟင်! ''

ကြည့်စမ်း! ပန်းလွှာခေါင်းကြီး ဖြုန်းခနဲကြီးသွားသလို ခံစားလိုက်ရပါသည်။

ရင်ထဲမှာလည်း လန့်ဖျပ်တုန်ခါလို့လာ၏။

''ဒါတင်မကပါဘူး သမီး၊ သမီးဖေဖေရဲ့ဆေးကုသစားရိတ်ကိုလည်း မေမေဘယ်လိုမှမတတ်နိုင်လို့ သမီး သူများဆီမှာ ငွေလည်ချေးတာကိုလည်း မမြင်ချင်လို့ မိုးမာန်ရဲ့သူဌေးဆီကိုပဲ မေမေဆွဲခိုင်းလိုက်တာပါ။ ငွေက သိန်းသုံးဆယ်ပဲသမီး''

သွားပြီ ပန်းလွှာရဲ့ကူညြေတွေသိက္ခာတွေ ဘယ်လိုမှအဖတ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



မရတော့။

"ဟာ မေမေရယ်, သမီးဘယ်လိုယုံရတော့မှာလဲ၊ ဘယ်လိုနားလည်ရတော့မှာလဲ၊ သမီးစိတ်ဆင်းရဲမှာစိုးလို့ ဖုံးအုပ်ထားလည်း အချိန်တန် သမီးသိရတာပဲမဟုတ်ဘူးလား။ အခုသိတော့ သမီးကြီးတစ်ယောက်အနေနဲ့ သမီးက ဘာဖြစ်သွားပြီလဲ။ မေမေသာ အမှန်တိုင်းဖွင့်ပြောခဲ့မယ်ဆိုရင် မိုးမာန်ကြိုးစားပေးသလို သမီးလည်း ကြိုးစားပေးဂို့ရပါတယ်"

"ဒါပေမဲ့ ကိုယ်လိုချင်တဲ့အချိန်မှာ ချက်ချင်းရတဲ့အကူအညီကဘာနဲ့မှနှိုင်းယှဉ်လို့မရဘူး။ အခုကြည့်စမ်း! မေမေ မိုးမာန်ရဲ့သူဌေးကိုသိန်းကိုးဆယ် ဆပ်ရတော့မယ်။ အဲဒီသူဌေးကလည်း ဘယ်လောက်သဘောကောင်းသလဲဆိုရင် မိုးမာန်ကိုဆပ်နိုင်သလောက်ပဲ အရစ်ကျဆပ်သွားပါတဲ့။ ရိုင်းရိုင်းပြောရရင် မသေမချင်းဆပ်ပေါ့။ ဟဲ,ဒီလောက်ကောင်းတဲ့မိုးမာန်ကို ဘယ်မိသားစုက ပစ်ရက်မှာလဲ"

မေမေ့စကားမဆုံးခင် ဘဲလ်သံထွက်လာ၍ အငယ်မက ထဖွင့်ပေးလိုက်တော့ မိုးမာန်ဖြစ်နေလေသည်။ ပန်းလွှာ ဖြူန်းခနဲထရပ်လိုက်၏။

"မိုးမာန်,နင့်အကြံအစည်တွေ ဒါအကုန်ပဲလား။ ငါ့ကိုမရရအောင်ယူပြမယ်ဆိုပြီး ခွင်တွေ အမျိုးမျိုးဆွဲခဲ့တာလား။ မေမေ နင့်ဆီကယူ





ထားတဲ့ငွေတွေကို ငါ မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ဆပ်လို့ရတယ်။ တစ်ပတ်အတွင်းရအောင် ဆပ်ပေးမယ်။ ငါ့ကို ငွေဝယ်ကျွန်လိုတော့ သဘောမထားနဲ့"

"ဆောရီး ပန်းလွှာ၊ ငါ နင့်ကိုအပိုင်ကြံချင်ရင် ကြံလို့ရတဲ့နည်းပေါင်းစုံရှိတယ်။ ဒါပေမဲ့ အားလုံးအဆင်ပြေတဲ့နည်းလမ်းပဲလုပ်ချင်တယ်၊ အားလုံးရဲ့ကြည်ဖြူခွင့်လွှတ်မှုနဲ့ အကောင်းဆုံးဟိုတယ်တစ်ခုမှာ နင်နဲ့လက်ထပ်ပွဲလုပ်ချင်တယ်။ အဲဒါ ငါ့ရဲ့စေတနာပဲ၊ ငါ့ရဲ့အချစ်ပဲ၊ ဒါကြောင့်အားလုံးပြေလည်မယ့်လမ်းကိုဖောက်ခဲ့တာ"

"အဲဒီလမ်းကို ငါမလျှောက်ဘူး မိုးမာန်၊ သေမယ်, ငါသေလိုက်တော့မယ်"

ဟုပြောပြီး ချာခနဲ အခန်းထဲသို့ပြေးဝင်လာကာ ချုံးပွဲချငိုလိုက်မိတော့သည်။ ရှောင်တခင်ပြောင်းလဲသွားသောပန်းလွှာပုံစံကြောင့် မေမေနှင့်မိုးမာန်က ပြာပြာသလဲပြေးလိုက်လာ၏။

"သမီး, သမီး. . . မဟုတ်တာတွေမပြောရဘူး။ မဟုတ်တာတွေမလုပ်ရဘူးလေ။ မေမေ့မျက်နှာကိုကြည့်ပါဦးသမီးရယ်၊ ခွဲစိတ်ပြီးတာတစ်လတောင်မပြည့်သေးတဲ့ သမီးဖေဖေမျက်နှာကိုလည်း မထောက်တော့ဘူးလား။ ကလေးတွေ သမီးကိုဘယ်လောက်လေးစားသလဲ၊ ဘယ်လောက်အားကိုးမျှော်လင့်နေကြတယ်ဆိုတာလည်း ထည့်မတွက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား. . . တစ်သက်လုံး မိသားစုစိတ်ချမ်းသာအောင် နေလာခဲ့တဲ့ ကလေးက ဒီအချစ်အတွက်နဲ့ကျမှ မေမေ့ရင်ကို ကန်တော့မလို့လား"

မေမေက ပန်းလွှာကိုထွေးဖက်ပြီးပြောတော့ ကိုယ့်ခေါင်းကိုသာ အကြိမ်ကြိမ်ထုရင်း ငိုကြွေးလိုသာနေမိပြန်သည်။ မိုးမာန်ကတော့ အခန်း တံခါးနားမှာသာ ရပ်ကြည့်နေ၏။ ခဏနေတော့. . .

"မေမေ မေမေ, မမရဲ့ညှော်သည်တွေ ရောက်လာကုန်ပြီ၊ သမီး ညှော်ခန်းထဲမှာ ထိုင်နိုင်းထားတယ်"

ဆိုပြီး အငယ်မက အပြေးလာပြောသောအခါ ပန်းလွှာ အိပ်ရာ ပေါ်လဲကျသွားပြီး မျက်နှာကို ခေါင်းအုံးနှင့်အပ်ထားလိုက်မိတော့သည်။

"အေးအေး. . . သမီးညှော်ခံထားလိုက်၊ မိုးမာန်, အပြင်ထွက် မသွားနဲ့ဦး။ ဒီကိစ္စက ဒီနေ့အပြတ်ရှင်းမှဖြစ်တော့မှာ။ သမီး, သမီးပန်း လွှာလေး မေမေ့ကိုကြည့်ပါဦးသမီးရယ်၊ မေမေ ညှော်သည်တွေကိုဘယ် လိုပြောရတော့မလဲ။ သမီး အချစ်တစ်ခုအတွက်နဲ့ ဖေဖေမေမေတို့ရဲ့ မျက်နှာတွေကို မထောက်တော့ဘူးလား။ သမီးမောင်နဲ့ သမီးဖေဖေက ဘာတွေပြောသွားသလဲ၊ တစ်ခုခုကိုဆုံးဖြတ်လိုက်ပါတော့သမီးရယ်"

ပန်းလွှာသည် မေမေ၏ကတုန်ကရင်အသံကို နာကျင်စွာ နား ထောင်ရင်းမှ ရင်ထဲထိုးအောင့်လာသည်ထိ ကြိတ်ရှိုက်လိုက်မိ၏။ ပြီး တော့မှ ဖျတ်ခနဲထလိုက်ပြီး. . .





"သမီးဆုံးဖြတ်ပါတော့မယ်မေမေ၊ မေမေစိတ်ချမ်းသာစေရပါ့ မယ်။ ဒါပေမဲ့ ရှင်လျက်နဲ့သေလူဖြစ်သွားပါပြီ"

ဟုပြောကာ စာကြည့်စားပွဲမှာ စာရွက်ကလေးတစ်ရွက်နှင့် တစ် ခုခုကို ရေးချလိုက်တော့၏။

ကိုသားသက်ဝေ

အလွှာမတူတဲ့သူကို စိတ်ကူးယဉ်ခဲ့မိပါတယ်

တကယ်တော့ ကျွန်မနှလုံးသားက မိုးမာန်ဆီမှာပါ၊

လက်ထပ်ဖို့ဆုံးဖြတ်တော့မှ မိုးမာန်ကိုသနားပြီး

ချန်မထားရက်တော့ဘူး

ဒါကြောင့် မိုးမာန်နောက် ကျွန်မလိုက်သွားပြီ။

ရှင်နဲ့ကျွန်မ လှပတဲ့ဒေင်ဥယျာဉ်ထဲမှာ

လမ်းလျှောက်ဖူးတယ်လို့သဘောထားလိုက်ကြရအောင်။

(ပန်းလွှာကဗျာ)

ထိုစာကို မေမေကဖတ်ပြီး ပန်းလွှာကိုစိုက်ကြည့်ကာ 'သမီးရယ်' ဟုညည်းရင်း ထွက်သွားတော့သည်။ ပန်းလွှာ ဘာကိုမှမသိချင်တော့၊ ကြားချင်တော့။

မေမေတစ်ယောက်တည်း ဘယ်လိုဖြေရှင်းနေမလဲ?



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲတစ်ခုလိုရင်ဆိုင်နေရမလား?

မောင်ရှူးသွားနိုင်မလား?

ဘယ်လောက်ထိ ပေါက်ကွဲသွားနိုင်မလဲ?

မောင့်မိဘတွေကကော ဘယ်လိုဖြစ်သွားမလဲ?

လဲပေါင်းများသောမေးခွန်းတွေကို သိချင်စိတ်လုံးဝမရှိတော့ ကျောက်ရုပ်တစ်ရုပ်လို ထိုင်နေမိလေသည်။

"နင်ဘာတွေရေးပေးလိုက်တာလဲ ပန်းလွှာ"

မိုးမာန်၏တိုးဖွသောလေသံထွက်လာမှ နှုတ်ခမ်းကိုကိုက်ထား လိုက်ပြီး မျက်ရည်တွေကလည်း အလိုလိုစီးကျလာတော့၏။ တကယ် တမ်းကျတော့လည်း စိတ်ကိုဘယ်လောက်ပဲတင်းထားပါစေ၊ နှလုံးသား ၏ဆန္ဒကို ပန်းလွှာဘယ်လိုမှတားဆီးလို့မရတာကြောင့် ဖျတ်ခနဲထ ခဲ့လေသည်။ ရုတ်တရက်လှမ်းဆွဲလိုက်သောမိုးမာန်လက်ကို ဆောင့် လိုက်ပြီး ဧည့်ခန်းနောက်ကွယ် ခန်းဆီးစလေးဆီ သွားချောင်းလိုက် တော့

"ကျွန်တော် မယုံဘူးအန်တီ၊ ဘယ်လိုနည်းနဲ့မှ မယုံနိုင်ဘူး အန်တီ့သမီးရဲ့စိတ်ကို အန်တီပဲအသိဆုံးဖြစ်သလို ကျွန်တော့်ချစ်သူ့ စိတ်ကိုလည်း ကျွန်တော်အသိဆုံးပဲ၊ ပန်းလွှာကဗျာက ဒီလိုမိန်းကလေး မျိုးမဟုတ်ဘူး။ ပန်းလွှာလောက် ရိုးတာ အေးတာ တစ်ဖက်သားအပေါ်





အားနာတတ်တာ ဒီကမ္ဘာပေါ်မှာ နှစ်ယောက်မရှိဘူး"

"သား, မအော်နဲ့၊ သူများအိမ်မှာ အော်လားဟစ်လားလုပ်တာ တွေ မချေမငံပြောဆိုတာတွေ ဖေဖေမကြိုက်ဘူး။ ဇာတ်လမ်းက ရှင်း နေပြီပဲ၊ အခုပြန်မယ်"

"ပြန်ရအောင်ပါ သားရယ်၊ ဘယ်လိုတွေပါလိမ့်၊ မေမေစိတ်ရှု တိုင်းမပြောမိခင် ပြန်ရအောင်ပါကွယ်။ တော်ပါတော့"

"ရက်စက်တယ်ဗျာ. . . လုံးဝအဓိပ္ပာယ်မရှိဘူး၊ တစ်ခုခုတော့ ဖြစ်နေပြီ၊ တစ်ခုခုလွဲနေပြီ၊ လုပ်ကြံဇာတ်ကြီးပါဗျာ။ ပန်းလွှာက ဒီလို လုပ်မယ့်မိန်းကလေးမဟုတ်ဘူးဗျ၊ မိုးမာန် ရိုးသားတာလည်း ကျွန်တော် သိတယ်၊ သူကလည်း ဒီလိုလူစားမဟုတ်ဘူး။ ကျွန်တော့်ကို မှန်မှန်ပြော ပေးပါအန်တီ၊ ပန်းလွှာ ဘယ်မှာလဲ၊ ကျွန်တော့်လိုလူမျိုးကို ဘာဖြစ်လို့ ဒီလိုလုပ်ရက်တာလဲ"

တဖြည်းဖြည်းကျယ်လောင်စွာထွက်လာသည့် မောင့်အသံတွေ က ပန်းလွှာအသည်းကို ကြမ်းကြမ်းတမ်းတမ်းဆုပ်ကိုင် ချေမွသလိုခံ လိုက်ရတာမို့ ပန်းလွှာဘယ်လိုမှမရပ်တည်နိုင်ဘဲ ယိုင်နဲ့ပြီး ဒူးထောက် ကျသွားတော့သည်။ ပန်းလွှာ၏အသည်းလိုပင် မောင့်ရဲ့အသည်းလည်း ဘယ်လောက်ကြေမွအက်ကွဲနေပြီလဲ။

"အန်တီလည်း မပြောတတ်တော့ပါဘူးသားရယ်၊ မနက်က ထွက်



www.burmeseclassic.com

www.burmeseclassic.com



မလာလို့ သွားကြည့်လိုက်တော့ ဒီစာကိုတွေ့ရတာပဲ''

ကြိတ်မှိတ်နေရတာမို့ ထိုးအောင့်လာသောရင်ဘတ်ကို လက်နှင့် ဖိထားရလေသည်။ မျက်ရည်တာလည်း ကျိုးလေပြီ၊ မိုးမာန် အနားရောက်လာတာပင် သတိမမူမိတော့။

''အေး၊ အဲဒါပဲသား။ ဆင်းရဲတဲ့လူဟာ ဘာကြောင့်ဆင်းရဲရသလဲ ဆိုတော့ ဆင်းရဲရမယ့်အကြောင်းတရား သူ့မှာရှိနေလို့ပဲ။ ချမ်းသာတဲ့ လူကလည်း သူ့မှာ ချမ်းသာရမယ့်အကြောင်းတရားပါလာလို့ ချမ်းသာ ရတာပဲ။ လာ, ငါ့သား။ အစ်မကြီး ကျွန်တော်တို့ကိုခွင့်ပြုပါဦး''

ပန်းလွှာ ဒူးထောက်နေရာမှ နံရံကိုမှီပြီးလဲကျသွားတော့သည်။ မိုးမာန်က ဆွေ့ခနဲကောက်ချီပွေ့လိုက်ပြီး အခန်းထဲကိုခေါ်လာကာ အိပ် ရာပေါ် အသာအယာတင်ပေး၏။

တကယ်တော့ ပန်းလွှာမေ့လဲသွားခြင်းမဟုတ်ပါ။ တနင့်တပိုး ဝင်ဆောင့်လာသောနာကျင်မှုတွေကို ခံနိုင်ရည်မရှိတော့လို့သာ ပုံလဲ သွားရခြင်းဖြစ်ပါသည်။ အားလုံးကို သတိမလျော့ မပေါ့ဆဘဲ သိရှိခဲ့ ရပါသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ရီဝေစွာစိုက်ကြည့်နေသော မိုးမာန်ကို ရင်ဆိုင်လိုက်ရ၏။ ပန်းလွှာပြုံးပြီး လှိုက်လှိုက်လှဲလှဲပြော လိုက်ပါသည်။

''ဇာတ်လမ်းက မလှဘူးလား မိုးမာန်၊ ဒီပွဲမှာ နင်နိုင်ပါတယ်။






အသိမဲ့သွားပြီဖြစ်တဲ့ငါ့ခန္ဓာကို နင်ကြိုက်သလိုပြုမူပါ။ နင်ဆော့ကစား ချင်သလိုဆော့ကစားပါ။ ငါကျေနပ်ပါတယ်၊ မိသားစုရဲ့ခံစားမှုနဲ့ အသက် ရှင်နေရတဲ့လူတစ်ယောက်ရဲ့ဘဝဟာ ဒီ့ထက်ပိုပြီး ထူးလာမှာမဟုတ် တော့လို့ပါ''

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲမှုအဆုံး••••••

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

သက်ဝေသည် အိမ်ရောက်ရောက်ချင်း ကားထဲမှ ကလေးကြိုက် ချစ်စရာ Orchid ပန်းအိုးလေးကို ဆွဲယူကိုင်ပေါက်လိုက်သောအခါ မေမေနှင့်ဖေဖေ လန့်ဖျပ်သွားလေသည်။ ပြီးတော့ အိမ်ထဲသို့ ကမူးရှူး ထိုးပြေးဝင်လာပြီး Paradise မှဝယ်လာခဲ့သောပန်းအိုးအကြီးအသေး၊ ပန်းခြင်းအကြီးအသေးနှင့် ကော်ဖီကြွေခွက်လှလှလေးတွေ၊ ဖန်ခွက်လှ လှလေးတွေကို တစ်ခန်းဝင်တစ်ခန်းထွက် ရှာဖွေကာ ရိုက်ခွဲဖျက်ဆီး သိုက်လေသတည်း။

"ပန်းလွှာကဗျာ၊ မင်းဘယ်မှာလဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေလည်း မဆွဲနိုင်. . .

"ပန်းလွှာကဗျာ, မင်းကဘယ်လိုလူစားလဲ"

မေမေလည်း မဆွဲနိုင်. . .

"ပန်းလွှာကဗျာ, ငါ့ကိုဘာဖြစ်လို့ဒီလိုလုပ်ရက်တာလဲ"

အိမ်ဖော်လည်း မဆွဲနိုင်. . .

"ပန်းလွှာကဗျာ, မင်းကို ငါမရ,ရအောင် လိုက်ရှာမယ်"

Driver လည်း မဆွဲနိုင်. . .

အလွန်လှပခဲ့သောပန်းအိမ်ကလေးသည် အကျည်းတန် ရုပ်ဆိုးဖွယ်ရာ ကြေမွပျက်ဆီးခဲ့ရလေသည်။

"ဘုရားရေ! သားလေး ကျွန်မသားလေးတော့ ဒုက္ခရောက်ပါပြီ သားကိုကြည့်လုပ်ပါဦး ဦးမင်းဇော်ရယ်။ ဘယ်လိုလုပ်ရပါတော့မလဲ။ နို ဘယ့်ကိုအကြောင်းကြားမှုဖြစ်မယ်"

"သေပါစေ၊ ရူးသွားပါစေ လွှတ်ထားလိုက်၊ သောက်သုံးမကျတဲ့ကောင်၊ လူယုံလွယ်တဲ့ကောင်. . . ဘာမဟုတ်တဲ့မိန်းကလေးအတွက်နဲ့ ငမိုက်သားလုပ်ချင်တဲ့ကောင်။ မိဘကပါ ကြားထဲက အရှုံးဖြစ်တယ် တောက်! ရှက်ဖို့ကောင်းလိုက်တာကွာ"

မေမေနှင့်ဖေဖေ၏စကားတွေလည်း သူ့နားထဲကိုမဝင်တော့၊ ပန်းလွှာနှင့်ပတ်သက်သမျှပစ္စည်းတွေကို ကိုင်ပေါက်ဖျက်ဆီးခဲ့ပြီး ကားဆီ





အပြေးသွား၍ ဝရန်းသုန်းကား မောင်းထွက်ခဲ့တော့သည်။

ပေးဆပ်ခဲ့ရသည့်ချစ်ခြင်းတရားတွေ၊ မျှော်လင့်ခဲ့ရသည့်အနာဂတ်တွေ၊ အလေးထားခဲ့ရသည့်နားလည်မှုတွေ၏နောက်ဆုံးရလဒ်ကတော့ အရှက်တရားသာ တနင့်တပိုးကျန်ခဲ့လေသည်။

စက်စက်ယိုအောင်လှပြီး လိမ္မာရေးခြားရှိတဲ့မိန်းကလေးက လူတစ်ယောက်ကို အကြောင်းမဲ့ ဓားနဲ့ခုတ်ရက်သတဲ့လား။ ဘယ်လိုနည်းနှင့်မှ ယုံလို့မရနိုင်။ ဒီလိုဖြစ်လာဖို့ မသင်္ကာစရာအရိပ်အငွေ့တွေလည်း သူမမျက်နှာပေါ်မှာ တစ်စက်ကလေးတောင်မတွေ့ရတာမို့ အရူးတစ်ပိုင်းလိုလည်း ဖြစ်ခဲ့ရသည်။

အဲဒီလိုအရှက်တရားတွေကို ရင်ဝယ်ပိုက်ပြီး အရူးတစ်ပိုင်းလိုဖြစ်ခဲ့ရသောသက်ဝေသည် ပန်းလွှာနှင့်အတူသွား၊ အတူစား၊ အတူထိုင်ခဲ့ဖူးသောနေရာတွေဆီ လွင့်ချင်တိုင်း လွင့်ခဲ့တော့သည်။ Paradise မှပန်းလွှာသူငယ်ချင်း သန္တာဆီသွားမေးတော့လည်း ထိုမကောင်းဆိုးဝါးဖြစ်ရပ်ကိုသာ ကြားခဲ့ရ၏။ ပန်းလွှာရဲ့အဖြစ်ကို ဘယ်လိုမှမယုံနိုင်လေ၊ ဖြစ်ရပ်မှန်က သိသာလာလေမို့ နောက်ဆုံး သက်ဝေသည် ပန်းလွှာမင်းသမီးလေး၏ပုံပြင်ကို မဖြစ်မနေလက်ခံလိုက်ရတော့၏။ သို့သော် လက်ခံမိသည့်အချိန်က စားသောက်ဆိုင်တစ်ခု၏ အရက်ပုလင်းတွေကြားမှာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုံစံဖြင့် အရက်သောက်ပြီး အချစ်မူး,မူးခဲ့ရာ တစ်ပတ်ခန့် အကြာမှာတော့ သူ အိပ်ရာမှနိုးလာခဲ့စဉ် လုလှပပ မွှေးမွှေးပုံ့ပုံ့နှင့် သူ့ကိုထိုင်ကြည့်နေသောနိုဘယ့်ကို ဘွားခနဲမြင်လိုက်ရလေသတည်း။

"ဟင်! နိုဘယ်,နင်. . . နင် ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲ"

သူ ဆတ်ခနဲထထိုင်ပြီး တအံ့တသြမေးတော့ နိုဘယ်၏ ပြုံး... ထိုအပြုံးကို ရင်မဆိုင်နိုင်ဘဲ ဘုန်းခနဲပြန်လှဲချကာ နဖူးပေါ်လက်တင်ထားလိုက်မိ၏။ နီရဲနေသောသူ့မျက်ဝန်းတွေမှာ မျက်ရည်ကလေးတွေ ရစ်ဝိုင်းမှန်းမသိ ရစ်ဝိုင်းလာသည်။

"ငါ့ကို အဲဒီလိုပြုံးမကြည့်နဲ့ နိုဘယ်၊ နင့်အပြုံးက အဓိပ္ပာယ်ပါနေသလိုပဲ။ ဒါကြောင့် ငါကြောက်တယ်၊ အခု ငါဘာဖြစ်နေသလဲဆိုတာ နင်သိပြီးသားဖြစ်မှာပါ။ ငါအရမ်းရူးနေတယ်၊ ရူးလွန်းလို့ သေတောင်သေချင်နေပြီ၊ သူများတွေမေးရင် ဘယ်လိုဖြေရတော့မလဲ၊ သူငယ်ချင်းတွေကို မျက်နှာမပြရဲလောက်အောင် ရူးနေပြီ၊ အဲဒီထက်ပိုရှက်တာက မေမေနဲ့ဖေဖေ့ကိုပဲ။ အဲဒီထက်ပိုအရှက်ဆုံးက နင့်ကိုပဲ၊ ပန်းလွှာဘယ်လောက်လှကြောင်း နင့်ကိုကြွားခဲ့တာတွေ၊ သူ့ကိုဘယ်လောက်ချစ်ကြောင်း နင့်ကိုရှူးရှူးမူးမူးရင်ဖွင့်ပြခဲ့တာတွေ၊ အဲဒါတွေအတွက် သေလောက်အောင် ရှက်နေတယ်။ ငါ့အဖြစ်က မိန်းကလေးတစ်ယောက်





ရှက်နာကျရတာထက် ပိုဆိုးပါတယ်"

". . . . . ."

"လက်ထပ်ရတော့မယ့်သူကိုသွားတွေ့ခါမှ ချစ်သူက လင်နောက်လိုက်သွားသတဲ့။ တောက်!"

သူ မချိတင်ကဲ တောက်ခတ်လိုက်တော့ နိုဘယ်က. . .

"နင်ပြောချင်တာ ပြီးပြီလား"

ဟုမေးသည်။

"ပြီးပြီ, ဒါတောင် နင့်ကိုမို့လို့ပြောတာ၊ ငါ ဘယ်သူ့ကိုမှ စကားပြောချင်စိတ်မရှိတော့ဘူး နိုဘယ်"

"အိုခေ,ဒါဆို ငါပြောပြတော့မယ်၊ ငါပြောတာတွေကို နင်သေသေချာချာနားထောင်ပါ။ အချစ်နဲ့ပတ်သက်ရင် ဒီလိုဇာတ်လမ်းမျိုးတွေ ရှိကြပါတယ် သက်ဝေ။ အဲဒီလိုဇာတ်လမ်းမျိုးထဲမှာ နင်ပါသွားတာတော့ ဒီစိတ်မကောင်းပါဘူး။ ငါ နင့်ကိုမေးခဲ့ဖူးပါတယ်၊ လက်ရှိဘဝမှာ မကျေနပ်ဆုံးက ဘာလဲလို့၊ နင်ကလည်း ဖြေခဲ့တယ်၊ အားနာတတ်တဲ့စိတ်နဲ့ လွယ်လွယ်ယုံတဲ့စိတ်တဲ့။ အဲဒီလိုကိုယ့်ရဲ့အားနည်းချက်ကြီးကိုသိနေရင် ကိုယ့်စိတ်ကိုယ် ဆင်ခြင်ခဲ့ဖို့ကောင်းတာပေါ့။ အခု နင်ဖြစ်တာ မိန်းကလေးတစ်ယောက်ကို လွယ်လွယ်ယုံခဲ့လို့ဖြစ်တာ၊ ကဲ,ထားပါတော့၊ ပြီးခဲ့တာတွေကို ငါပြန်မပြောတော့ဘူး။ အခု လက်ရှိလုပ်ရမယ့်ကိစ္စတွေကို



www.burmeseclassic.com

www.burmeseclassic.com



ငါပြောပြတော့မယ်''

သူ သက်ပြင်းချပြီး အိပ်ရာမှထကာ ပြတင်းပေါက်မှာ ရပ်နေလိုက်မိ၏။ နိုဘယ်ကလည်း သူ့နောက်နားမှာလာရပ်ပြီး ဆက်ပြောသည်။

''နင်, ပန်းလွှာနဲ့ပြသနာတက်ပြီး အိမ်ကထွက်သွားကတည်းက အန်တီက ငါ့ကိုလှမ်းခေါ်ပြီး အကျိုးအကြောင်းပြောပြခဲ့တယ်။ နင့်ကို လိုက်ထိန်းပေးဖို့ တောင်းဆိုခဲ့တယ်။ ငါလည်း နင့်အမေကို မိဘချင်း ကိုယ်ချင်းစာပြီး ကတိပေးခဲ့တယ်။ နင်လွင့်တဲ့နေရာတိုင်း ငါနောက် ယောင်ခံခဲ့တယ်။ နင် ရွှေ့တဲ့နေရာတိုင်းလည်း ငါလိုက်ရွှေ့ခဲ့တယ်။ နင် အရက်သောက်ပြီး အိမ်ပြန်တဲ့အထိ ငါလိုက်ကြည့်ခဲ့တာ''

သူ အံ့သြပြီး နိုဘယ့်ကိုလှည့်ကြည့်လိုက်မိသည်။

''ဒီနေ့တော့ တစ်ပတ်ပြည့်သွားပြီ သက်ဝေ၊ နင့်ကို ဒီပုံစံအတိုင်း တစ်ပတ်ထက်ပိုပြီး လွှတ်မထားနိုင်တော့ဘူး။ နင့်မိဘကလည်း ဒီနေ့ မှာ နင့်ကို အနုနည်းနဲ့အကြမ်းနည်းတစ်ခုခုသုံးတော့မှာ။ ဒါပေမဲ့ ငါ ပိတ်ပင်ခဲ့တယ်၊ အစအဆုံးပုံမှန်ပြန်ဖြစ်သွားအောင် သမီးတာဝန်ယူပါ့ မယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် ငါ ဒီနေ့အစောကြီးရောက်လာ တာပေါ့။ ငါ့စကားကိုနားထောင်ပါ သက်ဝေ၊ နင်ဒီလိုဖြစ်နေတာ မမြင် ချင်တော့ဘူး။ ချက်ချင်းပြုပြင်ပါ။ နင်နဲ့ငါက သစ္စာရှိတဲ့ အမျိုးလိုနေခဲ့ တဲ့ငယ်သူငယ်ချင်းအစစ်တွေပါ။ ဒါကြောင့် ငါ့ဘက်က ကုလို့ရတဲ့နည်း





မျိုးစုံနဲ့ ကုပေးမယ် သက်ဝေ''

''ကြည့်စမ်း! နင် ငါ့အပေါ် ဘာဖြစ်လို့ဒီလောက်ကောင်းရတာ လဲ။ ငါအရမ်းအားနာတယ် နိုဘယ်၊ နင်နဲ့ငါကို လူကြီးတွေက လက်ထပ် ပေးဖို့ပြောခဲ့ဖူးတာရှိတော့ ပိုပြီးအားနာရတယ်။ ငါ မေမေနဲ့နင် စိုးရိမ် သလို ဒီတိုင်းချည်း နေမသွားပါဘူး။ ပြုပြင်မှာပါ။ ရုတ်တရက်မထင်မှတ် ဘဲ ပေါ်ပေါက်လာတဲ့ကိစ္စမို့ အရမ်းရှက်နေမိတာပါ။ ပြီးတော့ မေမေနဲ့ ဖေဖေ့ကို စိတ်မကောင်းဖြစ်အောင် လုပ်လိုက်မိတဲ့အတွက်လည်း ငါဖြေ လို့မရဘူးဖြစ်နေတယ်။ ဒါကြောင့်လည်း မေမေနဲ့ဖေဖေစိတ်ချမ်းသာ အောင် ငါလုပ်ပေးမှာပါ''

''သေချာသလား သက်ဝေ''

''လုံးဝပါ, sure ပါ နိုဘယ်''

''အေး,ဒီလို မိဘစိတ်ချမ်းသာအောင် လုပ်ပေးဖို့သန္နိဋ္ဌာန်ရှိတယ်ဆို နင် ငါပွင့်ပွင့်လင်းလင်းပဲပြောလိုက်တော့မယ်၊ အစကတော့ နင်နဲ့ငါ့ ကိုပေးစားဖို့ ငါ့အမေက အရင်ကမ်းလှမ်းခဲ့တာ။ ခုတော့ နင့်အမေက ငါ့ကိုကမ်းလှမ်းပြီ သက်ဝေ''

''ဟင်! ''

''အံ့သြသွားပြီလား။ နင့်လိုပဲ ငါလည်းအံ့သြခဲ့တယ်။ အန်တီရဲ့ စိတ်ထဲမှာစွဲနေတယ်၊ သားကို နေရာတိုင်းမှာ အလိုလိုက်ခဲ့လို့ အခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတာတဲ့။ ဒီကိစ္စကို အန်တီက နင့်ကိုဖွင့်ပြောတော့မှာ။ ဒါပေမဲ့ အန်တီဖွင့်ပြောတာထက် ငါကိုယ်တိုင်ဖွင့်ပြောရတာကို ငါလိုချင်တယ်။ မိဘအတင်းအကြပ်ပေးစားလို့ လက်ခံရတာထက် နင်ကိုယ်တိုင် ငါ့ကို ဆန္ဒရှိတာကိုလိုချင်တယ်''

''ဟာ! နိဘယ်၊ နင်ဘယ်လိုပြောလိုက်တာလဲ၊ နင်က နင့်အတွက်ကိုမကြည့်တော့ဘူးလား။ နင့်ရှေ့မှာ တခြားမိန်းကလေးတစ်ယောက်ကို အရူးအမူးချစ်ခဲ့တဲ့ငါ့ကိုမှ''

''တော်ပြီ သက်ဝေ၊ ပြီးခဲ့တာကိုဆက်မပြောနဲ့တော့၊ ငါက မာမီ့ကိုစိတ်ချမ်းသာစေချင်တဲ့သမီး။ မာမီဖြစ်စေချင်တာကို ဖြစ်အောင်လုပ်ပေးမယ့်သမီးပဲ၊ အရင်ကတော့ နင့်မှာ ပန်းညွှာရှိသလို ငါကလည်း ဒါတွေစိတ်မဝင်စားတာနဲ့ ငြင်းခဲ့တာ။ ခုတော့ မာမီကရော နင့်အမေကရော အရမ်းဖြစ်နေလို့ သူတို့စိတ်ချမ်းသာအောင် လိုက်လျောတော့မယ်၊ OK...Come on...ဘယ်လိုလဲ သက်ဝေ''

''နင်. . . နင်တကယ်ပြောနေတာလား နိဘယ်''

နိဘယ်က ခေါင်းညိတ်ပြသည်။

''ဟာ! နင်တောင် အဲဒီလိုဆိုရင် ငါက ဘာဖြစ်လို့မလုပ်နိုင်ရမှာလဲ နိဘယ်၊ နင် မိဘစိတ်ချမ်းသာအောင်ထားသလို ငါက မိုက်ခဲ့တဲ့အတွက် ပိုပြီးတော့တောင် စိတ်ချမ်းသာအောင်ထားရဦးမယ်။ OK...





OK...Thank you...နိဘယ်။ ငါဘာဆက်ပြောရမှန်းတောင်မသိတော့ဘူး။ ပြောမပြတတ်အောင် ဝမ်းသာတာပဲနိဘယ်ရယ်''

သူပြောပြောဆိုဆို နိဘယ့်ကိုဆွဲပြီး တင်းတင်းကျပ်ကျပ်ဖက်ထားလိုက်လေသည်။ နိဘယ်ကလည်း ငြိမ်သက်စွာခံယူပါသည်။ သို့သော် သူတို့နှစ်ဦး ထွေးဖက်နည်းက ချစ်သူတွေလိုမဟုတ်၊ အနောက်တိုင်းဆန်သော တစ်ယောက်နှင့်တစ်ယောက် ပွင့်ပွင့်လင်းလင်းနှင့် အားပေးနှစ်သိမ့်သည့်ထွေးဖက်ခြင်းမျိုးသာဖြစ်သည်။

နှစ်ယောက်သား အခန်းပြင်ကိုထွက်လာခဲ့တော့ မတ်တပ်ရပ်လျက် ဆီးကြိုနေသောမေမေနှင့်ဖေဖေကိုတွေ့လိုက်ရ၍ သူအထူးအံ့ဩသွားရသည်။

ထိုအချိန်မှာ နိဘယ်က မေမေ့ကို လက်မလေး ထောင်ပြလိုက်သောအခါ မေမေနှင့်ဖေဖေက လက်ခုပ်ဩဘာပေးလိုက်ကြတာမို့ သူမျက်နှာမထားတတ်အောင် ဖြစ်သွားရလေသည်။

ပြီးတော့ ဖေဖေက သူ့ပခုံးကိုဖက်ပြီး 'အားတင်းထား ငါ့သား' ဟုပြောသလို မေမေကလည်း နိဘယ့်ကိုဖက်ပြီး 'ကျေးဇူးတင်လိုက်တာ သမီးလေးရယ်' ဟုပြောပါသည်။

နောက်နေ့မှစပြီး သူတို့နှစ်ဦးသည် နှစ်ဖက်မိဘတွေမှပေးသော စိတ်ကြိုက်အခွင့်အရေးတွေ၊ အလျှံပယ်သုံးဖြုန်းခွင့်တွေဖြင့် မင်္ဂလာရက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသတ်မှတ်ကာ အကောင်းဆုံးဟိုတယ်၊ အကောင်းဆုံးမင်္ဂလာခန်းဝင်ပစ္စည်း၊ အကောင်းဆုံးသတို့သားသတို့သမီးဝတ်စုံ၊ အကောင်းဆုံးဒီဇိုင်နာ၊ အကောင်းဆုံးရတနာပစ္စည်း စသဖြင့် အကောင်းဆုံး, အကောင်းဆုံးတွေကိုရွေးချယ်လျက် တပူးပူးတတွဲတွဲဖြင့် ပျော်ရွှင်မြူးတူးလျက်ရှိလေ၏။

ဧည့်စပ်လက်စွပ်ကလေးတွေရွေးတော့လည်း သက်ဝေစိတ်ကြိုက်၊ Fancy ဘောင်းဘီတွေအင်္ကျီတွေ အပျော်ထွက်ဝယ်တော့လည်း သက်ဝေစိတ်ကြိုက်၊ သက်ဝေကသာ နိုဘယ့် body မှာကပ်ပြီး ရွေးချယ်ခဲ့တာချည်းပင်။

"ကြည့်စမ်း! လှလိုက်တာ နိုဘယ်၊ နင်နဲ့ကွက်တိပဲ။ ဒါလေးပဲယူလိုက်"

"ဒါရော မလှဘူးလား နိုဘယ်၊ နင်က လှပြီးသားဆိုတော့ ဒါလေးဝတ်လိုက်ရင် ပိုလှသွားမှာ"

ဆိုပြီး တက်ကြွသွက်လက်နေတော့ နိုဘယ်က ကျေနပ်ပြီး ပြုံးနေခဲ့၏။ သူ အိုဗာဖြစ်လွန်းသည့်နေရာကတော့ မြန်မာလိုနှင့် အနောက်တိုင်းလို သတို့သမီးဝတ်စုံတွေကိုဝတ်ပြီး မင်္ဂလာဓာတ်ပုံအကြို ရိုက်ကူးကြသည့်အချိန်မှာပင်ဖြစ်၏။

နာမည်ကြီးဒီဇိုင်နာတွေ၏မြန်မာဝတ်စုံတွေကို အမျိုးမျိုးဝတ်





ကြည့်တော့လည်း နိုဘယ်၏အလှကို သက်ဝေ မျက်တောင်မခတ် စိုက်ကြည့်ရင်း ရင်သပ်ရှုမောဖြစ်နေခဲ့သည်။ အနောက်တိုင်းဝတ်စုံတွေကို အမျိုးမျိုးဝတ်ကြည့်တော့လည်း နဂိုကတည်းက ဘိုဆန်ဆန်လှသူမို့ နိုဘယ်၏အလှကို ခံစားကြွေကျခဲ့ရပြန်၏။

"လှလိုက်တာ နိုဘယ်ရယ်၊ ငါတွေ့ဖူးခဲ့သမျှ မိန်းကလေးတွေထဲမှာ နင်အလှဆုံးဖြစ်သွားပြီ။ နင့်အလှကို အရင်တုန်းက ဒီလောက်သတိမထားခဲ့မိဘူး။ ငါ့ရဲ့အသိတရားတွေ ခံစားမှုတွေ အရမ်းနောက်ကျခဲ့တယ်နော်"

"သက်ဝေရယ်, နင်ဘယ်လောက်ပြောပြော ပန်းလွှာမင်းသမီးလေးကို အသည်းအသန်ကြွေပြခဲ့တော့ ငါ ဗီလင်အောက်တာပေါ့ဟဲ့"

"တော်တော့ နိုဘယ်၊ နင် ငါ့ကိုအားပေးခဲ့ရိုးမှန်ရင် သူ့အကြောင်းကိုထည့်မပြောနဲ့တော့၊ ငါ ပန်းအိပ်မက်တစ်ခု မက်ခဲ့တယ်လို့ပဲသဘောထားလိုက်ပြီ။ အိပ်မက်မဟုတ်တဲ့ အချစ်စစ်တစ်ခုကို ငါ ခုမှ နင့်ဆီက ရလိုက်ပြီ နိုဘယ်"

ဟု သူက လက်တလော ခံစားမှုအတိုင်း နက်နက်ရှိုင်းရှိုင်းပြောတော့ နိုဘယ်က တခစ်ခစ်ရယ်ပြီး စိုင်းစိုင်း၏ ခင်ကြီးကျယ်လေသံလို ပြောလေသည်။

"နင်တို့ယောကျ်ားတွေက ဒီလိုပဲလားဟယ်၊ အံ့ရောဟယ်, အံ့



www.burmeseclassic.com

www.burmeseclassic.com



ရော့ . . အံ့ရော . . အညာဆယ်ရော . . ဆာတမ်ဟာရို''

သက်ဝေသည့် အသည်းယားသွားပြီး နိုဘယ်၏ပါးနှစ်ဖက်ကို တအားဖြစ်ညှစ်လိုက်လေသည်။

❀❀❀



## အချစ်၏အသံတိတ်ပေါက်ကွဲမှုတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

"သမီး. . . သမီးရေ့ သမီးလေးနိုဘယ်၊ ကြည့်စမ်း! အိပ်နေလိုက်တာများ အပျိုလေးကျနေတာပဲ၊ ယောကျ်ားရတာတောင် အိပ်ချင်သလိုအိပ်တုန်း၊ ထချင်တဲ့အချိန်မှထတုန်း။ ခင်ပွန်းလုပ်တဲ့လူကတော့ သတိနဲ့ဝိရိယနဲ့ စည်းနဲ့ကမ်းနဲ့ စောစောစီးစီးထလို့ လုပ်စရာရှိတာလုပ်လို့ ဒီလိုသမီးဆိုးလေးကျတော့လည်း လင်ကောင်းသားကောင်းရပါ့တော်"

မာမိက တံခါးဝကတည်းက Rapping လုပ်ပြီး ဝင်လာကာ နိုဘယ့်ကို ရိုက်ပုတ်နှိုးလိုက်တာမို့ နိုဘယ်လူးလွန့်ပြီး အပြင်းဆန့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မာမီကလည်း ဘာသမီးဆိုးလေးလဲ၊ ဒီသမီးကြောင့် စိတ်ချမ်းသာနေရတာကိုများ။ ဟန်းနီးမွန်းခရီးပန်းလာတာကို မာမီသိရဲ့သားနဲ့ ထတော့မှာပါ၊ ဟင်! ဒါနဲ့ ဟို. . . ဟို. . . သက်ဝေကော မာမီ၊ သက်ဝေ ဘယ်ရောက်သွားပြီလဲ"

"ကြည့်!အဲဒါပြောတာပေါ့၊ ဘယ်လောက်အိပ်ပုပ်ကြီးလိုက်သလဲဆိုတာ ကိုယ့်ယောကျ်ားထသွားလို့ သွားမှန်းတောင်မသိဘူး၊ ထ. . . ရေချိုးတော့၊ သက်ဝေ စောစောစီးစီးပြင်ဆင်ပြီး ထွက်သွားပြီ၊ မာမီ breakfast ပြင်ထားတာကို ပြန်လာရင်စားမယ်တဲ့။ နိုဘယ်က ပဲခေါက်ဆွဲကြိုက်တတ်လို့ သွားဝယ်လိုက်ဦးမယ်တဲ့၊ နှိုးလည်းမနှိုးပါနဲ့တဲ့ ကောင်းကောင်းအိပ်ပါစေတဲ့၊ သူနိုးလာမှပဲ အတူတူစားကြမယ်တဲ့တော်"

နိုဘယ်ပျော်သွားပြီး အိပ်ရာမှဖျပ်ခနဲထကာ မှန်တင်ခုံမှာထိုင်လိုက်စဉ် သက်ဝေ မှန်မှာစာရွက်ကလေးတစ်ခု ကပ်သွားတာကိုတွေ့လိုက်ရပါသည်။ ဆွဲယူဖတ်လိုက်တော့. . .

ဟန်နီ

နိုးပြီလား. . . အိပ်ရေးဝရဲ့လား. . .

မဝသေးရင် ပြန်အိပ်လိုက်ဦး. . .

ငါ အပြင်ခဏထွက်သွားတယ်

ပြန်လာရင် ဟန်နီ့အကြိုက်တွေ ပါလာစေရမယ်





နင့်အကြိုက်တွေကိုပဲ ငါတစ်ခုချင်းလုပ်သွားမယ်လို့

ကတိပေးပါတယ်. . .

အချစ်ဆိုတာကိုလည်း ဘယ်သူနဲ့မှမတူတဲ့

အချစ်တွေနဲ့ သစ္စာရှိရှိချစ်သွားမယ်. . .

ငါ့ကိုလက်ခံပေးတဲ့အတွက် အရမ်းကျေးဇူးတင်တယ်

ချစ်တယ်. . .

ထာဝရ သက်ဝေ

ဟုရေးထားတာကြောင့် နိုဘယ်အရမ်းပျော်သွားပြီး မာမီ့ကိုပြုံးလိုက်လေသည်။ မာမီကလည်း ပြုံးပြီးသဘောကျနေလေတော့၏။

"တွေ့လားမာမီ၊ မာမီသဘောကျတယ်မဟုတ်လား၊ သမီးရဲ့ဘဝကို အားရပြီမဟုတ်လား၊ သမီးကိုကြည့်ပြီး မာမီစိတ်ချမ်းသာအောင် ဒီ့ထက်မကတာတွေ လုပ်ပြဦးမှာပါ။ ဘယ်သောအခါမှ မာမီ့လိုမဖြစ်စေရဘူး၊ မာမီ ယောကျ်ားတစ်ယောက်အပေါ်မှာ အုပ်စိုးလို့မရခဲ့သမျှတွေ သမီးအုပ်စိုးပြမယ်၊ မာမီ့ယောကျ်ားအပေါ်မှာ ရှုံးနိမ့်ခဲ့သမျှ သမီးအနိုင်ယူပြမယ်။ ယောကျ်ားတစ်ယောက်ဆီက မာမီ မရခဲ့သမျှတွေအားလုံး သမီးအရယူပြမယ်။ သမီးဘဝတစ်လျှောက်အတွက် ကျေနပ်လိုက်တော့"

"ကျေနပ်ပါတယ်သမီးရယ်၊ ကျေနပ်ပါတယ်၊ သမီးကို ဒီလိုသ



www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့မြင်ရရင် မာမီသေလို့ရပါပြီ''

မာမီက စာရွက်ကလေးကို မှန်တင်ခုံပေါ်တင်ပေးပြီး နိုဘယ့်ကို တွေးဖက်ပြောကာ ထွက်သွားတော့သည်။ ဖြစ်ချင်တာတွေအားလုံး ဖြစ်လာခဲ့ပြီ၊ လုပ်ချင်တာတွေကိုလည်း လုပ်လို့ရခဲ့ပြီမို့ နိုဘယ် စိတ်လွတ်လက်လွတ်နှင့် အပျော်လွန်ပြီး စက်ဖွင့်၍ ကလိုက်တော့၏။

နီနီခင်ဇော် မင်းနဲ့ငါနဲ့လုံးဝအကြဲတူ××အပေါင်းအသင်းတွေအလယ် ခုတော့ ရန်သူ×××ဘယ်သူက မီးကိုလာလာလို့မွှေးတယ် စဉ်းစားကြည့်လိုက်ဦး×××ငါ့ရည်းစားအနားကပ်ပြောတဲ့ စကားတွေ×××နောက်ကျောဘက်က ရပ်ထိုးတဲ့ဓားတွေ သက်သေပြရင် မငြင်းနဲ့ဦး×××မျက်ရည်ကျရင် သိပ်ကို မုန်း×××ရိုးသားချင်ယောင်ဆောင်ရင် ငါ့စိတ်ကမုန်း××× နိုးစား မမြင်ချင်ယောင်ဆောင်လို့မရတဲ့အဆုံး တရားယွန် လာတော့ စကားကျွံမှာပေါ့ ဘယ်သူမှလက်မခံဘူး×××

နိုဘယ်ထင်အောင် ''ဟားဟားဟား. . . သက်ဝေ အနီးကပ်ဆုံးလူကိုမေ့ လျော့ထားလိုက်တာ ငါလိုမိန်းကလေးတစ်ယောက်ရဲ့ရှေ့ မှာ တခြားမိန်းကလေးရဲ့အလှကို ကြွေပြနေလိုက်တာ''





နီနီခင်ဇော် နင်ပြောတဲ့အလှအဖိုးတန် Beauty......Huh' ပဲအမျိုးမျိုးရွေးသွား နင် တန်းစီ ×××× ပဲဆီ နှမ်းဆီ စက်ဆီ ဘာဖြစ်ဖြစ် ငါ ဂရုမစိုက်ပါဘူး×××တစ်ယောက် ယောက်တော့ အလဲအကွဲပဲ ရှုံးနိမ့်မှာ (ဟား) ××× ငါ့ ဘက်က ခဲမဆွဲဘဲ အလေးလည်းသာ (ဟား)××× စမ်း ကြည့်ပေါ့ အေးဆေးပဲ အရေးလည်းမပါ×××ထူးလို့လား ဆန်းလို့လား×××အိုး×××

နိုဘယ်ထင်အောင် ''တကယ့်ကိုရယ်စရာကောင်းတဲ့သက်ဝေ၊ တခြား မိန်းကလေးတစ်ယောက်ကိုချစ်လိုက်ပုံများ ငါ့ကိုပြစ်ပြစ် နှစ်နှစ်ရင်ဖွင့်ပြနေလိုက်တာ''

နီနီခင်ဇော် ငါ့ရှေ့ကျ ကလေးလေးပဲ မင်းရဲ့အထာ××× နောက်ကျမှ သွေးအေးအေးနင်းခဲ့တာ××× မင်းစတဲ့ဇာတ် အဆုံးသတ် ဖို့ ရှင်းတဲ့အခါ××× ပြုံးရင် စား××× ရှုံးရင် နား××× အိုး×××

နိုဘယ်သည် သီချင်းနှင့်အတူကလိုက်၊ ရင်ထဲမှပြောဆိုလိုက်ဖြင့် ဖုန်းသံထွက်လာတာပင် မကြားနိုင်ခဲ့။ သီချင်းပြီးသွားမှ ဖုန်းသံ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ထွက်လာတာမို့ အိပ်ရာပေါ်မှဖုန်းကို ပြေးယူလိုက်ရသည်။

"ဩော်, မိုးမာန်. . . ပြော"

"......"

"အိုခေ,တို့လည်း မင်းကို ဒီနေ့ ဖုန်းခေါ်ဖို့တွေးထားတယ် ဆယ့်တစ်နာရီလောက်မှာ စိမ်းလန်းစိုပြည်က တို့ဆုံတွေ့ခဲ့တဲ့ကော်ဖီဆိုင်လေးမှာပဲ တွေ့ရအောင်၊ အဲဒီကိုလာခဲ့ပေါ့။ စာရင်းနိဂုံးချုပ်ကြမယ်"

"......"

"အိုခေ. . . အိုခေ"

နိဘာယ်သည် ဖုန်းလေးကိုကြည့်ပြီး ပြုံးနေမိတော့သည်။ ဆယ့်တစ်နာရီအချိန်မှာတော့ ဘယ်သူမှမသိအောင် တိတ်တဆိတ်ကလေး စိမ်းလန်းစိုပြည်သို့ရောက်ရှိခဲ့ပါသည်။ ထိုင်နေကျကော်ဖီဆိုင်လေးမှာ မိုးမာန်က အဆင်သင့်ရောက်ရှိလာတာမို့ မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်ပါ၏။

"အားလုံး လုလုပပပြီးဆုံးသွားပြီ မိုးမာန်၊ ပန်းလှွာ ဘယ်လိုနေလဲ၊ နေကောင်းရဲ့လား"

"နေကောင်းပါတယ်၊ ကိုယ့်ကိုတော့ လုံးဝစကားမပြောဘူး"

"အစမို့ပါ,ပြောလာပါလိမ့်မယ်၊ မင်္ဂလာပွဲစဉ်းစားပြီးပြီလား





ဘယ်လိုလုပ်ချင်လဲ"

"အခမ်းနားဆုံး လုပ်ပေးချင်တယ်"

"ကြိုက်တဲ့ဟိုတယ်ရွေးလိုက်၊ အဲဒီအတွက် မင်းဘာမှမပူနဲ့၊ အစအဆုံး ဘို့ စပွန်ဆာလုပ်မယ်၊ လက်ဖွဲ့သဘောနဲ့ပေါ့၊ ဒါပေမဲ့ စီးပွားရေးနဲ့ လူမှုရေးကို ကိုယ်က တစ်ကန့်စီခွဲထားတာနော်၊ တစ်ခုခုကိုလိုချင်ရင် တစ်ခုခုကိုပေးဆပ်ရမှာပဲ၊ ဒါကြောင့် တို့ဆီက ချေးထားတဲ့ငွေတွေကို စာချုပ်မှာလက်မှတ်ထိုးထားတဲ့အတိုင်း အရစ်ကျဆပ်သွားရမယ်။ ပန်းလှွာမောင်အတွက်က သိန်း ၆၀၊ ပန်းလှွာအဖေ ဆေးကုတာက သိန်း ၃၀၊ ရေခဲသေတ္တာရယ်,ဖုန်းတစ်လုံးရယ်,အိမ်ဆေးသုတ်တာရယ်က သိန်း ၂၀ အားလုံးပေါင်း သိန်း ၁၁၀"

"ကိုယ်နားလည်တယ် နိဘာယ်၊ ကတိနဲ့အလုပ်လုပ်နေတာပါ၊ စာချုပ်ထဲကအတိုင်း ဆပ်သွားမှာပါ။ ဒါနဲ့ မင်းကော သက်ဝေနဲ့အဆင်ပြေရဲ့လား"

"စိတ်ချမ်းသာမှုအပြည့်အဝရတယ် မိုးမာန်၊ တို့လည်း တစ်ခုခုကိုလိုချင်လို့ တစ်ခုခုကိုစွန့်လွှတ်ခဲ့ရတာပဲ။ ဒါနဲ့ အဓိကကျတာတစ်ခုပြောစရာရှိသေးတယ်၊ ငွေကို လက်မှတ်နဲ့စာချုပ်ချုပ်ခဲ့သလို ဆန္ဒတွေကိုလည်း နှုတ်နဲ့စာချုပ်ချုပ်ခဲ့တဲ့ကိစ္စလေ"

"အဲဒါလည်း ကိုယ်သဘောပေါက်တယ် နိဘာယ်၊ နှစ်ဦးသဘော



www.burmeseclassic.com

www.burmeseclassic.com



တူ ဆုံးဖြတ်ခဲ့ကြတဲ့ကိစ္စတွေပဲ။ မင်းရဲ့ကတိကို ကိုယ်ယုံသလို ကိုယ့်ဘက်ကလည်း လုပ်ရပ်တွေအားလုံး ဘယ်တော့မှမပေါက်ကြားစေရပါဘူးဆိုတဲ့ကတိကို ထပ်ပေးပါတယ်"

"OK...please..."

နိုဘယ်က ကော်ဖီခွက်ကလေးကို မြှောက်ပြလိုက်တော့ မိုးမာန်ကလည်းမြှောက်ကာ ခွက်ချင်းဆက်ပြီး သောက်လိုက်ကြလေသည်။ နှစ်ယောက်သား လမ်းခွဲပြီး ပြန်ဖို့ပြင်ကာမှ မိုးမာန်က. . .

"နိုဘယ်"

ဟုညင်ညင်သာသာခေါ်လိုက်တာမို့ နိုဘယ်က နောက်လှည့်ကြည့်ပြီး နဖူးပေါ်တင်ထားသောမျက်မှန်ကိုပြန်ချလိုက်သည်။

"ဘာပြောချင်လို့လဲ မိုးမာန်"

"ဒီကိစ္စတွေအားလုံး ဘယ်သူမှမသိအောင် လုပ်ခဲ့တာဟာ ကိုယ် ပန်းလွှာကိုတကယ်ချစ်ခဲ့လို့ပဲ နိုဘယ်၊ အချစ်နဲ့ပတ်သက်လာရင် ဘာပဲလုပ်လုပ်ရဲဆိုတဲ့လူသားမျိုးမို့လို့ လုပ်ခဲ့တာပါ။ အဲဒီလိုပဲ မင်းလည်း သက်ဝေကို ဘာကြောင့်ဒီလိုလုပ်ခဲ့ရတာလဲဆိုတာသိချင်တယ်၊ မင်း သက်ဝေကို ဒီလောက်တောင်ချစ်သလား"

"နိုး. . ."

"ဟင်! "





မိုးမာန် အံ့ဩသွားလေသည်။

"ဒါဆို ဘာဖြစ်လို့ ဒီလိုတွေလုပ်ခဲ့ရတာလဲ"

"နံပါတ်(၁) ယောက်ျားတွေကိုရွံလို့"

"......."

"နံပါတ်(၂) အနိုးကပ်ဆုံးလူကို မေ့လျော့ထားလို့"

"......."

"နံပါတ်(၃) တို့ရှေ့မှာ ပန်းလွှာရဲ့အလှကို လာကြွားလို့"

"......."

"နံပါတ်(၄) တို့ရှေ့မှာ ပန်းလွှာကိုချစ်တဲ့အကြောင်းတွေ ရင်ဖွင့်ပြလို့"

"......."

"နံပါတ်(၅) ယောက်ျားတစ်ယောက်ရဲ့အချစ်ကို လက်တည့်စမ်းချင်လို့"

တစ်ခုပြီးတစ်ခု အမိန့်ချမှတ်သလို ပြင်းထန်စွာကျရောက်လာသောလေလုံးကြမ်းကြမ်းတွေကြောင့် မိုးမာန် ဘာမှပြန်မပြောနိုင်တော့ဘဲ အာစေးမိပြီး ခပ်တောင့်တောင့်ကြီးရပ်ကြည့်နေမိပါတော့သည်။

"အဲဒီငါးချက်က အမိကပဲ မိုးမာန်၊ ဒါပေမဲ့ ရှေ့ဆက်ပြီးဘာတွေဖြစ်လာနိုင်မလဲဆိုတာတော့ ပြောလို့မရဘူးပေါ့ကွာ။ တို့စိတ်က



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲမြန်တယ်၊ ချစ်ရင်လည်း ချစ်သွားနိုင်ပါတယ်''

ဟုဆက်ပြောပြီး နိုဘယ်က မထိတရိအပြုံးဖြင့် ဆက်လျှောက်သွားလေ၏။ မိုးမာန်ကတော့ ရပ်ကြည့်နေဆဲသာဖြစ်သည်။ သို့သော် ကားနားရောက်ခါမှ နောက်ဘက်လှည့်ပြီး. . .

''သြော်,မိုးမာန်၊ တဆိတ်လောက်''

''. . . . . . ''

''ပန်းလှသာကိုပြောလိုက်ပါ၊ သူ့ဒွေးက နယူးကာယ်လီဖိုးနီးယားကျွန်းကို အပန်းဖြေခရီးသွားဖို့ရှိလို့ မင်္ဂလာပွဲကိုတက်ရောက်ချီးမြှင့်နိုင်မှာမဟုတ်ဘူးလို့၊ တို့အစား တခြားသူ့ဒွေးတစ်ယောက်ကို အစားထိုးလွှတ်ပေးလိုက်မယ်၊ ဒါမှ တို့နှစ်ယောက်ရဲ့အသံတိတ်ပေါက်ကွဲမှုက ပီပြင်သွားမှာပေါ့''

''. . . . . . ''

''ပြီးတော့ မင်း,ပန်းလှသာကိုကောင်းကောင်းပေါင်းပါ၊ သစ္စာရှိရှိချစ်ပေးပါ၊ တို့က အရမ်းချစ်ကြတဲ့လင်မယားစုံတွဲတွေကို သဘောကျတယ်၊ လေးစားတယ်၊ ဒါကြောင့် မင်းတို့ရဲ့အိမ်ထောင်ရေးကိုစောင့်ကြည့်နေမယ်၊ မင်းတို့နှစ်ယောက်သာ တို့လိုချင်တဲ့အိမ်ထောင်ရေးမျိုးဖြစ်ပြီဆိုရင် တို့ဆီက ချေးထားတဲ့ငွေတွေကို လျှော်သင့်ရင် လျှော်ပစ်လိုက်မယ်၊ အိုခေ''

ရွှေပဒေသာစာပေ



''. . . . . . ''

ဒီတစ်ခါတော့ နိုဘယ် တကယ်ထွက်သွားတော့၏။

မိုးမာန်ကသာ သူမ ထွက်သွားချိန်အထိ စကားပြန်မပြောနိုင်ဘဲ ဘယ်လိုနားလည်ရမှန်းမသိသော၊ ဘယ်လိုယုံကြည်ရမှန်းမသိသော မျက်ဝန်းများဖြင့် ကျန်ခဲ့လေသည်။

(အချစ်၏အသံတိတ်ပေါက်ကွဲမှုတစ်ရပ်)

15.2.2010(FRI)

6:25(P.M)

လေဒီဇော်

www.burmeseclassic.com